# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိအဖို့အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့်ဖြစ်၏။

ပုပ္ဖဝဂ် (ဓမ္မပဒ - ၅၀)


၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၁၁)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအား စစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၈**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) သို့ ရောက်ရှိပြီး အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် နံနက် ၉ နာရီခွဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) သို့ ရောက်ရှိလာရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရှိ အစည်းအဝေးခန်းမ၌ ဒုတိယဝန်ကြီး ဦးခင်မောင်တင်က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၏ လုပ်ငန်းစဉ်များ၊ NRPC Umbrella ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းစဉ်များ၊ ဆက်လက်တိုးချဲ့ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ Peace Process Orientation Course သင်တန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ (၂၁) ရာစုပင်လုံ အစည်းအဝေးကျင်းပရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။


*စာမျက်နှာ ၃ ကော်လံ ၅* ✻


**နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အဆောက်အအုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်**

(သတင်းစဉ်)

# လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးကဏ္ဍတွင် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကိစ္စများဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီနှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အောင်မြင်စွာ ကျင်းပနိုင်မှုအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖြစ်ပေါ်တိုးတက်မှုများ၊ လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးကဏ္ဍတွင် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကိစ္စများ၊ တည်ဆဲဥပဒေ


*စာမျက်နှာ ၃ ကော်လံ ၁* ❖




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီအား လက်ခံတွေ့ဆုံစဉ်**

(သတင်းစဉ်)




# ပြည်သူ့ယာဉ်လမ်းကြောင်း စနစ်သစ်

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (မထသ) အား ဖျက်သိမ်း၍ အဆိုပါကော်မတီကိုယ်စား ရန်ကုန်မြို့တော် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့အား အစားထိုးဖွဲ့စည်းခဲ့ပါသည်။ ရန်ကုန်မြို့နေ ပြည်သူနှစ်သန်းခန့်တို့၏ နေ့စဉ်သွားလာလှုပ်ရှားရေးအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မည့် ဤအပြောင်းအလဲသည်ကြီးမားသော အပြောင်းအလဲဖြစ်ပါသည်။ အဆိုပါအပြောင်းအလဲနှင့်အတူ Yangon Bus Services (YBS) ယာဉ်လမ်းကြောင်းစနစ်သစ်ကို စတင်အကောင်အထည်ဖော်ခဲ့ပါသည်။

ယာဉ်လမ်းကြောင်းစနစ်သစ် (YBS) စတင်အကောင်အထည်ဖော်သည့်နေ့၌ မျှော်မှန်းထားသကဲ့သို့ အဆင်မပြေမှုများစွာကို ကြုံတွေ့ခဲ့ရပါသည်။ ပြည်သူနှစ်သန်း၏ နေ့စဉ်လှုပ်ရှားသွားလာမှုစနစ်အားပြောင်းလဲလိုက်ခြင်းဖြစ်၍ ဤသည်သာ သဘာဝကျသော ရလဒ်တစ်ခုဖြစ်ပါသည်။ သို့သော်အဆင်မပြေမှုများစွာကြားထဲမှ ပြည်သူအများစုက မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (မထသ) အား ဖျက်သိမ်းခဲ့ခြင်းကို ကြိုဆိုခဲ့ကြပါသည်။ ဤသည်မှာ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (မထသ) လက်ထက်ကြုံတွေ့ခဲ့ရသော အခက်အခဲပြဿနာများအပေါ် ခရီးသွားပြည်သူတို့၏ မနှစ်မြို့မှုကိုရှင်းလင်းစွာထုတ်ဖော်ပြသလိုက်ခြင်းဖြစ်ပါသည်။

အားတက်စရာကောင်းသည်မှာ ခရီးသွားပြည်သူတို့၏အခက်အခဲတို့ကို ကူညီဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်အဖွဲ့အစည်းတို့က တတ်အားသရွေ့ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါသည်။ ဤသည်မှာ ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ ကြန်အင်လက္ခဏာတို့ကို ပိုင်ဆိုင်ထားကြောင်း ပြည်သူတို့က ပီသစွာထုတ်ဖော်ပြသလိုက်ခြင်းဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ခရီးသွားပြည်သူတို့၏ အခက်အခဲများအတွက် တောင်းပန်စကားဆိုခဲ့ခြင်းသည် တာဝန်ရှိသောအာဏာပိုင်ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ အရေးကြီးသည်မှာ အစားထိုးအကောင်အထည်ဖော်ခဲ့သော ယာဉ်လမ်းကြောင်းစနစ်သစ် (YBS) ကို ခရီးသွားပြည်သူနှစ်သန်း၏ နေ့စဉ်လှုပ်ရှားသွားလာမှုအပေါ် ထိထိရောက်ရောက်ချောချောမောမောပံ့ပိုးပေးနိုင်သည့်စနစ်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ရေးဖြစ်ပါသည်။ ဤသို့အကောင်အထည်ဖော်နိုင်ရေးအတွက် ကြုံတွေ့နေရသော အခက်အခဲပြဿနာများကို စနစ်တကျသုံးသပ်လေ့လာရန်လိုအပ်ပါသည်။ အဆိုပါ သုံးသပ်လေ့လာမှုများအပေါ် အခြေခံ၍ ပယ်ဖျက်သင့်သည်တို့ကို ပယ်ဖျက်ရမည်ဖြစ်သကဲ့သို့ ဖြည့်စွက်အစားထိုးသင့်သည်များကိုလည်း ဖြည့်စွက်အစားထိုးရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ စနစ်တစ်ရပ်လုံးအား သုံးသပ်ရာတွင်အခြေခံလူတန်းစားပြည်သူတို့ အပေါ် နေ့စဉ်လှုပ်ရှားသွားလာရေးစရိတ်ဝန်ပိခြင်းမျိုးမဖြစ်စေရေးကို အလေးအနက်ထားသုံးသပ်ပေးပါရန် လေးစားစွာအကြံပြု တင်ပြအပ်ပါသည်။ ပြည်သူတို့၏အသံကိုနားထောင်၍ ပြည်သူတို့၏ လိုအပ်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပါက ယာဉ်လမ်းကြောင်းစနစ်သစ် (YBS) သည် ပီပီပြင်ပြင် အောင်အောင်မြင်မြင်အကောင်အထည်ပေါ်လာမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

## စာအုပ် စာပေ လူ့မိတ်ဆွေ




## စိုက်ပျိုးရေရရှိရေး ရေကန်များပြန်လည်တူးဖော်မည်

**သာစည် ဇန်နဝါရီ ၁၈**

သာစည်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေကန်များဖြစ်သည့် အလယ်ကန်ကျေးရွာအုပ်စု ကြာစုကန်နှင့် ညောင်ပင်သာကျေးရွာ အုပ်စုရှိ ဒေါင့်ကန်တို့ကို ဒေသခံတောင်သူများ စိုက်ပျိုးရေ လုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် (၂၀၁၇/၂၀၁၈) ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေရရှိပါက ပြန်လည်ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြာစုကန်သည် သာစည်မြို့နယ် အလယ်ကန်ကျေးရွာ၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာ ကွင်းအမှတ် (၁၆၆၂)တွင် တည်ရှိ၍ ကန်ပေါင်အလျားမှာ ပေ ၂၅၀၀ ခန့်ရှိပြီး အရှေ့ဘက် ရှမ်းရိုးမတောင်တန်းပေါ်မှ တောင်ကျရေအများအပြား စီးဝင်သောကန်တစ်ခုဖြစ်သည်။ ဒေါင့်ကန်သည် သာစည်မြို့နယ် ညောင်ပင်သာအုပ်စု၊ ညောင်ပင်သာကျေးရွာ တောင်ဘက်တွင်ရှိသော တစ်ဖက်ဆည်ကန်တစ်ခုဖြစ်သည်။

ကန်ပေါင်အလျားမှာ ပေ ၂၅၀၀ ခန့်ရှိပြီး ကန်ပေါင်အမြင့်မှာ နှစ်ပေခန့်သာရှိသည်။ ယင်းကန်များကို မပြုပြင်ခဲ့သည်မှာ နှစ်ပေါင်းကြာပြီဖြစ်၍ ကန်များအတွင်း သဲနုန်းများပို့ချသဖြင့် တိမ်ကောနေပြီး ရေထုတ်ပြွန်များ ပျက်စီးလျက်ရှိကာ ရေပိုလွှဲလည်း မရှိသည်ကို တွေ့ရသည်။ ယင်းကန်များအတွင်းရှိ သဲနုန်းများတူးဖော်ပေးခြင်း၊ ကန်ပေါင်ပုံစံကျ မြှင့်တင်ခြင်း၊ ရေထုတ်ပြွန်၊ ရေပိုလွှဲများတပ်ဆင်ပေးပြီး ရေဝင်လမ်းကြောင်းများ တူးဖော်ပေးပါက ဒေသခံတောင်သူများ၏ မိုးစပါးစိုက်ကေများကို ကောင်းမွန်စွာ စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

## ဆင္ဂမအကြိမ် ဆရာ ဆရာမများ အင်္ဂလိပ်ဘာသာသင်ကြားရေး နှီးနှောဖလှယ်ပွဲ စာရင်းပေးနိုင်

**ရန်ကုန် ဇန်နဝါရီ ၁၈**

မန္တလေးမြို့တွင် နှစ်စဉ်ကျင်းပနေသည့် ဆဋ္ဌမအကြိမ် ဆရာ ဆရာမများ အင်္ဂလိပ်ဘာသာသင်ကြားရေး နှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်တွင် မန္တလေးမြို့ရှိ Marvel Hotel ၌ ကျင်းပမည်ဖြစ်ရာ ဗြိတိသျှကောင်စီ မန္တလေးရုံး၌ စာရင်းပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယခုကျင်းပမည့် အခမ်းအနားတွင် ဝါရင့် ဆရာ ဆရာမများကို ဗြိတိသျှကောင်စီက ဖိတ်ခေါ်ထားပြီး English and Opportunities ဆောင်ပုဒ်ဖြင့် ဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်သည်။ ဆွေးနွေးပွဲသို့ ဆရာ ဆရာမ ၁၅၀ ခန့်တက်ရောက်နိုင်ပြီး စုစုပေါင်းဆွေးနွေးပွဲ ၁၂ ခုပါဝင်မည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံရှိအင်္ဂလိပ်စာသင်ကြားသူများနှင့် ဖွဲ့စည်းထားသော ကွန်ရက် MM TESOL Association ဖြင့် ပူးတွဲကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ဆွေးနွေးပွဲကို စိတ်ဝင်စားသူများအနေဖြင့် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၃ ရက်၊ နံနက် ၁၀ နာရီမှ ညနေ၄ နာရီအတွင်း ဗြိတိသျှကောင်စီမန္တလေးရုံး အမှတ် ၆၊၇ SY တိုက်တန်း လမ်း ၃၀ -၃၁ နှင့် ၇၇-၇၈ လမ်းကြား ချမ်းမြသာစည်မြို့နယ် မန္တလေး ဖုန်း-၀၂-၃၃၉၀၄ တွင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါ က MM TESOL အသင်းဖုန်း-၀၉-၇၇၃၉၄၅၈၆၇ နှင့် info.mmte sol@gmail.com သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

## ကန်တော်ကလေး (အနောက်) နောက်ဖေးလမ်းကြား သန့်ရှင်းရေးအမှိုက်များ ရှင်းလင်း

**ရန်ကုန် ဇန်နဝါရီ ၁၈**

နောက်ဖေးလမ်းကြားသန့်ရှင်းရေးကို ယခင်က လမ်းတွင်းနေထိုင်သူများကသာ စုပေါင်းတာဝန်ယူ၍ အမှိုက်သိမ်းလုပ်သားများ ငှားရမ်းရခြင်း၊ အမှိုက်သယ်ယာဉ်များ ငှားရမ်းရခြင်းတို့ကို လမ်း၏အရှည်၊ အကျယ်အဝန်းနှင့်အမှိုက်အနည်းအများပေါ်မူတည်၍ ငွေကုန်ကျခဲ့ရသည်။ ယခုမူ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီက ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များ၌ နောက်ဖေးလမ်းကြား ရှင်းလင်းရေးစီမံချက်များချမှတ်ကာ လုပ်ဆောင်နေပြီဖြစ်သည်။

ရှေးဦးစွာ အချက်အချာမြို့နယ် (Down Town) ဧရိယာဖြစ်သော ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော် ခြောက်မြို့နယ်၏ နောက်ဖေး လမ်းကြားများသို့ ရှင်းလင်းခဲ့ပြီးဖြစ်ရာ ယခုအခါ ဆက်စပ်မြို့နယ်ဖြစ်သော မင်္ဂလာတောင်ညွန့်မြို့နယ်သို့ ဇန်နဝါရီ ၆ ရက်မှ စတင်၍ နောက်ဖေးလမ်းကြားအမှိုက်များကို လူ၊ ယာဉ်၊ စက်ယန္တရားအင်အားတို့ဖြင့် ရှင်းလင်းနေပြီဖြစ်သည်။



မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရပ်ကွက် ၂၀ တွင် ကျိတော်ရပ်ကွက်နှင့် တောင်လုံးပြန်ရပ်ကွက်တို့ကို ရှင်းလင်းခဲ့ပြီဖြစ်၍ ဇန်နဝါရီ ၁၇ ရက်မှစတင်ကာ ကန်တော်ကလေး (အနောက်) ရပ်ကွက်လမ်း(၅)လမ်းသို့ သန့်ရှင်းရေးစည်ပင်ဝန်ထမ်း ၆၀၊ အမှိုက်သယ်ယာဉ်လေးစီးတို့ဖြင့် သယ်ဆောင်ပေးကာ သုံးရက်နှင့်အပြီး ရှင်းလင်းနေပြီကို တွေ့မြင်ရသည်။ အမှိုက်များကုန်စင်အောင် ရှင်းလင်းပြီးပါက ပြည်သူများမှ နောက်ထပ် စည်းကမ်းမဲ့စွာ အမှိုက်များပစ်ချခြင်းမပြုလုပ်ခြင်းဖြင့် ဝိုင်းဝန်းကူညီကြပါရန် စည်ပင်နှင့် ရပ်ကွက်တာဝန်ရှိသူများက အသိပေးကြေညာထားသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၈-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၂၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၀ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ · ၄၁ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၂၃၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၈၇ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ · ၆၈ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အဆောက်အအုံ၌ ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

* ရှေ့ဖုံးမှ

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (NCA)အရ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ Peace Process Orientation Course အတွက် သင်တန်းနည်းပြများ၊ သင်တန်းသားများ ရွေးချယ်ထားရှိမှု၊ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် ဆက်သွယ်သွားလာရေးတို့အတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ငြိမ်းချမ်းရေးရန်ပုံငွေ အခြေအနေများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိလိုသည်များကိုမေးမြန်းပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ငြိမ်းချမ်းရေးသည် အဓိကကျသည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အဆင်ပြေချောမွေ့စွာဖြင့် အမြန်ဆုံးအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါစေဟု ဆန္ဒပြုပါကြောင်း။

မိမိအနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)အတွင်း လှည့်လည်ကြည့်ရှုရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**(သတင်းစဉ်)**

# ကော်မရှင်၏ လုပ်ငန်းသဘာဝနှင့် ကော်မရှင်ဖွဲ့စည်းချိန်မှ ယခုအချိန်အထိ ဆောင်ရွက်လျက်ရှိသည်များ ရှင်းလင်း

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရခိုင်ပြည်နယ် မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် ကော်မရှင်အဖွဲ့ဝင်များနှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် ကော်မရှင်ဥက္ကဋ္ဌက မိမိတို့ကော်မရှင်အဖွဲ့ဝင်များသည် နယ်ပယ်အသီးသီးမှ ကိုယ်စားပြုသော အတွေ့အကြုံရှိကြသည့် ပညာရှင်များဖြင့် ဖွဲ့စည်းထားပါကြောင်း၊ လုပ်ငန်းတာဝန်အရ နယ်မြေသို့ ကွင်းဆင်းစုံစမ်းစစ်ဆေးသည့်အခါ တစ်ဦးချင်းတာဝန်ယူမှုနှင့် အဖွဲ့လိုက် တာဝန်ယူမှုကို ပေါင်းစပ်သော ဆောင်ရွက်သည့်ပုံစံဖြင့် လုပ်ကိုင်ခဲ့ပါကြောင်း။

အောက်တိုဘာ ၉ ရက်၊ နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖြစ်ပွားခဲ့သောဖြစ်စဉ်များသည် ယခင်က ရခိုင်ပြည်နယ်၌ ဖြစ်ပွားသောဖြစ်စဉ်များနှင့် သဘောသဘာဝမတူပါကြောင်း၊ နိုင်ငံတော်၏ လုံခြုံရေးအဖွဲ့အစည်းများကို ကာယကံမြောက်လက်နက်ကိုင်တိုက်ခိုက်ခြင်းဖြစ်၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးသည့်ဖြစ်စဉ်ဖြစ်ပါကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိတို့ကို တာဝန်ပေးထားသည့် တာဝန်(၇)ရပ်အတိုင်း ဖြစ်စဉ်အတွင်း၌ အဓမ္မပြုကျင့်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ ဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်မှုများ ရှိ/မရှိ၊ နောင်အလားတူဖြစ်စဉ်မျိုး ထပ်မံမပေါ်ပေါက်စေရေးအတွက် အကြံပြုရန်တို့ကို အလေးထား၍ စုံစမ်းဖော်ထုတ်ခဲ့ပါကြောင်း၊ မိမိတို့၏ ကြားဖြတ်အစီရင်ခံစာကိုလည်း ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ ယခုအပြီးသတ်အစီရင်ခံစာကို ပြုစုနေပါကြောင်း စသည်ဖြင့် ကော်မရှင်၏ လုပ်ငန်းသဘာဝနှင့် ကော်မရှင်ဖွဲ့စည်းချိန်မှ ယခုအချိန်အထိ ဆောင်ရွက်လျက်ရှိသည်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကုလသမဂ္ဂ၏ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီကလည်း ဒုတိယသမ္မတတစ်ဦးက မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် မိမိကိုလက်ခံတွေ့ဆုံခြင်းအတွက် ဝမ်းမြောက်ပါကြောင်း ပြောကြားပြီး မောင်တောဒေသ၌ သတင်းထွက်ပေါ်နေသော အဓမ္မပြုကျင့်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုတို့နှင့် စပ်လျဉ်း၍ ၎င်းအား ပြောကြားမှုများနှင့် ပတ်သက်သည့် သိရှိလိုသည်များကို ရင်းနှီးစွာမေးမြန်းဆွေးနွေးသည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီတို့ ဆွေးနွေးစဉ် (သတင်းစဉ်)

ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကလည်း မေးမြန်းချက်များကို ရင်းနှီးပွင့်လင်းစွာ အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်ကြည်၊ ဦးထွန်းမြတ်၊ ဒေါက်တာဒေါ်သက်သက်ဇင်၊ ဦးညွှန့်ဆွေ၊ ဦးသာဉာဏ်၊ ဒေါ်ကျိန်ဇိုက်မန်၊ ဦးစောသလေးစော၊ ရဲချုပ်ဇော်ဝင်း၊ ဦးအောင်နိုင်နှင့် ကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ဖေတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

❖ ရှေ့ဖုံးမှ

များကို နိုင်ငံတကာစံနှုန်းနှင့်အညီ ပြန်လည်သုံးသပ်မှုများပြုလုပ်သည့်ကိစ္စနှင့် ဥပဒေကြမ်းရေးဆွဲမှုလုပ်ငန်းစဉ်များ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ အခြေအနေနှင့် ယင်းဒေသများ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုများ တိုးမြှင့်ဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခဲ့မှုများအပေါ် အထူးအစီရင်ခံစာ တင်သွင်းသူအနေဖြင့် ပြင်းထန်စွာရှုတ်ချကြောင်း ပြောကြားခဲ့ပြီး နယ်မြေရှင်းလင်းရေး၊ လုံခြုံရေးဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ထွက်ပေါ်နေသည့် စွပ်စွဲပြောဆိုချက်များနှင့် ပတ်သက်၍လည်းကောင်း၊ ရခိုင်ပြည်နယ်၌ လိုအပ်သည့် လူသားချင်းစာနာ ထောက်ထားမှုအကူအညီများ တိုးမြှင့်ပေးနိုင်ရေးနှင့် ပတ်သက်၍လည်းကောင်း ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့ကြီးများ၌ ပင်မဖိုက်ဘာဆက်ကြောင်းများ တည်ဆောက်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဂျပန်နိုင်ငံ ပြည်ထဲရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Megumi Kaneko ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ ရန်ကုန်စာတိုက်ကြီးသို့ ဝင်ရောက်ကြည့်ရှုသည်။

အဆိုပါ ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂)၌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်အား တွေ့ဆုံရာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ဂျပန်နိုင်ငံ KSGM Co.,Ltd. တို့ Joint Operation Agreement အရ ဆက်သွယ်ရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာစေရေးအတွက် Infrastructure များ တိုးချဲ့တည်ဆောက်သွားရေး၊ ဂျပန်နိုင်ငံ ODA Loan ဖြင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့ကြီးများ၌ ပင်မဖိုက်ဘာဆက်ကြောင်းများ တည်ဆောက်ခြင်း၊ စက်ပစ္စည်းတပ်ဆင်ခြင်း၊ National Gateway များ အဆင့်မြှင့်တင်ခြင်းစသည့် လုပ်ငန်းစဉ်များကို စီမံကိန်းကာလအတွင်း အချိန်မီဆောင်ရွက်နိုင်ရေး၊ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား ဂျပန်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်နေသည့် ဆက်သွယ်ရေးကဏ္ဍများ သင်ယူလေ့လာနိုင်ရေးအတွက် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များထက် ၂၀၁၇ ခုနှစ်တွင် သင်တန်းသားများ ထပ်တိုးခေါ်ယူရေး၊ e-Government လုပ်ငန်းစဉ်များ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များတိုးတက်လာစေရန်နှင့် နည်းပညာအကူအညီများပေးနိုင်ရေး၊ Capacity Development on Cyber Security စီမံကိန်းကို ဂျပန်နိုင်ငံက ကူညီဆောင်ရွက်ပေးသွားမည့် အစီအမံများနှင့် မြန်မာ့စာတိုက်လုပ်ငန်းနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေသည့် စာတိုက်ဝန်ဆောင်မှုများအပေါ် ပြည်သူလူထု၏ ယုံကြည်အားကိုးမှု ပိုမိုရရှိစေရန်နှင့် ဝန်ဆောင်မှုသစ်များ တိုးချဲ့ဆောင်ရွက်ရာတွင် အောင်မြင်တိုးတက်စေရန်အတွက် ဂျပန်နိုင်ငံ၏ အတွေ့အကြုံများနှင့် လိုအပ်သည့်အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး Ms. Megumi Kaneko သည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနနှင့် Ministry of Internal Affairs and Communications (MIC), Japan တို့ ပူးပေါင်း၍ ICT for Promoting e-Government သင်တန်း သင်ကြားပို့ချနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရေး ကြိုးစားသင်ယူသွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်းနှင့် အဆိုပါသင်တန်းသို့ ဝန်ကြီးဌာန ၂၂ ခုမှ သင်တန်းသား ၃၈ ဦး တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ပမှ စပျစ်စိုက်ပျိုးရေးကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်းကာ ခေတ်မီနည်းပညာအကူအညီပေးနိုင်ရေး မှာကြား

**နေပြည်တော် ဇန်နဝါရီ ၁၈**

တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ဦးကျော်မျိုးတို့နှင့်အတူ ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ရွာတန်းဒေသဆည်ထိပ်ကျေးရွာရှိ စီးပွားဖြစ်စိုက်ပျိုးထားရှိသည့် စပျစ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ရတနာစပျစ်စိုက်ပျိုးရေးခြံ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် စပျစ်ခြံပိုင်ရှင်တို့က ခြံအတွင်း စိုက်ပျိုးလျက်ရှိသည့် စပျစ်မျိုးများအခြေအနေ၊ စပျစ်စိုက်ပျိုးပုံအဆင့်ဆင့်၊ မျိုးအလိုက် တစ်ဧကပျမ်းမျှအထွက်နှုန်း၊ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးနှင့် ဈေးကွက်ခိုင်မာမှုရှိရေး၊ အအေးခန်းသိုလှောင်ရုံ တည်ဆောက်ပေးနိုင်ရေးတို့ကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတက နိုင်ငံတကာ၌ စပျစ်စိုက်ပျိုးဖြစ်ထွန်းမှု၊ သွင်းကုန်အစားထိုး တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့် ပြည်ပမှ စပျစ်စိုက်ပျိုးရေး ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းကာ ခေတ်မီနည်းပညာ အကူအညီပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရတနာစပျစ်စိုက်ပျိုးရေးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ရမည်းသင်းမြို့ ရွှေဒါးတိုက်နယ်ရှိ အမှတ်(၈) အထည်စက်ရုံခွဲသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ စက်ရုံမှူးက စက်ရုံ၏ ကုန်ထုတ်လုပ်မှုအခြေအနေ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လအလိုက် ထုတ်လုပ်မှု၊ ရောင်းချမှုအခြေအနေများ၊ ဖြစ်ပေါ်လာမည့် မျှော်မှန်းအကျိုးရလဒ်၊ ဘဏ္ဍာနှစ်အလိုက် ကုန်သွယ်မှုစာရင်းနှင့် ငွေသားစာရင်း၊ ထုတ်ကုန်များ ဖြန့်ဖြူးရောင်းချနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို လမ်းညွှန်ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ရုံအတွင်း လုပ်ငန်း လည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ရမည်းသင်းလမ်းပိုင်းရှိ ရေဆင်း(၁) စပ်မျိုးနေကြာ မျိုးစေ့ထုတ်လုပ်သည့် စိုက်ခင်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက စိုက်ခင်းအတွင်း စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတက မျိုးစေ့ထုတ်လုပ်ထားရှိမှုနှင့် နေကြာစိုက်ခင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးသုတေသနခြံသို့ ရောက်ရှိကြရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းဆိုင်ရာများနှင့် ပြောင်းဖူးကို သုတေသန စိုက်ပျိုးထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြောင်းဖူးသီးနှံ သုတေသနစိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ တန် ၂၀၀ ကျ ဆာတာကေးဆန်စက်သို့ ရောက်ရှိကြပြီး စက်ရုံလည်ပတ်နေမှုအခြေအနေများကို ကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ဝင်များ ရတနာစပျစ်စိုက်ပျိုးရေးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်**



# လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဇန်နဝါရီ ၁၆ ရက် ညနေပိုင်းက အရှည်မိုင် ၃၃၀ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း (ခန္တီး-ဟုမ္မလင်း အပိုင်း) လမ်းချဲ့ခြင်း၊ မြေကြီးတာပေါင်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး လမ်းအင်္ဂါရပ်နှင့်အညီ သတ်မှတ်လမ်းအကျယ်ရရှိရေး အောက်ခံအမာခံရရှိအောင် အထပ်ထပ်ခင်းကြိတ်ပေးရန်နှင့် လမ်းပုံထုတ်နှင့် စနစ်တကျတိုင်းတာပြီး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် အဆိုပါလမ်းပေါ်ရှိ အရှည်ပေ ၃၀၀ နန့်ဖီးလင်းကွန်ကရစ်တံတားသစ် တည်ဆောက်နေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့၌ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၂)က တည်ဆောက်နေသော ချင်းတွင်းတံတား ဟုမ္မလင်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း ရေလယ်တိုင် Bored Pile လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဟုမ္မလင်းဘက်ကမ်း ချဉ်းကပ်လမ်း မြေကြီးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ချင်းတွင်းမြစ်ကူး တံတား (ဟုမ္မလင်း)သည် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့ရှိ ချင်းတွင်းမြစ်ပေါ်၌ တည်ရှိပြီး အရှေ့ဘက်ကမ်းတွင် ကတ်သာကျေးရွာတို့ကို ဆက်သွယ်ထားသည်။ ဟုမ္မလင်းမြို့နှင့် ကဘော်ချိုင့်ဝှမ်းဖြစ်သော တမူးမြို့တို့ကို ကုန်းလမ်းခရီးဖြင့် တိုက်ရိုက်ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ချင်းတွင်းမြစ်ကူး တံတား (ဟုမ္မလင်း) တည်ဆောက်ပြီးစီးသွားပါက ချင်းတွင်းမြစ်ကိုဖြတ်၍ ကတ်သာ-အောင်ဇေယျ-တမူးလမ်းမှ တစ်ဆင့် အိန္ဒိယနိုင်ငံ နယ်စပ်တိုင်အောင် ဆက်သွယ်အသုံးပြုနိုင်တော့မည်ဖြစ်ပြီး ချင်းတွင်းမြစ်အနောက်ဘက်ခြမ်းဒေသမှ ဒေသခံပြည်သူများသည် ချင်းတွင်းမြစ်ကူးတံတား (ဟုမ္မလင်း)ကို ဖြတ်ပြီး သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးမှတစ်ဆင့် ရေဦး-မုံရွာ-မန္တလေးမြို့များသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ထို့နောက် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး လမ်းမကြီးမှ ဟုမ္မလင်းမြို့အဝင် လမ်းညွှန်ဆိုင်းဘုတ်ဆောင်ရွက်ထားရှိရန် အခြေအနေကိုလည်းကောင်း၊ ဥရုကြိုးတံတားကြံ့ခိုင်မှုနှင့် မိုင်တိုင်အမှတ် (၁၈၃/၆) နှင့် (၁၈၃/၇)အကြား အရှည်ပေ ၄၀ ကွန်ကရစ်တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဖောင်းပြင်မြို့တွင် လမ်းအထူးအဖွဲ့(၈) ခန်းမဆောင်၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတားဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးသည်။

နေ့လယ်ပိုင်းတွင် ဖောင်းပြင်မြို့မှ ထွက်ခွာလာပြီး သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း (ဖောင်းပြင်-သက္ကယ်ကျင်းလမ်းအပိုင်း) နှင့် တံတားကြီး၊ တံတားငယ် တည်ဆောက်နေမှုတို့ကို လမ်းလျှောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း (သက္ကယ်ကျင်း-ဖောင်းပြင်လမ်းအပိုင်း) အား လမ်းချဲ့ခြင်း၊ ကျောက်ရောမြေ အမာခံလမ်းခင်းခြင်း၊ တစ်ကြောင်းထိုးလမ်း ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၇၅/၃) နှင့် (၇၅/၄) ကြားရှိ သစ်သားတံတားဟောင်းနေရာ၌ အရှည်ပေ ၂၀၀ ကွန်ကရစ်တံတား တည်ဆောက်မည့် အခြေအနေနှင့် လမ်းခင်းရာတွင် အသုံးပြုမည့် ကျောက်ရောမြေရရှိ အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

## ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေးကပ်ထားရန်နှင့် ဆင်ဆာလက်မှတ်အသေးကပ်ထားသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာအသုံးပြုရန် နှိုးဆော်ခြင်း

ပြည်တွင်းဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းများမှ ရိုက်ကူးထုတ်လုပ်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ဗီဒီယိုဆင်ဆာအဖွဲ့က စစ်ဆေးခွင့်ပြုပြီးသော မြန်မာဗီဒီယိုဇာတ်လမ်း၊ ကာရာအိုကေသီချင်း၊ ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာအဖွဲ့က ထုတ်ပေးသည့်ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးကို ကပ်ထားရမည်ဖြစ်ကြောင်း ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၂၅(ခ)တွင် ဖော်ပြထားရှိပြီးဖြစ်ပါသည်။ ဆင်ဆာလက်မှတ်အသေးမပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်းဆောင်ရွက်သဖြင့် ပြစ်မှုထင်ရှားစွာ စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်(၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ် ၁၀၀၀၀၀/- (ကျပ်တစ်သိန်း)အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ၊ ချမှတ်နိုင်သည့်အပြင် ပြစ်မှုနှင့်တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ကြောင်း၊ ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေပုဒ်မ ၃၂ အရသတ်မှတ်ထားပြီးဖြစ်ပါသည်။ မိမိဆောင်ရွက်လျက်ရှိသော ဗီဒီယိုပြသရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေဖြန့်ချိရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေငှားရမ်းခြင်းလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေကူးယူခြင်းလုပ်ငန်း၊ ဗီဒီယိုကာရာအိုကေလုပ်ငန်းများတွင်အသုံးပြုလျက်ရှိသော ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေးကပ်ထားရန်နှင့် ဗီဒီယိုဆင်ဆာလက်မှတ်အသေးပါရှိသည့် ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ၊ ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့၊**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန**

✪ ကျောဖုံးမှ

အချို့သော တိမ်မြုပ်ပျောက်ကွယ်နေသည့် တိုင်းရင်းဆေးပညာရပ်များနှင့် ကုထုံးများ ပြန်လည်ဖော်ထုတ်ရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ မျိုးဆက်သစ် တိုင်းရင်းဆေးသမားတော်များအနေဖြင့် မြန်မာ့တိုင်းရင်းဆေးပညာကို ကျွမ်းကျွမ်းကျင်ကျင်နားလည်တတ်မြောက်ပြီး ကမ္ဘာ့အလယ်တွင် မြန်မာ့တိုင်းရင်းဆေးပညာဟု ဂုဏ်ယူဝင့်ကြွားစွာ ချပြနိုင်ရန်နှင့် သုတေသနလုပ်ငန်းများ စနစ်တကျလုပ်ကိုင်ပြီး တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရန်ဆိုသည့် အချက်များသည် ပြည်သူလူထုကျန်းမာရေးကို တိုင်းရင်းဆေးနှင့် ပိုမိုစောင့်ရှောက်မှုပေးနိုင်ရန်အတွက် အရေးပါသည့်အချက်များဖြစ်ကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

**ကြိုးစားဆောင်ရွက်နေ**

ဆက်လက်၍ ဒုတိယသမ္မတက ယနေ့ ကမ္ဘာ့ကျန်းမာရေးနှင့် ဆေးပညာနယ်ပယ်တွင် လေ့လာကြည့်ပါက ဓာတုဗေဒဆေးဝါးများ အလွန်အကျွံအသုံးပြုခဲ့ရာမှ ဓာတုကင်းလွတ်သည့် သဘာဝဆေးဝါး Herbal Medicine များဘက်သို့ အလေးပေးဆောင်ရွက်လာခဲ့သည်ကို တွေ့ရှိရကြောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်၊ တိုင်းရင်းဆေးပညာရှင်နှင့် နီးနွယ်ပညာရှင်၊ လူသားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာများ တိုးတက်လာအောင် ဆောင်ရွက်နေရုံသာမက နိုင်ငံခြားတက္ကသိုလ်များနှင့်လည်း သုတေသနလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်အောင် ကြိုးစားဆောင်ရွက်နေပြီဖြစ်ကြောင်း။

**တိုက်တွန်း**

မြန်မာနိုင်ငံ၏ ရေမြေတောတောင်ဒေသအတွင်းတွင် ပေါက်ရောက်နေသည့် အစွမ်းထက်ဆေးပင်များကို ဖော်ထုတ်ထိန်းသိမ်းရန်၊ တစ်ဆင့်တက်ပြီး မျိုးပွားရန်၊ စိုက်ပျိုးထုတ်လုပ် အသုံးချနိုင်ရန်၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများကို Good Manufacturing Practice ဟု ခေါ်သည့် GMP နည်းစဉ်နှင့် အဆင့်မြင့်အောင် ပြောင်းလဲထုတ်လုပ်နိုင်ရေးအတွက် အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးကောင်စီ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူ လုပ်ငန်းရှင်များနှင့် တိုင်းရင်းဆေးသမားတော်များသည် အတ္တ-ပရ ညီညွတ်မျှတစွာ ဆောင်ရွက်ရန် ဦးတည်ပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ ခန်းမအတွင်း ပြသထားသည့် တိုင်းရင်းဆေးဝါးများအား လိုက်လံကြည့်ရှုအားပေးစဉ် (မြန်မာ့အလင်း)

**ဂုဏ်ပြုသဝဏ်လွှာဖတ်ကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်း ဆေးသမားတော်များ ညီလာခံသို့ပေးပို့သည့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုသဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ တက်ရောက်လာသည့် တိုင်းရင်းသမားတော်များ၊ ဧည့်သည်တော်များနှင့် မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

**လိုက်လံကြည့်ရှု**

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် ခန်းမအတွင်းပြသထားသည့် တိုင်းရင်းဆေးဝါးများအား လိုက်လံကြည့်ရှု အားပေးကြသည်။

ဒုတိယသမ္မတသည် ညပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-(၂)၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ ညစာစားပွဲသို့ တက်ရောက်သည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ စတုတ္ထပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၁၈

**ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ စတုတ္ထပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးတွင် ၂၀၁၇ ခုနှစ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌဖြစ်သည့် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က အဖွင့်အမှာစကားပြောကြားရာတွင် လွှတ်တော်အသီးသီး၏ အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ယခင်အတွေ့အကြုံများအပေါ် အခြေခံ၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ကော်မတီများအနေဖြင့် မည်သည့်ကိစ္စရပ်ကိုမဆို အတူပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပါက လုပ်ငန်းများ အောင်မြင်မည် ဖြစ်ပါကြောင်း၊ လွှတ်တော်အစည်းအဝေးများအတွက် နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပစ္စည်းများ ဝယ်ယူဖြည့်တင်းခြင်း၊ အစည်းအဝေးကျင်းပစဉ်ကာလအတွင်း ချွတ်ယွင်းမှုများ မဖြစ်ပေါ်စေရေး ကြိုတင်စစ်ဆေးပြင်ဆင်ထားရန်လိုသကဲ့သို့ ချွတ်ယွင်းမှုဖြစ်ပေါ်ပါက အမြန်ဆုံးပြုပြင်နိုင်ရေး နည်းလမ်းများ စီမံဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် လုံခြုံရေးအပိုင်းကိုလည်း အထူးအလေးထား ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယခုကျင်းပမည့် လွှတ်တော်အစည်းအဝေးမတိုင်မီ ဇန်နဝါရီ ၂၉ ရက်တွင် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်စိစစ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ဆောင်ရွက်သွားရန်ရှိသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအား ကြိုတင်ဖိတ်ကြားထားပါကြောင်း၊ ထို့အပြင် လွှတ်တော်အစည်းအဝေးများ ကျင်းပနေစဉ်အတွင်း လုံခြုံရေးအသိနှင့် သတိကို အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။



ထို့နောက် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ပြင်ဆင်ဖွဲ့စည်းခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်တို့က တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

အဆိုပါ အစည်းအဝေးသို့ ၂၀၁၇ ခုနှစ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ဌာန/အဖွဲ့အစည်းများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**




# ယာဉ်လိုင်းစနစ်သစ်ပြေးဆွဲမှုတွင် ကူညီလျက်ရှိသည့် တက္ကသိုလ်ကင်းထောက်များအား ကင်းထောက်ချုပ် ကြည့်ရှုအားပေး

**ရန်ကုန် ဇန်နဝါရီ ၁၈**

အများပြည်သူပို့ဆောင်ရေး ယာဉ်လိုင်းစနစ်သစ် ပြေးဆွဲမှု တတိယနေ့တွင် ခရီးသွားပြည်သူများအား စေတနာ့ဝန်ထမ်း ကူညီလျက်ရှိသည့် ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များမှ တက္ကသိုလ်ကင်းထောက်များအား မြန်မာနိုင်ငံကင်းထောက်ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ တွဲဖက်အတွင်းရေးမှူး ဦးအေးကြိုင်နှင့်အဖွဲ့က ကြည့်ရှုအားပေးသည်။ **(ဓါတ်ပုံ)**

ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက အများပြည်သူပို့ဆောင်ရေးယာဉ်လိုင်းစနစ်သစ် ပြေးဆွဲမှုစတင်ရာတွင် သမိုင်းတွင်မည့် အခြားလူမှုအဖွဲ့အစည်းများနှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ခွင့်ရ၍ တက္ကသိုလ်ကင်းထောက်များအနေဖြင့် ဂုဏ်ယူကြရမည်ဖြစ်ကြောင်း၊ ခရီးသွားပြည်သူများ ၎င်းတို့လိုရာကိုရောက်ရှိရန် မိမိတို့ စာသင်ချိန်၊ ကိုယ်ပိုင်အချိန်များကို စွန့်လွှတ်ပြီး ခရီးသွားပြည်သူများ၊ အများအကျိုးအတွက် ဆောင်ရွက်ကြ၍ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ကိုယ်စား ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားသည်။

**ကိုလတ်(သတင်းစဉ်)**



မစ္စ ရန်ဟီလီ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် တွေ့ဆုံဆွေးနွေးစဉ်

# မစ္စ ရန်ဟီလီ ပြည်ထောင်စုဝန်ကြီးများနှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီသည် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဝင်းမြတ်အေး၊ ဒေါက်တာမျိုးသိမ်းကြီးတို့နှင့် ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၌ သီးခြားစီ သွားရောက်တွေ့ဆုံသည်။

မစ္စ ရန်ဟီလီသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့်တွေ့ဆုံစဉ် ရွှေ့ပြောင်းလုပ်သားများနှင့် ပတ်သက်သည့် အခြေအနေများ၊ အလုပ်ရှင်၊အလုပ်သမားတို့နှင့်ပတ်သက်၍ ဥပဒေအရ ဆောင်ရွက်နေမှုအခြေအနေများ၊ ဝန်ကြီးဌာနနှင့် ILO တို့ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များထုတ်ပြန်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်၌ နိုင်ငံသားစိစစ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့်တွေ့ဆုံစဉ် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်း လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ် ဖြစ်ပေါ်တိုးတက်မှုများ၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ စစ်ဘေးရှောင်ဒုက္ခသည်များအရေးကိစ္စနှင့် မြေမြှုပ်မိုင်းရှင်းလင်းရေးကိစ္စရပ်တို့ကို ဆွေးနွေးခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်တွေ့ဆုံစဉ် ရခိုင်ပြည်နယ် မောင်တောမြို့(မြောက်ပိုင်း)ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ စစ်ဘေးရှောင်ဒေသခံပြည်သူလူထုများသို့ နယ်စပ်ရေးရာဝန်ကြီးဌာနက လူသားချင်းစာနာထောက်ထားမှု ရိက္ခာအကူအညီများ ထောက်ပံ့ပေးနေမှုအခြေအနေများ၊ နိုင်ငံတော်အစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွက် လူသားချင်းစာနာမှု သွားရောက်ထောက်ပံ့မှုအခြေအနေ၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ ရွှေ့ပြောင်းသူများအခြေအနေ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး အရေးကြီးမှုနှင့်ပြည်သူလူထုက ဘေးဒဏ်လျော့ပါးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှု မြှင့်တင်ရေးဆောင်ရွက်မှုတို့ကို ဆွေးနွေးခဲ့သည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံပညာရေးဖွံ့ဖြိုးတိုး တက်စေရန် ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်ရှိ အခြေခံပညာကျောင်းများအတွက် ပံ့ပိုးဆောင်ရွက်နေမှုများ၊ ပညာသင်ယူမှုအခွင့်အလမ်းတိုးမြှင့်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ကလေးစာပေ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား ဂျပန်နိုင်ငံ ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ လွှတ်တော်ဆိုင်ရာ ဒုတိယဝန်ကြီး Ms. Megumi KANEKO နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၃ နာရီက ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် MRTV အတွက် နည်းပညာအကူအညီပေးနေမှုများနှင့် ဂျပန်-မြန်မာ နှစ်နိုင်ငံ ပူးတွဲအစီအစဉ်များ ထုတ်လွှင့်နိုင်မည့်အခြေအနေ၊ Shanti Volunteer Association (SVA)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စာကြည့်တိုက်များနှင့် ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ National Institute of Information and Communications Technology (NICT) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စက်ဖြင့်ဘာသာပြန်သည့် Voice Tra Application Software စနစ်အတွက် စတင်လုပ်ဆောင်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ဓာတ်အားလိုင်းများတည်ဆောက်ရာတွင် စီမံကိန်းနှင့်မလွတ်သည့် လယ်ယာမြေများအတွက် လျော်ကြေးငွေများ ပေးအပ်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများတည်ဆောက်ရာတွင် စီမံကိန်းများနှင့်လွတ်ကင်းမှုမရှိသည့် လယ်ယာမြေများ၊ ဥယျာဉ်ခြံမြေများ၌ စိုက်ပျိုးထားသော သီးပင်၊ စားပင်များအတွက် ဒေသခံပြည်သူများထံသို့ နစ်နာကြေး၊ လျော်ကြေးပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ငွေကျပ်သိန်းပေါင်း ၃၀၀၀၀ ခန့် ပေးလျော်ပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းတည်ဆောက်ရာတွင် မဖြစ်မနေလိုအပ်သည့်မြေနေရာရရှိရေးအတွက် မြေနေရာရွေးချယ်ရာတွင် တတ်နိုင်သလောက် ပြည်သူများထိခိုက်နစ်နာမှုမရှိအောင် အကြိမ်ကြိမ်ကွင်းဆင်းစစ်ဆေးပြီး အတတ်နိုင်ဆုံးရှောင်ရှားရွေးချယ် ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းသဘောသဘာဝနှင့် မြေအနေအထားအရ ရှောင်ရှားရန် မဖြစ်နိုင်သည့် အခြေအနေရောက်မှသာလျှင် ပြည်သူများ ထိခိုက်နစ်နာမှုအနည်းဆုံးဖြစ်သည့် မြေနေရာကိုသာ ရွေးချယ်ဆောင်ရွက်လျက်ရှိကြောင်း ဇန်နဝါရီလ ဒုတိယပတ်ကပြုလုပ်သည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ခြင်းအခမ်းအနားတွင် ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စွာစိုးနိုင်က ပြောသည်။

“စီမံကိန်းတွေစတဲ့အခါမှာ Survey လုပ်ပါတယ်။ Survey လုပ်တဲ့အခါမှာ သီးနှံတွေမပျက်စီးအောင် အဓိကထားပြီး လုပ်ပါတယ်။ နည်းပညာပိုင်းအရရောစီးပွားရေးပိုင်းအရပါ ကုန်ကျစရိတ်များရင် သီးနှံတွေ၊ လယ်ကွင်းတွေကို မဖြစ်မနေဖျက်ရပါတယ်။ အဲဒီလို ဖျက်ရတဲ့အချိန် နစ်နာသွားတဲ့တောင်သူတွေ လျော်ကြေးပေးဖို့အတွက် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းတွေက ဖွဲ့စည်းပေးထားတဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ သစ်တော၊ မြေစာရင်း စိုက်ပျိုးရေးဦးစီးဌာနတွေနဲ့ ကျွန်တော်တို့ဝန်ကြီးဌာနက ကိုယ်စားလှယ်တွေပါဝင်တဲ့မြေယာ၊ သီးနှံပျက်စီးနစ်နာမှုစစ်ဆေးရေးနှင့် ဈေးနှုန်းစိစစ်ရေးအဖွဲ့များဖွဲ့ပြီး စီမံကိန်းနဲ့ မလွတ်ကင်းတဲ့လယ်မြေနဲ့ ဥယျာဉ်၊ ခြံ၊ မြေပိုင်ရှင်နစ်နာသူတွေနဲ့အတူ ပျက်စီးမှုစစ်တမ်းကောက်ယူစိစစ်ကာ ဒေသပေါက်ဈေးနှုန်းနဲ့ ဈေးနှုန်းသင့်ပြီး နစ်နာသူမြေပိုင်ရှင်တွေရဲ့ သဘောတူညီမှုရအောင် အဆင့်ဆင့်ဆောင်ရွက်ပြီးမှသာ မြို့နယ်အဆင့်စိစစ်ရေးကော်မတီကနေတစ်ဆင့် ခရိုင်အဆင့်စိစစ်ရေးကော်မတီကို ဆက်လက်တင်ပြပြီး ဆောင်ရွက်ရပါတယ်။ ခရိုင်အဆင့်စိစစ်ပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီးဒါမှမဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို ဆက်လက်တင်ပြပြီး အတည်ပြုချက်ရမှ နစ်နာကြေး၊ လျော်ကြေးတွေပေးအပ်နေပါတယ်” ဟု ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါလျော်ကြေး၊ နစ်နာကြေးများ ပေးအပ်နိုင်ရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်ရန်ပုံငွေများ တွက်ချက်တင်ပြတောင်းခံလျက် လုပ်ထုံးလုပ်နည်းအရ အဆင့်ဆင့်ဆောင်ရွက်၍ ပေးလျော်လျက်ရှိကြောင်း၊ ရန်ပုံငွေ ကန့်သတ်ချက်ရှိပါကလည်း နှစ်အလိုက်လျာထားတင်ပြချက် ပေးလျော်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းများကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# ရထားစီးခရီးသွားများကို ဝန်ဆောင်မှုကောင်းကောင်းပေးနိုင်ရန် ဝန်ထမ်းများကို (JICA) က သင်တန်းပို့ချ

**မန္တလေး ဇန်နဝါရီ ၁၈**

မြန်မာ့မီးရထားဌာနရှိ ဝန်ထမ်းများက ရထားစီးခရီးသွားများအား ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန် ဂျပန်နိုင်ငံ (JICA) မှ ဇန်နဝါရီ ၁၈ ရက်က မန္တလေးဘူတာကြီး နားနေဆောင် ၂ တွင် သင်တန်းပေးခဲ့သည်။

အဆိုပါသင်တန်းတွင် မြန်မာ့မီးရထားဌာနမှ ဝန်ထမ်း ၄၇ ဦးကို သင်တန်းပေးသွားမည်ဖြစ်ပြီး နေပြည်တော်ဘူတာကြီးတွင် ဝန်ထမ်း ၄၀ ဖြင့် ပထမအကြိမ်၊ ရန်ကုန်ဘူတာကြီးတွင် ဝန်ထမ်း ၂၅ ဦးဖြင့် ဒုတိယအကြိမ်ပို့ချပေးခဲ့ပြီးဖြစ်ကာ ယခုမန္တလေးဘူတာကြီးတွင် တတိယအကြိမ် သင်တန်းပေးခြင်းဖြစ်ကြောင်း မြန်မာ့မီးရထားတိုင်း ၃ မှ လက်ထောက်မန်နေဂျာ(သွားလာ) ဦးမောင်ကိုက ပြောသည်။

“ မြန်မာ့မီးရထားဝန်ထမ်းတွေရဲ့ ခရီးသည်တွေအပေါ် ဝန်ဆောင်မှုစွမ်းရည်တိုးတက်ရေးအတွက် ရည်ရွယ်သင်တန်းပို့ချတာဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာ လက်တွေ့ကျင့်သုံးနေတဲ့နည်းစနစ်တွေ၊ အတွေ့အကြုံတွေကို အရည်အချင်းပြည့်ဝတဲ့ နည်းပြဆရာတွေက ဝန်ထမ်း ၄၇ ဦးကို သင်ကြားပေးမှာပါ။ သင်ကြားပေးတာတွေကို လုပ်ငန်းခွင်မှာ လက်တွေ့ကျကျ ပြန်လည်အသုံးချနိုင်အောင် ကြိုးစားသွားမှာပါ” ဟု ၎င်းက ပြောသည်။

မြန်မာ့မီးရထားဌာန ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဂျပန်နိုင်ငံမှ လုပ်ငန်းသုံးရပ်ဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်ကာ ယခု သင်တန်းပို့ချပေးခြင်းသည်လည်း အဆိုပါလုပ်ငန်းသုံးရပ်တွင်ပါဝင်ပြီး ၂၀၁၇ ခုနှစ် မတ်လမှစ၍ လက်ရှိအသုံးပြုနေသော မီးရထားတွဲများကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ (JICA) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“မြန်မာ့မီးရထားဌာနကို မြန်မာပြည်သူတွေက အားကိုးတာကို တွေ့ရပါတယ်။ ပိုပြီးခေတ်မီလာအောင် ပြောင်းလဲစေချင်ကြတယ်။ ဒါကြောင့် ကျွန်တော်တို့ဘက်ကလည်း မြန်မာနိုင်ငံရဲ့မီးရထားလုပ်ငန်းခေတ်မီဖို့အတွက် ခေါင်းစဉ်သုံးရပ်နဲ့ ထောက်ပံ့သွားမှာပါ”ဟု ၎င်းက ဆက်လက်ပြောပြသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ယာဉ်လမ်းကြောင်းအချို့တွင် ရဲတပ်ဖွဲ့ယာဉ်များဖြင့် အခမဲ့ကူညီပြေးဆွဲ

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်မြို့လယ် မဟာဗန္ဓုလလမ်းပေါ်ရှိ ၁၅ လမ်း မှတ်တိုင်တွင် ဇန်နဝါရီ ၁၈ ရက်က ရဲတပ်ဖွဲ့ယာဉ်တစ်စီးဖြင့် ဆူးလေလမ်းကြောင်းသွားလာမည့် ခရီးသည်များအား အခမဲ့တင်ဆောင် ပြေးဆွဲနေသည်ကို မြင်တွေ့ရကြောင်း သိရသည်။

YBS ယာဉ်လိုင်းအသစ်များဖြင့် ပြေးဆွဲရာတွင် ခရီးသွားပြည်သူများ အခက်အခဲအချို့ ကြုံနေမှုရှိသော်လည်း လူထုလူတန်းစား၊ အဖွဲ့အစည်းပေါင်းစုံတို့၏ လူမျိုးဘာသာမရွေး ဝင်ရောက်ကူညီမှုများကြောင့် အဆင်ပြေလာမှုများ မြင်တွေ့ရသည်။

ဇန်နဝါရီ ၁၈ ရက်မှစ၍ မြို့တွင်းပတ် ယာဉ်လိုင်းသုံးလိုင်းတွင် ကားခငွေကျပ် ၁၀၀ နှုန်း ပြင်ဆင်ပြောင်းလဲမှုကြုံတွေ့နေရသဖြင့် တစ်ဆင့်ပြောင်းစီးရမည့် ခရီးသွားများ၊ ခရီးတိုစီး ခရီးသွားများအနေဖြင့် များစွာ အဆင်ပြေလာမှုရှိပြီး ယာဉ်လမ်းကြောင်းများတွင် တွေ့ကြုံရတတ်သော အခက်အခဲများ ရှိနိုင်သေးသည့်အတွက် ရန်ကုန်မြို့တော် မဟာဗန္ဓုလပန်းခြံဘေးတွင် ဇန်နဝါရီ ၁၇ ရက် ညနေပိုင်းမှစ၍ ရဲတပ်ဖွဲ့ယာဉ်များ တန်းစီရပ်ထားကာ သာကေတ၊ ယုဇနဥယျာဉ်အိမ်ရာ၊ အင်းစိန်၊ ရွှေပြည်သာ၊ လှိုင်သာယာနှင့် မင်္ဂလာဒုံမြို့နယ်များသို့ သွားရောက်မည့် ခရီးသွားများအား ပို့ဆောင်ပေးခြင်းဖြစ်ကြောင်း အမှတ် (၂) လုံခြုံရေးရဲတပ်ဖွဲ့ကွပ်ကဲမှုအဖွဲ့ရုံး ကွပ်ကဲရေးမှူး ရဲမှူးချုပ် မြဝင်းက ပြောသည်။



ယင်းသို့ပြေးဆွဲရာတွင် ယင်းရဲကွပ်ကဲမှု အောက်ရှိ လုံခြုံရေးရဲတပ်ဖွဲ့မှ ယာဉ် ၂၅ စီး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ၁၀ စီး၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ခြောက်စီး စုစုပေါင်းယာဉ်အစီးရေ ၄၀ ဝန်းကျင်ဖြင့် အခမဲ့ကူညီပြေးဆွဲမည်ဟု သိရသည်။

သခင်မြပန်းခြံမှ မဟာဗန္ဓုလလမ်းကြောင်းအတိုင်း မြို့တွင်းပတ် (၅၇) ယာဉ်လိုင်းနေရာတွင် ဇန်နဝါရီ ၁၆ ရက်က ယာဉ်လိုင်းနံပါတ်တပ်ယာဉ်များ ပြေးဆွဲမှုမရှိသဖြင့် ည ၁၀ နာရီအထိ လူပုဂ္ဂိုလ်အဖွဲ့အစည်းများမှ မိမိပိုင်အိမ်စီးယာဉ်များအပါအဝင် လုပ်ငန်းသုံးယာဉ်များ၊ အဝေးပြေးခရီးသည်တင်ယာဉ်ကြီးများ၊ တက္ကစီအငှားယာဉ်များဖြင့် ယင်းလမ်းကြောင်းပေါ်တွင် မိမိသဘောအနေဖြင့် အခမဲ့ ပြေးဆွဲပေးနေမှုကို မြင်တွေ့ရသည်။ **ခင်ဆိုင်**

# လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်) ပထမနေ့ကျင်းပ

**ဘားအံ ဇန်နဝါရီ ၁၈**

လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(ကရင်)ပထမနေ့ကို ယနေ့နံနက် ၉ နာရီတွင် ဘားအံမြို့ သီရိဘားအံဟိုတယ်၌ စတင်ကျင်းပသည်။ **(ယာပုံ)**



လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အခမ်းအနားကို ဖားစည်တီး ကျွဲချိုမှုတ်၍ ဖွင့်လှစ်ပြီး တက်ရောက်လာသော တိုင်းရင်းသားအပေါင်းတို့က နိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံတို့ကို အလေးပြုကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်း၊ UPDJC/PC အတွင်းရေးမှူး ဦးခင်ဇော်ဦးတို့က အမှာစကားပြောကြားကြပြီး ဘားအံမြို့ သုမေခါရာမကြားတောရဆရာတော် ဘဒ္ဒန္တစန္ဒာဝရက ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ပြီးမြောက်အောင်မြင်ရေးအတွက် ဩဝါဒစကားချီးမြှင့်ပေးသည်။

ထို့နောက် သဘာပတိ ပဒိုမန်းငြိမ်းမောင်က အမှာစကားပြောကြားပြီး ကရင်ပြည်နယ် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲသို့ ကချင်၊ ကယား၊ ရခိုင်၊ ရှမ်း ပြည်နယ်ဝန်ကြီးချုပ်များနှင့် KPP ပါတီတို့မှ ပေးပို့သော သဝဏ်လွှာများအား ဖတ်ကြားမှတ်တမ်းတင်ကာ ကျင်းပရေးကော်မတီမှ ပဒိုစောလှထွန်းက ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ ကြိုးပမ်းဆောင်ရွက်မှုဖြစ်စဉ်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံရေးကဏ္ဍဆိုင်ရာ စာတမ်းများအား KNU မှ ပဒိုစောဆဲဂေ၊ KNU/KNLA(PC)မှ စောကူးကူး၊ KNU မှ ပဒိုစောအပ်ဝါ၊ DKBA မှ စောစမစ်ဒွန်းတို့က လည်းကောင်း၊ လူမှုရေးကဏ္ဍဆိုင်ရာ စာတမ်းများအား KNU မှ ပဒိုအယ်ကလူရွှေဦး၊ KUPC အဖွဲ့ဝင် ဒေါ်နန်းစေးအွာ၊ KNU မှ ပဒိုစောအယ်မူးကြီးတို့က လည်းကောင်း၊ စီးပွားရေးကဏ္ဍဆိုင်ရာ စာတမ်းများအား KNU မှ ပဒိုမန်းဘထွန်း၊ ပဒိုစောမြမောင်၊ KNU/ KNLA မှ စောကိုကြီးကျော်တို့က လည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် စီးပွားရေးပညာရှင် ဒေါက်တာအောင်ထွန်းသက်က စီးပွားရေးဆိုင်ရာ ကိစ္စရပ်များအား အကြံပြုဆွေးနွေးတင်ပြပြီး သဘာပတိ ပဒိုမန်းငြိမ်းမောင်က နိဂုံးချုပ်စကားပြောကြားကာ ပထမနေ့ဆွေးနွေးပွဲ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြို့ပတ်ရထားစီးခရီးသည် ပိုမိုများပြားလာ

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်မြို့၏ သယ်ယူပို့ဆောင်ရေးစနစ်ကို ဇန်နဝါရီ ၁၆ ရက်မှ စတင်၍ စနစ်သစ်ဖြင့် ပြောင်းလဲဆောင်ရွက်ခဲ့သည်။ စစချင်းနေ့တွင် ယာဉ်လိုင်းများမသိခြင်း၊ ခရီးတစ်ဖြတ်တစ်ဖြတ် အဆင်မပြေမှုများနှင့် ခရီးသည်များ အခက်အခဲများစွာနှင့် ကြုံခဲ့ကြရသည်။

ဇန်နဝါရီ ၁၇ ရက် မွန်းလွဲပိုင်းက ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း YBS ဖြင့် မြို့တွင်းမှ သခင်မြပန်းခြံ ခရီးလိုက်ပါစီးနင်းလေ့လာရင်း တောင်းပန်စကားဆိုခဲ့သည်။ "စနစ်ပြောင်းလိုက်တဲ့ အခြေအနေမှာ အားလုံးအခက်ကြုံမှာပါ။ စနစ်အသစ်တစ်ခုကို စလုပ်ရတာကိုး။ ဒီအတွက်လည်း စိတ်ရှည်သည်းခံပြီး အခုလို စောင့်ပေးကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ပြည်သူတို့အတွက် အနှောင့်အယှက် အခက်အခဲတစ်ခုခုဖြစ်ခဲ့မယ်ဆိုရင်လည်း ဒါကို ကျွန်တော်တောင်းပန်ပါတယ်"ဟု ပြောကြားခဲ့သည်။

လိုင်းကားစီးရန် ခရီးသည်များ အဆင်မပြေမှုကြောင့် မိမိသွားရမည့် လမ်းကြောင်းနှင့် အဆင်ပြေမည့် ခရီးသည်များ မြို့ပတ်ရထား ပြောင်းစီးလာသည်ကို တွေ့ရသည်။ မြို့ပတ်ရထားတွဲဆိုင်းတိုင်း ခရီးသည်အပြည့်ဖြင့် မောင်းနှင်နေကြသည်ကိုလည်း ထပ်မံတွေ့မြင်လာရသည်။

ကြည့်မြင်တိုင်ဘူတာရုံမှ ရုံပိုင်ကြီး ဦးစိန်ဝင်းက "ဇန်နဝါရီ ၁၆ ရက်မတိုင်မီက ဒီဘူတာကနေစီးတဲ့ ခရီးသည်က ပုံမှန်ပျမ်းမျှ ၂၀၀၀/၂၁၀၀ ဝန်းကျင်ရှိခဲ့ပါတယ်။ ဇန်နဝါရီ ၁၆ ရက်မှာ စီးတဲ့ခရီးသည် ၂၄၇၀ ကျော်၊ ၁၇ ရက်မှာ ၂၆၀၀ နီးပါးအထိ ခရီးသည်တိုးတက်လာခဲ့ပါတယ်။ အဲဒီ ၁၇ ရက်မှာပဲ ကျွန်တော်တို့လမ်းပိုင်းမှာ အစုန်အဆန်ရထားတစ်စင်းစီတိုးပြီး ပြေးဆွဲခဲ့ပါတယ်" ဟု ရှင်းပြသည်။



ယခု မော်တော်ယာဉ်စီး ခရီးသည်များအနေဖြင့် အနည်းဆုံးနှစ်ဖြတ်မှ သုံးဖြတ်စီးနေကြရာ ယခင်က ကြည့်မြင်တိုင်မှ ပုဇွန်တောင်ဈေးအထိစီးပါက ယာဉ်ကြောတစ်ခုတည်းဖြင့် ငွေကျပ် ၂၀၀ ကျသော်လည်း ယခုအခါ သုံးဆင့်စီးရပြီး ငွေကျပ် ၆၀၀ ကုန်ကျနေသည့်အတွက် နိုင်ငံ့ဝန်ထမ်းခရီးသွားများအနေဖြင့် ရေရှည်တွက်လာကြပြီဖြစ်သည်။ အသွားအပြန် ငွေကျပ် ၁၂၀၀ ကုန်ကျမည်ဖြစ်သည်။

မြန်မာ့မီးရထားမှာ ခရီး ၁၅ မိုင်လျှင် စီးခ ငွေကျပ် ၁၀၀ သာဖြစ်၍ မြို့ပတ်ရထားဖြင့် ကြည့်မြင်တိုင်ဘူတာမှ မြောက်ဥက္ကလာပ၊ ဝေဘာဂီဘူတာအထိ ရထားစီးခ ငွေကျပ် ၁၀၀ မျှသာ ကုန်ကျမည်ဖြစ်သည်။ မြန်မာ့မီးရထား တိုင်းအမှတ် (၇) သွားလာရေးမန်နေဂျာ ဦးဇော်လွင်က "အရင်က နေ့စဉ်ပျမ်းမျှခရီးသည် ၈၀၀၀၀ ခန့် စီးနေရာကနေ ဇန်နဝါရီ ၁၆ ရက်မှာ ၉၆၀၀၀ ကျော်အထိ စီးနင်းလာတာကို တွေ့ရပါတယ်" ဟု ဆိုသည်။

ဤရက်ပိုင်းများအတွင်း မြို့ပတ်ရထားစီးခရီးသည်များ ပို၍များပြားလာမှုကြောင့် ရုံးချိန်များတွင် အခေါက်ရေတိုးမြှင့်ပြေးဆွဲရန် ရထားတွဲဆိုင်းများအဆင်သင့်ထားရှိပြီး ဇန်နဝါရီ ၁၇ ရက်နံနက်ပိုင်းက အင်းစိန်-ရန်ကုန်လမ်းပိုင်း၌ ရထားနှစ်စင်းတိုးကြောင်း၊ လေးလမ်းပိုင်း၌ ရထားတစ်စင်းစီ ထပ်မံဖြည့်ဆည်းပြေးဆွဲပေးလျက်ရှိနေကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**



❍ ကျောဖုံးမှ

အခု စနစ်သစ်အပြောင်းအလဲမှာ ကားပိုင်ရှင်တချို့ကလည်း တွက်ခြေမကိုက်ဘူးဆိုပြီး အနစ်နာမခံချင်ကြဘူး။ ဒါကလည်း အများပိုင်ကုမ္ပဏီအဆင့်ကို ရောက်သွားရင်တော့ ဒီစနစ်နဲ့ ကိုင်တွယ်ရတာ လွယ်သွားပါတယ်။ အခုက တစ်ဦးတစ်ယောက်ချင်း ယာဉ်တွေကို အများပိုင်ကုမ္ပဏီဖွဲ့နိုင်ရင် အဆင်ပြေသွားပါလိမ့်မယ်။ ယာဉ်တွေလိုအပ် ချက်ရှိနေတော့ အစိုးရအဖွဲ့အနေနဲ့ ယာဉ်အသစ်တွေ အမြန်ဆုံးဝယ်ယူနိုင်ဖို့ လုပ်နေပါတယ်၊ ဒီဘဏ္ဍာနှစ်မကုန်မီ ဆောင်ရွက်နေပါတယ်"ဟု ဒေါက်တာမောင်အောင်က ပြောသည်။

ရန်ကုန်မြို့ ခရီးသည်ပို့ဆောင်ရေး လမ်းကြောင်းသစ်များ စတင်ခဲ့သည့် ဇန်နဝါရီ ၁၆ ရက်တွင် ခရီးသည်တင် ယာဉ်အစီးရေ ၂၈၀၀ ခန့်သာ ပြေးဆွဲခဲ့ပြီး ဇန်နဝါရီ ၁၇ ရက်တွင် အစီးရေ ၃၀၀၀ ကျော်၊ ဇန်နဝါရီ ၁၈ ရက်တွင် အစီးရေ ၃၄၀၀ ကျော် ပြေးဆွဲ ခဲ့ကြောင်း၊ သို့ရာတွင် ယာဉ်အစီးရေ လိုအပ်ချက်ရှိနေဆဲဖြစ်ကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့တွင်းပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်အစီးရေ ၆၀၀၀ ကျော်ရှိပြီး နေ့စဉ် ခရီးသည် ၂ သန်းကျော် စီးနင်းလျက်ရှိသည်ဟု စာရင်းများအရ သိရသည်။

ယင်းကြောင့် လိုအပ်ချက်ရှိနေသော ခရီးသည်တင် ယာဉ်အစီးရေ တိုးချဲ့ပြေးဆွဲနိုင်ရေးအတွက် ယာဉ်အသစ်များ ဝယ်ယူနိုင်ရေး ဆောင်ရွက်နေသည့်အပြင် YPBC အများပိုင်ဘတ်စ်ကားလိုင်းကုမ္ပဏီ (ယခင် BRT Lite ယာဉ်လိုင်း) အနေဖြင့်လည်း ယာဉ်အစီးရေ ၁၀၀ ထပ်မံတိုးချဲ့ရန် စီစဉ်ထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးလွှတ်တော်တွင် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် ပြင်ဆင်ဖြည့်စွက်ခဲ့သည့် ဘတ်ဂျက်ခွင့်ပြုအနေအထားအရ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် ဘဏ္ဍာငွေသုံးစွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## စာအုပ်စာစောင်များတွင် ပုံနှိပ်မှတ်တမ်းပြည့်စုံစွာဖော်ပြရေး အသိပေးကြေညာချက်

ပုံနှိပ်သူနှင့် ထုတ်ဝေသူများသည် မိမိလုပ်ငန်းနှင့်သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများကိုလိုက်နာရန် တာဝန်ရှိပါသည်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ နည်းဥပဒေ ၁၇ အရ **နိုင်ငံအတွင်း ပုံနှိပ်သည့် သတင်းစာ၊ သတင်းလွှာ၊ သတင်းစဉ်၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များ၏ ပုံနှိပ်မှတ်တမ်းတွင် ပုံနှိပ်တိုက်အမည်နှင့် အသိအမှတ်ပြု လက်မှတ်အမှတ်၊ ထုတ်ဝေသူအမည်နှင့် အသိအမှတ်ပြုလက်မှတ်အမှတ်၊ စာပေတိုက်အမည်နှင့် လိပ်စာတို့ကို တိကျမှန်ကန်စွာ ဖော်ပြရမည်**ဖြစ်ပါသည်။ ထုတ်ဝေသူအမည်ကို ပုံနှိပ်မှတ်တမ်းတွင် ပြည့်စုံစွာ မဖော်ပြခြင်းကြောင့် နောင်တွင် ပိုင်ဆိုင်မှုအငြင်းပွားခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများအနေဖြင့် မိမိတို့ထုတ်ဝေသော စာအုပ်စာစောင်များတွင် ပုံနှိပ်မှတ်တမ်းကို နည်းဥပဒေ ၁၇ ပါ ထုတ်ပြန်ချက်အတိုင်း ပြည့်စုံစွာထည့်သွင်းဖော်ပြပါရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် ပင်လောင်းမြို့တို့၌ ၂ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့၌ ၃ ဒီဂရီစင်တီဂရိတ်စီ၊ လွိုင်လင်မြို့နှင့် မိုးကုတ်မြို့တို့၌ ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်၌ ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်၌ ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာနိုင်သည်။ **(မိုး/ဇလ)**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့အား World Bank မှ ကူညီပူးပေါင်းဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၈**
ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းအား World Bank မှ Senior Public Sector Specialist ဖြစ်သူ Mr. Zubair Khurshid Bhatti နှင့်အဖွဲ့ ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (ယာပုံ)

ထိုသို့တွေ့ဆုံရာတွင် World Bank က ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုအစီအစဉ်နှင့် ဒေါ်လာသန်း ၅၀ ပညာသင်ဆုအစီအစဉ်၊ အမြဲတမ်းအတွင်းဝန်အဆင့်အတွက် ခေါင်းဆောင်မှု/အုပ်ချုပ် မှုနှင့် ပတ်သက်သည့် ကာလတိုသင်တန်းဆောင်ရွက်ရန်အစီအစဉ်၊ အစိုးရ၏ အဓိကသင်တန်းများပေးနေသော နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် လေ့ကျင့် သင်တန်းပေးနေမှုများ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် World Bank တို့ ပူးပေါင်းဆောင်ရွက်သည့် ပြည်သူ့ဘဏ္ဍာရေးစနစ်ပြုပြင်ပြောင်းလဲမှုတွင် ပါဝင်သော Civil Service Pay, Compensation and Human Resources Management နှင့်ပတ်သက်၍ သုတေသနပြုဆောင်ရွက်နေမှုများအပေါ် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုအပိုင်း၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သုံးသပ်ချက်နှင့် အကြံပြုချက်များ ထည့်သွင်းပေးခြင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့က ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် World Bank မှ ကူညီပူးပေါင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင် ဦးဝင်းမော်နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ကိုယ်ဝန်ဆောင်မိခင်များနှင့် နှစ်နှစ်အောက်ကလေးများ ငွေကြေးထောက်ပံ့ရေးအစီအစဉ် စတင်မည်

**ပြင်ဦးလွင် ဇန်နဝါရီ ၁၈**
အမျိုးသားအဆင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးစီမံကိန်း ၂၀၁၄-၂၀၂၃ ကို လုပ်ငန်းကဏ္ဍ (၁၀)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သက်ကြီးရွယ်အို ထောက်ပံ့မှုများကို အသက်အရွယ် အပိုင်းအခြားအလိုက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဇန်နဝါရီ ၁၇ ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရွှေနန်းထိုက်ဟိုတယ်၌ ကျင်းပသည့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေနှင့်ဆက်စပ်၍ အမျိုးသားသက်ကြီး မူဝါဒရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ နှင့်တွေ့ဆုံစဉ် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်တွင်ပါရှိသည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက်ကလေးများကို ငွေကြေးထောက်ပံ့ရေးအစီအစဉ်အား ဖွံ့ဖြိုးမှုအနည်းဆုံး ပြည်နယ်များဖြစ်သော ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။ **(သတင်းစဉ်)**

## ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးအကြိုဆွေးနွေးပွဲကျင်းပ



**ကော့သောင်း ဇန်နဝါရီ ၁၈**
တနင်္သာရီတိုင်းဒေသကြီး ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးအကြိုဆွေးနွေးပွဲကို ဇန်နဝါရီ ၁၆ ရက်က ကော့သောင်းမြို့ မဥ္ဇူသကပြည်သူ့ခန်းမ၌ စတင်ဖွင့်လှစ်သည်။ ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် နိုင်ငံရေးနှင့် ပတ်သက်သည့် စာတမ်းများ၊ စီးပွားရေးနှင့်ပတ်သက်သည့် စာတမ်းများ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒနှင့်ပတ်သက်သည့် စာတမ်းများကို နိုင်ငံရေးပါတီများနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဇန်နဝါရီ ၁၆ ရက်မှ ၁၇ ရက်အထိ အသီးသီး ဖတ်ကြားခဲ့ကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကာ တိုင်းဒေသကြီး အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဝင်များက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

အတွေ့အကြုံ

## စနစ်ကျသည့် ရန်ကုန်မြို့သယ်ယူပို့ဆောင်ရေးစနစ်ကို ပီပြင်စွာ မြင်တွေ့လာ

ဒီရက်ထဲအပြင်ထွက်လိုင်းကားစီးရမှာ အတော့်ကိုကြောက်မိခဲ့သည်။ YBS အစရက်ဖြစ်သည့် ဇန်နဝါရီ ၁၆ ရက်မှာ နဖူးတွေ့ဒူးတွေ့ကြုံခဲ့ရသော အခက်အခဲများကြောင့်ဖြစ်သည်။

သို့အတွက် ဒီရက်အတွင်း ဘယ်မှမထွက်၊ လိုင်းကားမစီးသေးဟု သန္နိဋ္ဌာန်ချထားခဲ့သည်။ သို့သော် ဇန်နဝါရီ ၁၈ ရက်က မဖြစ်မနေအပြင်ထွက်ရမည့် အနေအထားရှိလာခဲ့သည်။ ကြည့်မြင်တိုင်ကမ်းနားလမ်း သီရိမင်္ဂလာဈေးဟောင်းမှတ်တိုင်မှ ဆင်မလိုက်(အဝေးပြေးဂိတ်ဟောင်း)ဆီသို့ ၂၃ လိုင်းကားတက်စီးလာခဲ့သည်။ နေ့ခင်းထမင်းစားချိန်ဖြစ်၍လားမသိ ကားပေါ်တွင် ထိုင်ခုံပြည့်ရုံမျှသာ ခရီးသည်ပါလာသည်။ ယာဉ်ဟောင်းကြီးဖြစ်၍ ယာဉ်စီးခကို ယာဉ်နောက်လိုက်က လိုက်လံကောက်ခံခြင်းဖြစ်သည်။ လိုရာခရီးကို မပင်မပန်းရောက်ခဲ့ရသည်။

ဆင်မလိုက်မှအပြန် မှတ်တိုင်အရောက်တွင် ကိုရီးယားကားအသစ်ကြီးတစ်စီး ထိုးဆိုက်လာခဲ့သည်။ ယာဉ်ပေါ်တွင် ခရီးသည်က ထိုင်ခုံအပြည့်ပင်ပါမလာပေ။ သီရိမင်္ဂလာဈေးဟောင်းရောက်သည်ဆို၍ တက်စီးလာခဲ့သည်။ နံပါတ် ၃၀ (အနီ) ဖြစ်သည်။ ရှေ့ပေါက်က အတက်ဖြစ်ပြီး နောက်ပေါက်က အဆင်းဖြစ်သည်။

ယာဉ်စီးခထုတ်ပေးသည့်အခါ ယာဉ်နောက်လိုက်လူငယ်လေးက "ယာဉ်စီးခပုံးထဲထည့်ပေးပါခင်ဗျား" ဟု ဆိုလာသည်။ လက်ထဲဆောင်လာသည့် ယာဉ်စီးခကျပ်နှစ်ရာကို ပုံးထဲအဆင်ပြေပြေထည့်ပေးလိုက်သည်။ စနစ်တကျရှိလှသည်။ အချို့ခရီးသည်များက ထိုင်ခုံအရယူထိုင်ပြီးမှ ယာဉ်စီးခထုတ်ပေးသည်။ ဒါကိုလည်း ယာဉ်နောက်လိုက်က လိုက်လံရယူပြီး ပုံးထဲထည့်ပေးခဲ့သည်။

အလွန်ကောင်းသည့် စီစဉ်မှုလေးဖြစ်သည်။ လက်တွေ့မြင်တွေ့လိုက်ရမှ လူကြီးများ စီစဉ်ခြင်းမှာ ဤကဲ့သို့ပါတကားဟု အတွေးပေါက်ခဲ့ရသည်။ လိုင်းတိုင်းဤကဲ့သို့စနစ်ဖြင့်သွားပါ။ ရန်ကုန်မြို့၏ သယ်ယူပို့ဆောင်ရေးစနစ်သည် လွန်စွာမှပင် အဆင့်အတန်းမြင့်၍ နိုင်ငံကြီးသားများအဖြစ် ပီပီပြင်ပြင်မြင်တွေ့လာကြရတော့မည်ဟု အတွေး၌ ပေါ်လာခဲ့သည်။

မိမိတို့ခရီးသွားပြည်သူများ၊ သယ်ယူပို့ဆောင်ရေး၌ပါဝင်သူအုပ်ချုပ်သူ၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များသည် နေပူထဲမှ လျှောက်လှမ်းလာရသူများဖြစ်ကြသည်။ နေရိပ်ထဲသို့ ရောက်ရန် ခြေလှမ်းများစွာ လှမ်းကြရဦးမည်ဖြစ်သည်။

သို့သော် ယခုကဲ့သို့ YBS အကောင်းစားလေးများနှင့်ဆုံတွေ့လိုက်ရသည့် အခိုက်ဝယ် ယခင်နေ့များက ကြုံတွေ့ခဲ့ရသော အခက်အခဲများအပေါ် နားလည်ခွင့်လွှတ်နိုင်ခဲ့ပေပြီ။ **သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်)**



## အလုပ်သမားများ လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ပြည့်ပြည့်ဝဝရရှိရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၈**
အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန်ရရှိစေရေးတို့အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် အမျိုးသား ၃၅၁၇ ဦး၊ အမျိုးသမီး ၈၄၄၆ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်စုစုပေါင်း ၁၁၉၆၃ ဦး ချုပ်ဆိုနိုင်ခဲ့သည်။ အလုပ်ရှင်/အလုပ်သမားအငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းလက်ခံရရှိမှု ၁၂၀ မှုတွင် ကျေအေးမှု ၂၉ မှု၊ ပြည်နယ်နှင့်တိုင်းခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၁၆ မှုတို့ဖြစ်ပြီး ကျန် ၇၅ မှုအတွက် ခံစားခွင့်ရှိသူ ၆၅၇ ဦးအား ငွေကျပ် ၁၁၇၈၂၉၄၁၉ ကိုခံစားစေခဲ့သည်။

အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက်အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့်ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင်ဆောင်ရွက်ပေးခဲ့ရာငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၁၀၀၀၀ကျော် နှင့် US$ - 481 ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ/အလုပ်ရုံများတွင် အလုပ်သမားများလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာ ရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေး အရာရှိများက စက်ရုံ/အလုပ်ရုံ ၆၃၁ ရုံမှ အလုပ်ရှင်၊အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့်ဥပဒေရေးရာ သိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု ၂၀၈ ကြိမ်ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခုံသမာဓိကောင်စီမှ အမှုငါးမှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာအလုပ်သမား ၁၆၇ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် US$-48684 ရရှိစေခဲ့ပြီး ခုံသမာဓိအဖွဲ့အနေဖြင့် အမှု ၁၄ မှုကိုဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမားလေးဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၂၄၁၂၀၀၀ ရရှိစေခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သောစက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၆၄၀၀ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၄၄၂၇ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၁၁၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။အာမခံအလုပ်သမားများအား ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှု အခြေအနေများမှာအောက်ပါအတိုင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှုဦးရေ |
|---|---|---|
| (က) | အလုပ်သမားဆေးရုံကြီး (၃)ရုံ (ပြင်ပလူနာ၆၈၅၉ဦး ၊ အတွင်းလူနာ၇၂၅ဦး) | ၇၁၀၉ ဦး |
| (ခ) | လူမှုဖူလုံရေးဆေးခန်း(၉၆)ခန်း၊ ဌာနကြီး ဆေးခန်း(၅၀)ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ် ဆေးခန်းတို့မှ ဆေးကုသပေးမှု | ၅၂၀၃၀ ဦး |
| (ဂ) | အလုပ်သမားဆေးရုံကြီး (၃)ရုံ မှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု (၃)ကြိမ် | ၈၇၁ ဦး |
| (ဃ) | လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု (၁၆၀)ကြိမ် | ၃၇၈၀ ဦး |
| (င) | နယ်လှည့်ဆေးကုသယာဉ် (MMU) ဖြင့် ကွင်းဆင်းဆေးကုသပေးမှု | ၄၇၂၈ ဦး |

# ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စစ်ဘေးရှောင်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုရိက္ခာများ ထောက်ပံ့



**နေပြည်တော် ဇန်နဝါရီ ၁၈**

နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စစ်ဘေးရှောင်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု ရိက္ခာများထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး(တောင်ကြီး)၌ ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

ရှေးဦးစွာနယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စားအမြဲတမ်းအတွင်းဝန် ဦးရဲနိုင်က ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စစ်ဘေးရှောင်ပြည်သူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက လူသားချင်းစာနာထောက်ထားမှု ရိက္ခာများ ထောက်ပံ့ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများထံ ရိက္ခာများလွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့သည်။

အခမ်းအနား၌ နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်မြောက်ပိုင်း စစ်ဘေးရှောင်ပြည်သူများအတွက် ဆန်အိတ် ၁၂၅၀၊ ဆီ ပိဿာ ၂၀၀၀၊ ဆားပိဿာ ၆၀၀၊ ပဲ ပိဿာ ၆၀၀၀ နှင့် စောင်အထည် ၁၀၀၀ တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၀ ဒသမ ၄၉၂ သန်း တင်ပို့နိုင်

**မောင်တော ဇန်နဝါရီ ၁၈**

မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းမှ တစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ငါးခြောက်၊ ဝါးအစရှိသည့် ကုန်ပစ္စည်းများ တင်ပို့လျက်ရှိပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၇ ရက်အထိ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၄၉၂ သန်းအထိ တင်ပို့နိုင်ခဲ့ပြီးဖြစ်ကြောင်း မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းတာဝန်ခံ ဦးခင်ကျော်မြင့်က ပြောသည်။

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အောက်တိုဘာ ၉ ရက်က အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များဖြစ်ပွားခဲ့ပြီးနောက် ပိတ်ထားခဲ့ရသော မောင်တောနယ်စပ်ဂိတ်ကို ဒီဇင်ဘာ ၂၄ ရက်နောက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ နယ်စပ်ဂိတ်စတင်ဖွင့်လှစ်ပြီး လကုန်ခန့်အထိ ကုန်ပစ္စည်းများတင်ပို့နိုင်ခြင်းမရှိသေးဘဲ ဇန်နဝါရီ ၁ ရက်မှ စတင်ကာ ငါးခြောက်မျိုးစုံ၊ ရေငန်ပုစွန်၊ ဝါး၊ ဆီးယို၊ သကြား၊ စောင်ပါး၊ ပဲလှော်၊ ဆပ်ပြာနှင့် အလှကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ဇန်နဝါရီ ၁၇ ရက်အထိ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၄၉၂သန်းအထိ တင်ပို့နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ အဓိကအားဖြင့် ငါးခြောက်မျိုးစုံ တင်ပို့မှုကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့အချိန်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ နယ်စပ်ဖြတ်ကျော်မှုနှင့် သွင်းကုန်များတင်သွင်းနိုင်ခြင်း မရှိသေးသည့်အတွက် လက်ရှိ မောင်တောဈေးအတွင်းရောင်းချနေသော လျှပ်စစ်ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ စသည့်သွင်းကုန်ပစ္စည်းများမှာ တန်ဖိုးအနည်းငယ် မြင့်တက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ဇင်ဦး၊ ကိုမင်း**

# ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့နှင့် ကျောက်ဖြူခရိုင်ရှိ ဌာနဆိုင်ရာများတွေ့ဆုံ

**ကျောက်ဖြူ ဇန်နဝါရီ ၁၈**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့များနှင့် ခရိုင်ဌာနဆိုင်ရာများ တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့မှ Ms.Laetitia Van Den Assum ပါ အဖွဲ့ဝင် ၁၅ ဦးနှင့် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့ရာ ကျောက်ဖြူခရိုင် စီမံကိန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စန်းစန်းဌေးက ကျောက်ဖြူ အထူးစီးပွားရေးဇုန် (SEZ) နှင့် ရေနက်ဆိပ်ကမ်းအကြောင်းကို ရှင်းလင်းတင်ပြခဲ့ပြီး ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့မှ သိလိုသည်များအား မေးမြန်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

## ပုဏ္ဏားကျွန်းမြို့နယ် အောင်ဆိပ်ကျေးရွာတွင် လူနေအိမ်နှစ်လုံး မီးလောင်

**ပုဏ္ဏားကျွန်း ဇန်နဝါရီ ၁၈**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် အောင်ဆိပ်ကျေးရွာတွင် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က လူနေအိမ်နှစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောင်ဆိပ်ကျေးရွာမှ ဒေါ်ရွှေကျော့စိန်၏နေအိမ်တွင် ထမင်းချက်ရာ မီးဖိုမှတစ်ဆင့် အနီးရှိ စပါးကျီသို့ကူးကာ စတင်လောင်ကျွမ်းခဲ့ပြီး အနီးရှိ ခနိမိုး၊ ဝါးထရံကာ၊ ပျဉ်ခင်းထားသော ဒေါ်မေနီအိမ်သို့ ကူးစက်လောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်မှုကို ရွာသူရွာသားများက ဝိုင်းဝန်းငြှိမ်းသတ်ကြကြောင်း၊ အနီးအနားရှိ ကျေးရွာများမှလည်း လာရောက်ဝိုင်းဝန်းငြှိမ်းသတ်ပေးသဖြင့် ၁၂ နာရီခွဲခန့်တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။

**ကိုကြီးစော**

# မိုးကိုးမြို့အနီး ခဲယမ်းများသိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ မိုးကိုးမြို့အတွင်း ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်စစ်ကြောင်းက လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မိုးကိုးမြို့အတွင်း တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းလျက်ရှိရာ ပေါမိုးလုံကျေးရွာ၏ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာရှိ ချုံအတွင်းမှ လက်ပစ်ဗုံးကိုးလုံး၊ တိုက်မိုင်းတစ်လုံးနှင့် အာပီဂျီဒုံးသီးတစ်လုံးတို့ကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆန်ခါကျေးရွာမှ ပြည်သူတစ်ဦး သေနတ်ထိမှန်သေဆုံး

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆန်ခါကျေးရွာမှ ကျောက်အရောင်းအဝယ်လုပ်ကိုင်သူတစ်ဦး ယမန်နေ့ညနေပိုင်းက နေအိမ်ခြံဝင်းအတွင်း သေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဗိုလ်တိုးဆိုသူသည် ၎င်း၏နေအိမ်ခြံဝင်းအတွင်း ယမန်နေ့ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က ကျောက်စိမ်းရိုင်း ရေဆေးနေစဉ် အမျိုးသားနှစ်ဦး ဆိုင်ကယ်ဖြင့်ရောက်ရှိလာပြီး ၎င်းတို့နှင့် လိုက်ခဲ့ရန်ခေါ်ရာမှ ဗိုလ်တိုးက ငြင်းဆန်သဖြင့် တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ဦးခေါင်းသေနတ် နှစ်ချက် ထိမှန်ဒဏ်ရာဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ သေဆုံးသူ၏အလောင်းအား ဆန်ခါကျေးရွာလူမှုကူညီရေး မော်တော်ယာဉ်ဖြင့် လုံးခင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ဆက်လက်အရေးယူနိုင်ရေး လုံးခင်းနယ်မြေရဲစခန်းမှ စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# အဖိုးတန်သစ်များ တရားမဝင်ခိုးထုတ်ရာလမ်းကြောင်း၌ အဓိကထိန်းချုပ်လုပ်ကိုင်နေသည့် KIA စခန်းများအား သိမ်းပိုက်ရရှိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

တပ်မတော်စစ်ကြောင်းများက ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်း မန်ဝိန်းကြီးကျေးရွာ၏ အနောက်တောင်ဘက် ၂၄ မိုင်ခန့်အကွာ၊ မံဂမ်ကျေးရွာအနီး၌ တရားမဝင်သစ်မှောင်ခိုလုပ်ငန်းများကို အဓိက ထိန်းချုပ်လုပ်ကိုင်ဆောင်ရွက်နေသည့် KIA တပ်မဟာ(၃)၊ တပ်ရင်း (၁၂) ဌာနချုပ်စခန်းအပါအဝင် စခန်းသုံးခုကို ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် သိမ်းပိုက်ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါ တိုက်ပွဲများတွင် တပ်မတော်မှ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ လူနေအဆောက်အအုံ အလုံး ၂၀၊ သစ်မျိုးစုံ ၁၀၈ တန်ခန့်၊ သစ်တင်ယာဉ် လေးစီး၊ ဂျစ်ကားနှစ်စီးနှင့် ဆိုင်ကယ်တစ်စီး၊ ငွေစာရင်းစာအုပ်များ၊ ဆက်ကြေးကောက်ခံရရှိသည့် ပြေစာဖြတ်ပိုင်းများ၊ ၆၀ မမစိန်ပြောင်းတစ်လက်အပါအဝင် လက်နက်ငါးလက်နှင့် ခဲယမ်းအမြောက်အမြားတို့အား သိမ်းပိုက်ရရှိခဲ့သည်။

အဆိုပါ KIA တပ်ရင်း(၁၂)မှ KIA လက်နက်ကိုင်အဖွဲ့နှင့် တပ်ရင်း(၂၇)မှ လက်နက်ကိုင်အင်အားပူးပေါင်း ၂၀၀ ခန့်သည် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက် မိုးကိုးဖြစ်စဉ်နှင့် တစ်ပြိုင်တည်း နိုဝင်ဘာ ၂၁ ရက်တွင် မံစီမြို့နယ် မန်ဝိန်းကြီးကျေးရွာ၏ အနောက်ဘက်လေးမိုင်ခွဲခန့်အကွာ ကောင်းငုယန်ကျေးရွာရှိ တပ်မတော်စစ်ကြောင်းမှ တပ်စု တစ်စုခန့် နယ်မြေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးအတွက် ပိတ်ဆို့ထားသည့် စခန်းနေရာကို သာလွန်အင်အားများဖြင့် နိုဝင်ဘာ ၂၃ ရက်အထိ ဝင်ရောက်တိုက်ခိုက်ခဲ့သည့်အဖွဲ့များ ဖြစ်သည်။ သို့ရာတွင် ကောင်းငုယန်စခန်းရှိ တပ်မတော်သားများက မဆုတ်မနစ် သောဇွဲလုံ့လများဖြင့် ရှုပ်ရှုပ်ချွံချွံခုခံခဲ့ခြင်း၊ စစ်ကူနှင့်ပစ်ကူများ အချိန်မီရောက်ရှိခဲ့ခြင်းတို့ကြောင့် နိုဝင်ဘာ ၂၈ ရက်တွင် ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ဆုတ်ခွာသွားသူများနောက်သို့ မြေပြင်နှင့်ဝေဟင်အဆက်မပြတ် သတင်းဖော်ထုတ်ထောက်လှမ်းချက်များအရ မံဂမ်ကျေးရွာအနီးတစ်ဝိုက်၌ အခြေပြုလှုပ်ရှားနေသည်ကို ဖော်ထုတ်ရရှိသဖြင့် တပ်မတော်စစ်ကြောင်းများက ၎င်းနယ်မြေအတွင်း ရှင်းလင်းခဲ့ရာ ဇန်နဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ ထိတွေ့တိုက်ပွဲ ငါးကြိမ်ဖြစ်ပွားခဲ့ပြီးနောက် KIA တပ်ရင်း (၁၂) ဌာနချုပ်စခန်းများကို သိမ်းပိုက်ရရှိခဲ့ခြင်းဖြစ်သည်။

KIA တပ်မဟာ (၃)၊ တပ်ရင်း (၁၂) ဌာနချုပ်စခန်းနေရာသည် ၎င်းတို့အတွက် သတ်မှတ်ထားသည့် နယ်မြေမဟုတ်ဘဲ ရှမ်းပြည်နယ်၊ နယ်နိမိတ်အစပ်ထိ ဝင်ရောက်တပ်စွဲကာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မဘိမ်းမြို့နယ်အတွင်းမှထွက်ရှိသည့် အဖိုးတန်သစ်များ၊ ကျွဲနွားများကို တစ်ဖက်နိုင်ငံသို့ တရားမဝင်ပို့ဆောင်ရာလမ်းကြောင်းတွင် အဓိကတည်ရှိနေသည့် နေရာဖြစ်ကြောင်း ဖော်ထုတ်ရရှိသည်။

ယခုကဲ့သို့ KIA တပ်မဟာ (၃)၊ တပ်ရင်း (၁၂) ဌာနချုပ်စခန်းနေရာကို တပ်မတော်ကသိမ်းပိုက်ရရှိခြင်းအားဖြင့် မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်အတွင်းမှ တရားမဝင်ဖြတ်သန်း၍ မြန်မာ့အဖိုးတန်သယံဇာတသစ်များကို တစ်ဖက်နိုင်ငံသို့ တရားမဝင်ခိုးထုတ်မည့် အဓိကလမ်းကြောင်းနေရာတစ်ခုအား ပိတ်ဆို့ထိန်းချုပ်ထားနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် တပ်မတော်စစ်ကြောင်းများက ဆုတ်ခွာထွက်ပြေးသွားသည့် လက်နက်ကိုင်များနောက်သို့လည်းကောင်း၊ အခြားသော တရားမဝင်လမ်းကြောင်းများအပါအဝင် အဓိကနေရာများအား လည်းကောင်း ဆက်လက်ရှင်းလင်းဖော်ထုတ်ဆဲဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမေရိကန် F-35 တိုက်လေယာဉ် ပထမအသုတ် ဂျပန်သို့ရောက်ရှိ

**တိုကျို ဇန်နဝါရီ ၁၈**

အမေရိကန်လေတပ်မှ F- 35 တိုက်လေယာဉ်များသည် ပထမအသုတ်အဖြစ် ဂျပန်နိုင်ငံသို့ ရောက်ရှိလာပြီး အဆိုပါရောက်ရှိမှုသည် အမေရိကန် တိုက်ခိုက်ရေးဂျက် လေယာဉ်များကို နိုင်ငံ၏ပြင်ပ၌ ပထမဆုံးအကြိမ် ဖြန့်ကြက်ချထားခြင်းဖြစ်ကြောင်း သိရသည်။

F-35 တိုက်ခိုက်ရေးဂျက်လေယာဉ်နှစ်စင်းသည် ဗုဒ္ဓဟူးနေ့ နံနက် ဒေသစံတော်ချိန် ၅ နာရီခွဲခန့်က ဂျပန်နိုင်ငံအနောက်ပိုင်း ရာမာဂူချီစီရင်စုအတွင်းရှိ လဝါကူနီလေဆိပ်ဆီသို့ ပျံသန်းခဲ့သည်။ တိုက်လေယာဉ်များသည် တိုက်ရိုက်ထောင်တက်ပျံသန်းခြင်းနှင့် ဆင်းသက်ခြင်းတို့ကို ကောင်းစွာပြုလုပ်နိုင်ကြောင်း သိရသည်။ တိုက်လေယာဉ်များ၏ လျှို့ဝှက်စွမ်းဆောင်နိုင်မှုမှာ ရေဒါဖြင့် စုံစမ်းထောက်လှမ်းမှုကို ရှောင်ရှားနိုင်သည်ဟု ဆိုသည်။

အမေရိကန်ကာကွယ်ရေးဌာနသည် အဆင့်မြှင့်တင်ထားသည့် လေယာဉ်များအား အာရှဒေသကို ဗဟိုပြုထားသည့် ဝါရှင်တန်၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အာရှပစိဖိတ်ဒေသတွင် ချထားမည်ဖြစ်ကြောင်း သိရသည်။ F-35 တိုက်လေယာဉ် ပေါင်း ၁၆ စင်းကို လဝါကူနီ၌ ဖြန့်ကြက်သွားရန် စီစဉ်ထားကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**(အင်န်အိတ်ချ်ကေ)**




# တရုတ်နိုင်ငံ၌ အထူးရဲတပ်ဖွဲ့တစ်ရပ် ဖွဲ့စည်း

**ပေကျင်း ဇန်နဝါရီ ၁၈**

တရုတ်နိုင်ငံသည် အထူးရဲတပ်ဖွဲ့သစ်တစ်ရပ်ဖွဲ့စည်းလိုက်ကြောင်း ဇန်နဝါရီ ၁၈ ရက်က ဆင်ဟွာသတင်းများတွင် ဖော်ပြခဲ့သည်။

အထူးတပ်ဖွဲ့ကို သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး၊ အစားအသောက်နှင့် ဆေးဝါးများဆိုင်ရာအဖွဲ့၊ ခရီးသွားလာရေးဆိုင်ရာအဖွဲ့နှင့် သီးခြားအဖွဲ့အဖြစ် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပေကျင်းမြို့တော်ဆိုင်ရာ အများပြည်သူလုံခြုံရေးဗျူရိုအောက်ရှိ အဆိုပါအထူးတပ်ဖွဲ့၏ လက်ထောက်အကြီးအကဲ လန်းယန်းက ပြောကြားသည်။

အဆိုပါ တပ်ဖွဲ့လေးဖွဲ့ကို ဗျူရိုတွင် စုစည်းကာ သင်တန်းပေးခဲ့ရကြောင်း လန်းက ဆိုသည်။

တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ ရက်သတ္တပတ် တစ်ပတ်ကျော်ကြာ မြူခိုးများပိတ်မိခဲ့ပြီးနောက် လေထုညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရန် ထိုသို့ အထူးရဲတပ်ဖွဲ့များဖွဲ့စည်းလိုက်ခြင်းဖြစ်ကြောင်း၊ အထူးတပ်ဖွဲ့တွင် တပ်ဖွဲ့ဝင်အင်အား ၁၅၀ ကျော် ပါဝင်ရန် ဇန်နဝါရီ အစောပိုင်းကတည်းက ဖွဲ့စည်းရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း ပေကျင်း ယာယီမြို့တော်ဝန် ကိုင်ချီက ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# အမေရိကန်သမ္မတဟောင်း ဘုရှ် ဆေးရုံတက်ကုသခဲ့ရပြီးနောက် အခြေအနေပြန်လည်ကောင်းမွန်

**ဝါရှင်တန် ဇန်နဝါရီ ၁၈**



အမေရိကန်သမ္မတဟောင်း ဂျော့အိတ်ချ် ဒဗလျူဘုရှ်သည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာခံစားရပြီး ဟူစတန်ရှိ ဆေးရုံတစ်ရုံ၌ စနေနေ့ကတည်းက တက်ရောက်ကုသမှု ခံယူခဲ့ရကြောင်း ၎င်း၏ပြောဆိုခွင့်ရှိသူ မိသားစုဝင်တစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

အသက် ၉၂ နှစ်ရှိပြီဖြစ်သည့် ဘုရှ်သည် အမေရိကန်၏ အသက်အကြီးဆုံး သမ္မတဟောင်းတစ်ဦးဖြစ်သည်။ ရောဂါဝေဒနာကို ကုသရာတွင် တိုးတက်မှုရှိကြောင်း ဟူစတန် ဆေးရုံ၏ ပြောရေးဆိုခွင့်ရှိသူ ဂျင်မက်ဂရက်က အီးမေးလ်ဖြင့် ရိုက်တာ သတင်းတစ်ရပ်သို့ ပြောကြားခဲ့သည်။ ဘုရှ်၏ ကျန်းမာရေး အခြေအနေမှာ ကျေနပ်အားရဖွယ် အခြေအနေ ရှိကြောင်းနှင့် မကြာမီ ဆေးရုံမှဆင်းခွင့်ရလိမ့်မည်ဟု မျှော်လင့်ကြောင်း မက်ဂရက်က ရေးသားဖော်ပြခဲ့သည်။

ဂျော့ဘုရှ်သည် သမ္မတဟောင်း ဂျော့ဒဗလျူဘုရှ်နှင့် ဖလော်ရီဒါပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း ဂျက်ဘုရှ်တို့၏ ဖခင်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ပိုင်းလော့တစ်ဦးဖြစ်ခဲ့သူ ဘုရှ်သည် သမ္မတရာထူးမှ ထွက်ခွာခဲ့ပြီးနောက်တွင် လေထီးခုန်သမားတစ်ဦးအဖြစ် လုပ်ကိုင်ခဲ့ပြီး ၎င်း၏ အသက် ၉၀ ပြည့်မွေးနေ့အမှတ်တရ အနေဖြင့် ရဟတ်ယာဉ်ပေါ်မှ လေထီးခုန်ခြင်းပြုလုပ်ခဲ့သည်။

ဘုရှ်၏ နှောင်းပိုင်းကာလများသည် ဘီးတပ်ကုလားထိုင်ပေါ်၌သာ ကုန်ဆုံးခဲ့ရပြီး ၂၀၁၄ ခုနှစ်က ဘုရှ်သည် ဆေးရုံသို့ နှစ်ကြိမ်တက်ရောက်ကုသခဲ့ရသည်။ တစ်ကြိမ်မှာ နမိုးနီးယားအဆုတ်ရောင်ဝေဒနာကြောင့် နှစ်ပတ်ကြာကုသခဲ့ရပြီး နောက် တစ်ကြိမ်မှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာကြောင့် ကုသခဲ့ရခြင်းဖြစ်ကြောင်း သိရသည်

ဘုရှ်သည် ၂၀၁၅ ခုနှစ် ဇူလိုင်လကလည်း နေအိမ်အတွင်းပြုတ်ကျရာမှ လည်ပင်းရိုးကျိုးခဲ့သည်။

**(ရိုက်တာ)**

# မက္ကဆီကိုနိုင်ငံ အစိုးရရှေ့နေရုံးတစ်ရုံး၌ ပစ်ခတ်မှုဖြစ်ပွား၊ သုံးဦးသေဆုံး

**မက္ကဆီကို ဇန်နဝါရီ ၁၈**

မက္ကဆီကိုနိုင်ငံ ကန်ကန်မြို့ရှိ ကွင်တန်နာရိုပြည်နယ် အစိုးရရှေ့နေရုံးတစ်ရုံး၌ ယမန်နေ့က သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ သေနတ်ပစ်ခတ်သူအပါအဝင် သုံးဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ယမန်နေ့ ညနေ ၄ နာရီခန့်က သေနတ်နှင့် အခြားလက်နက်များ ကိုင်ဆောင်ထားသည့် အဖွဲ့တစ်ဖွဲ့သည် ကန်ကန်မြို့လယ်ရှိ အစိုးရရှေ့နေရုံးကို ရောက်ရှိလာခဲ့ပြီး ပစ်ခတ်ခဲ့ရာ ရဲတပ်ဖွဲ့က ပြန်လည်တိုက်ခိုက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ဝန်ထမ်းနှစ်ဦးနှင့် သေနတ်သမားတစ်ဦး သေဆုံးခဲ့ပြီး တိုက်ခိုက်သူအဖွဲ့မှ သုံးဦးကိုလည်း ဖမ်းဆီးရမိထားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။




ယခုဖြစ်ပွားသည့် တိုက်ခိုက်မှုတွင် တိုက်ခိုက်ရေးအဖွဲ့ဝင် ၁၀ ဦးခန့် ပါဝင်ကြောင်းနှင့် အရေးပေါ်အခြေအနေအဖြစ် ကြေညာထားကြောင်း သိရသည်။

ထို့အပြင် မက္ကဆီကိုနိုင်ငံ ကန်ကန်မြို့အနီးရှိ ခရီးသွားဧည့်သည်များ သွားလာသည့် နေရာဖြစ်သည့် ပလေယာဒယ်ကာမန်မြို့ရှိ ကလပ်တစ်ခု၌ လွန်ခဲ့သော နှစ်ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးခဲ့ပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# နိုင်ဂျီးရီးယားနိုင်ငံဒုက္ခသည်စခန်းတစ်ခုကို နိုင်ဂျီးရီးယားလေတပ် မှားယွင်းဗုံးကြဲ

**လေဂို့စ် ဇန်နဝါရီ ၁၈**

နိုင်ဂျီးရီးယားနိုင်ငံ ဘော်နိုပြည်နယ် ရန်းမြို့ ပြည်တွင်းဒုက္ခသည်စခန်းတစ်ခုကို



နိုင်ဂျီးရီးယားလေတပ်က မှားယွင်းဗုံးကြဲခဲ့ရာ အနည်းဆုံး လူ ၅၂ ဦး သေဆုံးခဲ့ပြီး လူ ၁၂၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

လူသားချင်းစာနာထောက်ထားမှုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Medicine San Frontiers က ဒုက္ခသည်များအပေါ် မှားယွင်း ဗုံးကြဲမိခြင်းသည် တုန်လှုပ်ချောက်ချားစရာကောင်းပြီး လက်ခံ၍မရကြောင်း ဆင်ဟွာသတင်းဌာနသို့ ပြောခဲ့သည်။

ဒုက္ခသည်များအပေါ် မှားယွင်း ဗုံးကြဲမိခြင်းကြောင့် အရေးပေါ်ဆေးကုသမှုခံယူသင့်သူများအား အလျင်အမြန်ဆေးကုသမှုပေးနိုင်ရေး ဝေဟင်နှင့် မြေပြင်အဖွဲ့အားလုံးကို အရေးပေါ်ခေါ်ယူခဲ့ကြောင်း လူသားချင်းစာနာထောက်ထားမှုအဖွဲ့ဖြစ်သော Medicine San Frontiers မှ ညွှန်ကြားရေးမှူး ဂျင်းကလီးမန်ကာဘရောက ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားလေတပ်က ဒုက္ခသည်များအပေါ် မှားယွင်းဗုံးကြဲမိခြင်းကြောင့် အပြစ်မဲ့ပြည်သူများသေဆုံးရသည့်အတွက် အလွန်တရာဝမ်းနည်းရပါကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ဘော်နိုပြည်နယ်အုပ်ချုပ်ရေးမှူးကလည်း ဒဏ်ရာရသူများအား လိုအပ်သည့် အကူအညီများပေးနိုင်ရေး ဆေးရုံအားလုံးနှင့် ကျန်းမာရေးဌာနများကို အသင့်အနေအထားရှိနေရန် အမိန့်ပေးခဲ့သည်။ နိုင်ဂျီးရီးယားလေတပ် ဂျက်တိုက်လေယာဉ်သည် ကာလာဘာယ်လ်ဂီရေိယာအတွင်း စစ်ဆင်ရေးပြုလုပ်နေစဉ်အတွင်း ယင်းကဲ့သို့ မှားယွင်းပစ်ခတ်မိခြင်းဖြစ်ကာ အပြစ်မဲ့ပြည်သူများနှင့် လူသားချင်း စာနာထောက်ထားမှု အထောက်အပံ့ပေးရေးလုပ်သားများ သေဆုံးခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဘေးထွက်ဆိုးကျိုးမရှိသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တိုင်းရင်းဆေးများဖြင့် နိုင်ငံတကာဈေးကွက်အထိ တက်လှမ်းနိုင်ရန် တိုင်းရင်းဆေးပညာရှင်များမျှော်မှန်း

**တွေ့ဆုံမေးမြန်း-မေဦးမိုး၊ ဓာတ်ပုံ-မောင်ကျော်ကြီး**

**နေပြည်တော် ဇန်နဝါရီ ၁၈**

(၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၁၈ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ အာဆီယံကုန်သွယ်ဖက် နိုင်ငံအချင်းချင်းသဘောတူညီချက်အရ ချမှတ်ထားသော ကောင်းမွန်သည့် ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ ထုတ်လုပ်မှုလုပ်ငန်းများကို အဆင့်မြှင့်တင်ခြင်းနှင့် မြန်မာ့တိုင်းရင်းဆေးများ၏ အရည်အသွေး၊ စံချိန်စံနှုန်းများကိုလည်း မြှင့်တင်ပေးရန်လိုအပ်ကြောင်း သိရသည်။

တိုင်းရင်းဆေးဝါးထုတ်လုပ်သည့် ကဏ္ဍတွင် ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ် (GMP) ကို ဖော်ဆောင်နိုင်ရေးအတွက် ငွေကြေးအရင်းအနှီး၊ ကျွမ်းကျင်သည့် ပညာရှင်များနှင့်စက်ပစ္စည်း စသည့် လိုအပ်ချက်များကိုလည်း တိုင်းရင်းဆေးထုတ်လုပ်သူများနှင့် တိုင်းရင်းဆေးသမားတော်များ ကြုံတွေ့နေကြရသည်။ တိုင်းရင်းဆေး လောကသားများအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ အဆင့်အတန်းပြည့်ဝသည့် တိုင်းရင်းဆေးထုတ်လုပ်မှုကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြသည့် အခြေအနေများနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာတွင်-



ဒေါ်မိုးပြည့်ပြည့်ဖြိုး



ဒေါ်ရင်ရင်တင့်

**ဒေါက်တာသူရိန်နိုင်အောင်ဟိန်း**
**အဘထ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

"ကျွန်တော်တို့ အနေနဲ့ကတော့ အာဆီယံနိုင်ငံအသီးသီး တိုင်းရင်းဆေးဝါးတွေရဲ့ သတ်မှတ်ချက်နဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။ တံခါးဖွင့်စီးပွားရေးခေတ်ကြီးထဲမှာ တိုင်းရင်းဆေးဆိုပြီး ပုံစံအဟောင်းအတိုင်းသွားလို့ မရတော့တာကို ကျွန်တော်တို့အားလုံး သိထားပါတယ်။ ဒါ့အပြင် နိုင်ငံတကာမှာ တိုင်းရင်းဆေး၊ သဘာဝဓာတ်စာတွေနဲ့ ကျန်းမာရေး ဖြည့်စွက်စာတွေဟာ ပြန်လည်ခေတ်စားလာနေတာကြောင့် ကျွန်တော်တို့အတွက် အချိန်အခါကောင်းဖြစ်တယ်လို့ ယူဆရပါတယ်။ ကုန်ကြမ်းကနေထုပ်ပိုးပြီးတဲ့အဆင့်အထိ စနစ်တကျနဲ့ ပါဝင်တဲ့ပစ္စည်းတွေရဲ့ အရည်အသွေးနဲ့ ပါဝင်တဲ့စံနှုန်းတွေကို တိကျမှုရှိအောင် လုပ်ဆောင်ရသလို တစ်ဖက်မှာလည်း အဆင့်ဆင့်စစ်ဆေးမှုတွေကို ခံယူထားတဲ့အတွက် ကျွန်တော်တို့ တိုင်းရင်းဆေးတွေဟာ အရင်ကထက်ပိုပြီး စနစ်ကျလာတာကို မြင်တွေ့ရတဲ့အတွက်ရော၊ အခုလို တိုင်းရင်းဆေးသမားတော်တွေ၊ လုပ်ငန်းရှင်တွေနဲ့ အတူတကွတွေ့ဆုံဖလှယ်ခွင့်ရတာကြောင့်လည်း အများကြီးဝမ်းသာမိပါတယ်။"

**ဦးကြည်ဝင်း**
**ဆန္ဒမွန်ဆေးတိုက်**

"ဆေးခန်းအနေနဲ့ရော တိုင်းရင်းဆေးသမားတော်အနေနဲ့ပါ ညီလာခံကို လာရောက်ခဲ့တာဖြစ်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးမှာ ဂုဏ်ဒြပ်တွေရှိပြီးသားပါ။ ဒါကို ပိုပြီးထွန်းတောက်လာအောင် တိုင်းရင်းဆေး ပညာရှင်တွေကရော နိုင်ငံတော်ကပါ မြှင့်တင်ပေးမယ်ဆိုရင် အတိုင်းထက်အလွန်ပေါ့။ ၂၀၁၅ ခုနှစ်ကတည်းက အာဆီယံမှာ မြန်မာ့တိုင်းရင်းဆေးဈေးကွက်က ထိုးဖောက်ထားပြီးသားပါ။ နောက်ပိုင်းမှာ ပိုပြီးသုံးစွဲလာကြတဲ့အခါ တိုင်းရင်းဆေးပညာရော တိုင်းရင်းဆေးအစွမ်းတွေကိုပါ တိကျတဲ့ ထုတ်လုပ်မှုပုံစံတွေအတိုင်း ထုတ်လုပ်ခြင်းကနေ အာဆီယံတိုင်းရင်းဆေးဈေးကွက်ကို ဝင်ဆံ့လာပါပြီ။ ဒီညီလာခံမှာမှမဟုတ်ပါဘူး အားလုံးထောက်ပြဆွေးနွေးဖလှယ်တာတွေကို အမြဲလုပ်ဖြစ်ပါတယ်။ တိုင်းရင်းဆေးထုတ်လုပ်မှုမှာ ဓာတ်ခွဲစမ်းသပ်ပြီးမှသာ ထုတ်လုပ်ခွင့်ရတာပါ။ ဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်နဲ့ တိုင်းရင်းဆေးလိုင်စင်ရော ရရှိတယ်ဆိုတာ ဓာတ်ခွဲစမ်းသပ်ခြင်းကိုခံယူထားပြီးသားပါ။ တိုင်းရင်းဆေးတွေ ပိုပြီးစွမ်းသထက်စွမ်းအောင် ဌာနကနေ ဦးစီးပြီး ကုသရေးမှာရော ဆေးဝါးထုတ်လုပ်မှုမှာပါ စံချိန်စံညွှန်းနဲ့အညီ ထုတ်လုပ်ဖို့ လုပ်နေတယ်။ စာအုပ်တွေ၊ နည်းပညာတွေလည်း ဖြန့်ဝေနေတယ်။ ဒါကြောင့် မကြာခင်မှာ အခုထက်ပိုကောင်းတဲ့ မြန်မာ့ရိုးရာအမွေအနှစ် တိုင်းရင်းဆေးပညာတွေကို ဖြန့်ဖြူးအသုံးပြုနိုင်တော့မှာ ဖြစ်ပါတယ်။"

**ဒေါက်တာဦးဖြေ**
**ဗဟိုတိုင်းရင်းဆေးဆရာအဖွဲ့ဝင်**

"မြန်မာ တိုင်းရင်းဆေးသမားတော်တွေကနေ မြန်မာ့ရိုးရာအမွေအနှစ် ဆေးပညာရပ်တွေကို အဆင့်ဆင့်လက်ဆင့်ကမ်းပြီး ထိန်းသိမ်းစောင့်ရှောက်နေကြသူတွေ ဖြစ်ပါတယ်။ တိုင်းရင်းဆေးတွေဟာ ပင်ကိုသဘာဝ အာနိသင်တွေနဲ့ အစွမ်းသတ္တိတွေ ရှိပါတယ်။ ဘေးထွက်ဆိုးကျိုးလည်း အနည်းဆုံးဖြစ်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးလောက ပိုမိုမြင့်မားဖို့အတွက်လည်း သုတေသနလုပ်ငန်းတွေကို ပိုပြီး အဆင့်မြင့်မြင့်တိုးချဲ့ပေးနိုင်ဖို့ လိုပါတယ်။ ကျွန်တော်တို့ရဲ့ တိုင်းရင်းဆေးပညာကို အတွေ့အကြုံအခြေပြု တိုင်းရင်းဆေးပညာလို့ သုံးနှုန်းလာခဲ့တာကို တွေ့ရပါတယ်။ အဲဒီလို အတွေ့အကြုံအခြေပြု ဆေးပညာကိုခေတ်မီတိကျတဲ့ နည်းပညာတွေနဲ့ပေါင်းစပ်ပြီး လက်တွေ့သုတေသနပြုဖော်ထုတ်ခြင်းကနေ ကောင်းမွန်တဲ့ ကုထုံးတွေ၊ ဆေးဝါးတွေဖြစ်လာပြီး တိုင်းရင်းဆေးကလည်း အမြဲရှင်သန်နိုင်မယ်။ အများပြည်သူတွေ အားကိုးနိုင်တဲ့ ယုံကြည်မှုကိုလည်း ရလာမှာဖြစ်ပါတယ်။"



ဦးဖြေ



ဦးကြည်ဝင်း



ဒေါက်တာ သူရိန်နိုင်အောင်ဟိန်း



ဦးဇော်မောင်မောင်ကျော်



ကိုကံသာညိမ်း



ဦးဝင်းဇော်

**ဒေါ်မိုးပြည့်ပြည့်ဖြိုး**
**မုံရွာဆရာမိုးဆေးတိုက်**

"တိုင်းရင်းဆေးတွေဟာ သဘာဝကို အခြေခံပြီး ထုတ်လုပ်ဖော်စပ်ရတာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ မုံရွာဆရာမိုးဆေးတိုက်က တိုင်းရင်းဆေးငါးမျိုး ထုတ်လုပ်ထားပြီး အာဆီယံစံချိန်စံညွှန်းအတိုင်း အတိအကျဖြစ်အောင် ကုန်ကြမ်းကနေ အများပြည်သူတွေ ဝယ်ယူသုံးစွဲတဲ့အထိ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ဖို့ ရည်ရွယ်ထုတ်လုပ်ထားပါတယ်။ ကျွန်မတို့ ထုတ်လုပ်တဲ့ဆေးတွေဟာ နိုင်ငံခြားက ဆေးတွေရောနှောတာ၊ ဓာတုဗေဒပစ္စည်းတွေ ထည့်သွင်းတာမျိုး လုံးဝမရှိဘူးဆိုတာကို ပြောကြားလိုပါတယ်။"

**ဦးဝင်းဇော်**
**အောင်ထိပ်တန်းတိုင်းရင်းဆေးခန်းနှင့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း**

"ကျွန်တော်တို့ ဇနီးမောင်နှံက တိုင်းရင်းဆေးကနေ ကျောင်းဆင်းပြီးကတည်းက ဆေးကုလာခဲ့တာ နှစ်ပေါင်း ၁၇ နှစ် ရှိပါပြီ။ ပထမဆုံးခြေထောက်ဆေးစိမ်မှုန့်တွေကို ဆေးသောက်ရမှာ၊ ဆေးလူးရမှာ အခက်အခဲရှိသူတွေအတွက် စမ်းသပ်ထုတ်ဝေဖြစ်ခဲ့ပါတယ်။ အဓိကကတော့ သက်ရင်းကြီးဆေးမြစ်နဲ့ ဖော်စပ်တဲ့အတွက် ကျီးပေါင်းရောဂါနဲ့ အာရုံကြောရောဂါတွေကို သက်သာစေပါတယ်။ နိုင်ငံတကာဈေးကွက်အထိ ဖြန့်ဖြူးနိုင်ဖို့ ရည်ရွယ်ထားပါတယ်။ မြန်မာ့ရိုးရာအမွေအနှစ် တိုင်းရင်းဆေးတွေဟာ အဆင့်အတန်းမြင့်မားပြီးသားပါ။ ဒါတွေကို စနစ်တကျနဲ့ သိပ္ပံနည်းကျ ထုတ်လုပ်နိုင်မယ်ဆိုရင် အမြန်ဆုံး အာဆီယံဈေးကွက်ကို ထိုးဖောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။"

**ဒေါ်ရင်ရင်တင့်**
**ဇွဲရတနာဆေးတိုက်**

"နိုင်ငံတော်ကနေ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) မှာ တိုင်းရင်းဆေးနဲ့ ကျန်းမာရေးဖြည့်စွက်စာတွေနဲ့ ပတ်သက်ပြီးတော့ လွတ်လပ်တဲ့ကုန်သွယ်မှုသဘောတူညီချက်နဲ့အညီ ဆောင်ရွက်မယ်လို့သိရတဲ့အတွက် ကျွန်မတို့ ဆေးဝါးထုတ်လုပ်သူတွေကလည်း ဘေးအန္တရာယ်ကင်းရှင်းပြီး အစွမ်းအာနိသင်ထက်မြက်တဲ့ဆေးဝါးတွေ ဖြစ်လာဖို့ ဆေးပညာကျင့်ဝတ်နဲ့အညီ ကြိုးစားဖော်ထုတ်ကြရမယ်လို့ သန္နိဋ္ဌာန်ချထားပါတယ်။ အဓိကကတော့ ကောင်းမွန်တဲ့ ထုတ်လုပ်မှုကျင့်စဉ်နဲ့အညီ ကြိုးစားသွားနေကြတဲ့အတွက် မကြာခင်ရည်ရွယ်တဲ့ အာဆီယံတိုင်းရင်းဆေးလောကကို ထိုးဖောက်နိုင်မယ်လို့ အပြည့်အဝယုံကြည်ပါတယ်။"

**ဦးဇော်မောင်မောင်ကျော်**
**ချမ်းမြေ့ပြည့်စုံဆေးတိုက်**

"ကျွန်တော်တို့က ရွှေနေမင်းအမှတ်တံဆိပ်နဲ့ မြန်မာ့ရိုးရာတိုင်းရင်းဆေးတွေ စတင်ထုတ်လုပ်လာတာ ခြောက်နှစ်ရှိပါပြီ။ လူအများအန္တရာယ်ကင်းစွာနဲ့ သုံးစွဲနိုင်ရေးက အထူးအရေးကြီးပါတယ်။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းပြီး ထုတ်လုပ်ဖို့အတွက် စိန်ခေါ်မှုတွေကို ကျော်ဖြတ်ပြီး အရည်အသွေးကိုမြှင့်တင်ပေးရမှာက ကျွန်တော်တို့ရဲ့တာဝန်ဖြစ်ပါတယ်။ မျိုးဆက်သစ်လူငယ်တိုင်းရင်းဆေးသမားတော်တွေ ထွက်ပေါ်လာဖို့ လိုအပ်သလို အခုထက်ပိုပြီး တိကျတဲ့ထုတ်လုပ်မှုတွေ၊ စနစ်တကျနဲ့ သုတေသနပြုလုပ်မှုတွေကြောင့် တိုင်းရင်းဆေးတွေရဲ့ အရည်အသွေးက စိတ်ချယုံကြည်မှုပိုရလာတာကိုတွေ့ရပါတယ်။ ပြည်တွင်းဈေးကွက်တစ်ခုတည်းကို အဓိကမထားတော့ဘဲ ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်ဖို့အတွက် ဝန်ကြီးဌာနရော၊ သမားတော်တွေရော၊ လုပ်ငန်းရှင်တွေရော ဝိုင်းဝန်းဆောင်ရွက်မယ်ဆိုရင် မခက်ခဲဘူးလို့ ထင်ပါတယ်။"

**ကိုကံသာညိမ်း**
**ကံသာဆေးတိုက်**

"ဘေးထွက်ဆိုးကျိုး နည်းပါးလို့ တိုင်းရင်းဆေးတွေဟာ နိုင်ငံတကာမှာ ခေတ်စားလာနေတဲ့ အခုလိုအချိန်မှာ မြန်မာ့ တိုင်းရင်းဆေးတွေကိုလည်း သမားစဉ်အတိုင်း အရည်အသွေးပြည့်မီအောင်၊ စစ်မှန်တဲ့ကုန်ကြမ်းတွေကို အညွှန်းတိကျမှု၊ ထုတ်လုပ်တဲ့နေရာမှာလည်း သန့်ရှင်းသပ်ရပ်မှုနဲ့ အရည်အသွေးပြည့်မီတဲ့ ထုပ်ပိုးမှုဖြစ်အောင် ဆောင်ရွက်မယ်ဆိုရင် ပြည်တွင်းမှာရော ပြည်ပမှာပါ ပိုပြီးအောင်မြင်လာမှာ သေချာပါတယ်။ ကျွန်တော်က တတိယနှစ် ဆေးတက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်ပြီး ကံသာဆေးတိုက်ရဲ့မျိုးဆက်သစ်တစ်ဦးလည်း ဖြစ်ပါတယ်။ သိပ္ပံနည်းကျ စနစ်တကျထုတ်လုပ်ထားတဲ့ တိုင်းရင်းဆေးတွေကို ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ဖို့ ကျွန်တော်တို့ လူငယ်တိုင်းရင်းဆေးလောကသားတွေမှာ တာဝန်အများကြီးရှိတယ်လို့ ခံယူထားပါတယ်"ဟူ၍ အသီးသီးဖြေကြားခဲ့ကြသည်။

မြန်မာ့တိုင်းရင်းဆေးလောကတွင် ယနေ့အချိန်ထိ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ရရှိပြီး အရေအတွက် ၁၃၂၃၅ မျိုးနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ရရှိပြီး အရေအတွက်မှာ ၂၇၇၈ မျိုးအထိ တိုးတက်လာသည်ကို မြင်တွေ့ရသည်။

သို့ရာတွင် တိုင်းရင်းဆေးဝါးထုတ်လုပ်မှုအများစုသည် မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းများအဖြစ်သာ ရပ်တည်နေကြပြီး တိုင်းရင်းဆေးဝါးထုတ်လုပ်သည့် စက်ရုံများအဆင့်မှာမူ နည်းပါးနေသေးသည်။ ဆေးဝါးကုန်ကြမ်းပစ္စည်းတစ်မျိုးတည်းကိုသာ ရေရှည်ထုတ်လုပ်သုံးစွဲခြင်းနှင့် ထပ်မံစိုက်ပျိုးမှုအားနည်းခြင်းတို့ကြောင့် နောက်ဆက်တွဲအခက်အခဲများ အဖြစ် ကုန်ကြမ်းများရှားပါးလာခြင်း၊ စစ်မှန်မှုမရှိသည့် အရောအနှောများကို ကုန်ကြမ်းအဖြစ်သုံးစွဲရခြင်း၊ သိုလှောင်ထိန်းသိမ်းသည့်စနစ် အားနည်းခြင်းကြောင့် လတ်ဆတ်သည့် ကုန်ကြမ်းများ မရရှိနိုင်ခြင်း၊ ကျွမ်းကျင်မှုနှင့်ထုပ်ပိုးမှု နည်းပညာအားနည်းခြင်း၊ ဆေးထုတ်လုပ်သည့် နေရာအခက်အခဲများရှိခြင်းတို့ကြောင့် အရည်အသွေးပြည့်မီသည့် ဆေးဝါးကောင်းများအဖြစ်ရောက်ရှိစေရန် ကြိုးပမ်းနေရဆဲဖြစ်ပြီး အားလုံး၏ တူညီသောသဘောထားမှာ မြန်မာ့ရိုးရာတိုင်းရင်းဆေးများ နိုင်ငံတကာဈေးကွက်တွင် ဂုဏ်ရှိန်မြင့်မားစွာ ရပ်တည်နိုင်ရေးပင်ဖြစ်ကြောင်း တိုင်းရင်းဆေးထုတ်လုပ်သူများနှင့် သမားတော်များက ပြောကြားသည်။



# ရခိုင်မဟာမုနိဘုရားအား ရှေးမူမပျက်ဆက်လက်ကိုးကွယ်ပူဇော်နိုင်ရေး ပူးပေါင်းညှိနှိုင်းဆောင်ရွက်မည်

**စစ်တွေ ဇန်နဝါရီ ၁၈**

ကျောက်တော်မြို့ရှိ ရခိုင်မဟာမုနိဘုရားအား ရှေးမူမပျက် ဆက်လက်ကိုးကွယ်ပူဇော်နိုင်ရေးနှင့် မလိုအပ်သော စလွယ်တော်အား စွန့်ပစ်နိုင်ရေးအတွက် ရခိုင်ပြည်နယ် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပြည်နယ်သံဃနာယကဆရာတော်ကြီးများ၊ ကျောက်တော်မြို့နယ် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် မြို့နယ်သံဃနာယကဆရာတော်ကြီးများ၊ မဟာမုနိဘုရားအား ရှေးမူမပျက်ပူဇော်နိုင်ရေး အကျိုးဆောင်အဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်းညှိနှိုင်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်တော်မြို့ရှိ ရခိုင်မဟာမုနိဘုရားသည် ရွှေကပ်ပူဇော်ခြင်း၊ စလွယ်တော်တပ်ပြီး ပူဇော်ထားခြင်းများကြောင့် ရှေးမူလက်ရာများ ပျောက်လာခြင်း၊ တစ်နေ့ထက်တစ်နေ့ ရွှေကပ်မှုများပြားလာခြင်းတို့ကြောင့် နဂိုမူလဘုရား၏ အနေအထားများ ပပျောက်လာရာ ရှေးမူမပျက်ပူဇော်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အနှံ့ရှိ ရဟန်းရှင်လူ ပြည်သူတို့၏ ဆန္ဒကို ရယူကာ ပြည်နယ်အစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ တင်ပြခဲ့ကြောင်း၊ မဟာမုနိဘုရားမှ ရွှေများကို ဇန်နဝါရီ ၁၂ ရက်က စတင်ခွာပြီး ဇန်နဝါရီ ၁၇ ရက်တွင် အားလုံးခွာ၍ ပြီးစီးကြောင်း၊ ကျန်ရှိသော စလွယ်တော်အား စွန့်ပယ်ရေးကိစ္စတွင် မြို့နယ်ဩဝါဒါစရိယဆရာတော်များက အစပိုင်းတွင် ဟန့်တားမှုမပြုဘဲ နောက်ပိုင်းတွင် ဟန့်တားမှုပြုလာသဖြင့် မပြီးမပြတ်ဖြစ်နေရကြောင်း စသည်ဖြင့် ဇန်နဝါရီ ၁၇ ရက် မွန်းလွဲပိုင်းက ကျောက်တော်မြို့ သာသနာ့ဗိမာန်၌ ကျင်းပသော အကျိုးဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို အများပြည်သူသို့ ရှင်းလင်းသည့် အစည်းအဝေးတွင် အကျိုးဆောင်အဖွဲ့ဝင် ဦးမောင်ထွန်းခင်က ပြောကြားသည်။

မဟာမုနိဘုရားအား ရှေးမူမပျက်ပူဇော်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရက ခွင့်ပြုချက်ပေးကြောင်း ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ဇန်နဝါရီ ၁ ရက်တွင် လာရောက်အကြောင်းကြားခဲ့ကာ နောက်ထပ်လည်း နှစ်ကြိမ်ထပ်မံရောက်ခဲ့ပြီး ရွှေခွာရေးအတွက် အဖွဲ့များ ဖွဲ့၍ စနစ်တကျဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

မဟာမုနိဘုရား၌ ကပ်လှူထားသောရွှေများကို ရှေးမူမပျက်စေရန် ကျွမ်းကျင်ပညာရှင်များဖြင့် ခွာယူရာ ကိုယ်တော်ပေါ်မှ ရွှေ ၈၇၈ ကျပ်သား၊ မကိုဋ်တော်မှ ရွှေနှင့်ကျောက်မျက်ရတနာမျိုးစုံ ၂၂၉ ကျပ်သားရရှိခဲ့ပြီး ရခိုင်တိုင်းရင်းသားများက ရှေးမူအတိုင်း ပူဇော်နိုင်ရေးကို လိုလားလျက်ရှိကြောင်း သိရသည်။

**သတင်း-လေးဝတီထွန်းစောခိုင်၊ ဓာတ်ပုံ-ဇရုံကာသား**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့်ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၁၇-၁-၂၀၁၇ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၁၂-၁၂-၂၀၁၆ ရက်နေ့မှ ၃၀-၁၂-၂၀၁၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် ၁၀ ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်း တစ်ဦးနှင့် အထွေထွေ ၁၁ ဦး ပေါင်း ၁၃ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်လိုသူ သုံးဦး တို့ကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၀၅ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၀၀၇ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၅ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၄၆၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။ ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးနှင့် ဂျာနယ်အသစ်လျှောက်ထားသူတစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ပါသည်။

ထိုကဲ့သို့ ခွင့်ပြုပေးမှုများထဲမှ အချို့သော ပုံနှိပ်သူ၊ ထုတ်ဝေသူလုပ်ငန်းရှင်များသည် လုပ်ငန်းဆက်လက်လုပ်ကိုင်နိုင်ခြင်းမရှိတော့ပါသဖြင့် အသိအမှတ်ပြုလက်မှတ်များကို မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပြန်လည်အပ်နှံလာကြရာ ၃၁-၁၂- ၂၀၁၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ပြန်လည်အပ်နှံလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် ဂျာနယ် ၁၇ ဦး၊ မဂ္ဂဇင်း ရှစ်ဦးနှင့် အထွေထွေ ငါးဦး စုစုပေါင်း ၄၄ ဦးရှိပြီဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ဂျပန်ယန်း ၉၃ ဒသမ ၉၇၀ ဘီလီယံရယူနိုင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်မည့် စီမံကိန်း ငါးခုဖြစ်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဆင်းရဲမှုလျှော့ချရေး အထောက်အကူပြုမည့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းစီမံကိန်းအဆင့်-၂၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အဆင့်နှစ်ဆင့် ချေးငွေစီမံကိန်း၊ ရန်ကုန်မြို့တော် ရေပေးဝေမှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အဆင့်-၂၊ အပိုင်း(၁)၊ မြန်မာနိုင်ငံ၏ အဓိကမြို့ကြီးများ၌ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေးအဆင့်-၁၊ အပိုင်း(၂) စီမံကိန်းတို့အတွက် ဂျပန်နိုင်ငံက ပေးအပ်သည့် တရားဝင်ဖွံ့ဖြိုးမှုချေးငွေ (Official Development Assistance Loan) စုစုပေါင်း ဂျပန်ယန်း ၉၃ ဒသမ ၉၇၀ ဘီလီယံကို ရယူဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံအစိုးရအကြား လဲလှယ်မှုစာချွန်လွှာ (Exchange of Notes) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။

အဆိုပါချေးငွေများအတွက် စည်းကမ်းချက်များမှာ အတိုးနှုန်းတစ်နှစ်လျှင် ၀.၀၁ ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလ ၁၀ နှစ်နှင့် ပြန်ဆပ်ကာလ နှစ် ၃၀ စုစုပေါင်းချေးငွေသက်တမ်း နှစ် ၄၀ ဖြစ်သည်။ ယင်းချေးငွေများရယူရန် လဲလှယ်မှုစာချွန်လွှာကို ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ တာတဲရှီဟီဂူချီနှင့် မြန်မာနိုင်ငံအစိုးရကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပ-ကျားထူးကျေးရွာ၌ ဘိုးဘွားရိပ်သာ တည်ဆောက်လျက်ရှိ

**မကွေး ဇန်နဝါရီ ၁၈** - မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပ-ကျားထူးကျေးရွာ၌ သက်ကြီးရွယ်အိုဘိုးဘွားများအား ပြုစုစောင့်ရှောက်နိုင်ရန်အတွက် မြတ်ဂုဏ်ပြည့်ဘိုးဘွားရိပ်သာအဆောက်အအုံများကို ဒေသခံစေတနာရှင်အလှူရှင်များ၏ မတည်လှူဒါန်းငွေဖြင့် အကောင်အထည်ဖော်ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘိုးဘွားရိပ်သာကို ဒေသခံမိဘပြည်သူများ၏ အစီအစဉ်ဖြင့် ကော်မတီဖွဲ့၍ ဆောက်လုပ်နေခြင်းဖြစ်ကြောင်း မြတ်ဂုဏ်ရည်ဘိုးဘွားရိပ်သာဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြထွေးထံမှ သိရသည်။ ယခုအခါ ဘိုးဘွားရိပ်သာအတွက် လှူဒါန်းကြသူများနှင့် စေတနာရှင်များက အဆောက်အအုံများ အမြန်ဆုံးပြီးစီးအောင် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**


### ဖခင်အမည်မှန်
မလှိုင်မြို့နယ်၊ အထက နှောက်နဝမတန်း(ဂ)တွင် ပညာသင်ကြားနေသော မောင်ကျော်ဇင်မိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်အောင် ၉/နထက(နိုင်)၁၁၅၀၄၄ဖြစ်ပါကြောင်း။
**ဦးမြင့်အောင်**

### ဖခင်အမည်မှန်
မလှိုင်မြို့နယ်၊ အထက နှောက်နဝမတန်း(ဂ)တွင် ပညာသင်ကြားနေသော မောင်မျိုးမင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ညို ဖြစ်ပါကြောင်း။
**ဦးမောင်ညို**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မြင်းခြံမြို့နယ်၊ ဒါးကျွန်းကျေးရွာနေ ဦးစိုးနိုင် ၉/မခန(နိုင်)၁၀၂၃၃၁၊ ဒေါ်အေးမြတ်မိုး ၉/မခန(နိုင်)၁၇၆၅၆၆ တို့၏သမီး မသဲစုဝေ(ခ)မဟန်ဟန်ပို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မသဲစုဝေ(ခ)မဟန် ဟန်ပို့**

### အမည်ပြောင်း
ပဲခူးတိုင်းဒေသကြီး၊ သောင်လေးပင်မြို့၊ အလက(ခွဲ)တပ်မတော်ရပ်၊ စတုတ္ထတန်းမှ ဦးကျော်ဦး၏သမီးမလင်းခန့်ခန့်ခန့်ထယ်မှ မလင်းကြယ်စင်ငြိမ်းဟုပြောင်းလဲခေါ်ပါရန်။
**မလင်းကြယ်စင်ငြိမ်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ်၁ယ/၆၃၁၆၅ Honda-90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မိုးကြည် ၈/ပခက(နိုင်)၀၂၇၀၅၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် A0 size Flatbed Scanner တစ်လုံးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူသွားမည်ဖြစ်ရာ အောက်ပါအစီအစဉ်အတိုင်း လျှောက်လွှာဝယ်ယူတင်သွင်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | **ရောင်းချမည့်ရက်** | ၁၉-၁-၂၀၁၇ရက်မှ ၂၅-၁-၂၀၁၇ရက်အတွင်း |
| (ခ) | **ဝယ်ယူရမည့်နေရာ** | ကွန်ပျူတာဌာနခွဲ |
| (ဂ) | **တင်သွင်းရမည့်ရက်** | ၁-၂-၂၀၁၇ရက် |
| (ဃ) | **ဈေးနှုန်းစိစစ်မည့်ရက်/အချိန်** | ၃-၂-၂၀၁၇ရက် နံနက် ၁၁နာရီ |
| (င) | **ဈေးနှုန်းစိစစ်မည့်နေရာ** | ကွန်ပျူတာသင်တန်းခန်းမ |
| (စ) | **လျှောက်လွှာဈေးနှုန်း** | ၅၀၀၀၀ကျပ် |

၂။ လျှောက်လွှာများအား ၁၉-၁-၂၀၁၇ရက်မှ စ၍ရုံးချိန်အတွင်း ကွန်ပျူတာဌာနခွဲတွင် ဝယ်ယူနိုင်မည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ကွန်ပျူတာဌာနခွဲ ဖုန်း-၀၂-၆၄၇၅၄နှင့် ၀၂-၃၆၁၇၁-၄ လိုင်းခွဲ(၁၃၃)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကျောက်မျက်တူးဖော်ရေးလုပ်ငန်းအတွက် ကျောက်ရှာဝန်ထမ်းအလိုရှိသည်
အသက်(၁၈)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။
အကျင့်စာရိတ္တကောင်းမွန်ပြီး ကုမ္ပဏီမှ စည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။
အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံချက်၊
ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ(၂)စောင်
**ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၇၁၈၁၇၁၃**
**၀၉-၄၄၂၃၆၇၈၇၇**

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း
၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် လိုအပ်လျက်ရှိသည့် ကွန်ပျူတာလုပ်ဆောင်ရေးမှူး(Programmer) (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)နှစ်ဦးအတွက် အပိုဒ်(၂)ပါ အရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။
၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၃-၂၀၁၇ရက်တွင် ပြင်ပပုဂ္ဂိုလ် အသက် ၂၆နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၃၅နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက် ပါရှိရမည်။)
(ဂ) ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းမှုရှိသူဖြစ်ပြီး ကျန်းမာရေးကောင်းမွန်ရမည်။
(ဃ) B.C.Sc(ကွန်ပျူတာသိပ္ပံဘွဲ့)ရရှိသူဖြစ်ရမည်။[M.C.Sc (မဟာကွန်ပျူတာသိပ္ပံဘွဲ့ရရှိပြီး Softwareနှင့် Programming ပိုင်းတွင် အထူးကျွမ်းကျင်သူဖြစ်ပါက ဦးစားပေး ခန့်ထားမည်ဖြစ်ပါသည်။
၃။ လျှောက်လွှာကို A-4 Size စာရွက်တွင် မိမိအစီအစဉ်ဖြင့် ကွန်ပျူတာစာစီရိုက်နှိပ်ပြီး လိုင်စင်အရွယ်ဓာတ်ပုံကပ်၍ လျှောက်ထားရန်ဖြစ်ပါသည်။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ၊ အခြားသင်တန်းအောင်လက်မှတ်မိတ္တူများ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်နှင့် ရဲစခန်းတို့၏ သုံးလအတွင်းရရှိထားသောထောက်ခံချက်မူရင်း၊ ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသော မြို့နယ်/ခရိုင်အဆင့်ရှိ ဆေးရုံတစ်ခုခုမှ ကျန်းမာကြောင်း ထောက်ခံချက်မူရင်းများ ပူးတွဲ၍ တင်ပြရမည်။
၄။ လျှောက်လွှာကို ၂၀-၂-၂၀၁၇ ရက်အရောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး(ရုံးအမှတ်-၂၂) စီမံ/ဝန်ထမ်းဌာနစုသို့ ပေးပို့လျှောက်ထားရမည်။
၅။ အဆိုပါရာထူးအတွက် လူတွေ့စစ်ဆေးခြင်းခံယူရမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူများကို ၂၇-၂-၂၀၁၇ ရက်မှ ၁-၃-၂၀၁၇ ရက်ထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး (ရုံးအမှတ်-၂၂)တွင် ကပ်ထားကြေညာမည်ဖြစ်ပြီး ဖြေဆိုရမည့်နေ့ရက်ကိုပါ တစ်ပါတည်းကြေညာထားမည်ဖြစ်ပါသည်။
၆။ လူတွေ့စစ်ဆေးခြင်း လာရောက်ခံယူသူများသည် နိုင်ငံသားစိစစ်ရေးကတ်နှင့် ဘွဲ့လက်မှတ်မူရင်းများကို တစ်ပါတည်းယူဆောင်လာရမည်။
၇။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသောလျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၈။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ စီမံ/ဝန်ထမ်းဌာနစု၊ ဖုန်း-၀၆၇-၄၀၄၂၂၃၊ ၀၆၇-၄၀၄၂၀၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**
**ရုံးအမှတ်(၂၂)၊ နေပြည်တော်**

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း
၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသုတေသနနှင့် မှတ်တမ်းဌာန၊ စာကြည့်တိုက်တွင် လိုအပ်လျက်ရှိသည့် ဒုတိယဦးစီးမှူး(လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) (၁)ဦး အတွက်အပိုဒ်(၂)ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။
၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၃-၂၀၁၇ရက်တွင် ပြင်ပပုဂ္ဂိုလ် အသက် (၂၆)နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၃၅နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်ပါ ရှိရမည်။)
(ဂ) ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းမှုရှိသူဖြစ်ပြီး ကျန်းမာရေးကောင်းမွန်ရမည်။
(ဃ) ဝိဇ္ဇာဘွဲ့ (စာကြည့်တိုက်နှင့်သုတပညာ)ရရှိသူဖြစ်ရမည်။ [မဟာဝိဇ္ဇာဘွဲ့ (စာကြည့်တိုက်နှင့်သုတပညာ)ရရှိသူဖြစ်ပါက ဦးစားပေး ခန့်ထားမည် ဖြစ်ပါသည်။]
၃။ လျှောက်လွှာကို A-4 size စာရွက်တွင် မိမိအစီအစဉ်ဖြင့် ကွန်ပျူတာစာရိုက်နှိပ်ပြီး လိုင်စင်အရွယ်ဓာတ်ပုံကပ်၍ လျှောက်ထားရန်ဖြစ်ပါသည်။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ၊ အခြားသင်တန်းအောင်လက်မှတ်မိတ္တူများ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်နှင့် ရဲစခန်းတို့၏ သုံးလအတွင်းရရှိထားသော ထောက်ခံချက်မူရင်း၊ ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသော မြို့နယ်/ခရိုင်အဆင့်ရှိ ဆေးရုံတစ်ခုခုမှ ကျန်းမာကြောင်း ထောက်ခံချက် မူရင်းများပူးတွဲ၍ တင်ပြရမည်။
၄။ လျှောက်လွှာကို ၂၀-၂-၂၀၁၇ရက်အရောက် ပြည်ထောင်စုရွေးကောက်ပွဲကော်ရှင်ရုံး(ရုံးအမှတ်-၂၂) စီမံ/ဝန်ထမ်းဌာနစုသို့ ပေးပို့လျှောက်ထားရမည်။
၅။ အဆိုပါရာထူးအတွက် လူတွေ့စစ်ဆေးခြင်းခံယူရမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူများကို ၂၃-၂-၂၀၁၇ ရက်မှ ၂၄-၂-၂၀၁၇ ရက်ထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး (ရုံးအမှတ်-၂၂)တွင် ကပ်ထားကြေညာမည်ဖြစ်ပြီး ဖြေဆိုရမည့်ရက်ကိုပါ တစ်ပါတည်းကြေညာထားမည်ဖြစ်ပါသည်။
၆။ လူတွေ့စစ်ဆေးခြင်း လာရောက်ခံယူသူများသည် နိုင်ငံသားစိစစ်ရေးကတ်နှင့် ဘွဲ့လက်မှတ်မူရင်းများကို တစ်ပါတည်းယူဆောင်လာရမည်။
၇။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသောလျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကိုလုံးဝ (လုံးဝ)ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၈။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ စီမံ/ဝန်ထမ်းဌာနစု၊ ဖုန်း-၀၆၇-၄၀၄၂၂၃၊ ၀၆၇-၄၀၄၂၀၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**
**ရုံးအမှတ် (၂၂)၊ နေပြည်တော်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၄၉ယ/၅၀၂၆၄ HONDA WAVE-110ယာဉ်လက်ဝယ်ရှိသူ ဦးမြဝင်းအောင် ၁၀/ပသန(နိုင်)၀၇၂၃၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

# ယာဉ်စီးခပိုငွေပြန်တောင်းရာမှ ယာဉ်နောက်လိုက်က ကိုယ်ထိလက်ရောက်ကျူးလွန်

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းပဲခူးကားဂိတ်အနီး၌ ယနေ့ နံနက် ၉ နာရီခန့်က ယာဉ်စီးခပိုငွေ ပြန်တောင်းသောခရီးသည်ဇနီးမောင်နှံကို ယာဉ်နောက်လိုက်ဖြစ်သူက ဆဲဆိုထိုးကြိတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

လှိုင်သာယာမြို့နယ်၌ နေထိုင်သူများဖြစ်သည့် ကိုမင်းထိုက်နှင့် မခင်မြနှစ်တို့သည် ယနေ့နံနက်ပိုင်းက တောင်ဒဂုံနှင့်လှိုင်သာယာပြေးဆွဲနေသော YBS ယာဉ်လိုင်းအမှတ် (၆)မှ 1D/---- အနီရောင်ဘတ်စ်ကားကို လှိုင်သာယာမြို့နယ် မီးခွက်ဈေးမှ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းမှတ်တိုင်အထိ စီးနင်းလိုက်ပါလာခဲ့ကြောင်း၊ မှတ်တိုင်သို့အရောက် ကားပေါ်မှအဆင်းတွင် ယာဉ်စီးခငွေပေးထားသော ငွေတစ်ထောင်မှ ပိုငွေငါးရာသာရရှိပြီး၍ လိုငွေ ၁၀၀ ကျပ်ကို ယာဉ်နောက်လိုက်ဖြစ်သူထံမှတောင်းယူသဖြင့် ယာဉ်နောက်လိုက်ဖြစ်သူ အောင်နိုင်မိုးက ဆဲဆိုထိုးကြိတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နံနက်ပိုင်းဖြစ်စဉ်ဖြစ်ပွားပြီး ကာယကံရှင်များက အမှုဖွင့်တိုင်ကြားခြင်းမရှိသေးချိန်တွင် အင်းစိန်မြို့မရဲစခန်းက (ပ) ၉၇/၂၀၁၇ ဖြင့် ရန်ကုန်ရဲ ဥပဒေပုဒ်မ ၄၁/၁၄ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တရားလွှတ်တော်ရှေ့နေ ဦးမျိုးမင်းဦးက "ကာယကံရှင်တွေက အမှုဖွင့်ချင်တဲ့ဆန္ဒရှိလို့ ကျွန်တော်တို့ ရဲစခန်းမှာ အမှုလာဖွင့်ပေးနေတာပါ။ မျက်နှာမှာရတဲ့ဒဏ်ရာတွေကို ဆေးစာသွားလုပ်ပြီး ပြန်လာတယ်။ ပြန်လာပြီး အမှုဖွင့်ဖို့ လုပ်တာပါ" ဟု ပြောကြားသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တာဝန်ရှိအဖွဲ့အစည်းများက ထိရောက်စွာ အရေးယူပေးနိုင်ရန် ပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)၊ ထင်ပေါ်ဝင်း(ကမာရွတ်)**

# ကုမ္ပဏီရွှေအင်းအတွင်း အလုပ်သမားတစ်ဦး ပြုတ်ကျသေဆုံး

**သပိတ်ကျင်း ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် အုံးဗုံးကျေးရွာအုပ်စု ဖက်ရှည်ရွာအနီး ရွှေပြည်သာကုမ္ပဏီရွှေအင်းအတွင်း ဇန်နဝါရီ ၁၅ ရက်က အလုပ်သမားတစ်ဦး ကြိုးဖြင့် အင်းပေါ်သို့တက်ရာမှ လက်လွတ်ပြုတ်ကျသေဆုံးခဲ့ကြောင်း သိရသည်။

ရွှေပြည်သာကုမ္ပဏီအင်းအမှတ် နဂါး(၂)ရွှေအင်းအတွင်း အင်းဝအကျယ် ငါးပေ ပတ်လည်၊ အင်းအနက်ပေ ၁၅၀ အတွင်း အင်းလုပ်သား သန့်ဇင်အောင်(၂၃ နှစ်)သည် လုပ်ငန်းလဲလှယ်လုပ်ကိုင်ရန်အတွက် အင်းပေါ်သို့ ကြိုးဖြင့်တက်လာစဉ် အင်းပေါ်ရောက်ရန် ငါးပေခန့်အလိုတွင် ၎င်းကိုင်ဆောင်ထားသည့်ကြိုးမှ လက်ချော်ပြီး အင်းအတွင်းပြုတ်ကျ၍ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သဖြင့် သပိတ်ကျင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# တရားမဝင် သစ် ၄၀ ဒသမ ၈၂၈၇ တန် ဖမ်းဆီးရမိ

**တိုက်ကြီး ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ တရားမဝင်သစ်များ ဖမ်းဆီးရှာဖွေလျက်ရှိရာ ဇန်နဝါရီ ၁၃ ရက်မှ ၁၆ ရက်အထိ ပိတောက်ခွဲခြမ်းနှင့် အခြားသစ်သား ၄၀ ဒသမ ၈၂၈၇ တန် ဖမ်းဆီးရမိကြောင်း သိရသည်။



ရန်ကုန်- ပြည် ကားလမ်း၌ နေရာခွဲ၍ စောင့်ဆိုင်းနေစဉ် ပြည်ဘက်မှရန်ကုန်ဘက်သို့ မောင်းနှင်သော 6H/---- FUSO ခြောက်ဘီးယာဉ်သည် ရန်ကုန်-ပြည် ကားလမ်း မိုင်တိုင်အမှတ် ၆၃/၁ နှင့် ၆၃/၂ အကြား သိမ်ကုန်းကျေးရွာ၌ ကားကိုရပ်တန့်ပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ယာဉ်ကို တိုက်ကြီးမြို့ သစ်တောဦးစီးဌာနသို့ မောင်းယူပြီး စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားမဝင် ပိတောက်ခွဲခြမ်း ၅၂ ခြမ်း ၅ ဒသမ ၄၉၉၄ တန် တွေ့ရှိသဖြင့် ယာဉ်ပိုင်ရှင်ကိုဖော်ထုတ်၍ ယာဉ်မောင်းနှင့် သစ်ပိုင်ရှင်များကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဥက္ကံတောင် နယ်မြေ(၂) ကျောက်ဖြာဘိနယ်နှင့် ငဖြူမြောင်ရေဆိပ်အနီး၌ အခြားသစ်သား ၃၅ ဒသမ ၃၂၉၃ တန်၊ ပိတောက်ခြမ်း ၅ ဒသမ ၄၉၉၄ တန် စုစုပေါင်း ၄၀ ဒသမ ၈၂၈၇ တန်ကို ဖမ်းဆီးရရှိသဖြင့် သစ်တောနည်းဥပဒေဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

# ကျောင်းဆရာတစ်ဦး သေနတ်ဒဏ်ရာဖြင့် သေဆုံးနေ

**ဖားကန့် ဇန်နဝါရီ ၁၈**

ဖားကန့်မြို့နယ် လုံးခင်ကျေးရွာအုပ်စု နမ္မဖြစ်ကျေးရွာ အလယ်တန်းကျောင်းဆရာတစ်ဦး ဇန်နဝါရီ ၁၈ ရက် နံနက် ၈ နာရီခွဲက သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ မှူးရုံးမှ သိရသည်။

နမ္မဖြစ်ကျေးရွာအလယ်တန်းကျောင်းဝင်းအတွင်း အမည်မသိ အမျိုးသားသုံးဦးသည် မျက်နှာကို ဖုန်ကာတပ် ဦးထုပ်ဆောင်း၍ ဆိုင်ကယ်ဖြင့်ရောက်ရှိလာပြီး ကျောင်းဆရာ ဦးအောင်ဇင်ထွန်းကို ၎င်းတို့လူကြီးခေါ်ခိုင်း၍ လာရောက်ခေါ်ဆောင်ရခြင်းဖြစ်ကြောင်းပြောဆိုပြီး ခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ကျောင်းဆရာကိုခေါ်ဆောင်သွားပြီးနောက်ပိုင်း နံနက် ၁၀ နာရီခွဲခန့်တွင် မလန်းကျေးရွာနှင့် ဂျာရာယန်သွားလမ်း စွန့်ပစ်မြေစာပုံဟောင်းအနီး၌ ကျောင်းဆရာ ဦးအောင်ဇင်ထွန်းကို ကျည်ဖောက်ဝင်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဆက်လက်စုံစမ်းလျက်ရှိကြောင်း ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# လျှပ်စစ်အပူလွန်ကဲပြီး နေအိမ်လေးလုံး မီးလောင်

**မိုးကောင်း ဇန်နဝါရီ ၁၈**

မိုးကောင်းမြို့ အရှေ့ရပ်ကွက် အောက်ချိုင့်ဘက်၌ ယနေ့နံနက် ၉ နာရီခွဲခန့်ကစတင်၍ လူနေအိမ်လေးလုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါရပ်ကွက်နေ အိမ်အမှတ်(ရ-၁၆၀) ဒေါ်အေးသီတာလွင်၏ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း ၁၀ ပေပတ်လည် သုံးခန်းနေအိမ်အပေါ်ထပ် အလယ်တိုင်ရှိ လျှပ်စစ်မီးပလပ်ခုံမှ လျှပ်စစ်အပူလွန်ကဲပြီး လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ကာ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

အဆိုပါမီးလောင်မှုကို မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီများ၊ မြို့နယ်အနီးရှိ တပ်ရင်းတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

**သန်းလွင်ဦး**

**ဇန်နဝါရီ ၁၈ ရက်က ကမာရွတ်မြို့နယ် လှည်းတန်းဈေးဘက်မှမောင်းလာသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်ဌာန ရေသယ်ယာဉ်သည် ရေအပြည့်ဖြင့် လှည်းတန်းခုံးကို မောင်းတက် ရာ အရှိန်လွန်ပြီး လှည်းတန်းမီးရထားခုံးကျော်တံတားအုတ်ပေါင်ကို ဝင်တိုက်မိစဉ်** (ယာဉ်တိုက်မှုကြောင့် အုတ်ပေါင် သုံးပုံနှစ်ပုံခန့် ရန်ကုန်ဘက်သွား မီးရထားသံလမ်းပေါ် ပြုတ်ကျကြောင်း၊ မီးရထားလာနေသည်ကို ရပ်ကွက်သူတချို့က ရထားရပ်တန့်ရန် အချက်ပြသည့်အတွက် ရထားမှာ ဘူတာမရောက်ခင် ရပ်တန့်နိုင်ခဲ့ကာ ထိခိုက်မှုမရှိကြောင်း သိရသည်။)

(၃၄၉)




**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9I/9419 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၉ယ/၉၈၉၇၈ Honda Wave 100 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီသီမိုး ၁၀/မဒန(နိုင်)၁၈၀၉၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ယ/၅၉၇၅၅ Jialing M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်သဉ္ဇာစိုး ၉/မဟမ(နိုင်)၀၁၂၀၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ဆရာအာသာ SUCCESS (မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်၊ 202046,392048

Language Academy

လှည်းတန်းကျောင်းခွဲ ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅(B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်) Ph: 01-503472, 09 73001453, 09 30775232

ကလေးများအတွက် နွေရာသီအင်္ဂလိပ်စာ
(၁)တန်းဖြေမှ (၉)တန်းဖြေ အတွက် 4-Skill English (Level 1 to 5)
Morning : 10 to 12 a.m.
Evening : 3 to 5 p.m.
Mon to Thurs (တစ်ပါတ် ၄ ရက်)
March 13 စမည်။ သင်တန်းကြေး-၇၀၀၀၀/ ကျောင်းကားစုံစမ်းနိုင်ပါသည်။

(၆+၇)တန်း ဖြေထားသူများအတွက် ၈ တန်းအထောက်အကူပြု Grammar သင်တန်းများ သင်တန်းကြေး-၄၅၀၀၀/
7:30 - 9 (Mon to Thurs) Mar 13
1 - 2:30 (Mon to Thurs) Mar 13

တက္ကသိုလ်ဝင်တန်းအထောက်အကူပြု Letter Writing + Essay
(၆+၇)တန်းဖြေ - Level 1
(၈+၉)တန်းဖြေ - Level 2
သင်တန်းကြေး-၄၅၀၀၀/
7:30-10:30 (Sat + Sun) Mar 4
12 - 3:00 (Sat + Sun) Mar 4 } စပါမည်

လုပ်ငန်းခွင်ဝင်၊ နိုင်ငံခြားသွားလိုသူနှင့်အလုပ်ကောင်းရလိုသူများအတွက်

BASIC ENGLISH SPEAKING
9 - 12:00 (Sat + Sun) 21 Jan
10-12:00 (Mon~Thurs) 23 Jan
1 - 4:00 (Sat + Sun) 29 Jan
6 - 7:30 (Mon~Thurs) 30 Jan
1 - 2:30 (Mon~Thurs) 1 Feb

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon~Thurs) 16 Jan
3 - 5:00 (Mon~Thurs) 23 Jan
1 - 4:00 (Sat + Sun) 28 Jan
6 - 7:30 (Mon~Thurs) 30 Jan
1 - 4:00 (Sat + Sun) 4 Feb
1 - 2:30 (Mon~Thurs) 6 Feb

BASIC GRAMMAR
9 - 12:00 (Sat + Sun) 22 Jan
10-11:30 (Mon~Thurs) 20 Feb

BASIC WRITING
10-12:00 (Mon~Thurs) 6 Feb

VOCAB ENRICHMENT
7:30 - 9 (Mon~Thurs) 20 Feb
9 - 12:00 (Sat+Sun) 26 Feb

PRE-INTERMEDIATE (4-SKILL ENGLISH)
10-12:00 (Mon~Thurs) 23 Jan
6 - 7:30 (Mon~Thurs) 23 Jan
3:30 - 5 (Mon~Thurs) 6 Feb
1 - 4:00 (Sat + Sun) 18 Feb

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon~Thurs) 23 Jan
2 - 5:00 (Sat + Sun) 28 Jan
1 - 2:30 (Mon~Thurs) 1 Feb

IELTS (Preparation)
7:30-9:30 (Mon~Thurs) 23 Jan
1 - 3:30 (Mon~Thurs) 30 Jan
1 - 4:30 (Sat + Sun) 4 Feb

IELTS (Speaking + Vocab)
7:30 - 9 (Mon~Thurs) 23 Jan

IELTS (Reading + Vocab)
10-12:00 (Mon~Thurs) 30 Jan

IELTS (Writing+Grammar)
7:30 - 9 (Mon~Thurs) 23 Jan

BASIC ENGLISH SPEAKING
10-11:30 (Mon~Thurs) 30 Jan
3:30 - 5 (Mon~Thurs) 30 Jan
7:30-10:30 (Sat + Sun) 5 Feb
7:30 - 9 (Mon~Thurs) 13 Feb

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon~Thurs) 23 Jan
9 - 12:00 (Sat + Sun) 28 Jan
3:30 - 5 (Mon~Thurs) 30 Jan
6 - 7:30 (Mon~Thurs) 6 Feb

BASIC GRAMMAR
7:30-10:30 (Sat+Sun) 29 Jan

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon~Thurs) 23 Jan
6 - 7:30 (Mon~Thurs) 6 Feb
9 - 12:00 (Sat + Sun) 26 Feb

INTERMEDIATE (ACADEMIC ENGLISH)
3:30-6:30 (Sat + Sun) 4 Feb

IELTS (Writing+Grammar)
12:30-3:30 (Sat+Sun) 28 Jan

(၈+၉)တန်းဖြေထားသူများအတွက် တက္ကသိုလ်ဝင်တန်းအထောက်အကူပြု Letter Writing + Essay သင်တန်းများ ၄၅၀၀၀/
7:30-10:30 (Sat + Sun) 5 Mar
7:30-9:00 (Mon to Thurs) 6 Mar

(၆+၇)တန်း ဖြေထားသူများအတွက် ၈ တန်းအထောက်အကူပြု Grammar သင်တန်း
1 - 4:00 (Sat + Sun)
March 4 ၄၅၀၀၀/

**အမည်ပြောင်း** တောင်ငူမြို့၊ (၁၇)ရပ်ကွက်နေ ကိုဆန်းမင်းနိုင် ၇/တငန(နိုင်)၀၀၂၈၄၅ အား ကိုဆန်းမင်းနိုင်(ခ)ကိုနေမင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **ကိုဆန်းမင်းနိုင်(ခ)ကိုနေမင်းအောင်**

**အမည်ပြောင်း** တောင်ငူမြို့၊ (၁၇)ရပ်ကွက်နေ မခင်စန္ဒာဝင်း ၇/တငန(နိုင်)၁၀၇၈၉၁ အား မခင်စန္ဒာဝင်း(ခ) မအိစန္ဒာမင်းဟု ပြောင်းလဲခေါ်ပါရန်။ **မခင်စန္ဒာဝင်း(ခ)မအိစန္ဒာမင်း**

**အမည်ပြောင်း** တောင်ငူမြို့၊ (၁၉)ရပ်ကွက်နေ ကိုတိုးပြည့်စိန် ၇/တငန(နိုင်)၁၂၃၃၆၇ အား ကိုတိုးပြည့်စိန်(ခ) ကိုထူးအောင်လင်းဟု ပြောင်းလဲခေါ်ပါရန်။ **ကိုတိုးပြည့်စိန်(ခ)ကိုထူးအောင်လင်း**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၂ယ/၅၁၇၃၂ Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဂင်လွမ် ၆/သရခ(နိုင်)၀၆၃၉၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ယ/၂၃၇၈၃ Honda Wave NF 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးမောင် ၆/ထဝန(နိုင်)၀၆၈၂၅၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၀ယ/၅၀၅၁၄ Honda Wave-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးနိုင် ၆/ထဝန(နိုင်)၁၃၂၁၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ယ/၇၃၄၀ Honda Dream -125 ,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လွင်လွင်ချို ၆/ထဝန(နိုင်)၀၀၅၉၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ယ/၂၀၇၅ Honda Dream ND-125 ,M/C ယာဉ်လက်ဝယ်ရှိသူ ဦးစံလှ ၆/ရဖန(နိုင်)၀၀၄၀၃၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၆ယ/၁၃၃၅၀ Honda Wave NF-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထိုက် ၆/ထဝန(နိုင်)၀၆၇၁၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**



တရုတ်ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာအသင်း

# မြန်မာအသင်းယှဉ်ပြိုင်မည့် တရုတ်ဖိတ်ခေါ် အမျိုးသမီးပြိုင်ပွဲ ယနေ့စတင်မည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၇ တရုတ်ဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပထမနေ့ပွဲစဉ်များကို ဇန်နဝါရီ ၁၉ ရက် **(ယနေ့)** စတင်ကျင်းပမည် ဖြစ်သည်။

ယင်းပြိုင်ပွဲကို အိမ်ရှင်တရုတ်လက်ရွေးစင်အသင်း၊ အာဆီယံဒေသမှ မြန်မာ့လက်ရွေးစင်အသင်းနှင့် ထိုင်းလက်ရွေးစင်အသင်း၊ ဥရောပမှ ယူကရိန်းလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ကာ ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အုပ်စုပထမနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာအသင်းနှင့် ယူကရိန်းအသင်း၊ ညနေ ၆ နာရီ ၅ မိနစ်တွင် အိမ်ရှင်တရုတ်အသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲမှာ ၁၉၉၈ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ကမ္ဘာ့အမျိုးသမီးဘောလုံး အင်အားကြီးနိုင်ငံများဖြစ်သည့် အမေရိကန်၊ ဂျာမနီ၊ ပြင်သစ်၊ နော်ဝေစသည့်အသင်းများ ယှဉ်ပြိုင်ခဲ့ဖူးသည့် အဆင့်မြင့်မားသော ပြိုင်ပွဲဖြစ်သည်။ ယခုပြိုင်ပွဲတွင်လည်း အာရှထိပ်သီး တရုတ်၊ ဥရောပမှ ယူကရိန်း၊ အာဆီယံဒေသတွင်း ပြိုင်ဘက် ထိုင်းအသင်းတို့ ပါဝင်နေရာ မြန်မာအမျိုးသမီး အသင်းအတွက် အတွေ့အကြုံကောင်းများ ရရှိမည့် ပြိုင်ပွဲဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဧပြီလတွင် ယှဉ်ပြိုင်ရမည့် အာရှဖလားခြေစစ်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်တွင် အဓိက နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာရှဖလားခြေစစ်ပွဲအပြီးတွင် ၂၀၁၇ အာဆီယံ အမျိုးသမီးပြိုင်ပွဲနှင့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတို့ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇန်နဝါရီ ၂၁ ရက်တွင် တရုတ်၊ ဇန်နဝါရီ ၂၄ ရက်တွင် ထိုင်းတို့နှင့် ထပ်မံကစားရမည်ဖြစ်ကာ ပြိုင်ပွဲ၏လက်ရှိချန်ပီယံအသင်းမှာ တရုတ်အသင်းဖြစ်သည်။

**သတင်း-ရဲရင့်ရှိန်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# အထက်မြန်မာပြည် မြန်မာ့ရိုးရာလက်ဝှေ့ကျော် ဖိုးကေနှင့် ကနေဒါ လက်ဝှေ့ကျော် ဒေ့ဗ်လက်ဒက်တို့ ဂျပန်နိုင်ငံတွင် စိန်ခေါ်ထိုးသတ်မည်

**မန္တလေး ဇန်နဝါရီ ၁၈**

အထက်မြန်မာပြည် မြန်မာ့ရိုးရာလက်ဝှေ့ကျော် ဖိုးကေနှင့်ကနေဒါ လက်ဝှေ့ကျော် ဒေ့ဗ်လက်ဒက် (Dave)တို့ ဖေဖော်ဝါရီ ၁၆ ရက်တွင် ဂျပန်နိုင်ငံတွင် ကျင်းပမည့် (Lethwei Legacy 2 in Japan 2017) ပြိုင်ပွဲတွင် စိန်ခေါ်ထိုးသတ်မည် ဖြစ်သည်။

ဖိုးကေသည် လက်ဝှေ့ကြိုးဝိုင်းနှင့် အတန်ငယ်ဝေးကွာနေသူဖြစ်၍ ယခုပြိုင်ပွဲအတွက် အပြင်းအထန်လေ့ကျင့်လျက်ရှိသည်ဟု ဖိုးကေ၏ မန္တလေးမှ နည်းပြ ဦးဝင်းညွန့်(ဆရာကလောင်) က ပြောသည်။ ကနေဒါလက်ဝှေ့ကျော် ဒေ့ဗ်လက်ဒက်သည် မြန်မာ့ရိုးရာလက်ဝှေ့ကျော် တူးတူးကို အစီးသရေထိုးသတ်ခဲ့ပြီး AIR KBZ ရွှေအောင်လံလုပွဲတွင် မြန်မာပြည်ချန်ပီယံထွန်းထွန်းမင်းကို တတိယအချီတွင် အနိုင်ရခဲ့သူဖြစ်သည်။

ထိုးသတ်မည့်တွဲဆိုင်းများမှာ ဖိုးကေ (မြန်မာ)နှင့် ဒေ့ဗ်လက်ဒက်(ကနေဒါ)၊ ဖျံသွေး(မြန်မာ)နှင့် ဂျပန်ကရာတေးချန်ပီယံ ယာဆူယူကီယာမာဇာကီ (ဂျပန်)၊ ရှမ်းကို (မြန်မာ)နှင့်ဂျပန် ကစ်ဘောက်ဆင်သမား ခိုင်ဇူကီအို၊ သားအသည်းတစ်ပွင့်(မြန်မာ)နှင့် ယူကီယာမာမိုတို (ဂျပန်)၊ ရာဇာ(မြန်မာ)နှင့် ကိုမူအာ (ဂျပန်)၊ အထူးတွဲဆိုင်းအဖြစ် မြန်မာ့လက်ဝှေ့မယ် ရွှေစင်မင်း(မြန်မာ) နှင့်ဂျပန်နပန်းမယ် မိုမိုကိုတို့ တွဲဆိုင်းများ ယှဉ်ပြိုင်ကြမည်ဟု သိရသည်။ ဖျံသွေးသည် မူလက အီရန်လက်ဝှေ့ကျော် (Nuclear Hadi)နှင့် စီစဉ်ထားသော်လည်း နယူးကလီးယားဟာဒီသည် လေ့ကျင့်ရင်း ခြေထောက်ကျိုးသွား၍ တွဲဆိုင်းပြောင်းသွားသည်ဟု သိရသည်။ ယခုပွဲကိုဂျပန်နိုင်ငံသို့ လိုက်ပါအားပေးလိုသူများ (Wazo Travels)မှ ဦးဝါဆိုဝင်းမြင့် ဖုန်း ၀၉-၇၉၃၃၆၈၇၇၄ နှင့် ဆက်သွယ်နိုင်သည်ဟုလည်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**



# ပထမတန်းပြိုင်ပွဲတွင် မြဝတီအသင်း အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၁၈**

၂၀၁၇ ရာသီ MNL-2 ပထမတန်း အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ မြဝတီအသင်းနိုင်ပွဲရရှိခဲ့သည်။ မြဝတီအသင်းသည် ဒဂုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

နှစ်သင်းစလုံး ခြေစွမ်းအရ ကွာခြားမှုမရှိခဲ့ဘဲ မြဝတီအသင်းက ပွဲပြီးခါနီးတွင် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းသည် ပွဲအစတွင် သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း မိနစ် ၇၀ ကျော်တွင် ဂိုးပြန်ပေးခဲ့ရသောကြောင့် အနိုင်ရရန် ရုန်းကန်ခဲ့ရပြီး ပွဲပြီးခါနီးတွင် ဂိုးသွင်းယူနိုင်ခဲ့၍သာ အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။ ပွဲအစခုနစ်မိနစ်တွင် အသင်းခေါင်းဆောင် ရဲဝေယံစိုးက မြဝတီအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ၇၃ မိနစ်တွင် ညွန့်ဝင်းက ဒဂုံအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ မြဝတီအတွက်အနိုင်ဂိုးကို နာကျင်အချိန်ပိုတွင် အောင်ဖြိုးကသွင်းယူခဲ့သည်။

ပွဲစဉ်(၁) တတိယနေ့အဖြစ် စီးတီးရန်ကုန် (ယခင် Horizon)အသင်းနှင့် မဟာယူနိုက်တက်အသင်းသည် ဇန်နဝါရီ ၁၉ ရက်တွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

## မြန်မာ-ထိုင်းချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ်စက်ဘီးစီးနင်းပွဲ

မြဝတီနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းနှင့်ထိုင်းနိုင်ငံတပ်(ခ်)ခရိုင်ကုန်သည်ကြီးများအသင်းတို့ ပူးပေါင်း၍ နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည့် မြန်မာ-ထိုင်းချစ်ကြည်ရင်းနှီးမှုအထိမ်းအမှတ်စက်ဘီးစီးနင်းပွဲကို ၁၁-၂-၂၀၁၇ရက်တွင် (၁၈)ကြိမ်မြောက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ စက်ဘီးစီးနင်းပွဲသို့ထိုင်းနိုင်ငံမှ စက်ဘီးစီးနင်းသူ(၁၀၀၀)ဦး၊ မြဝတီမြို့ အထက(၁)နှင့် အထက(၂)တို့မှ ကျောင်းသူ/ကျောင်းသား(၄၀၀)ဦးတို့ ပါဝင်ဆင်နွှဲရန်လျာထားသဖြင့် မြဝတီမြို့မှ စက်ဘီးစီးနင်းရန် စိတ်ပါဝင်စားသူများ မြဝတီကုန်သွယ်ရေးဇုန်ရှိ မြဝတီနယ်စပ်ကုန်သွယ်ရေးကုန်သည်များ အသင်းရုံးတွင် စာရင်းပေးသွင်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

**စက်ဘီးစီးနင်းပွဲကျင်းပရေးကော်မတီ**

## ဆံတော်ရှင်မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် တစ်လတိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့ရှိ တန်ခိုးကြီးသမိုင်းဝင် ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၏နှစ်စဉ်ကျင်းပမြဲဖြစ်သောဗုဒ္ဓပူဇနီယပွဲတော်ကို ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်မှ မတ် ၁၂ရက် (တပို့တွဲလပြည့်ကျော် ၁ရက်မှ တပေါင်းလပြည့်နေ့)အထိ တစ်လတိုင်တိုင်စည်ကားသိုက်မြိုက်စွာကျင်းပပါမည်။

မြတ်မော်တင်ဘုရားပွဲတော်နှင့် ပတ်သက်သည့်ဈေးဆိုင်ခန်းများနှင့် အရပ်ရပ်လုပ်ငန်းများကို ၂၀၁၇ခုနှစ် ဇန်နဝါရီ ၂၅ရက်နှင့် ၂၆ရက် နံနက် ၉နာရီတွင် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

မြတ်မော်တင်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများပါဝင်လှူဒါန်းလိုပါက ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၄၂-၂၃၆၈၉နှင့် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၄၂-၂၅၁၇၇၊ ၂၁၁၄၅နှင့် ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၉-၂၄၀၀၇၀၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ဘုရားပွဲတော်ကျင်းပရေးကော်မတီ**

ဝါရင့်ဆရာ/ဆရာမကြီးများသင်မည်
စီးပွားရေးတက္ကသိုလ်
MBA/DMA ဝင်ခွင့်
GMAT, Reasoning & English
Sec A; Sat, Sun 2 to 4 pm စပြီ
Sec B; Mon, Tue 6 to 8 pm (Feb လဆန်းစမည်)
မည်သည့်အဖွဲ့ရမဆို လျှောက်ထားနိုင်သည်
ORION Business School
အမှတ်-၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း (အုတ်စင်တာအနီး)။ 09-5115997

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/1535၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်၆C/၉၆၃၂၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

## မေတ္တာ စေတနာ ပန်းဥယျာဉ်၊ တောင်ကြီးမေတ္တာရှင် မျက်စိအလင်းဒါန မင်္ဂလာသတင်း

တောင်ကြီးမြို့၊ မေတ္တာရှင်ကုသိုလ်ဖြစ်ဆေးရုံကြီးတွင် ပြည်တွင်း/ပြည်ပမှ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိလူနာများကို ၂၉-၁-၂၀၁၇ရက်မှ ၂-၂-၂၀၁၇ရက်အထိ ကုသိုလ်ဖြစ် ခွဲစိတ်ကုသပေးမည်ဖြစ်ပါသဖြင့် မည်သူမဆို လာရောက်ပြသနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၈၁-၂၀၅၂၈၂၊ ၂၀၅၁၉၄၊ ၂၁၂၅၆၁၉၊ ၂၁၂၅၆၂၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၆၄၆၆၁၊ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဝင်းရည် ၁/မကတ(နိုင်)၀၅၀၃၀၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

# အော်ဂဲနစ်ပစ္စည်းများအသုံးပြုခြင်းဖြင့် မြေဆီလွှာပျက်စီးမှုကို ကာကွယ်နိုင်

**ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မေမိုးသဲ**

နေပြည်တော် ဇန်နဝါရီ ၁၈

**မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိတဲ့ စိုက်ပျိုးရေးနဲ့ အသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ တောင်သူဦးကြီးများအတွက် ယခုတစ်ပတ်မှာ မြေဆီလွှာပြုပြင်ထိန်းသိမ်းခြင်းနဲ့ ပတ်သက်တဲ့ နည်းလမ်းတွေကို ရေးသားဖော်ပြပေးချင်ပါတယ်။**





မြေဆီလွှာပြုပြင်ထိန်းသိမ်းမှုကိုဆောင်ရွက်နေစဉ်

ယခုအခါ မြန်မာနိုင်ငံအတွင်း ဒေသအချို့ရှိ လယ်ယာစိုက်ခင်းတွေမှာ အကြောင်းအမျိုးမျိုးကြောင့် မြေဆီလွှာတွေတစ်နေ့တခြား ယုတ်လျော့လာလျက်ရှိတာကို တွေ့မြင်နေရပါတယ်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ မြေဆီလွှာဆုံးရှုံးရခြင်းရဲ့ အဓိက အကြောင်းအရင်းက ရေကြောင့်၊ ရေတိုက်စားမှုကြောင့် အများဆုံးဖြစ်တယ်လို့ စိုက်ပျိုးရေးပညာရှင်တစ်ဦးထံမှ သိရပါတယ်။

"မြန်မာနိုင်ငံအတွင်းမှာ မိုးရွာသွန်းမှုအခြေအနေတွေက မတူညီကြပါဘူး။ ဥပမာ မြန်မာနိုင်ငံအလယ်ပိုင်းဆိုရင်မိုးခေါင်တယ်။ ရခိုင်ပြည်နယ်ဆိုရင် မိုးများတယ်။ ရှမ်းပြည်နယ် အင်းလေးကန်အထက်မှာ မြေဆီလွှာထိန်းသိမ်းရေးတွေလုပ်မယ်ဆိုရင် ရှမ်း၊ ရခိုင်နဲ့ အပူပိုင်းကြားထဲမှာရှိတဲ့အတွက် မိုးရေချိန်လက်မ မတူညီလို့ အဲဒီ မတူညီတဲ့အပေါ်မှာ မူတည်ပြီး ပြုပြင်ထိန်းသိမ်းနည်းအမျိုးမျိုးပြုလုပ်ရပါတယ်။ မြေဆီလွှာတွေ အဓိကဆုံးရှုံးရတာက ရေတိုက်စားလို့ဖြစ် ပါတယ်။ အဲဒီရေက ဘယ်ကလာသလဲဆိုတော့ မိုးရွာတဲ့ အပေါ်မှာ မူတည်ပြီးတော့ လာပါတယ်။ မိုးရေချိန်များတိုင်း မြေဆီလွှာဆုံးရှုံးတာတော့ မဟုတ်ပါဘူး။ မိုးရွာတဲ့ပုံစံပေါ်မှာ မူတည်ပြီး တိုက်စားမှု ဖြစ်တယ်။ ဥပမာ အပူပိုင်းဒေသတွေမှာ မိုးရေချိန်နည်းတယ်။ ဒါပေမယ့် တိုက်စားမှုများတာကို တွေ့ရတယ်။ ဘာကြောင့်လဲဆိုတော့ အညာဒေသတွေမှာ မိုးက မရွာပေမယ့် ရွာတဲ့အခါမှာ သဲသဲမဲမဲ ရွာချလိုက်တဲ့အတွက်ကြောင့် တိုက်စားမှုတွေက အလွန်များတယ်။ သမပိုင်းဒေသတွေမှာ မိုးရေချိန်ကများတော့ များတယ်။ ဒါပေမယ့် မတိုက်စားဘူး။ သူကကျ တစ်နှစ်လုံးပုံမှန် ရွာသွန်းမှုကြောင့်ဖြစ်ပါတယ်။ အဲဒီမှာ မြေဆီလွှာ တွေကို ဘယ်လို ထိန်းသိမ်းစောင့်ရှောက်ရမလဲဆိုရင် စိုက်ပျိုးနည်းစနစ်တွေ မှန်ကန်ဖို့လိုတယ်။ ကျွန်တော်တို့နိုင်ငံ တချို့နေရာတွေမှာဆို လွယ်လွယ်ကူကူပဲ စိုက်ပျိုးနေတာ တွေ့ရတယ်။ ဥပမာ ဆင်ခြေလျှော၊ ကုန်းလျှောရှိတဲ့နေရာတွေမှာ ထယ်ထိုးတာ၊ ထွန်မွှေတာတွေကို ကုန်းလျှောရှိတဲ့နေရာတွေပဲ လုပ်ပေးလိုက်တယ်။ အဲလို လုပ်လိုက်တဲ့အတွက် ရေစီးကြောင်းတွေကို ဖောက်ပေးလိုက်သလိုဖြစ်တဲ့အတွက် တိုက်စားမှုတွေပိုများပါတယ်။ တကယ်တမ်းလုပ်ရမှာက သူ့ကို ကန့်လန့်ဖြတ်လုပ်ရမှာဖြစ်တယ်။ ကွန်တိုအလိုက် လုပ်ကိုင်ရမှာဖြစ်ပါတယ်။ ကွန်တိုစိုက်ပျိုးနည်းက ဆင်ခြေလျှောကို ကန့်လန့်ဖြတ်ပြီး သီးနှံစိုက်တန်းတွေကို ထယ်နဲ့ဆွဲတာကို ပြောတာပါ။ လုပ်ရကိုင်ရတာ နည်းနည်းတော့ခက်ခဲပါတယ်"ဟု မြေဆီလွှာနှင့် ရေသိပ္ပံဌာနပါမောက္ခ ဌာနမှူး ဒေါက်တာကျော်ငွေက မြေဆီလွှာ ပျက်သုဉ်းနိုင်ပုံကို ပြောပြပါတယ်။ မြေဆီလွှာများ ပျက်စီးမှုကို လျော့ကျစေရန် ဆင်ခြေလျှောမြေကွက်များတွင် သီးနှံစိုက်တန်းများကို ကန့်လန့်ဖြတ်ဆွဲ၍ စိုက်ပျိုးသင့်ကြောင်း၊ လှေကားထစ်ပုံစံ စိုက်ပျိုးခြင်းသည်လည်း မြေဆီလွှာဆုံးရှုံးမှုနည်းနိုင်ကြောင်း သိရပါတယ်။

"မြေဆီလွှာပျက်သုဉ်းတဲ့အထဲမှာ တိုက်စားရုံတင်မဟုတ်ဘူး။ သွင်းရေတွေကလည်း ရေရဲ့အရည်အသွေးမကောင်းတာကိုသွင်းမိရင် မြေဆီလွှာဆုံးရှုံးမှုတွေ ဖြစ်စေပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဌာနကလည်း ဆားပေါက်မြေတွေကို လေ့လာတဲ့ သုတေသနလုပ်တဲ့လုပ်ငန်းတွေလုပ်နေပါတယ်။ အဲဒါကဘယ်ကနေဖြစ်လဲဆိုရင် မြေအောက်ရေကနေထုတ်ပြီး သုံးလိုက်တဲ့ရေက ဆားတွေပါလာတယ်။ အဲဒါကို အကြိမ်ကြိမ် အကွက်ထဲသွင်းလိုက်တဲ့အခါ တဖြည်းဖြည်း ဒီမြေတွေက ဆားပေါက်လာတာဖြစ်ပါတယ်။ ဆားပေါက်မြေတွေကို ဝမ်းတွင်းတို့ မြစ်သားဘက်တို့မှာ အများဆုံးတွေ့ရပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြပါတယ်။

နောက်ထပ် မြေဆီလွှာများ မပျက်စီးစေဖို့ ထိန်းသိမ်းနည်းတစ်ခုမှာ စိုက်ခင်းများအတွင်းသို့ မြေအောက်ရေတွေကို သွင်းမယ်ဆိုရင် ရေရဲ့အရည်အသွေးကို သေချာတိုင်းတာပြီးမှ သွင်းဖို့လိုအပ်တယ်လို့ သိရပါတယ်။

"နောက်တစ်ခုက စိုက်ပျိုးနည်းစနစ်တွေမှာ ဓာတုပစ္စည်းတွေအလွန်အကျွံသုံးရင်လည်း မြေဆီလွှာဆုံးရှုံးမှုကို ဖြစ်စေပါတယ်။ ပြီးတော့ မြေသြဇာတွေ၊ ပိုးသတ်ဆေးတွေ အလွန်အကျွံသုံးစွဲရင်လည်း မြေဆီလွှာတွေပျက်သုဉ်းနိုင်ပါတယ်။ ဥပမာ - ဖရဲတို့ သခွားမွှေးတို့မှာ ဓာတုပစ္စည်းတွေ အလွန်အကျွံ သုံးလိုက်တဲ့အခါမှာ အဲဒီနောက်မှာ စိုက်တဲ့သီးနှံတွေမှာဆို မြေကပျက်နေတတ်တယ်" ဟု ဒေါက်တာကျော်ငွေက မြေဆီလွှာပျက်သုဉ်းနိုင်မှုအခြေအနေကို ဆက်လက်ပြောပြသည်။

ပျက်စီးနေတဲ့ မြေဆီလွှာတွေကို ပြုပြင်ထိန်းသိမ်းဖို့ဆိုရင် အော်ဂဲနစ်ပစ္စည်းတွေဖြစ်တဲ့ နွားချေး၊ ဆိတ်ချေး၊ ကြက်ချေးစတာတွေကို ထည့်ပေးရပါမယ်။ နောက်ထပ် သစ်ရွက်ဆွေးတွေ၊ သဘာဝမြေသြဇာ၊ မြေဆွေးတွေ ထည့်ပေးခြင်းဖြင့်လည်း မြေဆီလွှာ ပျက်သုဉ်းမှုကို ကာကွယ်နိုင်မှာဖြစ်တယ်လို့ သိရပါတယ်။

"မြေဆီလွှာ ထိန်းသိမ်းဖို့ဆိုရင် သစ်ရွက်ခြောက်တို့ မြေဆွေးတို့အပါအဝင် အော်ဂဲနစ်ပစ္စည်းတွေကို ထယ်နဲ့ သမအောင် မွှေရပါမယ်။ အော်ဂဲနစ်ပစ္စည်းများလေ ကောင်းလေပါပဲ။ ပြီးတော့ သီးနှံပင်ရွေးချယ်စိုက်ပျိုးပြီးတော့လည်း မြေဆီလွှာပျက်သုဉ်းမှုကို ထိန်းသိမ်းနိုင်ပါတယ်။ သီးနှံရွေးချယ်စိုက်ပျိုးတဲ့အခါမှာ နှံစား သီးနှံတွေကို ချက်ချင်းမစိုက်စေချင်ပါဘူး။ စိုက်ပျိုးမယ့်နေရာနဲ့ သင့်တော်တဲ့ ပဲမျိုးတွေကို စိုက်သင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပဲတွေကနေ အော်ဂဲနစ်ပစ္စည်းတွေ များများရနိုင်တယ်။ သီးနှံတစ်မျိုးတည်း မစိုက်ဘဲ အလှည့်ကျစိုက်သင့်တယ်။ တချို့မိုးစပါးရော နွေစပါးပါ စိုက်ရတဲ့ဒေသတွေဆို စပါးပြီး စပါးစိုက်ရတဲ့အတွက် မြေဆီလွှာမထိန်းသိမ်းနိုင်တာတွေရှိတယ်။ စပါးဆိုတာက မိုနိုကော့ နှံစားပင်တွေပေါ့။ နှံစားပင်တွေကသူက သုံးတာပဲများတယ်။ မြေဆီလွှာအတွက် မရဘူး။ ဆက်တိုက်စိုက်လာပြီဆိုရင် မြေဆီလွှာက စုပ်ယူတာများတဲ့အတွက်ကြောင့် ကြာလာတဲ့အခါမှာ စပါးပင်က အဟာရချို့တဲ့လာပါတယ်။ စပါးပဲစိုက်နေမယ်ဆိုရင် စပါးပင်အတွက်လိုအပ်တဲ့အာဟာရဓာတ်ကိုထည့်ပေးဖို့ လိုအပ်ပါတယ်။ ရေသွင်းလို့ရတဲ့နေရာ တွေဆိုရင်လည်း ရေသွင်းလိုက် ဖလှယ်ထုတ်လိုက်ဆိုရင် ရနိုင်ပါတယ်"ဟု ဒေါက်တာ ကျော်ငွေက မြေဆီလွှာ ပျက်သုဉ်းမှုကိုထိန်းသိမ်းရန် နည်းလမ်းများကို ဆက်လက်ရှင်းပြပါတယ်။

# စစ်ကိုင်းမြို့ အိုးဘိုရပ်ကွက်၌ အိုးရှက်ပြိုင်ပွဲကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၁၈**

စစ်ကိုင်းမြို့မှထုတ်လုပ်သည့် မြေအိုးများသည် ကောင်းမွန်ခိုင်ခံ့၍ လူကြိုက်များကြောင်း သိရှိစေရန်နှင့် မြေအိုးလုပ်ငန်းနှင့်ပတ်သက်၍ မျိုးဆက်သစ်များ စိတ်ဝင်စားမှုရှိရန် ရည်ရွယ်ချက်ဖြင့် မြေအိုးရွက်ပြိုင်ပွဲနှင့် အိုးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၁၅ ရက်က စစ်ကိုင်းမြို့အိုးဘိုရပ်ကွက် ရွှေဘုံသာဘုရားဝင်းအတွင်း ကျင်းပခဲ့ကြောင်း သိရသည်။



အိုးရွက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အမျိုးသမီးများက ၎င်းတို့ဦးခေါင်းပေါ်တွင် အိုးများကို ဆင့်ရွက်ကာ သတ်မှတ်ထားသည့်ပန်းတိုင်သို့ အိုးများလွတ်မကျဘဲရောက်အောင် အမြန်လျှောက်လှမ်းရပြီး ဦးစွာရောက်ရှိသူက အနိုင်ရရှိပြီး အိုးရိုက်ပြိုင်ပွဲမှာ ပြိုင်ပွဲဝင်သူ၏မျက်လုံး အား အဝတ်ဖြင့်စည်း၍ ချိတ်ဆွဲထားသောအိုးများကို တုတ်ဖြင့် ရိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဆောင်းရာသီစိုက် မတ်ပဲများ ဖြစ်ထွန်းအောင်မြင် တောင်သူများဈေးကောင်းရဖို့မျှော်လင့်နေကြ

**ဖြူး ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ ခြောက်မြို့နယ်တို့တွင် ဖြူးမြို့နယ်သည် မိုးစပါးနှင့် ဆောင်းရာသီစိုက်ပဲမျိုးစုံတို့ကို ဖြူးမြို့နယ်ကျေးရွာအုပ်စု ၅၉ အုပ်စုနှင့် မြို့ပေါ်အချို့ရပ်ကွက်များမှ တောင်သူများက နှစ်စဉ်စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် မြို့နယ်ဖြစ်သည်နှင့်အညီ ယခု ၂၀၁၆-၂၀၁၇ ခုနှစ်တွင်လည်း မိုးစပါး စိုက်ဧက ၁၅၁၄၅၄ စိုက်ပျိုးခဲ့ပြီး ဆောင်းရာသီ သီးထပ်မတ်ပဲစိုက်ဧက တစ်သိန်းငါးထောင်ခန့် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် မြို့နယ်ဖြစ်သည်။

သို့သော်လည်း ယခုနှစ် မိုးစပါးဖြိုင်ဖြိုင်ပေါ်ချိန်တွင် ယမန်နှစ်ကထက် စပါး ဈေး၊ ဆန်ဈေးမှာ သိသိသာသာ ဈေးနှုန်းကျဆင်းခဲ့သဖြင့် လယ်သမားများမှာ တက်ဈေးကိုစောင့်ဆိုင်းနိုင်ခြင်းမရှိကြ၍ ပေါက်ဈေးနှင့်သာ ရောင်းချခဲ့ကြရသဖြင့် တွက်ခြေမကိုက်ဘဲ ဖြစ်ခဲ့ကြရသည်။

မတ်ပဲခင်းများမှာ အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် မတ်ပဲဖြိုင်ဖြိုင်ပေါ်ကြမည့် မတ်လ၊ ဧပြီလတို့တွင် ဈေးကောင်းရရှိရန် မျှော်လင့်စောင့်စားလျက်ရှိကြသည်။

"ဒီနှစ် စပါးဖြိုင်ဖြိုင်ပေါ်ချိန်မှာ လယ်သမားအများစု ပေါက်ဈေးနဲ့ရောင်း ချခဲ့ရလို့ တွက်ခြေမတိုက်ကြပါဘူး။ လယ်သမားဘဝဆိုတာ စိုက်ချိန်၊ ပျိုးချိန်၊ ရိတ်သိမ်းချိန်တွေမှာ သွင်းအားစုတွေအတွက် ငွေကြေးများချေးငှားရယူပြီး စိုက်ပျိုးခဲ့ကြရတော့ ကြွေးမကင်းကြပါဘူး။ ပေါ်တဲ့အချိန်မှာပဲ ပေါက်ဈေးနဲ့ရောင်းကြရတော့ တွက်ခြေမကိုက်ကြပါဘူး။ ဒါ့ကြောင့် သီးထပ်အဖြစ် အားထားစိုက်ပျိုးခဲ့ကြတဲ့ မတ်ပဲများ ဖြိုင်ဖြိုင်ပေါ်တဲ့အခါမှာ ဈေးကောင်းရမယ်ဆိုရင်တော့ အသက်ရှူများချောင်လေမလားလို့ မျှော်လင့်နေကြရပါတယ်" ဟု ဖြူးအရှေ့ဘက် ငါးခေါင်းအင်းကျေးရွာအုပ်စုမှ လယ်သမားကြီးတစ်ဦးက ပြောပြသည်။

**ဖြူး-မြင့်ဦး**

# ရှင်ဗွေယန်မြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းဆောင်ရွက်

**ရှင်ဗွေယန် ဇန်နဝါရီ ၁၈ -** ကချင်ပြည်နယ် ရှင်ဗွေယန်မြို့နယ်၌ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးနိုင်စေရန် ရည်ရွယ်၍ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက ဇန်နဝါရီလပထမပတ်မှစ၍ မြေစိုက်ပိုစတာများ စိုက်ထူခြင်း၊ လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အား မီးကြိုးများ သွယ်တန်းရာ၌ အရည်အသွေးပြည့်ဝကောင်းမွန်သော မီးကြိုးများနှင့် လျှပ်စစ်ပစ္စည်းအသုံးအဆောင်များကို အသုံးပြုပေးခြင်း၊ ဓာတ်အားလိုင်းကြိုးများနှင့် ဆားဗစ်ကြိုးများ လျော့ကျခြင်း၊ ပြတ်ကျခြင်းများဖြစ်ပေါ်နေပါက လျှပ်စစ်ရုံးသို့ အကြောင်းကြားပေးရန်တို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# လနှင့်ကမ္ဘာ သို့မဟုတ် အိမ်ဦးနှင့်ကြမ်းပြင် (အပိုင်း-၁)

## သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ္ဘာ့မြေပြင်မှ အာကာသထဲသို့ လွှတ်တင်ခဲ့သည့် ဆက်သွယ်ရေးဂြိုဟ်တုများ၊ မိုးလေဝသဂြိုဟ်တုများ၊ ကမ္ဘာမြေလေ့လာစောင့်ကြည့်ရေး ဂြိုဟ်တုများ၊ လကိုလှည့်ပတ် လေ့လာသည့် အာကာသယာဉ်များ၊ အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်များ၊ စကြဝဠာအနှံ့ ခြေဆန့်မည့် ဗွိုင်ယေဂျာ အာကာသယာဉ်များ စသည်တို့ကို အာကာသထဲရှိကမ္ဘာပတ် လမ်းကြောင်းထဲသို့လည်းကောင်း၊ လနှင့်အင်္ဂါဂြိုဟ် စသည်တို့ဆီသို့ ဦးတည်သွားရာလမ်းကြောင်းပေါ်သို့လည်းကောင်း ပို့လွှတ်နိုင်ရန် ဒုံးပျံများကို အသုံးပြုကြရသည်။

ဒုံးပျံများသည် ကမ္ဘာ့မြေဆွဲအားကို ဆန့်ကျင်ပြီး အာကာသယာဉ်နှင့် ဂြိုဟ်တုများကို ကမ္ဘာ့အပြင်ဘက် အာကာသဟင်းလင်းပြင်ကြီးဆီသို့ တွန်းပို့နိုင်ရန် လုံလောက်သော စွမ်းအားနှင့်ပြည့်စုံသည့် အဓိကအထောက်အကူပြု ပျံသန်းရေး ယာဉ်ကြီးများ ဖြစ်ကြသည်။ လေထုကင်းမဲ့သော အာကာသဟင်းလင်းပြင်ကြီးထဲတွင် ဒုံးပျံကို ရွေ့လျားအောင် လုပ်ဆောင်ပေးမည့်အင်ဂျင်ကို အောက်ဆီဂျင်ရှိသည့် လေထုထဲ၌ဖြစ်စေ၊ အောက်ဆီဂျင်ကင်းမဲ့သော အာကာသအတွင်း၌ဖြစ်စေ စဉ်ဆက်မပြတ်တွန်းပို့နိုင်သည့် စွမ်းအားထုတ်ပေးနိုင်အောင် စီစဉ်တည်ဆောက်ကြရသည်။

၁၁ ရာစု အလယ်ပိုင်း ကာလခန့်မှစ၍ တရုတ်လူမျိုးတို့က ဒုံးပျံကို ဦးစွာတီထွင် အသုံးပြုခဲ့ကြသည်။ ရိုးရာပွဲတော်များတွင် အသုံးပြုရန်အတွက် မီးရှူးမီးပန်းများနှင့်အတူ လေထဲသို့ ပစ်လွှတ်နိုင်သည့် ဒုံးပျံလေးများကို စမ်းသပ်ပြုလုပ်ခဲ့ကြသော တရုတ်လူမျိုးတို့၏ တီထွင်မှုသည်မျက်မှောက်ခေတ် အာကာသလုပ်ငန်းများတွင် အသုံးပြုနေကြသော ဒုံးပျံကြီးများ၏ ရှေးဦးအစဖြစ်ခဲ့သည်။ ၁၃ ရာစုအကုန်တွင် ဒုံးပျံပြုလုပ်ခြင်း နည်းပညာမှာ အာရေဗျကျွန်းဆွယ်နှင့် ဥရောပတိုက်တစ်ခွင်သို့ ပြန့်ပွားသွားခဲ့သည်။

ရုရှားလူမျိုး ကျောင်းဆရာတစ်ဦးဖြစ်သူ ကွန်စတန်တင် ဆီရော်ကော့ဗ်စကီးက အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းများ၌ ဒုံးပျံများကို အသုံးချနိုင်ကြောင်း ၁၈၈၀ ပြည့်နှစ်တွင် စတင်ထုတ်ဖော် ပြောကြားခဲ့သည်။ ထို့နောက် အမေရိကန် ရူပဗေဒပညာရှင် ရောဘတ်ဂေါဒတ်က စွမ်းအားမြင့် လောင်စာရည်ကို ဒုံးပျံအင်ဂျင်၌ ထည့်သွင်းသုံးစွဲနိုင်ရန်အတွက် ၁၉၂၃ ခုနှစ်တွင် သုတေသနစတင်ပြုလုပ်ခဲ့ရာ ၁၉၂၆ ခုနှစ် မတ်လ ၁၆ ရက်နေ့က ပထမဦးဆုံးသော လောင်စာအရည်သုံး ဒုံးပျံကို စမ်းသပ်ပစ်လွှတ်နိုင်ခဲ့သည်။

၁၉၃၂ ခုနှစ်အရောက်တွင် နာဇီဂျာမနီစစ်တပ်က ဒုံးပျံသိပ္ပံပညာရှင် ဝါနာဘွန်ဘရောင်းကို ငှားရမ်းပြီး မဟာဗျူဟာမြောက် ဒုံးပျံများကို ထုတ်လုပ်ရန် စတင်ကြိုးပမ်းခဲ့သည်။ ဝါနာဘွန်ဘရောင်း၏ V-2 ဒုံးပျံသည် အမေရိကန်တို့၏ ဒုံးပျံထက် အဆများစွာ သာလွန်ကောင်းမွန်ကာ ပေါင် ၅၆၀၀၀ တွန်းအားဖြင့် အမြင့်ကီလိုမီတာ ၃၂၀ အထိရောက်အောင် ပျံသန်းနိုင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကာလမတိုင်မီအထိ ဂျာမန်တို့သည် သိပ္ပံနည်းနှင့် နည်းပညာဘက်တွင် အမေရိကန်နှင့် ဆိုဗီယက်တို့ထက်များစွာသာလွန်တိုးတက်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်ကြီးပြီးဆုံးသည့်အခါ နာဇီတို့စစ်ရှုံး၍ မဟာမိတ်တို့ အောင်ပွဲခံခဲ့ကြသည်။ စစ်ပွဲတို့၏ ထုံးစံအတိုင်းပင် စစ်နိုင်သူ အမေရိကန်နှင့် ဆိုဗီယက်တို့က စစ်ရှုံးသူဂျာမန်တို့ထံမှ နောက်ဆုံးပေါ် ခေတ်မီစက်ပစ္စည်းနှင့် နည်းပညာတို့ကို ရယူသိမ်းပိုက်ခဲ့ကြသည်။

အမေရိကန်နှင့် ဆိုဗီယက်တို့သည် စစ်အောင်နိုင်သူများ ဖြစ်ကြသော်လည်း စစ်ရှုံးသူဂျာမန်တို့ထံမှ ခေတ်မီစက်ပစ္စည်း ကိရိယာများနှင့် နည်းပညာတို့ကို ရရှိလိုက်ပုံခြင်း မတူညီခဲ့ကြပေ။ ဆိုဗီယက်တို့သည် ဂျာမန်တို့၏ နောက်ဆုံးပေါ် နည်းပညာဖြင့် ထုတ်လုပ်ထားသော V-2 ဒုံးပျံစက်ပစ္စည်း အစိတ်အပိုင်းများကိုသာ ရရှိခဲ့ကြသော်လည်း အမေရိကန်တို့ကမူ ဒုံးပျံ၏စက်ပစ္စည်း အစိတ်အပိုင်းများကို သာမက နည်းပညာများ၊ စာအုပ်စာတမ်းများနှင့် ဒုံးပျံတီထွင်သည့် သိပ္ပံပညာရှင်ကိုပါ ရရှိလိုက်ကြသည်။

ဤသို့ဖြင့် အမေရိကန်တို့သည် ဂျာမန်တို့ထံမှ ရရှိလိုက်သော သိပ္ပံပညာရှင် ဝါနာဘွန်ဘရောင်း၏ အကူအညီဖြင့် ပထမဦးဆုံးသော Redstone ဒုံးပျံကို ၁၉၅၃ ခုနှစ်က စတင်ပစ်လွှတ်နိုင်ခဲ့သည်။ ဤတွင် ဆိုဗီယက်တို့ကလည်း အားကျမခံစိတ်ဓာတ်ဖြင့် ဒုံးပျံပစ်လွှတ်နိုင်ရေးကို အပြင်းအထန် ကြိုးပမ်းခဲ့ကြရာ ၁၉၅၇ ခုနှစ်တွင် ကမ္ဘာ့ပထမဦးဆုံးသော ဂြိုဟ်တုကို သယ်ဆောင်သွားသည့် R-7 ဒုံးပျံကို စတင်ပစ်လွှတ်နိုင်ခဲ့သည်။ ဤတွင် အမေရိကန်တို့ကလည်း ဂြိုဟ်တုလွှတ်တင်နိုင်ရေးကို ကြိုးပမ်းခဲ့ကြရာ ပထမဦးဆုံးသော Explorer ဂြိုဟ်တုကို ၁၉၅၈ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့က အာကာသထဲသို့ အရောက်ပို့နိုင်ခဲ့သည်။



အမေရိကန်လူမျိုး သိပ္ပံစာရေးဆရာ အာသာစီကလပ်သည် ၁၉၄၅ ခုနှစ်ကတည်းကပင် ကမ္ဘာပတ်လမ်းကြောင်း၌ ဂြိုဟ်တုများကို ဖြန့်ကြက်လွှတ်တင်ထားရန် အကြံပြုရေးသားခဲ့သူဖြစ်ပြီး ကမ္ဘာပတ်လမ်းကြောင်းထဲ၌ ဂြိုဟ်တုသုံးလုံးကို အကွာအဝေးအညီအမျှ ဖြန့်ကြက်လွှတ်တင်ထားခြင်းအားဖြင့် ကမ္ဘာ့ဒေသတစ်ခုမှ အခြားဒေသတစ်ခုဆီသို့ အပြန်အလှန် ဆက်သွယ်နိုင်ကြောင်း ဆောင်းပါးရေးသားကာ ဖော်ပြခဲ့သည်။

သိပ္ပံစာရေးဆရာ အာသာစီကလပ်၏ တိုက်တွန်း ရေးသားချက်များသည် အမေရိကန်တို့၏ အာကာသဆိုင်ရာစူးစမ်းလေ့လာမှုနှင့် သုတေသနလုပ်ငန်းများ၊ ဆက်သွယ်ရေးကွန်ရက်များဖြစ်ထွန်းပေါ်ပေါက်လာမှုအတွက် ရှေ့ဆောင်လမ်းပြဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် အမေရိကန် သိပ္ပံပညာရှင်များက ကမ္ဘာ့ပထမဦးဆုံးသော ဆက်သွယ်ရေးဂြိုဟ်တု Telstar ကို ကမ္ဘာပတ်လမ်းကြောင်းထဲသို့ ပို့လွှတ်နိုင်ခဲ့သော်လည်း အာသာစီကလပ်က တိုက်တွန်းအကြံပြုထားသကဲ့သို့ လုပ်ဆောင်နိုင်ခြင်းမရှိကြပေ။

၁၉၆၂ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့က ဒုံးပျံဖြင့် အာကာသထဲသို့ ပစ်လွှတ်ခဲ့သည့် တယ်လ်စတား ဂြိုဟ်တုသည် အီကွေတာမျဉ်းကို ၄၅ ဒီဂရီတိမ်းစောင်းသော ပတ်လမ်းသို့ ရောက်ရှိခဲ့ပြီး၊ ၂ နာရီနှင့် ၃၇ မိနစ်တွင် တစ်ပတ်နှုန်းဖြင့် ကမ္ဘာကိုလှည့်ပတ်နေခဲ့သည်။ တယ်လ်စတားဂြိုဟ်တု၏ ကမ္ဘာကို လှည့်ပတ်ရာလမ်းကြောင်းသည် ရုပ်မြင်သံကြားထုတ်လွှင့်မှုနှင့် တယ်လီဖုန်းဆက်သွယ်ပြောဆိုမှုများတွင် ကမ္ဘာ့အရပ်ဒေသအားလုံးကို လွှမ်းခြုံထားနိုင်ခြင်း မရှိပေ။

တယ်လ်စတားဂြိုဟ်တုကို လွှတ်တင်ပြီး နောက်တစ်နှစ်အကြာ ၁၉၆၃ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့က ထပ်မံပစ်လွှတ်ခဲ့သော ဆက်သွယ်ရေးဂြိုဟ်တု Syncom-2 ကိုမူ အီကွေတာမျဉ်း၏ အပေါ်တည့်တည့် ကီလိုမီတာ ၃၅၆၀၀ အမြင့်ရှိ စက်ဝိုင်းပုံတည်ငြိမ်ပတ်လမ်း၌ နေရာချထားနိုင်ခဲ့သည်။ ထိုပတ်လမ်းသည် ကမ္ဘာက မိမိဝင်ရိုးပေါ်၌ လည်နေသည့်နှုန်းဖြစ်သော ၂၄ နာရီလျှင် တစ်ပတ်ကျနှုန်းအတိုင်း တစ်ပတ်လျှင် ၂၄ နာရီကြာမြင့်အောင် ချိန်သားကိုက်လှည့်ပတ်နိုင်သော ပတ်လမ်းဖြစ်ပြီး ထိုကဲ့သို့ ကမ္ဘာကြီးလည်နေသည့် နှုန်းအတိုင်း ကွက်တိအံကျ လှည့်ပတ်နေသည့်အတွက် ကမ္ဘာမြေပြင်မှ ကြည့်လျှင် အဆိုပါ ဂြိုဟ်တုမှာ ရွေ့လျားခြင်းမရှိဘဲ တည်ငြိမ်နေသည်ဟု ထင်ရသည့်အတွက် တည်ငြိမ်ပတ်လမ်းဟု ခေါ်ဆိုခြင်းဖြစ်သည်။

တည်ငြိမ်ပတ်လမ်းထဲ၌ လှည့်ပတ်နေသော ဂြိုဟ်တု၏ မြင်ကွင်းသည် ကမ္ဘာမြေ၏ သုံးပုံတစ်ပုံကို အုပ်မိုးထားနိုင်သည်ကို လက်တွေ့ကျကျ သိရှိလာကြသောကြောင့် ထိုပတ်လမ်းထဲတွင် ဆက်သွယ်ရေး ဂြိုဟ်တုသုံးလုံးကို အကွာအဝေး အညီအမျှထားခြင်းဖြင့်ရုပ်မြင်သံကြား ထုတ်လွှင့်မှုနှင့် တယ်လီဖုန်းဆက်သွယ်ပြောဆိုမှုများက ကမ္ဘာတစ်ဝန်းလုံးကို လွှမ်းခြုံထားနိုင်ကြောင်း ရေးသားခဲ့သည့် သိပ္ပံ စာရေးဆရာ အာသာစီကလပ်၏ အကြံပြုချက်များ မှန်ကန်သည်ကို အမေရိကန်သိပ္ပံပညာရှင်တို့က လက်ခံခဲ့ကြရသည်။

မျက်မှောက်ကာလတွင်လည်း ကမ္ဘာ့နိုင်ငံအသီးသီးတို့က လွှတ်တင်ခဲ့ကြသည့် ဆက်သွယ်ရေး ဂြိုဟ်တုများကို တည်ငြိမ်ပတ်လမ်းထဲ၌သာ နေရာချထားသည်ကို တွေ့ရှိနိုင်သည်။ သို့ရာတွင် ကမ္ဘာ့မြေလေ့လာရေး ဂြိုဟ်တုများနှင့် မိုးလေဝသဂြိုဟ်တုများကိုမူ တည်ငြိမ်ပတ်လမ်းထဲ၌ နေရာချထားခြင်းမပြုဘဲ ဝင်ရိုးစွန်းပတ်လမ်းထဲ၌သာ နေရာချထားကြရသည်။ ကမ္ဘာ့တောင်နှင့်မြောက်ဝင်ရိုးစွန်းများပေါ်မှ ဖြတ်သန်း၍ လှည့်ပတ်သည့်လမ်းကြောင်းကို ဝင်ရိုးစွန်းပတ်လမ်းဟု ခေါ်ဝေါ်ပြီး ကမ္ဘာက အရှေ့မှ အနောက်သို့ လည်နေစဉ်၊ ထိုပတ်လမ်းထဲရှိ ဂြိုဟ်တုများက တောင်မှမြောက်သို့ လှည့်ပတ်ရင်း ကောင်းကင်ဓာတ်ပုံများ ရိုက်ကူးခြင်းဖြင့် တစ်ကမ္ဘာလုံးကို လွှမ်းခြုံသော ကောင်းကင်ဓာတ်ပုံများကို ကမ္ဘာ့မြေပြင်ဆီသို့ ပြန်လည်ပေးပို့နိုင်ကြသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်ကာလနောက်ပိုင်းတွင် အမေရိကန်နှင့် ဆိုဗီယက်တို့၏ စစ်မက်ရေးရာကို အခြေခံသော နည်းပညာ ပြိုင်ဆိုင်မှုသည် စစ်အေးခေတ်၏ အကြိတ်အနယ်ယှဉ်ပြိုင်ပွဲကြီး ဖြစ်လာခဲ့တော့သည်။ အာကာသထဲသို့ ဒုံးပျံများ ပစ်လွှတ်နိုင်ရေးနှင့် လူသားများပို့လွှတ်နိုင်ရေး၊ ဆက်သွယ်ရေး ဂြိုဟ်တုလွှတ်တင်နိုင်ရေး၊ လနှင့်အခြားဂြိုဟ်များဆီသို့ အာကာသယာဉ်များ ပစ်လွှတ်နိုင်ရေး၊ လနှင့်အင်္ဂါဂြိုဟ်ပေါ်သို့ အာကာသယာဉ်များ ဆင်းသက်နိုင်ရေး၊ လပေါ်သို့ လူသားများ ခြေချနိုင်ရေး၊ အင်္ဂါဂြိုဟ်ပေါ်၌ လူသားများ အခြေချနေထိုင်နိုင်ရေးစသည်ဖြင့် အာကာသသိပ္ပံရေးရာ နယ်ပယ်ကြီးထဲတွင် ပြိုင်ဆိုင်မှုများ ပို၍ပြင်းထန်လာခဲ့သည်။

အမေရိကန်တို့က မာကျူရီ အာကာသစီမံကိန်းဖြင့် လူသားတို့ကို အာကာသထဲသို့ ပို့ဆောင်မည့် အစီအစဉ်ကို ၁၉၅၈ ခုနှစ် အောက်တိုဘာလက ထုတ်ပြန်ကြေညာခဲ့သည်။ ၁၉၅၉ ခုနှစ် ဇန်နဝါရီလတွင် ဆိုဗီယက်တို့က Luna-1 အာကာသယာဉ်ကို လအနီးသို့ ချဉ်းကပ်နိုင်စေခဲ့သည်။ ဆိုဗီယက်တို့က ၁၉၆၁ ခုနှစ် ဧပြီလတွင် အာကာသထဲသို့ ကမ္ဘာ့ပထမဦးဆုံးသော လူသားတစ်ဦးကို စေလွှတ်နိုင်ခဲ့သလို အမေရိကန်တို့ကလည်း နောက်တစ်လအကြာ မေလထဲတွင် ပထမဦးဆုံးသော အာကာသယာဉ်မှူး အလန်ရှက်ပတ်ကို မာကျူရီစီမံကိန်း၏ Freedom-7 အာကာသယာဉ်ဖြင့် အာကာသထဲသို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

၁၉၆၁ ခုနှစ် မေလ ၅ ရက်နေ့က အာကာသယာဉ်မှူး အလန်ရှက်ပတ်သည် Redstone ဒုံးပျံဖြင့် ပစ်လွှတ်သော Freedom-7 အာကာသယာဉ်ဖြင့် လိုက်ပါသွားကာ အမေရိကန်ပြည်ထောင်စု၏ ပထမဦးဆုံးသော အာကာသသူရဲကောင်း ဖြစ်လာခဲ့သည်။ အလန်ရှက်ပတ်၏ အာကာသခရီးစဉ် အောင်မြင်မှုကို အကြောင်းပြု၍ ၁၉၆၁ ခုနှစ် မေလ ၂၅ ရက်နေ့တွင် အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီက လွှတ်တော်နှစ်ရပ် ပူးတွဲအစည်းအဝေး၌ ၁၉၇၀ ပြည့်နှစ်မတိုင်မီ အမေရိကန် အာကာသသူရဲကောင်းများအား လပေါ်သို့ စေလွှတ်မည်ဖြစ်ကြောင်း မိန့်ခွန်းပြောကြားခဲ့ရာ ထိုစဉ်က လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့်တကွ နာဆာ (NASA) တာဝန်ရှိသူများကိုပင် ရုတ်တရက် အံ့အားသင့်သွားစေခဲ့သည်။

သမ္မတကနေဒီ၏ အမြော်အမြင်ကြီးမားလှသော ထိုမိန့်ခွန်းသည် နာဆာ တာဝန်ရှိသူများအတွက် မလုပ်မဖြစ်သော အမိန့်တစ်ရပ်ဖြစ်သလို အမေရိကန်ပြည်သူအားလုံးတို့အတွက်လည်း သိပ္ပံပညာလောက၏ တစ်ဆစ်ချိုးပြောင်းလဲတိုးတက်မှုကို မြင်တွေ့ရစေမည့် ကြိုတင်နိမိတ်တစ်ခုလည်း ဖြစ်ခဲ့သည်။

---



## ရေကြီးနစ်မြုပ်မှု မဖြစ်စေရေးရေနုတ်မြောင်းတူးဖော်

**ဝက်လက် ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် သမရိုးကျေးရွာအုပ်စုအတွင်းရှိ တောင်သူများ၏ လယ်မြေဧက ၅၀၀၀ ကျော်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ရန်အတွက် သမရိုးစာသင်ကျောင်းဘေးရှိရေနုတ်မြောင်းတူးဖော်ခြင်းကို တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းလုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ အဆိုပါ လုပ်ငန်း ဆောင်ရွက်ရာသို့ ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်း၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်နှင့် တာဝန်ရှိသူများကကွင်းဆင်းစစ်ဆေးခဲ့ပြီးလုပ်ငန်းများအချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ ရေလမ်းကြောင်းဖြောင့်ဖြူးရေးတို့အတွက် ဆောင်ရွက်ရန်ရှိသည်များကို မှာကြားခဲ့ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

---

## စုပေါင်း သွေးလှူဒါန်းကြမည်

**ရန်ကုန်-ဇန်နဝါရီ ၁၈**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ဓမ္မရောင်ခြည် ဓမ္မဒါနဖောင်ဒေးရှင်းက (၂၅) ကြိမ်မြောက်အဖြစ် ဇန်နဝါရီ ၂၁ ရက် (စနေနေ့)နှင့် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် မာတာသွေးလှူရှင်အသင်းက (၁၄) ကြိမ်မြောက်အဖြစ် ဇန်နဝါရီ ၂၂ ရက် (တနင်္ဂနွေ)နေ့တို့တွင် နံနက် ၉ နာရီမှ စတင်ကာ စေတနာရှင်သွေးလှူရှင်များက စုပေါင်း၍ သွေးလှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

# မန္တလေးမြို့၌ အရေးပေါ်ကယ်ဆယ်ရေး အခြေခံသင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပရဟိတအသင်းချုပ်က ဦးစီး၍ နာရေးကူညီမှုအသင်း(ရန်ကုန်)၊ K-Ambulance၊ Parla Rescue(မန္တလေး)နှင့် M-Rescue တို့ ပူးပေါင်းဖွင့်လှစ်ပို့ချခဲ့သော လျှပ်တပြက် အရေးပေါ်ကယ်ဆယ်ရေး အခြေခံသင်တန်းဆင်းပွဲကို အောင်မြေသာစံမြို့နယ် ငြိမ်းမြရတနာကျောင်းတိုက်၌ ဇန်နဝါရီ ၁၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ အထက်မြန်မာနိုင်ငံ မြို့နယ်များရှိ ပရဟိတအသင်းပေါင်း ၄၉ သင်းမှ သင်တန်းသား သင်တန်းသူ ၂၄၅ ဦး တက်ရောက်ခဲ့ပြီး ဆရာဝန်ကိုးဦး၊ K-Ambulance မှ ကယ်ဆယ်ရေးဆရာကိုးဦး၊ Parla Rescue မှဆရာခြောက်ဦး၊ M-Rescue မှ ဆရာနှစ်ဦးတို့က နှလုံးပြန်လည်နှိုးခြင်း၊ ပတ်တီးနှင့်ကြပ်စီးခြင်း၊ ပစ္စည်းမဲ့ လူနာသယ်ဆောင်နည်းနှင့် အထောက်အကူပြုပစ္စည်း အသုံးပြုပြီး လူနာသယ်ဆောင်နည်းများကို ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ စာတွေ့လက်တွေ့ ပို့ချခဲ့ကြကြောင်း သိရသည်။

သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ "ဒေသအသီးသီးမှာ ပရဟိတလုပ်ငန်းတွေ ဆောင်ရွက်နေကြတဲ့အသင်းတွေ အချင်းချင်း ရင်းနှီးမှုပိုမိုရရှိလာစေပြီး ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုရရှိအောင် ရည်ရွယ်ပြီး ဒီသင်တန်းကို စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်"ဟု အောင်မြေသာစံ ပရဟိတအသင်းချုပ်နှင့် ကလျာဏမိတ္တအသင်း ဥက္ကဋ္ဌ ဦးခင်မောင်တင့်က ပြောကြားသည်။

K-Ambulance မှ ခေါင်းဆောင်ဖြစ်သည့် ကိုဉာဏ်ထွန်းက "ပရဟိတအသင်းတွေအနေနဲ့ အရေးပေါ်ကယ်ဆယ်ရေး ဆောင်ရွက်ကြတဲ့အခါ စေတနာအလျောက်ဆောင်ရွက်တာဖြစ်ပေမယ့် လုပ်ပုံလုပ်နည်း မမှန်ကန်တဲ့အခါမှာ ကာယကံရှင်အတွက် နောက်ဆက်တွဲဆိုးကျိုးတွေ ခံစားရနိုင်ပါတယ်။ ဒီလိုအဖြစ်မျိုးတွေမဖြစ်အောင် စနစ်တကျဆောင်ရွက်တတ်ဖို့ အခုလိုသင်တန်းတွေ ပေးရတာပါ"ဟု ပြောသည်။

ကျွန်တော်တို့ ပရဟိတ ဆောင်ရွက်နေသူတွေအတွက် အခုလိုသင်တန်းတက်ရောက်ခွင့်ရတဲ့အတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ စနစ်တကျ ဆောင်ရွက်လာနိုင်မှာဖြစ်လို့ များစွာအကျိုးရှိပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့မှာ ဒီလိုသင်တန်းမျိုး တက်ခွင့်ရဖို့ မလွယ်ပါဘူး။ အခုလို သင်တန်းတက်ခွင့်ရအောင် စီစဉ်ဖိတ်ကြားပေးသူတွေရော သင်တန်းမှာ လာရောက်ပို့ချပေးသူတွေကိုရော အထူးကျေးဇူးတင်ပါတယ်"ဟု လားရှိုးမြို့သံသရာအေးမိသားစု ပရဟိတအသင်းမှ သင်တန်းလာတက်သူကိုအောင်လှိုင်ဦးက ပြောသည်။

သင်တန်းဆင်းပွဲသို့ သင်တန်းဖြစ်မြောက်ရေးအဖွဲ့ဝင်များ၊



သင်တန်းဆရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြပြီး နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် ကျော်သူ ပရဟိတကွန်ရက်၏ ဥက္ကဋ္ဌ ဦးကျော်သူနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ **အေးမြ(မန္တလေး)**

## ထင်သာမြင်သာပြုပြင်စရာ

### ကုက္ကိုကိုင်းနှင့်မလွတ်၍ ကားများ ရှောင်ကွင်းမောင်းနှင်နေရ

**မြင်းမူ ဇန်နဝါရီ ၁၈**

မြင်းမူမြို့ကျွန်စစ်သားရပ်ကွက်အတွင်း မြန်မာ့စီးပွားရေးဘဏ်အနီး မုံရွာ-မန္တလေးကားလမ်းပေါ်၌ လမ်းဘေးကုက္ကိုပင်ကြီး၏ အကိုင်းအခက်များသည် မြင်းမူမှ မုံရွာသို့အသွားဘက် ကားလမ်းပေါ်တွင် အုပ်မိုးကျလျက်ရှိပြီး ရန်ကုန်မှ မုံရွာ၊ နေပြည်တော်မှ မုံရွာသို့ မောင်းနှင်လာသော EXPRESS ကားကြီးများမှာ ထိုနေရာ ရောက်လျှင် တစ်ဖက်ယာဉ်ကြောပေါ်ရောက်သည်အထိ သစ်ကိုင်းကြီးကို ရှောင်ကွင်းမောင်းနှင်နေကြရကြောင်း သိရသည်။

သို့ဖြစ်၍ ယာဉ်အန္တရာယ်ဖြစ်ပွားမည်ကို စိုးရိမ်နေရသောကြောင့် အဆိုပါကားလမ်းပေါ်တွင် အုပ်မိုးနေသောယင်းကုက္ကိုပင်ကြီး၏ သစ်ကိုင်းအခက်အလက်များကို ခုတ်ထွင်ရှင်းလင်းပေးရန် မြို့နေပြည်သူများက ဆန္ဒရှိနေကြကြောင်း သိရသည်။ (၀၇၇)



## စိုက်ပျိုးရေရရှိရေးအတွက် ကြာစုကန်နှင့်ဒေါင့်ကန်ကို ပြန်လည်တူးဖော်မည်

**သာစည် ဇန်နဝါရီ ၁၈**

သာစည်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေကန်များဖြစ်သည့် အလယ်ကန်ကျေးရွာအုပ်စုမှ ကြာစုကန်နှင့် ညောင်ပင်သာကျေးရွာအုပ်စုရှိ ဒေါင့်ကန်တို့ကို ဒေသခံတောင်သူများ စိုက်ပျိုးရေ လုံလောက်စွာသုံးစွဲနိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ဖြည့်စွက် ရန်ပုံငွေ ရရှိပါက ပြန်လည်တူးဖော်ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၁၁ ရက်က ကျင်းပခဲ့သည့် ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး(တတိယနေ့)တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက ရှင်းလင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

ကြာစုကန်သည် သာစည်မြို့နယ် အလယ်ကန်ကျေးရွာအုပ်စု အလယ်ကန်ကျေးရွာမှ နှစ်မိုင်ခန့်အကွာတွင်ရှိပြီး ကန်ပေါင်အလျားမှာ ၂၅၀၀ ပေခန့်ရှိကာ အရှေ့ဘက် ရှမ်းရိုးမတောင်တန်းပေါ်မှ တောင်ကျရေအများအပြားစီးဝင်သော ကန်တစ်ခုဖြစ်သည်။ ယင်းကန်ကို မပြုပြင်ခဲ့သည်မှာ နှစ်ပေါင်း ၄၀ ကျော် ကြာပြီဖြစ်၍ ကန်အတွင်း သဲနုန်းများပို့ချသဖြင့် တိမ်ကောနေပြီး ကန်ပေါင်အမြင့်မှာ သုံးပေခန့်သာ ရှိတော့သည်။ ရေထုတ်ပြွန်များမှာ ပျက်စီးလျက်ရှိပြီး ရေပိုလွှဲလည်း မရှိသည်ကို တွေ့ရသည်။ ကြာစုကန်ကို ကန်အတွင်းရှိ သဲနုန်းများ တူးဖော်ပေးခြင်း၊ ကန်ပေါင်ကို ပုံစံကျမြှင့်တင်ခြင်း၊ ရေထုတ်ပြွန်၊ ရေပိုလွှဲများ တပ်ဆင်ပေးပြီး ရေဝင်လမ်းကြောင်းများ တူးဖော်ပေးခြင်းတို့ ဆောင်ရွက်ပေးပါက ဒေသခံတောင်သူများ၏ မိုးစပါးစိုက်ဧက ၂၀၀ ကျော်ကို စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်မည်ဖြစ်သည်။

ဒေါင့်ကန်သည် သာစည်မြို့နယ် ညောင်ပင်သာကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၏ တောင်ဘက်တွင်ရှိသော တစ်ဖက်ဆည်ကန်တစ်ခုဖြစ်သည်။ ကန်ပေါင်အလျားမှာ ပေ ၂၅၀၀ ခန့်ရှိပြီး ကန်ပေါင်အမြင့်မှာ နှစ်ပေခန့်သာ ရှိသည်။ ရေထုတ်ပြွန်များမှာ ပျက်စီးလျက်ရှိပြီး ရေပိုလွှဲမရှိ၍ ကန်အတွင်း ရေသိုလှောင်နိုင်မှုမပြုနိုင်တော့ကြောင်း သိရသည်။ ဒေါင့်ကန်အတွင်း သဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင် ပုံစံကျမြှင့်တင်ပေးခြင်း၊ ရေထုတ်ပြွန်၊ ရေပိုလွှဲများတပ်ဆင်ပေးခြင်းတို့ ဆောင်ရွက်ပေးခြင်းဖြင့် ညောင်ပင်သာကျေးရွာအုပ်စုအတွင်းမှ မိုးစပါးစိုက်ဧက ၁၇၀ ကျော်အတွက် စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

## ရွှေကျင်မြို့နယ် စည်ပင်သာယာ၏ အရပ်ရပ်အခွင့်အရေးလိုင်စင်များ လေလံတင်ရောင်းချ

**ရွှေကျင် ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အဖွဲ့ပိုင် အရပ်ရပ်အခွင့်အရေးလိုင်စင်များ ပထမအကြိမ် လေလံတင် ရောင်းချပွဲကို မြို့နယ်စည်ပင်သာယာရေးရုံး၌ ဇန်နဝါရီ ၁၆ ရက်က ပြုလုပ်ခဲ့သည်။

လေလံတင်ရောင်းချပွဲသို့ ရွှေကျင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့နယ် စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးအောင်မိုးဦးက အမှာစကားပြောကြားကာ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်းတို့က လေလံနှင့်ပတ်သက်သည့် စည်းမျဉ်း စည်းကမ်းများကိုလည်းကောင်း၊ လေလံတင်ရောင်းချရငွေများဖြင့် မြို့စည်ပင်သာယာရေးအတွက် အသုံးပြုသွားမည့်အခြေအနေကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

လေလံများအနေဖြင့် အပေါင်ဆိုင်လုပ်ငန်း ၂၀၊ ကူးတို့လုပ်ငန်း ၁၅ ခု၊ သားသတ်လုပ်ငန်း လေးခု၊ မြို့ဝင်ကြေးလုပ်ငန်း တစ်ခု၊ စက်ဘီးအပ်လုပ်ငန်း တစ်ခုနှင့် ဈေးကောက်လုပ်ငန်းတစ်ခု စုစုပေါင်း လုပ်ငန်း ၄၂ ခု ပါဝင်ပြီး လုပ်ငန်းအားလုံးကို လေလံတင်ရောင်းချရာတွင် ကျပ် ၂၂၃ဝ သိန်းကျော် ရရှိခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရေပေးဝေရေးစီမံကိန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**ကော့သောင်း ဇန်နဝါရီ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ သောက်သုံးရေပေးဝေရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် ကော့သောင်းမြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ ဇန်နဝါရီ ၁၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

နှစ်စဉ် နွေရာသီကာလအတွင်း သောက်သုံးရေအခက်အခဲကို ကြုံတွေ့ရလေ့ရှိသည့် ကော့သောင်းမြို့၌ မြို့နေပြည်သူများ၏ သောက်သုံးရေလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်မည့် အဆိုပါ ရေပေးဝေရေးစီမံကိန်းကို ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ဆိုင်ရာ ချေးငွေဖြင့် Road Master ကုမ္ပဏီက တာဝန်ယူပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းများဖြစ်သည့် ပင်မရေအရင်းအမြစ် ရရှိနိုင်မည့် ယင်းဝါ ရေလှောင်တမံ၏ ပင်မရေလှောင်ကန် တည်ဆောက်ပြီးစီးမှုနှင့် မြို့ပေါ်ရပ်ကွက်များသို့ ရေပိုက်လိုင်းသွယ်တန်းနေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။

အဆိုပါ ကော့သောင်းမြို့ရေပေးဝေရေးစီမံကိန်း လုပ်ငန်းများကို မတ်လအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန် လျာထားကြောင်းနှင့် လုပ်ငန်းများပြီးစီးပါက မြို့ပေါ်ရပ်ကွက်နေပြည်သူများသို့ သောက်ရေသုံးရေများ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း စီမံကိန်းတာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ဖျာပုံအသင်း နှစ်(၆၀)ပြည့် အခမ်းအနားတွင် မြန်မာရာမာယဏဇာတ်တော်ကြီး ဂုဏ်ပြုကပြမည်

**ဖျာပုံ ဇန်နဝါရီ ၁၈**

ရန်ကုန်မြို့ Panda Hotel ၌ ဇန်နဝါရီ ၂၂ ရက် နံနက် ၈ နာရီအချိန်မှစ၍ ကျင်းပမည်ဖြစ်သော ဖျာပုံမြို့နယ် အသင်း (ရန်ကုန်)၏ နှစ်(၆၀)ပြည့် အခမ်းအနား၌ ဖျာပုံနန်းတွင်း မြန်မာရာမာယဏဇာတ်တော်ကြီးဖြင့် ဂုဏ်ပြုကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် အသင်း၏ အကြိမ်(၅၀)မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကိုလည်း ကျင်းပမည်ဖြစ်ပြီး အမှုဆောင်အသစ်များ ရွေးချယ်ခြင်း၊ အသင်းဝင်များထဲမှ အသက်(၈၀)နှစ်အထက် ဘိုးဘွားများအား သက်ကြီးပူဇော်ခြင်း၊ နိုင်ငံတော်မှ ချီးမြှင့်သည့် စာပေဂီတဘွဲ့တံဆိပ် ဂုဏ်ပြုဆုရရှိသူများအား ထပ်ဆင့်ဂုဏ်ပြုခြင်း၊ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိကြသူများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း စသည့်အစီအစဉ်များနှင့်အတူ ဖျာပုံ



ရာမဇာတ်ဖြင့် ဂုဏ်ပြုကပြခြင်း၊ ရွှေတောင်ပျံအငြိမ့်ဖြင့် ဂုဏ်ပြုညှော့ခံ ဖျော်ဖြေခြင်းတို့ ပါဝင်မည်ဖြစ်ရာ ဖျာပုံသူ ဖျာပုံသားများ တက်ရောက်ကြရန် အသင်းကြီးက နှိုးဆော်ထားကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကြောင့် အလုပ်အခွင့်အလမ်း ပိုမိုရရှိ

**မိတ္ထီလာ ဇန်နဝါရီ ၁၈**

မိတ္ထီလာမြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ အချိန်ရင်းနှီး၍ ပညာသင်ယူခြင်းဖြင့် ကျေးလက်နေလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလျက်ရှိကြောင်း သိရသည်။



“ဒီရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတက်ရောက်ပြီး ရက်ကန်းပညာလာရောက်သင်ယူသူ အများစုက ကျေးလက်နေလူငယ်တွေ ဖြစ်ပါတယ်။ သူတို့အတွက် အချိန်ခြောက်လ၊ တစ်နှစ် ရင်းနှီးပြီးတော့ ရက်ကန်းနဲ့ ပတ်သက်တဲ့ လက်ရက်ကန်း၊ ချည်မျှင်နဲ့ အထည် အလိပ် ကျွမ်းကျင်ပညာ၊ စက်မောင်း စက်ပြင်ပညာတွေကို သင်ယူပြီး သူတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမိုရရှိပါတယ်။ ဒီသင်တန်းမှာ တက်ရောက်ဆဲကာလအတွင်းမှာပဲ ဝမ်းတွင်း၊ မိတ္ထီလာ၊ အမရပူရ၊ မန္တလေးမြို့ တွေမှာရှိတဲ့ ရက်ကန်းလုပ်ငန်းရှင်တွေက သူတို့အလုပ်ရုံမှာ အလုပ်လာလုပ်ကြဖို့ ကြိုတင်ပြီးတော့ လူခေါ်ထားတာမျိုးတွေရှိတယ်။ ရက်ကန်းလုပ်သားကလည်း ဒီနေ့ခေတ်မှာ အရင်ကထက် ပိုပြီး ရှားပါးလာတာကြောင့်လည်းပါ တယ်။ ပြီးတော့ မိတ္ထီလာရက်ကန်းသင်တန်းကျောင်းဆင်းဆိုရင် ရက်ကန်းလုပ်ငန်းပိုင်ရှင်တွေကလည်း ပညာရပ်ပိုင်းမှာ စိတ်ချရတယ်ဆိုပြီးတော့ ဦးစားပေး ခေါ်ချင်ကြတယ်”ဟု ယင်းသင်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ် ဦးသာဝက ပြောသည်။

ယခုအခါ မိတ္ထီလာ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော စက်မောင်းစက်ပြင်သင်တန်းတွင် သင်တန်းသား ၁၀ ဦး၊ လက်ရက်ကန်း ခြောက်လသင်တန်းတွင် ၁၀ ဦး၊ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင် တစ်နှစ်သင်တန်းတွင် ၂၀ စုစုပေါင်း ၄၀ တက်ရောက် သင်ကြားလျက်ရှိပြီး သင်တန်းသား သင်တန်းသူများ ပညာသင်ကြားရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန် ရည်ရွယ် ချက်ဖြင့် နှစ်ထပ်စာသင်ဆောင်သစ် တစ်ဆောင်ကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကျောင်းပေါင်း ၁၇ ကျောင်းသို့ ကျောင်းဝတ်စုံများလှူဒါန်း

**ဒေးဒရဲ ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ဦးစီးပဓာနနာယကဖြစ်သော ဆရာတော် ဘဒ္ဒန္တနိမလနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နှင့် ဒေးဒရဲမြို့နယ်အတွင်းရှိ ပင့်သံဃာတော်များအား သင်္ကန်းပရိက္ခရာ ရှစ်ပါးနှင့် ပိဋကတ်သုံးပုံ ဆက်ကပ်လှူဒါန်းခြင်း၊ သက်ကြီးဘိုးဘွားများအား အဝတ်အထည်နှင့် ဆေးဝါးများလှူဒါန်းခြင်း၊ အလက၊ အမကကျောင်း ၁၇ ကျောင်းမှ ဆရာဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ပညာရေးအထောက်အပံ့ပစ္စည်းများလှူဒါန်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက ဒေးဒရဲမြို့နယ် ဆိုင်ကူမြစ်တန်းကျေးရွာ ကျောင်းသစ်ကျောင်းတိုက်၌ ကျင်းပသည်။



အဆိုပါ လှူဒါန်းပွဲအခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ ခရိုင်နှင့် မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သက်ကြီးဘိုးဘွားများ၊ ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆရာတော် ဘဒ္ဒန္တနိမလက “ ဦးပဥ္စင်းတို့အနေနဲ့ မိမိတို့ဒေသကို ပြန်လည်ကျေးဇူးဆပ်တဲ့အနေနဲ့ အခုလိုလှူဒါန်းမှုဟာ ကိုးကြိမ်မြောက်ရှိသွားပြီဖြစ်ပါတယ်။ ဒီနှစ်မှာတော့ ထူးထူးခြားခြား ပင့်သံဃာတော် ၄၅ ပါးအတွက် တစ်ပါးလျှင် ပရိက္ခရာ ရှစ်ပါး၊ ပိဋကတ်သုံးပုံ၊ ဆေးပစ္စည်း၊ စားသောက်ဖွယ်ရာ၊ ဘိုးဘွား ၃၀၀ အတွက် တစ်ဦးလျှင် ပုဆိုး၊ လုံချည်၊ အင်္ကျီ၊ မျက်နှာသုတ်ပဝါ၊ ခြုံစောင်၊ ဆေးပစ္စည်း၊ စားသောက်ဖွယ်ရာပစ္စည်းကိုးမျိုး၊ ကျောင်းသားကျောင်းသူ ၂၀၀၀ ကျော်အတွက် ကျောင်းစိမ်းဝတ်စုံ၊ စာရေးကိရိယာပစ္စည်းခုနစ်မျိုး၊ ဆရာ ဆရာမ ၇၀ အတွက် ပညာရေးအထောက်အပံ့ပစ္စည်းများနဲ့ အဝတ်အထည်များ လှူဒါန်းပေးခဲ့ပါတယ်” ဟု ဆရာတော်က မိန့်ကြားသည်။

ထို့အပြင်ကျောင်းအနီးတွင် ငွေကျပ် ၆၃ သိန်းတန်ဖိုးရှိ သောက်သုံးရေကန် တစ်ကန်ကိုလည်း တူးဖော်ပေးခဲ့ကြောင်း၊ ဒေသခံပြည်သူများအား ရန်ကုန်မြို့မှ ဆရာဝန် ၃၀ ဖြင့် နှစ်ရက်ကြာ အခမဲ့ဆေးကုသမှု၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆက်လက်၍လည်း ကျေးရွာများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးအတွက် လမ်းနှင့် တံတားများကောင်းမွန်ရေး ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ကျေးရွာခုနစ်ရွာအတွက် ကျေးလက်လမ်း တည်ဆောက်

**ကျောက်ဖြူ ဇန်နဝါရီ ၁၈**

ကျောက်ဖြူမြို့နယ်ရှိ ကျောက်ငူကျေးရွာအုပ်စု ကျောက်ငူ-ရွာဟောင်း-ငမောက်ကျွန်-မိချောင်းရေသောက်-အဖိုးပြင်-ဆန်နီခင်း-ပန်းတူမကျေးရွာချင်းဆက် မြေသားလမ်း (၅/၆) မိုင်နှင့်ယင်းလမ်းပေါ်ရှိ ပေ ၂၀ တံတားတစ်စင်း၊ ၁၀ပေတံတားသုံးစင်းနှင့် ရေထုတ်ပြွန် ၁၃ စင်းတို့ကိုမြို့နယ်ကျေးလက်မှ ပြည်ထောင်စုရန်ပုံငွေဖြင့်တည်ဆောက်လျက်ရှိရာ အဆိုပါလုပ်ငန်းခွင်သို့ မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့ ဇန်နဝါရီ ၁၁ ရက်က သွားရောက်ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ အဆိုပါလမ်းနှင့်တံတားများ ဆောင်ရွက်ပေးမှုကြောင့် ကျေးရွာခုနစ်ရွာရှိ ပြည်သူများ လွယ်ကူစွာ သွားလာနိုင်ပြီးဒေသထွက်ကုန်များ အဆင်ပြေစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ပြီးဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၈၄ ဒသမ ၇၆၂ သန်းဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **မောင်ကျော်ကြီး**

# ငြိမ်းချမ်းရေးဆိုင်ရာ လူထုတွေ့ဆုံပွဲကျင်းပ

**ဗန်းမော် ဇန်နဝါရီ ၁၈**

ကချင်ပြည်နယ် ဗန်းမော်မြို့ အေဒီ-၂၀၀၀ ကချင်ကက်သလစ်သာသနာဝင်း အတွင်းရှိ (KMSS) ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်းက ဦးစီး၍ စစ်ဘေးရှောင်စခန်းရှိ မိသားစုဝင်များ၏ ငြိမ်းချမ်းရေးဆိုင်ရာ လူထုတွေ့ဆုံပွဲကို ဇန်နဝါရီ ၁၆ ရက်က ဗန်းမော်မြို့နယ် အောင်သာကျေးရွာ စိန့်ဗရီးဂျစ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းက လက်ရှိ ငြိမ်းချမ်းရေးလုပ်ရှားမှုနှင့် ငြိမ်းချမ်းရေးလုပ်ရှားရာတွင် မည်သူများနှင့် မည်သို့ဝိုင်းဝန်းလုပ်ဆောင်ရမည်ကို ရှင်းလင်းပြောကြားပြီး စစ်ဘေးရှောင်စခန်းမိသားစုဝင်များက ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ သိလိုသည်များအား မေးမြန်းခဲ့ကြကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ထို့နောက် ကချင်သိက္ခာတော်ရ ဆရာကြီး အင်ခွန်ဆန်းအောင်က ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် (IDPs)များ အလွန် အရေးကြီးကြောင်းနှင့် (IDPs)များ ပါဝင်လှုပ်ရှားသင့်ကြောင်း အားပေးစကားပြောကြားပြီး မိုးမောက် (IDPs)မှ ဦးဇော်မိုင်က ငြိမ်းချမ်းရေးနှင့်ပတ်သက်သော မျှော်လင့်ချက်များကို ပြောကြားခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ငူခရိုင် ပြည်သူ့စာကြည့်တိုက်ကို အများပြည်သူ ဝင်ထွက်သွားလာနိုင်သည့် Community Center ဖြစ်လာစေရေးအတွက် ဆောင်ရွက်မှုတစ်ရပ်အဖြစ် အိမ်တွင်းမှုသင်တန်းကျောင်းနှင့် ပူးပေါင်း၍ မြန်မာ့ရိုးရာမုန့်လုပ်နည်းသင်တန်းကို ဇန်နဝါရီ ၁၄ ရက်က ဖွင့်လှစ်ခဲ့ရာ သင်တန်းသို့ တောင်ငူမြို့နယ်အတွင်းရှိ စိတ်ပါဝင်စားသူများ တက်ရောက်သင်ကြားနေစဉ်။
မောင်ရွှေဝင်း(ပြည်)

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒေသခံပြည်သူများ တွေ့ဆုံ

**ကရသူရိ ဇန်နဝါရီ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ကရသူရိမြို့နယ်ခွဲအတွင်းမှ ဌာနဆိုင်ရာများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ရပ်မိ ရပ်ဖများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတော်ဝင်ခန်းမ၌ ဇန်နဝါရီ ၁၅ ရက်က ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းက မြေယာကိစ္စများကိုလည်းကောင်း၊ တိုင်းဒေသကြီး သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမန်းရွှေမြင့်တို့က သဘာဝ သစ်တောသယံဇာတများကို ဝိုင်းဝန်းထိန်းသိမ်းကြရေးကိုလည်းကောင်း ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် ရပ်မိ/ရပ်ဖများ၊ ပြည်သူများက မိမိတို့လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ခွဲ ပြန်/ဆက်)**

# ကလေးများအတွက် ပြိုင်ပွဲများကျင်းပပေး

**ထန်းတပင် ဇန်နဝါရီ ၁၈**

ကလေးငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရေး၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရေး၊ ရဲရင့်တက်ကြွစေရေးနှင့် ပျော်ရွှင်မှုရှိစေရေး ရည်ရွယ်၍ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို ဇန်နဝါရီ ၁၆ ရက်က တောင်ငူခရိုင် ထန်းတပင်မြို့နယ် ပြည်သူ့စာကြည့်တိုက်၌ ကျင်းပပေးခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲများကို ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၆၀ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပခဲ့ပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သဇင်နှင့် မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ(ထန်းတပင်စန်းလွင်)က ပြိုင်ပွဲသုံးသပ်ချက်များကို ရှင်းလင်းပြောကြားကာ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများ ကွင်းဆင်းစစ်ဆေး

**ကသာ ဇန်နဝါရီ ၁၈**

ကသာမြို့နယ် မင်းလယ်ကျေးရွာ၌ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော အဆင့်မြင့်လယ်ယာမြေ ဧက ၁၀၀ ဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှု အခြေအနေကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ဇန်နဝါရီ ၁၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကသာခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြခြင်းဖြစ်သည်။ ကသာမြို့နယ် မင်းလယ်ကျေးရွာရှိ တောင်သူ ၃၉ ဦး၏ လယ်မြေဧက ၁၀၀ ကို အဆင့်မြင့် လယ်ယာအဖြစ် တိုးမြှင့်ခြင်းဖြစ်ကြောင်း၊ စက်မှုလယ်ယာဦးစီးဌာနနှင့် Dream Come True ကုမ္ပဏီတို့ ပူးပေါင်း၍ အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ခြင်းကို ဒီဇင်ဘာ ၄ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၃၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ သမားရိုးကျ လယ်ယာမြေများကို အဆင့်မြင့်လယ်ယာများအဖြစ် ဖော်ထုတ်ခြင်းကြောင့် စိုက်ဧကစနစ် မှန်ကန်ခြင်း၊ လယ်ယာသုံး စက်ကိရိယာများကို လွယ်ကူစွာ အသုံးပြုနိုင်ခြင်း၊ ရေသွင်း/ရေထုတ် ပြုလုပ်ရာတွင် လွယ်ကူခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် မိုးတားကြီးကျေးရွာတွင် လယ်ယာမြေ ဧက ၅၀၊ နောင်ပင်ကျေးရွာတွင် လယ်ယာမြေ ဧက ၉၀ နှင့် ချောင်းဝကျေးရွာတွင် လယ်ယာမြေ ဧက ၆၀ တို့ကို အဆင့်မြင့်လယ်ယာမြေများအဖြစ် ထပ်မံဖော်ထုတ်နိုင်ရေးအတွက် သွားရောက်ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## မှုခင်းသတင်းတိုများ

### ဖုန်းအားသွင်းရာမှ မီးလောင်မှုဖြစ်ပွား

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဇန်နဝါရီ ၁၆ရက် ညနေ ၅ နာရီ ၂၅ မိနစ်ခန့်က ချပ်သင်းကျေးရွာ ပုဏ္ဏားငယ်ကွက်သစ်ရပ် ညောင်ပင်လျိုတံတား အနီးရှိ ဒေါ်ဝေဝေ၏ ကုန်စုံ၌ ဖုန်းအားသွင်းရာမှ ရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ ကြောင်း သိရသည်။ ဒေါ်ဝေဝေ၏ ကုန်စုံဆိုင်အတွင်းရှိ မီးပလပ်ခုံ၌ ဖုန်းအားသွင်းရာမှ ရှော့ဖြစ်ပြီး ဖုန်းမှစတင်မီးလောင်မှုဖြစ်ရာ အနီးရှိ ဓာတ်ဆီပုံးအား ကူးစက်လောင်ပြီး ဆိုင်တစ်ခုလုံးမီးလောင်ခဲ့သည်။ အဆိုပါမီးလောင်ရာသို့ ကန့်ဘလူ၊ ကျွန်းလှ၊ ချပ်သင်းတို့မှ မီးသတ်ကားသုံးစီး၊ သန္နမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ကြရာ ညနေ ၆ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး ဆိုင်ရှင်ဒေါ်ဝေဝေ အား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

### ပင်လည်ဘူးမြို့နယ်၌ ဘိန်းဖြူများ ဖမ်းဆီးရမိ

ပင်လည်ဘူးမြို့နယ် တောင်ဒွန်ရွာနှင့် တောင်ဒွန်ရွာသစ်၌ မူးယစ်ဆေးဝါးမှု ကွင်းဆက် ပြစ်မှုကျူးလွန်သူများထံမှ ဘိန်းဖြူများ ဇန်နဝါရီ ၁၃ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ပင်လည်ဘူးမြို့နယ်ရဲစခန်းရှိ မူးယစ်ဆေးဝါးမှုတစ်ခုမှ တိမ်းရှောင်နေသူ မန္တကျေးရွာနေ မခင်တုတ်(၄၁ နှစ်)၏ နေအိမ်သို့ မြို့နယ်ယာယီရဲမှူး အောင်မင်းစိန် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ပြီး သတင်းအရ ဆက်လက်၍ တောင်ဒွန်းရွာသစ်ကျေးရွာနေ မမြင့်ဌေး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ အလေးချိန် ၇၂ ဂရမ် တန်ဖိုးကျပ် ၇၂ သိန်းခန့်ကိုလည်းကောင်း၊ တောင်ဒွန်းကျေးရွာရှိ ဒေါ်ထူး၏နေအိမ်မှ ဘိန်းဖြူ အလေးချိန် ၂၆၄ ဂရမ်၊ တန်ဖိုးကျပ် ၂၆၄ သိန်းခန့်ကို လည်းကောင်း ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကာ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိ သူများအား ပင်လည်ဘူးရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

### တရားမဝင်သယ်ဆောင်လာသော ပိတောက်တုံးများ ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် လဲကန်ကျေးရွာအနီး၌ ပိတောက်သစ်တုံးများ တရားမဝင်သယ်ဆောင်လာသည့် ယာဉ်တစ်စီးကို ဇန်နဝါရီ ၁၄ ရက်က ဖမ်းမိခဲ့ ကြောင်း သိရသည်။

ပုလဲမြို့နယ်အတွင်း တရားမဝင်သစ်များ ခိုးယူခြင်း၊ ခုတ်လှဲခြင်း၊ ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း လုပ်ငန်းများကို ဖော်ထုတ်ဖမ်းဆီးရေးအတွက် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ရှာဖွေမှု များဆောင်ရွက်စဉ် လဲကန်ကျေးရွာတောင်ဘက် တစ်မိုင်ခန့်အကွာ ၅၅မိုင်-လဲကန် ကားလမ်း၌ ရပ်တန့်ထားသော နံပါတ်မပါ ကန်တာခြောက်ဘီးယာဉ်ကို စစ်ဆေးရာမှ တရားမဝင် ပိတောက်တုံး ၄၁ တုံး(အလေးချိန် ၆ ဒသမ ၅၃၅၆ တန်)ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

### ကောလင်းမြို့နယ်၌ တရားမဝင်သစ်ခွဲသားများ ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကန်ပေါက်ကျေးရွာအနီး၌ တရားမဝင် သစ်ခွဲသားများ ဇန်နဝါရီ ၁၄ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ကောလင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးချစ်လှိုင်နှင့် သစ်တောဝန်ထမ်းများက သစ်တော ရဲတပ်ဖွဲ့ဝင်များနှင့်အတူ သတင်းအရ ကန်ပေါက်ကျေးရွာအနီး ငှက်ပျောတော ချောင်း ဘေးတစ်လျှောက် ဝင်ရောက်ရှာဖွေရာ တရားမဝင်ကျွန်းခွဲသား ၂၄ ချောင်း၊ ပျဉ်း ကတိုးခွဲသား ၃၇ ချောင်း၊ ယမနေခွဲသား ၃၂ ချောင်းတို့ကို တွေ့ရှိခဲ့ပြီး ပိုင်ရှင်မှာ ကန် ပေါက်ကျေးရွာနေ အောင်ကျော်တင်(၄၅ နှစ်)ဖြစ်ကြောင်း သိရသဖြင့် ၎င်းအား ကောလင်းမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

### နဝမတန်းကျောင်းသားများ၏ ဆိုင်ကယ်နှင့်တိုက်၍ လူတစ်ဦးသေဆုံး

ရွှေကူမြို့၌ ကျောင်းသားလူငယ်သုံးဦး စီးလာသောဆိုင်ကယ်ဖြင့် အမျိုးသမီး တစ်ဦးအား ဇန်နဝါရီ ၁၅ ရက်က ဝင်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ရွှေကူမြို့ မော်လမြိုင်လမ်းကွေ့၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စုံစမ်းရာ အထက (၂)ကျောင်း မှ နဝမတန်းကျောင်းသား မောင်ဂွန်နော်ဆန်း မောင်းနှင်ပြီး နဝမတန်းကျောင်းသားနှစ်ဦး လိုက်ပါလာသည့် ဆိုင်ကယ်သည် လမ်းလျှောက်သွားနေသူ အသက် ၅၆ နှစ်အရွယ် အမျိုးသမီးကြီး တစ်ဦးအားတိုက်မိရာ အမျိုးသမီးမှာ နေရာတွင်ပင် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်မောင်းနှင်သူ မောင်ဂွန်နော်ဆန်းအား ဥပဒေနှင့် အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

### တရားမဝင်သယ်ဆောင်လာသောနွားများ ဖမ်းဆီးရမိ

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေကျင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရား မဝင်သယ်ဆောင်လာသော နွား ၁၆ ကောင်ကို ဇန်နဝါရီ ၁၅ ရက်က ဖမ်းဆီးရမိခဲ့ ကြောင်း သိရသည်။ နွားများ တရားမဝင်သယ်ဆောင်လာကြောင်း သတင်းအရ မြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ မန္တလေး-မတ္တရာကားလမ်း ရွှေကျင် ပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ သွားရောက်စောင့်ဆိုင်း၍ မတ္တရာဘက်မှ မန္တလေး ဘက်သို့ ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက်နေ လှမျိုးအောင်(၂၆ နှစ်)မောင်းနှင်လာသော Nissan အဖြူရောင်ယာဉ်ကို ရပ်တန့်ရှာဖွေခဲ့ရာ ယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသော နွား ၁၆ ကောင်ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ နွားများကို တရားမဝင်သယ်ဆောင်လာသူ လှမျိုး အောင်အား ပုသိမ်ကြီးမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ရေဦးမြို့၌ အခမဲ့ဆေးဝါးကုသပေး

**ရေဦး ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး အတွက် တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့က အခမဲ့ကွင်းဆင်းဆေးဝါးကုသပေးလျက်ရှိရာ ရေဦးမြို့နယ် ဆည်မြောင်းရုံးဝင်းအတွင်း၌ ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်ကြာ အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ရေဦးမြို့တွင် အခြေပြု၍ မြို့နယ်အတွင်းရှိ ပြည်သူများအား ဆေးကုသပေးရာတွင် ပါရဂူ၊ အထူးကုဆရာဝန်ကြီးများ၊ ဆေးမှူးများပါဝင်သော ပင်မဆေးကုသရေးအဖွဲ့က ခွဲစိတ်ယာဉ်၊ ဓာတ်မှန်ယာဉ်၊ သွားရောဂါကုသယာဉ်၊ သွားနှင့်ခံတွင်း၊ သွေး၊ ဆီး စစ်ဆေးယာဉ်များဖြင့် တစ်ပါတည်း စမ်းသပ်ခွဲစိတ် ကုသပေးသလို မြို့နယ်အတွင်းရှိ အင်တောကျေးရွာအုပ်စု ဘုတ်ရွာကျေးရွာ၊ မုံတိုင်ပင်ကျေးရွာအုပ်စုနှင့် အခြားမြို့များဖြစ်သော တန့်ဆည်မြို့နယ် ကံထူးမကျေးရွာအုပ်စု၊ ခင်ဦးမြို့ ပရဟိတကျောင်းများသို့လည်း ဆရာဝန်နှင့် ဆေးမှူးများပါဝင်သော ကုသရေးအဖွဲ့ငယ်များဖြင့် ကွင်းဆင်းသွားရောက်ကာ ရောဂါရှာဖွေပေးခြင်း၊ ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

ဆေးကုသရေးအဖွဲ့က ကုသပေးသည့် ရောဂါများအနေဖြင့် မျက်စိခွဲစိတ်ကုသပေးခြင်း၊ သွားရောဂါကုသပေးခြင်း၊ ဓာတ်မှန်ရိုက်ပေးခြင်း၊ နား-နှာခေါင်း-လည်ချောင်းရောဂါ၊ အရိုးအကြောရောဂါ၊ သားဖွားမီးယပ်ရောဂါနှင့် အထွေထွေရောဂါများကို အခမဲ့ ကုသပေးခဲ့ကြောင်း သိရသည်။ သုံးရက်ကြာ အခမဲ့ဆေးဝါးကုသပေးခဲ့ရာတွင် တုံကင်ယူ၍ ကုသမှု လာရောက်ခံယူသူပေါင်း ၄၀၀၀ ရှိပြီး ကွင်းဆင်းအဖွဲ့ငယ်များက ကျေးရွာများအရောက် ဆေးကုသပေးရာတွင် လာရောက်ကုသသူ ၅၀၀၊ စုစုပေါင်း ၄၅၀၀ ရှိကြောင်း သိရသည်။ ဆေးကုသသူများအနက် ၄၅ ရာခိုင်နှုန်းမှာ မျက်စိရောဂါဝေဒနာရှင်များဖြစ်ပြီး ၅၅ ရာခိုင်နှုန်းမှာ အခြားရောဂါများဖြစ်ကြောင်း သိရသည်။

တပ်မတော်ဆေးကုသရေး အဖွဲ့က အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာတွင် အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ရေဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့မရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးနှင့် ကုသရေးဌာနတို့မှ ဝန်ထမ်းများက လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

## မူးယစ်ဆေးဝါးနှင့် အရက်သေစာ ပညာပေးလှုပ်ရှားမှု မြို့နယ်လေးခုတွင် ပြုလုပ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ အစည်းအဝေး(၁/၂၀၁၇)နှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်း လှိုင်သာယာ၊ အင်းစိန်၊ ရွှေပြည်သာနှင့် သန်လျင် မြို့နယ်များတွင် ဇန်နဝါရီ ၂၃ ရက်မှ ၂၉ ရက်အထိ ဆောင်ရွက်မည့် မူးယစ်ဆေးဝါး၊ အရက်သေစာနှင့် ပတ်သက်၍ ပညာပေးရက်သတ္တပတ်လှုပ်ရှားမှု လေးမြို့နယ်စီမံချက် ဆောင်ရွက်ရန်အတွက် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်း၌ ဇန်နဝါရီ ၁၆ ရက်က ပြုလုပ်ခဲ့ ကြောင်း သိရသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက အမှာစကားပြောကြားပြီး အတွင်းရေးမှူး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် မူးယစ်ဆေးဝါး၊ အရက်သေစာနှင့် ပတ်သက်သည့် ရက်သတ္တပတ် လှုပ်ရှားမှုစီမံချက်တွင် ပါဝင်ဆောင်ရွက်ကြမည့် တပ်ဖွဲ့နှင့် ဌာနများ ပူးပေါင်းဆောင်ရွက်ကြမည့် အစီအမံများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ စီမံကိန်းဌာနမှူး ရဲမှူးကြီးဇော်လင်းထွန်းက စီမံချက်နှင့်ပတ်သက်၍ ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့ခွဲ(၃)မှ ခေတ္တတပ်ဖွဲ့ခွဲမှူး ရဲမှူးညွန့်လွင်က တိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုနှင့် တိုင်းဒေသကြီးအတွင်း အသိပညာပေးဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် UNICEF မှ ဌာနေကိုယ်စားလှယ် ဒေါက်တာ ယုယုအောင်က စီမံချက်နှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများကို ပြည်သူလူထုကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် လုပ်ဆောင်သွားရန် ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ လေးမြို့နယ်စီမံချက်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် UNICEF တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကျောင်းသား လူငယ်များနှင့် ပြည်သူလူထုအတွင်း မူးယစ်ဆေးဝါးနှင့် အရက်သေစာသုံးစွဲခြင်း၏ ပြဿနာများ ဆိုးကျိုးများကို ပိုမိုသိရှိနားလည်လာစေရန်အတွက် ပညာပေးနည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ အဖွဲ့ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ စီမံချက်ဆောင်ရွက်မည့် မြို့နယ် လေးခုမှ အုပ်ချုပ်ရေးမှူးများနှင့် ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ မြို့နယ်ကျန်းမာရေးမှူးများ၊ UNICEF မှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့သည်။

**သန်းထိုက်(လှိုင်သာယာ)**

## ဆင်ခြေထောက်ရောဂါကာကွယ်ဆေး ထိုးပေးမည့်အစီအစဉ်အကြောင်း ရှင်းလင်းဟောပြော

**ကျောင်းကုန်း ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်းမှ ဒေသခံပြည်သူများအား ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးထိုးပေးမည့်အစီအစဉ် ရှင်းလင်းပွဲကို မြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အေးချမ်းသာယာခန်းမ၌ ဇန်နဝါရီ ၁၆ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးနိုင်က ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးများကို ဇန်နဝါရီ ၂၀ ရက်မှစတင်၍ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ မြို့နယ်ပေါင်း ၂၀၀ ကျော်တွင် ဆင်ခြေထောက်ရောဂါ အမြစ်တွယ်မှုရှိနေပြီး ကူးစက်ပျံ့နှံ့မှုလည်း ရှိနေသေးရာ ကျောင်းကုန်းမြို့လည်းပါဝင်ကြောင်း၊ ဆင်ခြေထောက် ရောဂါပိုးရှိသောသူကိုကိုက်သော ကျူးလက်စ်ခြင်မှတစ်ဆင့် အခြားသူများအား ရောဂါကူးစက်စေနိုင်ကြောင်း၊ ကြိုတင်ကာကွယ်မထားပါက ကြောက်စရာကောင်းသော ဆင်ခြေထောက်ရောဂါကို ကြုံတွေ့ခံစားရနိုင်ကြောင်း၊ ထို့ကြောင့် ရောဂါကာကွယ်ရန်အတွက် Albendazole ဆေးပြားနှင့် DEC ဆေးပြားများကို အသက်အလိုက် မှန်ကန်စွာ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ကာကွယ်ဆေးတိုက်ကျွေးမှုလုပ်ငန်းများ အောင်မြင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ လူမှုရေးအဖွဲ့အစည်းများက ဝိုင်းဝန်းပံ့ပိုး ကူညီပေးကြစေလိုကြောင်းလည်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ဟောပြောပွဲတွင် ပြောကြားခဲ့သည်။

ကျောင်းကုန်းမြို့နယ်အတွင်း ကာကွယ်ဆေး တိုက်ကျွေးရာတွင် အသက် နှစ်နှစ်မှ ငါးနှစ်အထိ ကလေးပေါင်း ၈၃၃၈ ဦး၊ အသက် ခြောက်နှစ်မှ ၁၄ နှစ်အထိ ကလေးပေါင်း ၂၉၅၅၀၊ အသက် ၁၄ နှစ်အထက် ၁၂၃၀၂၆ ဦး၊ စုစုပေါင်း ၁၆၀၉၁၄ ဦးအား တိုက်ကျွေးသွားမည် ဖြစ် ကြောင်း မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်၊

**ဝင်းကြိုင်(ပြန်/ဆက်)**

## သက်ငယ်မုဒိမ်းမှု ကာကွယ်ရေးဆိုင်ရာများ ပညာပေးဟောပြော

**နွားထိုးကြီး ဇန်နဝါရီ ၁၈**

နွားထိုးကြီးမြို့နယ် ဝက်လူးအထက်တန်းကျောင်း၌ သက်ငယ်မုဒိမ်းမှုများ ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းညွှန့်စိန်က အမှာစကားပြောကြားပြီး အထက်တန်းပြဆရာမ ဒေါ်ငြိမ်းငြိမ်းအေးက သက်ငယ်မုဒိမ်းမှု ဖြစ်ပွားတတ်သည့် အကြောင်းအရင်းများ၊ သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားခြင်းနှင့် ပတ်ဝန်းကျင် ဆက်စပ်မှု၊ အသက်အရွယ် အပိုင်းအခြား၊ ဓလေ့စရိုက်များ၊ သက်ငယ်မုဒိမ်းမှုများနှင့် ပတ်သက်၍ တည်ဆဲဥပဒေများအရ အရေးယူနိုင်မှု အခြေအနေများ၊ သက်ငယ်မုဒိမ်းမှု ဖြစ်ပွားခြင်းမရှိစေရန် ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများကို အသေးစိတ်ဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဌေးမြင့်မောင်**

# MEGA
# PROMOTION

35% ငွေကျေချင်အခန်းအပ်

AFTER KEY
လစဉ် 10 သိန်းခန့်

အတိုးမယူ
လ 100 ငွေချေစနစ်

လှိုင်၊ တာမွေ၊
ကမာရွတ်၊ ရန်ကင်း၊
စမ်းချောင်း၊ ငွေဆောင်၊
ကြည့်မြင်တိုင်၊ သဃ်န်းကျွန်း၊
စီမံကိန်း 19 ခုမှအခန်းပေါင်း
500 ကျော်ရောင်းမည်

နေ့ရက် ▪ 21,22-Jan-2017
နေရာ ▪ People Park
Myanmar Culture
ဦးဝိစာရလမ်း၊ ရွှေတိဂုံဘုရားအနောက်မုဒ်ရှေ့

ဦးဆုံး (30) ခန်းလက်ဆောင်
ပါကေး & AIR-CON

DEVELOPER
i GREEN


အချိန်ကာလသတ်မှတ်ထားပါသည်။
ဒီအထူးအတိုးနှုန်းနဲ့ အခုပဲငွေစုလိုက်ပါ။
9.75%*
INTEREST
FIXED DEPOSIT
FOR THREE MONTHS
နီးစပ်ရာ ဘဏ်ခွဲများမှာ လာရောက် စုံစမ်းနိုင်ပါသည်။
Email: info@yomabank.com | www.yomabank.com
*သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ အကျုံးဝင်ပါသည်။ 9.75% p.a.
ရိုးမဘဏ်
ကျင့်ဝတ်မှန်ကန် ရိုးမဘဏ်


အခမဲ့
ဖုန်းခေါ်ဆိုခြင်း၊ Viber နှင့် Beetalk
အကန့်အသတ်မရှိ
Facebook အစီအစဉ် (၁၉၉ကျပ်သာ)
ooredoo
အခုပဲ
*4444#
ကိုခေါ်ဆိုလိုက်ပါ

- စည်းကမ်းကို အုတ်မြစ်ချသည်၊ စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
- လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။

**ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော်**
ဦးစီးသော...

# UEC

ကက-၁၃/၂၂/၂၅၅

**United Education Centre**

## ကိုယ်ပိုင်အထက်တန်းကျောင်း

**KG - Grade 10**

**အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP**



မောင်လွင်မင်းသိန်း ဆကရ - ၁၄၄၂ (ဘာသာစုံဂုဏ်ထူးရှင်)

## ၂၀၁၆-၁၇ ပညာသင်နှစ် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ


မောင်လွင်မင်းသိန်း ဆကရ-၁၄၄၂ (ဘာသာစုံဂုဏ်ထူးရှင်)


မောင်စိုင်းထေဘုန်းမြတ် ဆကရ-၁၄၃၃ (မြန်မာ၊သင်္ချာ၊ဓာတု၊ရူပ၊ဇီဝ)


မယေယက်ဝင် ဆကရ-၀၄၀၉ (အင်္ဂလိပ်၊သင်္ချာ၊ဓာတု၊ရူပ၊ဇီဝ)


မောင်သက်ဝင်းအောင် ဆကရ-၁၄၃၃ (မြန်မာ၊ဓာတု၊ရူပ၊ဇီဝ)


မကြည်ဖြူအေးချမ်း ဆကရ-၁၄၃၂ (မြန်မာ၊ဓာတု၊ရူပ၊ဇီဝ)

## ၂၀၁၇ - ၁၈ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။

အဆင့်မြင့်ဘော်ဒါ – ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-con တစ်အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။

DAY CAMP – (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။

မူလတန်း၊ အလယ်တန်း – English 4-skills ၊ ပန်းချီ၊ ကွန်ပျူတာ၊ Kids invent စသော Extracurricular Activities များ ပါဝင်သည်။

- Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)
- (၄) ထပ်အဆင့်မြင့်ကျောင်းဆောင်သစ်ကြီး၏ Air-con တစ်စာသင်ခန်းကျယ်ကြီးများတွင်ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။

ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09 7800 20647, 09 7938 93725, 09 51 57988, 09 51 62238

ကျောင်းသူဆောင် ● ခြံအမှတ် (၁၅ A နှင့် B) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းသားဆောင် ● ခြံအမှတ် (၄) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။








## GLORY "မော်တော်ကားနည်းပညာ ဒီပလိုမာအတွက် သင်တန်းသားခေါ်ယူခြင်း"

OIST

▶▶GLORY နှင့် OIST(Japan)တို့ပူးပေါင်းကာ ဂျပန်နိုင်ငံ၏ Third Class Automotive Mechanic သင်ရိုးညွှန်းတမ်း အတိုင်း အောက်ပါသင်တန်းကို ဖွင့်လှစ်ပို့ချပါမည်။

▶▶သင်တန်းအမျိုးအစား - Automotive Engineering Diploma (Class -3) ၊
သင်တန်းကာလ - One Year (တစ်နှစ်) ၊
လက်ခံမည့်ဦးရေ - (၇၅)ဦး ၊
သင်တန်းဖွင့်မည့်ရက် - 25 - 4 - 2017
သင်တန်းအပတ်စဉ် - (၁၆) ၊ (၁၇) ၊ (၁၈)
ပညာအရည်အချင်း - အနိမ့်ဆုံးအဆင့် တက္ကသိုလ်ဝင်တန်း သင်ယူဖူးသူများ ၊

**ရရှိနိုင်သောအခွင့်အရေးများ**

- တန်းခွဲတိုင်းတွင် ပထမရရှိသော ကျောင်းသားများအတွက် ဂျပန်သို့ လေ့လာရေးခရီး စရိတ်ငြိမ်းသွားရောက်ခွင့်ရရှိခြင်း။
- ထူးချွန်ကျောင်းသားများအတွက် Okayama နည်းပညာတက္ကသိုလ်တွင် ဘွဲ့အဆင့်ရှိ မော်တော်ကားနည်းပညာရပ်များ ဆက်လက် သင်ယူနိုင်ခြင်း နှင့် ၎င်းအတွက် Scholorship များရရှိနိုင်ခြင်း။
- သင်တန်းပြီးပါက ဂျပန်တွင် ကျောင်းဆက်တက်ရန် နှင့် အလုပ်လုပ်ကိုင်နိုင်ရန် အတွက် ကူညီဆောင်ရွက်ပေးခြင်း။
- သင်တန်းပြီးလျှင် မြန်မာနိုင်ငံတွင် အလုပ်လုပ်လိုသူများအတွက် ဂျပန်ကားကုမ္ပဏီများ ၊ ဂျပန်ကားဆားဗစ် စင်တာများ တွင် အလုပ်လုပ်ကိုင်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း။
- ဂျပန်ဘာသာ $N_5$ Level ကို အခမဲ့သင်ယူခွင့်ရရှိခြင်း။

▶▶ဂျပန် Okayama နည်းပညာတက္ကသိုလ် မှ ဒီပလိုမာလက်မှတ်ချီးမြှင့်ပါမည်။ စာတွေ့ ၄၀% လက်တွေ့ ၆၀% လက်တွေ့ ဦးစားပေးစနစ်ဖြင့် မော်တော်ကားတစ်စီးလုံး ကို အခြေခံမှ စ၍ အဆင့်မြင့်ထိ သင်ကြားရမည်

## "ဖော်ပြပါ GLORY ၏ မော်တော်ကားနည်းပညာ ကျောင်းသားများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း . . . ."


ဂျပန်နိုင်ငံအထက်လွှတ်တော်အမတ်Mr. Ichiro Aisawa နှင့် GLORY ကျောင်းသားများ


ဂျပန်ကျောင်းသားများ နှင့် GLORY ကျောင်းသားများ ပူးတွဲလေ့ကျင့်သင်ကြားပုံ


ဂျပန်နိုင်ငံ Okayama ကျောင်းတွင်တက်ရောက်နေသော GLORY ကျောင်းသားများ


ဂျပန်နိုင်ငံသို့လေ့လာရေး ခရီးသွားခွင့်ရခဲ့သော GLORY ကျောင်းသားများ

၁၃၈/၁၄၀ ၊ ဒု–ထပ် ၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
**09-73121717 , 09-5197817** www.glory-education.com

# အထူးကြည်ညို ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း



ကျေးဇူးတော်ရှင် သီတဂူဆရာတော်ကြီး

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်၊ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြေငြာစာအမှတ် – ၁/၂၀၁၇ ဖြင့် နိုင်ငံတော် သမ္မတကြီးက **အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကြီး**ကို သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များ၏ အဓိပတိ **တွဲဘက် ရွှေကျင် သာသနာပိုင်ဆရာတော် ဘဒ္ဒန္တဒေါက်တာအရှင်ဉာဏိဿရ** ဆရာတော်ကြီးအား ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ထို့အတွက် အထူးပင်ကြည်ညိုဂုဏ်ယူဝမ်းမြောက်မိပါသည် အရှင်ဘုရား။

ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် တို့အား အထူးပင် ကြည်ညိုလေးစား ဦးထိပ်ပန်ဆင်လျက် ဆရာတော်ကြီး သက်တော်ရာကျော်ရှည်ပါစေကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို အစွမ်းရှည်စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်ဘုရား။

စီမံအုပ်ချုပ်ရေးအဖွဲ့
တောင်တန်းသာသနာပြု သီတဂူစက္ခုဒါနဆေးရုံတော်
မြစ်ကြီးနားမြို့

# ဂုဏ်ယူဝမ်းမြောက်ခြင်း



ကျေးဇူးတော်ရှင် သီတဂူဆရာတော်ကြီး

၂၀၁၇ခုနှစ် ဇန်နဝါရီ ၄ ရက်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲတွင် စစ်ကိုင်းတောင်ရိုး၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် သီတဂူဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ မြန်မာနိုင်ငံလုံးဆိုင်ရာရွှေကျင်နိကာယ တွဲဖက်ရွှေကျင်သာသနာပိုင် မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရ အား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပူဇော်ခြင်းကို အထူးပင်လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူရပါကြောင်း နှင့် ဆရာတော်ကြီးအားရိုသေလေးမြတ်စွာ ဂါရဝပြုဦးတင်ပါသည်ဘုရား…

**ဦးထွန်းနေဦး–ဒေါ်ခင်ခင်ချို မိသားစု**
**ဟိုတယ်–တာချီလိတ်၊ ဘုရင့်နောင်ဈေးပိုင်ရှင်နှင့်**
**အမျိုးဘာသာ သာသနာကိုယ်သာစောင့်ရှောက်ရာအဖွဲ့သားများ၊ တာချီလိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 6K/3664၊ DA HATSU HIJET၊ ယာဉ်လက်ဝယ်ရှိသူ ဦးအရုံ ၁၃/တကန(နိုင်)၀၈၅၅၀၈က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တောင်ကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 8J/5700၊ DOH SHWE MYANMAR၊ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နွေဦး ၁၃/တကန(နိုင်)၂၆၀၉၆၆ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တောင်ကြီး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် S/959 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/6875 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဇဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၃၆ဂျီ၊ မြေကွက်အမှတ် ၉၄ဘီ ၁.၁၊ မြေကွက်တည်နေရာအမှတ်–၁၅စီ၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးတင်မောင် ၁၂/ဗဟန(နိုင်)၀၅၅၁၃၈ အမည်ပေါက် မြေပိုင်မြေအား ဒေါ်ဆွေဝင်းမာ ၁၂/ဗဟန(နိုင်)၀၅၃၉၅၀နှင့် ဒေါ်အေးအေးဆွေ ၁၂/ဗဟန(နိုင်)၀၅၃၈၂၅ တို့က မြေအမည်ပေါက် ဦးတင်မောင်သည် ၁၉–၁၂–၂၀၁၆ ရက်တွင် လည်းကောင်း၊ ဦးတင်မောင်၏ဇနီး ဒေါ်ခင်သင်ဆွေတို့သည် ၁၈–၄–၂၀၁၆ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ပြီး၊ ၄င်းတို့သည် ဦးတင်မောင်နှင့်ဒေါ်ခင်သင်ဆွေတို့၏ သားသမီးများဖြစ်၍ တရားဝင် အမွေဆက်ခံခွင့်ရှိကြောင်း ၄င်းတို့မှတစ်ပါး အခြားအမွေစား၊ အမွေခံမကျန်ရှိကြောင်း ကျမ်းကျိန်လွှာနှင့်ထောက်ခံကျမ်းကျိန်လွှာများ၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ၊ ဦးတင်မောင်နှင့် ဒေါ်ခင်သင်ဆွေတို့၏ သေဆုံးမှုလက်မှတ်များ၊ ယင်းမြေ အမည်ပေါက်ခဲ့သည့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း မွေ့က်ဟကြေညာစာချုပ် ၅၅၆၃/၂၀၁၆ မှုရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ်၊ ၄၀ယ/၁၂၂၅၂၊ Hi Bo Bo၊ ယာဉ်လက်ဝယ်ရှိသူ မခိုင်စပါယ်ရွှေ ၁၃/တကန(နိုင်)၂၂၃၈၈၈ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၇၃၃၇၄ Yamaha Tricker M/C ယာဉ်လက်ဝယ်ရှိသူ Superior International Trading Co., Ltd.က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၉၉၀၀၁ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဌေးဝင်း ၉/ကပတ(နိုင်)၁၆၇၀၇၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/9915 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/3501 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်4k/2235 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/3517 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၇)၊ နယ်မြေ (၁၉)၊ အကွက်အမှတ် (မောသီရိတိုးချဲ့)၊ ဦးပိုင်အမှတ် (၁၅၇၉)၊ ဧရိယာ ၀ဒသမ၀၆၉ဧကရှိ မြေဂရန်အမှတ်အမှတ် ၅၆၁–၅/၁၉၉၆–၁၉၉၇(စီ) ဖြင့် ဒေါ်နန်ဆိုင်း အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်သည် မူရင်းပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ခရိုင်ထွေအုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်နန်ဆိုင်း ၁၃/ကလန(နိုင်)၀၄၄၃၀၂**




## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ငူမြို့နယ်တရားရုံးတော်၌**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၁၄၇**

ဒေါ်လတ်လတ်အောင် **နှင့်** ဒေါ်သန်းသန်းမြင့်
**တရားလို** **တရားပြိုင်**

တောင်ငူမြို့၊ အမှတ်(၁၂၅)၊ မြို့ဦး(၃)လမ်း၊ မင်းကြီးညိုရပ်နေ ဒေါ်သန်းသန်းမြင့်(ဘ) ဦးအဗ္ဗဒူလာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်လတ်လတ်အောင်က အိမ်နှင့်ခြံမြေအရောင်းအဝယ်ကတိပဋိညာဉ်အား ဖောက်ဖျက်၍ စာချုပ်ပါပဋိညာဉ်အရ စရန်ငွေ(၂)ဆဖြစ်သောငွေကျပ် ၅၄၀၀၀၀၀ (ငါးဆယ်လေးသိန်းကျပ်)နှင့် နစ်နာကြေးငွေ ၅၀၀၀၀၀ကျပ် စုစုပေါင်း ငွေကျပ် ၅၉၀၀၀၀၀ (ငါးဆယ့်ကိုးသိန်းကျပ်) ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၃ရက် (၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(သင်းသင်းလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)၊ တောင်ငူမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၃)လမ်း၊ အမှတ်(၈၅)၊ ဧရိယာ ၀ ဒသမ ၀၂၉ ဧက၊ အကျယ်အဝန်း(၂၅'×၅၀')ရှိ နှစ် ၆၀ဂရန်မြေကွက်ပေါ်တွင် တည်ဆောက်မည်ဖြစ်သော ၂ခန်းတွဲ R/C(၆)ထပ်တိုက်၏ ခြေရင်းဘက်ခြမ်း (တိုက်၏ မျက်နှာချင်းဆိုင်မှကြည့်လျှင် ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း (၁၂½'×၅၀') စီရှိ မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်၊ စတုတ္ထထပ်၊ ပဉ္စမထပ် ကြိုပွိုင့် တိုက်ခန်း(၆)ခန်း ရေမီးစုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်သန္တာစိန် ၁၃/ရစန(နိုင်)၀၄၂၄၄၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်အေးမြင့်(စဉ်-၇၁၅၈)** | **ဒေါ်ညိုမာ(စဉ်-၃၅၇၇၆)** |
| **LL.B., LL.M, D.B.L** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် G-1၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀**

## ဖခင်အမည်မှန်

သိန္နီမြို့၊ အထက(၁)သိန္နီ၊ အဋ္ဌမတန်း(B)မှ မောင်ကျော်ဇေယျလင်း၏ ဖခင်အမည်မှန်မှာ လူဦးရေအိမ်ထောင်စုစာရင်း(ပုံစံ ၆၆/၆)အရ ဦးစိုင်းမောင်မြ ဖြစ်ပါကြောင်း။
**ဦးစိုင်းမောင်မြ**

## ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ဖျားလမ်းမကြီး၊ ကန်ဖျားရပ်၊ အမှတ်(၃၃)နေ ကျွန်တော် ဦးဝင်းဗိုလ် ၆/ကသန(နိုင်)၀၀၅၅၈၈ပိုင်ဆိုင်သော ရိုးရိုးလေး-၁ (လှေဂရန်အမှတ်-MD/0030/13) ကမ်းနီးငါးသယ် လိုင်စင်အမှတ် တငလ/မ-ငါးသယ်-၀၈၈ စာရွက်စာတမ်းမူရင်းများမှာ လုပ်ငန်းလုပ်ကိုင်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၆၄၀၈၆၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

တောင်ငူမြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ် (၃-သရက်မှော်)၊ ဦးပိုင်အမှတ် ( c/၄)၊ ဧရိယာ၀ဒသမ ၃၀၄ ဧကရှိမြေအား ဒေါ်နော်ခူး၀ါးအမည်ဖြင့် မြေငှား ဂရန်အသစ် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများ တင်ပြပြီး ယနေ့မှစ၍၁၅ရက်အတွင်း ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူ ဒေါ်နော်ခူး၀ါးအား မြေငှားဂရန်အသစ် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။
**တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၃၄၆**

ဦးအေးချမ်းသူ **နှင့်** ၁။ ဒေါ်စုမြတ်သန္တာ
၂။ ဦးသန်းဇော်ဦး
၃။ ဦးစောမူကဘောထူး
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် ၅၈ နေ (၃)တရားပြိုင် ဦးစောမူကဘောထူး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ငွေကျပ်သိန်း ၁၀၀ နှင့် နစ်နာကြေးငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း ၁၅၀" ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၄ ရက် (၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဆွေမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ဟိုတယ်ရောင်းမည်

မြောက်ဦးမြို့(ရခိုင်)ရှိ ဟိုတယ်ရောင်းမည်။ လက်ရှိလုပ်ငန်းလည်ပတ်နေပါသည်။ (ညှိနှိုင်းဈေး)
**စုံစမ်းရန်-ဖုန်း-၀၉-၇၇၅၁၀၂၂၈၉**

တွန်တရစ် အုတ်ရိုက်စက်
ဒေတ်မိမြေအုတ်ရိုက်စက်ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်းနှင့်(၂)တောင်အုံ။

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

**အောင်ပြည့်စုံ**
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

**အောင်သရဖူ**
အိမ်ပြောင်း၊ အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
[illegible]
အမှတ်-[illegible]
09254009334,
09254009335,
09254009336

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ရေနံချောင်းမြို့နယ်တရားရုံးတော်၌**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၇၀**

မဥမ္မာ **နှင့်** ၁။ ဒေါ်လှညွန့် ၂။ မသန်းငွေ ၃။ မသန်းအေး
၄။ ကိုစိုးလင်း ၅။ ကိုခင်မောင်ကျော် ၆။ မဖြူဖြူခင်
၇။ မနီလာထွေး ၈။ မနွယ်နီ ၉။ မလှဲ့ရည်ဝင်း
၁၀။ ကိုကျော်ခိုင်ဝင်း ၁၁။ မသဲယုထွေး ၁၂။ ကိုတင်ဇော်ထွန်း
**တရားလို** **တရားပြိုင်များ**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ အေးကုန်းရပ်ကွက်နေ (ယခုနေရပ်လိပ်စာမသိသူ) (၅) တရားပြိုင်ကိုခင်မောင်ကျော်(ဘ)ဦးလူခင်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြကန်သာလမ်းနေ (ယခုနေရပ်လိပ်စာမသိသူ) (၇) တရားပြိုင်မနီလာထွေး(ဘ)ဦးလူခင်၊ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကပစ ကျော်စွာစီမံကိန်းနေ (ယခုနေရပ်လိပ်စာ မသိသူ)၊ (၁၂)တရားပြိုင်ကိုတင်ဇော်ထွန်း(ဘ)ဦးတင်မောင်ထွေးတို့သိစေရမည်။

သင်တို့အပေါ်၌ မဥမ္မာက အမွေပုံပစ္စည်းအုပ်ထိန်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ရက် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါရှိသူတရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇန်နဝါရီ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။
**(ပွင့်ဖြိုးလင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး၊ ရေနံချောင်းမြို့နယ်တရားရုံး**

# ကျေးဇူးတင်လွှာ

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ကြောကျပ်တည်းမှုများကို ဖြေလျှော့နိုင်ရန်နှင့် ခရီးသွားပြည်သူများအား ပိုမိုကောင်းမွန်သော အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်သစ်ဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ရန်ကုန်မြို့သယ်ယူပို့ဆောင်ရေးစနစ်သစ်ကို ၂၀၁၇ခုနှစ် ဇန်နဝါရီ ၁၆ရက် နံနက်ပိုင်းမှစတင်၍ ပြောင်းလဲဆောင်ရွက်ခဲ့ပါသည်။

၂။ ထိုသို့ပြောင်းလဲဆောင်ရွက်ခဲ့ရာတွင် အခက်အခဲအမျိုးမျိုးကို ဦးဆောင်ဖြေရှင်း၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပါသော ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့၊ ကဏ္ဍအလိုက်ကျရာတာဝန်ထမ်းဆောင်ပေးခဲ့ကြပါသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအရာထမ်းဝန်ထမ်းများ၊ သယ်ယူပို့ဆောင်ရေးစနစ် ပြောင်းလဲမှုတွင် စုဖွဲ့ပါဝင်ဆောင်ရွက်ကြသော ခရီးသည်တင်ယာဉ်လိုင်းပိုင်ရှင်များနှင့်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၊ ခရီးသွားပြည်သူများလွယ်ကူစွာသွားလာနိုင်ရေးအတွက် တက်ကြွစွာ ပါဝင်လမ်းပြလုပ်အားပေးခဲ့ကြသော လူမှုရေးအသင်းအဖွဲ့အသီးသီးမှပုဂ္ဂိုလ်များ၊ တက္ကသိုလ်ကောလိပ်အသီးသီးမှ ကျောင်းသားလူငယ်များ၊ သမဂ္ဂများ၊ အချိန်နှင့်တစ်ပြေးညီသိရှိအောင် ပြန်ကြားပေးပါသော စာနယ်ဇင်းမီဒီယာအဖွဲ့များ၊ အထူးသဖြင့် ပြောင်းလဲမှုကို စိတ်ရှည်သည်းခံစွာ လိုက်ပါပူးပေါင်းဆောင်ရွက်ပေးကြပါသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိဘပြည်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မှတ်တမ်းတင်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## " ဝါရွှေစင် " ပိုးထည်

**ဆိုင်ဖွင့်လှစ်ခြင်း(၈)နှစ်ပြည့်အထူးဈေးရောင်းပွဲတော်ကြီး**

(Big Sales 20% to 50% Off)

"ဝါရွှေစင် ပိုးထည် "၏ ဆိုင်ဖွင့်လှစ်ခြင်း (၈)နှစ်ပြည့် အထူးဈေးရောင်းပွဲတော်ကြီးကို ဝါရွှေစင် ချစ် Customer များအား ကျေးဇူးတုံ့ပြန်သောအနေဖြင့် (၂၀-၁-၂၀၁၇ မှ ၂၄-၁-၂၀၁၇)အထိ ၅ ရက်တိုင်တိုင် အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း "ဝါရွှေစင်" ချစ်မိတ်ဟောင်းမိတ်သစ် Customer များကို သတင်းကောင်း ပါးအပ်ပါသည်။ အထူးကံစမ်းမဲအစီအစဉ်များလည်းပါရှိပါသည်။ အားပေးမှုကိုကျေးဇူးအထူး တင်ရှိပါသည်။

နေရာ။ ။အမှတ်(၁၇၁)၊ သစ္စာလမ်းမကြီး၊မိုးကောင်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်။
ဖုန်း - ၀၉ ၅၁၁ ၂၅၀၆၊ ၀၉ ၄၀၀၀ ၂၈၈၇၇၊ ၀၉ ၄၂၀၀၀၆၅၂၅၊ ၀၉ ၄၉၃၄၄၅၅၃

## လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်နေ (ဦးသိန်း) + ဒေါ်မြသွင်တို့၏မြေး၊ ဒေါက်တာ ဆုဝေဝင်း
(လ/ထ ဆရာဝန်၊ သင်္ဃန်းကျွန်းစံပြဆေးရုံကြီး)၊ မယမင်းထွန်း၊ B.E (Civil)တို့၏အစ်ကိုကြီး
ဦးဝင်းသိန်း[စက်ခန်းအုပ် (ပြည်တွင်းရေကြောင်း)] + ဒေါ်မြမြထွန်း(စာရင်းစစ် - ငြိမ်း)တို့၏သားကြီး

**မောင်သူဇေ B.Sc (Hons:)**
**Nautical Science, Chief Mate (F.G) နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ ကိုစောမင်းမင်းသက် (E lite Express) + မမေသူသူအောင်၊ မစောစိမ့်စိမ့်သက်(ဒုနည်းပြ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၊ လားရှိုး) တို့၏ညီမ၊ သီပေါမြို့ ပန်းတိမ်မြောက်ရပ်နေ
ဦးသက်တင်(လယ်ပြ - ငြိမ်း) + ဒေါ်နန်းစောမြိုင် (လယ်ပြ - ငြိမ်း)တို့၏သမီးထွေး

**မစောထွေးထွေးသက် B.Sc (Maths;) (Dip in Nursing)**
ပြည်သူ့ဆေးရုံ၊ သီပေါမြို့

တို့၏ ၂၅-၁၂-၂၀၁၆ရက်နေ့တွင် သီပေါမြို့ မဟာမြတ်မုနိဘုရားကြီးဝင်းတွင်ကျင်းပသော စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာဧည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်မိဘဆွေမျိုးများအားလည်းကောင်း၊ ၁၅-၁-၂၀၁၇ ရက်နေ့တွင် ရန်ကုန်မြို့ M3 Food Centre တွင်ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်မိဘဆွေမျိုးများအားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ရပ်ဝေးရပ်နီးမှ ပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ စိတ်ရောကိုယ်ပါ ထက်သန်စွာ ကူညီပေးခဲ့ကြသော သူငယ်ချင်းအပေါင်းတို့အားလည်းကောင်း ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သူဇေ+မစောထွေးထွေးသက်

**23 မဆလာ** (ထမင်းဟင်းအမွှေးအကြိုင်)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။
အမှတ်(၁၃၀) ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၇၀၀၅၆၃၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆

**Scaffolding& Pipe Support**
ငြမ်း၊ T တိုင် - ငှားရန်ရှိသည်
ဆက်သွယ်ရန်ဖုန်းနံပါတ်
၀၉-၇၉၅၅၆၆၇၃၈

**အောင်ပါရမီ**
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း၊ စက်ကိရိယာ၊ ဂိုဒေါင်၊ ဌာနဆိုင်ရာရုံးခန်းများပြောင်းရွှေ့လိုပါက
၁၀ ပေ၊ ၁၄ ပေ၊ ၁၅ ပေ၊ ၁၆ ပေ၊ ၁၇ ပေ၊ ၂၄ ပေ၊ ၁၀ ဘီး၊ ၁၂ ဘီးကားများနှင့်အလုပ်သမားများအပါ စိတ်တိုင်းကျ ပြောင်းရွှေ့ပေးသည်။ (မြို့တွင်း/နယ်ဝေး)
၀၉ ၂၅၃၂၆၆၆၆၅၊ ၀၉ ၂၅၀၅၅၄၇၉၃၊ ၀၉ ၂၅၆၂၆၃၂၆၄

**ချာချီးယား ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
09-450026077
09-510 1862

**ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"**
ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။
Ph : 09-512-1284, 09-420-707802, 09-250-066210

**ခရုသင်း၊ သမင်ဖြူ**
လီယိုမက်အရေပြားရောဂါကု ... တိုင်းရင်းဆေးတိုက်မှ ... နယ်မှ ဝေဒနာရှင်များ စာတိုက်မှ တဆင့်မှာယူနိုင်ပါသည်။
ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊
သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။
အမှတ် (၂၂၃)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။
ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၁

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၃၀ဃ/၂၇၃၇ Honda Click110 MIC ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးဆွေ ၇/တငန(နိုင်)၀၀၃၂၈၈၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ (မန္တလေးမြို့)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 2K/8696 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

# တိမ်မြုပ်ပျောက်ကွယ်နေသည့် တိုင်းရင်းဆေးပညာရပ်များနှင့် ကုထုံးများ ပြန်လည်ဖော်ထုတ် မြန်မာ့တိုင်းရင်းဆေးပညာ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

အာဆီယံ စီးပွားရေးအသိုက်အဝန်းထဲ ဝင်ရောက်ရန် ညှိနှိုင်းနေသည့် ကိစ္စရပ်များထဲတွင် တိုင်းရင်းဆေးသည် ကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် အာဆီယံအဆင့် တန်းမီအောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-(၂)၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ထို့ပြင် ယခင်က အစွမ်းထက်ပြီးသား ဆေးနည်းများ၊ ပညာရပ်များကို မပျောက်မပျက်အောင်နှင့် ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုနိုင်အောင် ကြိုးစားအားထုတ်ကြရန် လိုအပ်သကဲ့သို့ မိမိတို့၏ အစွမ်းထက် တိုင်းရင်းဆေးဝါးများနှင့် တိုင်းရင်းဆေးကုထုံးများကို စနစ်တကျ သုတေသနပြုလုပ်ကြပြီး ခိုင်ခိုင်မာမာ သက်သေအထောက်အထားပြနိုင်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

*စာမျက်နှာ ၅ ကော်လံ ၁*




ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ် ဓာတ်ပုံ- မောင်ကျော်ကြီး

## ကော်မရှင်၏ လုပ်ငန်းသဘာဝနှင့် ကော်မရှင်ဖွဲ့စည်းချိန်မှ ယခုအချိန်အထိ ဆောင်ရွက်လျက်ရှိသည်များ ရှင်းလင်း

*စာမျက်နှာ - ၃*



## ပြည်ပမှ စပျစ်စိုက်ပျိုးရေး ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းကာ ခေတ်မီ နည်းပညာအကူအညီပေးနိုင်ရေး မှာကြား

*စာမျက်နှာ - ၄*



## ရန်ကုန်မြို့ သယ်ယူပို့ဆောင်ရေးအတွက် ဘတ်စ်ကားအသစ်များ အမြန်ဆုံးဝယ်ယူနိုင်ရေး ဆောင်ရွက်နေ

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်မြို့ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ယာဉ်အစီးရေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ဘတ်စ်ကားအသစ်များ အမြန်ဆုံးဝယ်ယူနိုင်ရေး ဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးတွင် ယာဉ်စီးရေနှင့် လူဦးရေ မျှတမှုမရှိဘဲ ယာဉ်လိုအပ်ချက်များရှိနေရာ ယင်းကိုဖြည့်ဆည်းနိုင်ရန်၊ ခရီးသည်တင်ယာဉ်များ အမြန်ဆုံးဝယ်ယူနိုင်ရန် ဆောင်ရွက်နေကြောင်း တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာ မောင်အောင်က ပြောသည်။

"ခရီးသည်တင်ယာဉ် လိုအပ်ချက်က ရှိနေဆဲပါ။ အရင်ကတည်းက ခရီးသည်နဲ့ ကားနဲ့ လုံလောက်မှုမရှိခဲ့ပါဘူး။

*စာမျက်နှာ ၇ ကော်လံ ၅*



# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်း

***ယမန်နေ့မှအဆက်***

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီ၏ ကြွေးမြီများကို ပေးချေရမည်ဖြစ်ပြီး ကြွေးမြီပေးဆပ်ရသူများအကြား ၎င်းတို့၏ အခွင့်အရေးများကို ချိန်ညှိဆောင်ရွက်ပေးရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများစွာအား ခန့်အပ်ထားခဲ့လျှင် ဤဥပဒေအရ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ၎င်းတို့အား ခန့်အပ်သည့်အချိန်၌ သတ်မှတ်ထားသည့်အတိုင်း တစ်ဦးကသော်လည်းကောင်း၊ အများကသော်လည်းကောင်း ကျင့်သုံးဆောင်ရွက်နိုင်သည်။ ထိုသို့သတ်မှတ်ထားခြင်း မရှိခဲ့လျှင် နှစ်ဦးထက်မနည်းသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများက ကျင့်သုံးဆောင်ရွက်နိုင်သည်။

၃၇၆။ **ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းများနှင့် သက်ဆိုင်သည့် တရားရုံး၏ အခွင့်အာဏာ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ ခန့်အပ်မှုကို အကြောင်းကြားခြင်း**

(က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက အကြောင်းတစ်စုံတစ်ရာကြောင့် မရှိသည့် ကိစ္စရပ်များတွင် တရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးကို ခန့်အပ်နိုင်သည်။

(ခ) တရားရုံးသည် အကြောင်းတစ်စုံတစ်ရာ တင်ပြလာလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအား ထုတ်ပယ်နိုင်ပြီး အခြားသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်နိုင်သည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းအား ခန့်အပ်ပြီးနောက် (၂၁) ရက် အတွင်း မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ခန့်အပ်မှုအကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်။

၃၇၇။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၇၆ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခဲ့လျှင် ပြစ်ဒဏ်ပမာဏ (၃) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၃၇၈။ **မြီရှင်များအပေါ် တရားဝင်စည်းနှောင်မှုရှိသည့် စီစဉ်ဆောင်ရွက်မှုများ**

(က) စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆောင်ရွက်မည့် သို့မဟုတ် ဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခုနှင့် ယင်း၏မြီရှင်များအကြား ပြုလုပ်သည့် စီစဉ်ဆောင်ရွက်မှုတစ်ရပ်ရပ်ကို အထူးဆုံးဖြတ်ချက်ဖြင့် အတည်ပြုခဲ့လျှင် ကုမ္ပဏီအပေါ်တွင်လည်းကောင်း၊ မြီရှင်များ၏ အရေအတွက်နှင့် တန်ဖိုးအရ လေးပုံသုံးပုံဖြင့် လက်ခံခဲ့လျှင် မြီရှင်များအပေါ်တွင်လည်းကောင်း တရားဝင်စည်းနှောင်မှုရှိသည်။ ယင်းကိစ္စရပ်အပေါ်တွင် ဤပုဒ်မအရအယူခံခွင့်ရှိသည်။

(ခ) မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် စီစဉ်ဆောင်ရွက်မှုများ ပြီးစီးပြီးနောက် (၂၁) ရက်အတွင်း ယင်းကိစ္စအပေါ်တွင် တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည်။ ထိုအယူခံမှုအရ တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း စီစဉ်ဆောင်ရွက်မှုကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် အတည်ပြုခြင်းများ ပြုလုပ်နိုင်သည်။

၃၇၉။ **ကိစ္စရပ်များကို ဆုံးဖြတ်နိုင်ရန်နှင့် အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည့် အခွင့်အာဏာ**

(က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် မြီရှင်တစ်ဦးဦးသည် ကုမ္ပဏီအား ဖျက်သိမ်းရာတွင် ပေါ်ပေါက်လာသည့်ကိစ္စရပ်များကို ဆုံးဖြတ်ပေးရန်၊ သို့မဟုတ် ငွေကြေးထည့်ဝင်ရန် တောင်းခံမှုများအား အတည်ပြုခြင်း၊ တရားစွဲဆို ဆောင်ရွက်မှု ဆိုင်းငံ့ခြင်း သို့မဟုတ် အခြားကိစ္စရပ်များတို့နှင့် စပ်လျဉ်းပြီး ကုမ္ပဏီအား တရားရုံးဖြင့် ဖျက်သိမ်းဆောင်ရွက်သကဲ့သို့ တရားရုံးက ကျင့်သုံးနိုင်ခွင့်ရှိသည့် အခွင့်အာဏာများအားလုံး သို့မဟုတ် တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်စေရန် တရားရုံးသို့ တင်ပြ လျှောက်ထားနိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးသည် ကုမ္ပဏီဖျက်သိမ်းမှုစတင်ပြီးနောက် ကုမ္ပဏီ၏ ပစ္စည်း သို့မဟုတ် ပိုင်ဆိုင်မှုများအပေါ် တရားဝင်လျက်ရှိသည့် ဝရမ်းကပ်ခြင်း၊ ပစ္စည်းများသိမ်းဆည်းခြင်း သို့မဟုတ် အတည်ပြုဆောင်ရွက်ခြင်းများကို ပယ်ဖျက်သည့်အမိန့်တစ်ရပ်ချမှတ်ပေးနိုင်ရေးအတွက် တင်ပြလျှောက်ထားနိုင်သည်။

(ဂ) အဆိုပါ လျှောက်ထားမှုကို ကုမ္ပဏီဖျက်သိမ်းခြင်းအပေါ် စီရင်ဆုံးဖြတ်ခွင့်ရှိသည့် တရားရုံးသို့ တင်ပြရမည်။

(ဃ) တရားရုံးသည် ပေါ်ပေါက်လာသည့်ကိစ္စရပ်များကို ဆုံးဖြတ်ပေးခြင်း၊ လိုအပ်သော အခွင့်အာဏာကို ကျင့်သုံးခြင်း၊ သို့မဟုတ် လိုက်နာရမည့်အမိန့်တစ်ရပ်ကို ချမှတ်ခြင်းတို့သည် လျော်ကန်မျှတပြီး အကျိုးဖြစ်ထွန်းစေကြောင်း ကျေနပ်လက်ခံလျှင် ၎င်းသင့်သည် ထင်မြင်သည့် စည်းကမ်းချက်များဖြင့် လျှောက်ထားမှု တစ်ရပ်လုံးကို ဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ လက်ခံနိုင်သည် သို့မဟုတ် လျှောက်ထားမှုအပေါ် သင့်သည် ထင်မြင်သည့် အခြားအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

၃၈၀။ **ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရာတွင် ကျခံရသည့်စရိတ်များ**

ကုမ္ပဏီကိုဖျက်သိမ်းရာတွင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အခကြေးငွေအပါအဝင် ကျခံရသောကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များအားလုံးကို အာမခံအကျိုး ခံစားခွင့်ရရှိသောမြီရှင်များ (secured creditors) ၏ အခွင့်အရေးများရှိခဲ့လျှင် ယင်းတို့ကို မထိခိုက်စေဘဲအခြားသော တောင်းခံတင်ပြမှုများထက် ဦးစားပေး၍ ကုမ္ပဏီ၏အခြေပစ္စည်းများမှ ပေးချေရမည်။

၃၈၁။ **မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ အခွင့်အရေးများကိုမထိခိုက်စေခြင်း**

ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းခြင်းသည် တရားရုံးက ကုမ္ပဏီကို ဖျက်သိမ်းဆောင်ရွက်စေရန် အတွက် မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦး၏ အခွင့်အရေးကို တားမြစ် ပိတ်ပင်ခြင်း မရှိစေရ။ သို့သော်ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက လျှောက်ထားတင်ပြလာလျှင် တရားရုံးက ကြွေးမြီပေးဆပ်ရသူများ၏ အခွင့်အရေးများသည် ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကြောင့် ထိခိုက်စေမည်ဖြစ်သည်ဟု ကျေနပ်လက်ခံရမည်။

၃၈၂။ **ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များအား သတ်မှတ်ပေးနိုင်သည့် တရားရုံး၏ အခွင့်အာဏာ**

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းဆောင်ရွက်ရာတွင် တရားရုံးက ကုမ္ပဏီဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်သည့်အခါ တရားရုံးသည်သင့်သည်ထင်မြင်သည့်အတိုင်း အဆိုပါအမိန့်တွင် ဖြစ်စေ၊ နောင်တွင်ချမှတ်သည့်အမိန့်တစ်ရပ်ဖြင့်ဖြစ်စေ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရာတွင် ဆောင်ရွက်ရမည့် ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ တစ်ရပ်ရပ်ကိုဖြစ်စေ သတ်မှတ်ပေးနိုင်သည်။

**တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကို ဖျက်သိမ်းခြင်း**

၃၈၃။ **တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကို ဖျက်သိမ်းရန် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

ကုမ္ပဏီတစ်ခုသည် အထူးဆုံးဖြတ်ချက်ဖြင့် ဆန္ဒအလျောက်ဖျက်သိမ်းရန် ဆုံးဖြတ်သည့်အခါ တရားရုံးသည် ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းအား မြီရှင်များ၊ ကြွေးမြီပေးဆပ်ရသူများ သို့မဟုတ် အခြားသူများက တရားရုံးသို့ လွတ်လပ်စွာ လျှောက်ထားတင်ပြနိုင်၍ တရားရုံးက သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များကို လိုက်နာလျက် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့သော် တရားရုံး၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည် ဖြစ်ကြောင်း ဖော်ပြ၍ အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

၃၈၄။ **တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကို ဖျက်သိမ်းရန်အတွက် လျှောက်ထားခြင်း၏ အကျိုးသက်ရောက်မှု**

တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းအား ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လျှောက်ထားမှုတစ်ရပ်ကို စွဲဆိုသည့်အမှုများအပေါ် တရားရုံးသို့ စီရင်ပိုင်ခွင့်ပေးရန်အတွက် တရားရုံးက ကုမ္ပဏီကို ဖျက်သိမ်းရန် လျှောက်ထားခြင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။

၃၈၅။ **မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကို တရားရုံးက လက်ခံသုံးသပ်နိုင်ခြင်း**

တရားရုံးသည် တရားရုံးက ကုမ္ပဏီကိုဖျက်သိမ်းခြင်းနှင့် တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကို ဖျက်သိမ်းခြင်းတို့အကြား ဆုံးဖြတ်ရာတွင်လည်းကောင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများခန့်အပ်ရာတွင် လည်းကောင်း၊ တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များတွင်လည်းကောင်း လုံလောက်သည့် အထောက်အထားတစ်ရပ်ရပ်ဖြင့်၎င်းထံတင်ပြစေနိုင်သကဲ့သို့ မြီရှင်များနှင့်ကြွေးမြီပေးဆပ်ရသူများ၏သဘောဆန္ဒများကို လက်ခံသုံးသပ်နိုင်သည်။

၃၈၆။ **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းပြုနိုင်သည့် တရားရုံး၏ အခွင့်အာဏာ**

(က) တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်သည့်အခါ တရားရုံးသည် အဆိုပါအမိန့်ဖြင့်ဖြစ်စေ၊ နောင်တွင်ချမှတ်သည့် အမိန့်တစ်ရပ်ဖြင့်ဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ တစ်ဦးဦးကို ထပ်မံခန့်ထားသည့် အမိန့်ချမှတ်နိုင်သည်။

(ခ) ဤပုဒ်မအရ တရားရုံးက ခန့်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးသည် ကုမ္ပဏီကခန့်အပ်သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဲ့သို့ ကိစ္စရပ်များ အားလုံးတွင် အလားတူ လုပ်ပိုင်ခွင့်များနှင့် တာဝန်များ ရှိစေရမည်။

(ဂ) တရားရုံးသည် ယင်းက ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးဦးကို ဖြစ်စေ၊ ကြီးကြပ်မှုအမိန့်အရ ဆက်လက်ခွင့်ပြုထားသည့်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိတစ်ဦးဦးကိုဖြစ်စေထုတ်ပယ်နိုင်ပြီး ထုတ်ပယ်မှု၊ သေဆုံးမှု သို့မဟုတ် နုတ်ထွက်မှုများကြောင့် လစ်လပ်သွားသော စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦး၏ နေရာတွင် ဖြည့်စွက်ခန့်ထားနိုင်သည်။

၃၈၇။ **ကြီးကြပ်မှုအမိန့်၏ အကျိုးသက်ရောက်မှု**

(က) တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်သည့်အခါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် တရားရုံးက သတ်မှတ်ထားသည့် တားမြစ်ချက်များကို လိုက်နာလျက် တရားရုံး၏ ခွင့်ပြုချက် သို့မဟုတ် စွက်ဖက်မှု မပါရှိဘဲ မိမိ၏ လုပ်ပိုင်ခွင့်များအားလုံးကို ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းဆောင်ရွက်သကဲ့သို့ အလားတူနည်းလမ်းများအတိုင်း ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့်ကိစ္စရပ်နှင့် ပုဒ်မ ၃၃၈ တွင် ပါရှိသည့်ကိစ္စရပ်များမှအပ တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကို ဖျက်သိမ်းရန်အတွက် တရားရုံးက ချမှတ်သည့် အမိန့်တစ်ရပ်ရပ်သည် တရားစွဲဆိုမှုများနှင့် အခြားဆောင်ရွက်မှုများကို ဆိုင်းငံ့ခြင်းအပါအဝင် ကိစ္စရပ်များအားလုံးတွင် တရားရုံးက ကုမ္ပဏီကိုဖျက်သိမ်းခြင်းအတွက် ချမှတ်သည့် အမိန့်တစ်ရပ် ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ငွေကြေးထည့်ဝင်ရန်အတွက် တောင်းခံမှုများ ပြုလုပ်ရန်၊ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများက ပြုလုပ်ထားသည့် ငွေကြေးထည့်ဝင်ရန် အတွက် တောင်းခံမှုများကို အတည်ပြုရန်၊ သို့မဟုတ် တရားရုံးက ကုမ္ပဏီကို ဖျက်သိမ်းခြင်းအတွက် အမိန့်တစ်ရပ်ချမှတ်သကဲ့သို့ ကျင့်သုံးဆောင်ရွက်နိုင်ခွင့်ရှိသည့် အခွင့် အာဏာများအားလုံးကို တရားရုံးသို့ အခွင့်အာဏာ အပြည့်အဝ အပ်နှင်းရမည်။

(ဂ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ သို့မဟုတ် ၎င်းအတွက် ဆောင်ရွက်ပေးရမည့်ပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို တရားရုံးက ညွှန်ကြားနိုင်ရန်အတွက် အခွင့်အာဏာအပ်နှင်းထားသည့် ပြဋ္ဌာန်းချက်များတွင် ဖော်ပြပါရှိသော "တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ" ဆိုသည်မှာ တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းရန်အတွက် ဆောင်ရွက်သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ဆိုလိုသည်ဟု မှတ်ယူရမည်။

၃၈၈။ **အလွတ်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအဖြစ် ခန့်အပ်ခြင်း**

တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်ပြီး ယင်းနောက် တရားရုံးက ကုမ္ပဏီကိုဖျက်သိမ်းခြင်းအတွက် အမိန့်တစ်ရပ်ချမှတ်သည့်အခါ တရားရုံးသည် အဆိုပါ အမိန့်ဖြင့်ဖြစ်စေ၊ နောင်တွင်ချမှတ်သည့်အမိန့်တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ယာယီသော်လည်းကောင်း၊ အမြဲတမ်းသော်လည်းကောင်း၊ အခြားသူများဖြင့် သော်လည်းကောင်း၊ အခြားသူများပါရှိခြင်းမရှိဘဲနှင့်သော်လည်းကောင်း၊ အလွတ်ခန့်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ သို့မဟုတ် ယင်းတို့အနက်မှ တစ်ဦးဦးကို တရားရုံးက ကုမ္ပဏီကို ဖျက်သိမ်းသည့်ကိစ္စရပ်တွင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်နိုင်သည်။

**ဖြည့်စွက် ပြဋ္ဌာန်းချက်များ**

၃၈၉။ **ကုမ္ပဏီဖျက်သိမ်းမှုအား စတင်ဆောင်ရွက်ပြီးနောက်တွင် လွှဲပြောင်းခြင်းများ မပြုလုပ်ရခြင်းနှင့် ကြွေးမြီများ ပေါ်လွင်စွာ ဖော်ပြရခြင်း**

(က) ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်ကိစ္စရပ်၌ ကုမ္ပဏီဖျက်သိမ်းမှုအား စတင် ဆောင်ရွက်ပြီးနောက်တွင် ပြုလုပ်သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်သည့် လွှဲပြောင်းခြင်းမှအပ အစုရှယ်ယာများကို လွှဲပြောင်းခြင်းများနှင့် ကုမ္ပဏီတွင် ပါဝင်သူများ၏ ရပ်တည်မှု အခြေအနေကို ပြောင်းလဲခြင်းများ အားလုံးသည် ပျက်ပြယ်သည်။

(ခ) တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီကို ဖျက်သိမ်းသည့် ကိစ္စရပ်၌ ကုမ္ပဏီဖျက်သိမ်းမှုအား စတင်ဆောင်ရွက်ပြီးနောက်တွင် အရေးယူဆောင်ရွက်နိုင်သည့် တင်ပြတောင်းဆိုမှုများအပါအဝင် ကုမ္ပဏီ၏ ပစ္စည်းများကို ပေးအပ်ခြင်းများ၊ အစုရှယ်ယာများကို လွှဲပြောင်းခြင်းများ၊ သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများ၏ ရပ်တည်မှု အခြေအနေကို ပြောင်းလဲခြင်းများ အားလုံးသည် တရားရုံးက အခြားသောအမိန့် တစ်စုံတစ်ရာ ချမှတ်ထားခြင်း မရှိလျှင် ပျက်ပြယ်သည်။

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ လူမွဲခံယူခြင်းဆိုင်ရာဥပဒေနှင့် သက်ဆိုင်၍ လူမွဲခံယူသည့် ကုမ္ပဏီများကိစ္စရပ်တွင် ကုမ္ပဏီကိုဖျက်သိမ်းသည့်ကိစ္စရပ်အားလုံး၌ ပေးရန်ရှိမည့် ကြွေးမြီများအားလုံးနှင့် ယခုသော်လည်းကောင်း၊ နောင်တွင်သော် လည်းကောင်း ဖြစ်ပေါ်မည့် သို့မဟုတ် ဖြစ်ပေါ်နိုင်ဖွယ်ရှိသည့် ကုမ္ပဏီအပေါ် တင်ပြတောင်းဆိုမှုများ အားလုံးကို ကုမ္ပဏီအား ဆန့်ကျင်၍ သက်သေတင်ပြနိုင်သည်။ နောင်တွင် ဖြစ်ပေါ် လာနိုင်သည့် သို့မဟုတ် အခြားအကြောင်းကိစ္စရပ်အတွက် ကြွေးမြီများ သို့မဟုတ် တင်ပြတောင်းဆိုမှုများ၏ တန်ဖိုးကို တိကျသေချာသော တန်ဖိုးတစ်ရပ်မဟုတ်လျှင် သင့်တင့်မျှတသည့် တန်ဖိုးဖြင့် သတ်မှတ်ရမည်။

၃၉၀။ **လူမွဲခံယူသည့်ကုမ္ပဏီများအား ဖျက်သိမ်းသည့်ကိစ္စရပ်တွင် လူမွဲခံယူခြင်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို လိုက်နာရခြင်း**

လူမွဲခံယူသည့်ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရာတွင် အာမခံအကျိုး ခံစားခွင့်ရရှိသော မြီရှင်များ (secured creditors)နှင့် အာမခံအကျိုး ခံစားခွင့်မရရှိသောမြီရှင်များ (unsecured creditors) ၏ သက်ဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်း၍လည်းကောင်း၊ သက်သေထင်ရှားတင်ပြနိုင်သည့် ကြွေးမြီများနှင့် စပ်လျဉ်း၍လည်းကောင်း၊ နှစ်စဉ်ထုတ်ယူနိုင်သည့် အာမခံတန်ဖိုးနှင့် နောင်တွင် ဖြစ်ပေါ်လာမည့် တာဝန်ရှိမှုများနှင့်စပ်လျဉ်း၍လည်းကောင်း လူမွဲဖြစ်သည်ဟု သတ်မှတ်ခံရသည့် ပုဂ္ဂိုလ်၏ ပိုင်ဆိုင်သောပစ္စည်းများနှင့် စပ်လျဉ်းသည့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အဆိုပါ အချိန်ကာလတွင် အတည်ဖြစ်လျက်ရှိသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ အဆိုပါ ကိစ္စရပ်များတွင် သက်သေထင်ရှားတင်ပြရမည့် ပုဂ္ဂိုလ်များနှင့် ကုမ္ပဏီ၏ အခြေပစ္စည်းများမှ အမြတ် ဝေစုများကို လက်ခံရရှိမည့် ပုဂ္ဂိုလ်များအားလုံးသည် ကုမ္ပဏီကို ဖျက်သိမ်းသည့်ကိစ္စရပ်၌ ပါဝင်လာမည်ဖြစ်ပြီး ဤပုဒ်မ အရ ရထိုက်ခွင့်ရှိသူများအဖြစ် ကုမ္ပဏီအပေါ် အဆိုပါတင်ပြ တောင်းဆိုမှုများကို ပြုလုပ်နိုင်သည်။

၃၉၁။ **ဦးစားပေး ငွေပေးချေမှုများ**

(က) ကုမ္ပဏီကို ဖျက်သိမ်းသည့်အခါ အခြားသော ကြွေးမြီများထက် အောက်ပါတို့ကို ဦးစားပေး၍ ပေးချေမှုများ ပြုလုပ်ရမည် -

(၁) အစိုးရ သို့မဟုတ် ဒေသအာဏာပိုင်တစ်ရပ်ရပ်သို့ ကုမ္ပဏီက ပေးချေရမည့် ဤပုဒ်မ၏ ပုဒ်မခွဲ (င)တွင် ဖော်ပြထားသည့်နေ့ရက်၌ အဆိုပါ နေ့ရက်မတိုင်မီ (၁၂) လ အတွင်း ပေးချေရန် ကျရောက်သည့် ဘဏ္ဍာငွေများ၊ အခွန်များ၊ စည်းကြပ်ခွန်များ၊ အခွန်အခများ အားလုံး၊

(၂) အထက်ဖော်ပြပါနေ့ရက်မတိုင်မီ (၂)လအတွင်း ကုမ္ပဏီသို့ဆောင်ရွက်ပေးထားသည့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်းသည့် စာရေးသို့မဟုတ် ဝန်ထမ်းတစ်ဦးစီ၏ လုပ်အားခများ သို့မဟုတ် လစာများအားလုံး၊

(၃) အထက်ဖော်ပြပါ နေ့ရက်မတိုင်မီ (၂) လအတွင်း ကုမ္ပဏီသို့ ဆောင်ရွက် ပေးထားသည့်ဝန်ဆောင်မှုများနှင့်စပ်လျဉ်းသည့် အချိန်ပိုင်း အရသော် လည်းကောင်း၊ လုပ်ငန်းပိုင်းအလိုက်သော် လည်းကောင်း ပေးချေရမည့် အလုပ်သမား သို့မဟုတ် ကာယလုပ်သားတစ်ဦးဦး၏ လုပ်ခများအားလုံး၊

(၄) ကုမ္ပဏီ၏ အရာရှိ သို့မဟုတ် ဝန်ထမ်းတစ်ဦးဦး သေဆုံးခြင်း သို့မဟုတ် မသန်မစွမ်း ဖြစ်ခြင်းတို့နှင့် စပ်လျဉ်း၍ အလုပ်သမားလျော်ကြေး အက်ဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ပေးချေရမည် လျော်ကြေးငွေများ၊

(၅) ကုမ္ပဏီက ခန့်အပ်ထားသည့် ဝန်ထမ်းများ၏ လူမှုဖူလုံရေးအတွက် အိုနာစာ ရန်ပုံငွေ၊ ပင်စင်ရန်ပုံငွေ၊ ဆုကြေးရန်ပုံငွေ၊ သို့မဟုတ် အခြား ရန်ပုံငွေတစ်ရပ်ရပ်မှ ဝန်ထမ်းတစ်ဦးဦးသို့ ပေးချေရမည့် ငွေပမာဏ များအားလုံး၊ ၎င်းပြင်

(၆) ဤဥပဒေ၏ ပုဒ်မ ၂၇၁ ပုဒ်မခွဲ (က) အပိုဒ်(၃) နှင့်အညီ ပြုလုပ်သည့် စုံစမ်းစစ်ဆေးမှုတစ်ရပ်ရပ်အတွက် ကုန်ကျစရိတ်များ။

***စာမျက်နှာ ၂ သို့***

*စာမျက်နှာ ၁ မှ*

(ခ) အထက်ဖော်ပြပါ ကြွေးမြီများအားလုံးကို -

(၁) တန်းတူဦးစားပေးရမည်ဖြစ်ပြီး အခြေပစ္စည်းများ လုံလောက်မှုရှိလျှင် အပြည့်အဝပေးချေရမည်။ ထိုသို့ ပေးချေရန်အတွက် အခြေပစ္စည်းများ လုံလောက်မှုမရှိပါက ယင်းတို့အား အချိုးတူညီစွာဖြင့် လျှော့ချပေးချေရမည်၊ ၎င်းပြင်

(၂) သာမန်မြီရှင်များသို့ ငွေပေးချေရန်အတွက် ကုမ္ပဏီ၏ အခြေပစ္စည်းများသည် လုံလောက်မှုမရှိသည့်အခါ အထက်ဖော်ပြပါကြွေးမြီများအားလုံးကို ကုမ္ပဏီက ပြုလုပ်ထားသည့် အခြေပစ္စည်းများအပေါ် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge) တစ်ရပ်ရပ်အရ ငွေချေးလက်မှတ်များအား ပိုင်ဆိုင်ထားသူ၏ တင်ပြတောင်းဆိုမှုထက် ဦးစားပေး၍ ဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပါ အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်းတွင် ပါဝင်သော သို့မဟုတ် သက်ဆိုင်သော ပစ္စည်းတစ်ရပ်ရပ်မှ ပေးချေရမည်။

(ဂ) ကုမ္ပဏီဖျက်သိမ်းရန် ကုန်ကျစရိတ်များနှင့် အသုံးစရိတ်များအတွက် လိုအပ်မည့် ငွေပမာဏကို ထိန်းသိမ်းထားရှိပြီး ဖော်ပြပါ ကြွေးမြီများကို အခြေပစ္စည်းများ လုံလောက်မှုရှိသည့်အတိုင်းအတာအထိ ချက်ချင်းပေးချေရမည်။

(ဃ) ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်ချမှတ်သည့်နေ့ရက်မတိုင်မီ (၃)လအတွင်း ကုမ္ပဏီ၏ ကုန်ပစ္စည်းများ သို့မဟုတ် ပိုင်ဆိုင်ပစ္စည်းများကို မြေအဆောက်အအုံပိုင်ရှင် သို့မဟုတ် အခြားသူ တစ်ဦးဦးက ကြွေးမြီအတွက် ပစ္စည်းသိမ်းယူထားလျှင် သို့မဟုတ် ကြွေးမြီအတွက် ပစ္စည်းသိမ်းယူလျှင် ဤပုဒ်မအရ ဦးစားပေး၍ ပေးချေရမည့် ကြွေးမြီများအားလုံးကိုထိုသို့ သိမ်းယူထားလျှင် ကုန်ပစ္စည်းများ သို့မဟုတ် ပိုင်ဆိုင်ပစ္စည်းများအပေါ်တွင် လည်းကောင်း၊ အဆိုပါပစ္စည်းများကို ရောင်းချရရှိသည့် ငွေကြေးများအပေါ်တွင် လည်းကောင်း ပထမဦးစွာ ပေးချေဆောင်ရွက်ရမည်။

သို့ရာတွင် ပေါင်နှံမှုတစ်ရပ်ရပ်အရ ပေးချေရသည့် ငွေကြေးတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မြေအဆောက်အအုံပိုင်ရှင် သို့မဟုတ် အခြားသူတစ်ဦးသည် ငွေပေးချေခြင်းကို လက်ခံရမည့်ပုဂ္ဂိုလ်ကဲ့သို့ အလားတူ ဦးစားပေးအခွင့်အရေးကို ရရှိစေရမည်။

(င) ဤပုဒ်မတွင် ရှေ့ပိုင်း၌ ရည်ညွှန်းဖော်ပြခဲ့သော ရက်စွဲသည် -

(၁) ယခင်က ဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် စတင်ဆောင်ရွက်ခြင်း မပြုခဲ့သေးသော ဆန္ဒအလျောက်ဖျက်သိမ်းရန် အမိန့်ချမှတ်ခြင်းခံရသည့် ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်သောကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းရန် အမိန့်ချမှတ်သည့် နေ့ရက်နှင့်

(၂) အခြားကိစ္စရပ်များတွင် ကုမ္ပဏီဖျက်သိမ်းရန် စတင်ဆောင်ရွက်သည့်နေ့။

၃၉၂။ **ပစ္စည်းများကို စွန့်လွှတ်ခြင်း**

(က) ဖျက်သိမ်းခံရသည့် ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်တွင် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် တာဝန်များပါရှိသော သက်တမ်းတစ်ရပ်ရပ်သတ်မှတ်ပါရှိသည့်မြေများ၊ ကုမ္ပဏီ၏ စတော့ရှယ်ယာများ၊ အကျိုးအမြတ်မပါရှိသော ပဋိညာဉ်စာချုပ်များ၊ ရောင်းချခြင်းမပြုနိုင်သော အခြားပစ္စည်းများ၊ အလွယ်တကူ ရောင်းချနိုင်သည့်ပစ္စည်းများ ပါဝင်ခဲ့လျှင် တာဝန်ရှိသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်စေရန် သို့မဟုတ် ငွေကြေးတစ်ရပ်ရပ်ကို ပေးချေစေရန်အတွက် အဆိုပါပစ္စည်းများကို လက်ဝယ်ထားရှိသူအပေါ် တရားဝင်စည်းနှောင်မှုရှိသည်ဆိုသော အကြောင်းကြောင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပစ္စည်းများကိုရောင်းချရန် သို့မဟုတ် ပိုင်ဆိုင်မှုအား ရယူရန် ကြိုးပမ်းအားထုတ်ခြင်း၊ သို့မဟုတ် ယင်းတို့နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးနေစေကာမူ တရားရုံး၏ ခွင့်ပြုချက်အရလည်းကောင်း၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာ၍ လည်းကောင်း ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့်အချိန်မှ (၁၂) လအတွင်း သို့မဟုတ် တရားရုံးကခွင့်ပြုသည့် ထပ်မံတိုးမြှင့်ပေးသည့်ကာလအတွင်း မည်သည့်အချိန်တွင်မဆို ၎င်းကစာဖြင့်ရေးသားလက်မှတ်ရေးထိုး၍ ပစ္စည်းများကို စွန့်လွှတ်နိုင်သည်။

သို့ရာတွင် ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့် အချိန်မှ (၂၈)ရက်အတွင်း ပစ္စည်းတစ်ရပ်ရပ် အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက သိရှိထားခြင်း မရှိခဲ့လျှင် ပစ္စည်းများစွန့်လွှတ်ခြင်းနှင့် သက်ဆိုင်သော ဤပုဒ်မအရ အခွင့်အာဏာကို ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ ၎င်းအနေဖြင့် စတင်သိရှိသည့်အချိန်မှ (၁၂)လအတွင်း သို့မဟုတ် တရားရုံးကခွင့်ပြုသည့် ထပ်မံတိုးမြှင့်ပေးသည့်ကာလအတွင်း မည်သည့်အချိန်တွင်မဆို ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) စွန့်လွှတ်ခြင်းသည် ထိုသို့စွန့်လွှတ်သည့်နေ့မှစ၍ စွန့်လွှတ်သည့်ပစ္စည်းများရှိ သို့မဟုတ် ယင်းတို့နှင့် စပ်လျဉ်းသည့် အခွင့်အရေးများ၊ အကျိုးခံစားခွင့်များနှင့် ကုမ္ပဏီ၏ တာဝန်ရှိမှုများ၊ ကုမ္ပဏီ၏ ပစ္စည်းများကို ဆုံးဖြတ်ဆောင်ရွက်သည်ဟုဖြစ်သည်။ သို့သော် စွန့်လွှတ်ခြင်းသည် တာဝန်ရှိမှုမှ ကုမ္ပဏီကို သော်လည်းကောင်း၊ ကုမ္ပဏီ၏ ပစ္စည်းများကို သော်လည်းကောင်း စွန့်လွှတ်ခွင့်ပြုရန်အတွက် လိုအပ်သည့် ကိစ္စရပ်မှအပ အခြားသူတစ်ဦးဦး၏ အခွင့်အရေးများ သို့မဟုတ် တာဝန်ရှိမှုများကို ထိခိုက်စေခြင်း မရှိစေရ။

(ဂ) တရားရုံးသည် စွန့်လွှတ်ခွင့်မပြုမီတွင်ဖြစ်စေ၊ စွန့်လွှတ်ရန်ခွင့်ပြုသည့်အခါတွင် ဖြစ်စေ အကျိုးသက်ဆိုင်သည့်ပုဂ္ဂိုလ်များသို့ အကြောင်းကြားစာများကို ပေးပို့စေနိုင်ပြီး ဆောင်ရွက်ခွင့်ပြုမည့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည့်အပြင် တရားရုံးက သင့်သည် ထင်မြင်သည့်အတိုင်း တရားမျှတသော အခြားအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းက စွန့်လွှတ်ခြင်း ပြုမည် မပြုမည်ကို ဆုံးဖြတ်ရန်လိုအပ်သည်ဟု အကျိုးခံစားခွင့်ရှိသူတစ်ဦးဦးက ၎င်းထံစာဖြင့် ရေးသား၍ တင်ပြလျှောက်ထားလာလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အဆိုပါ လျှောက်ထားမှုအား လက်ခံရရှိပြီးနောက် (၂၈) ရက်အတွင်း သို့မဟုတ် တရားရုံးက ခွင့်ပြုသည့် ထပ်မံတိုးမြှင့်ပေးသည့်ကာလအတွင်း ၎င်းအနေဖြင့် စွန့်လွှတ်ခွင့်ရရှိရေးအတွက် တရားရုံးသို့ တင်ပြလျှောက်ထားရန် ကြံရွယ်ကြောင်း လျှောက်ထားသူသို့ အကြောင်းကြားစာ မပေးပို့ခဲ့သည့်ကိစ္စတွင် ဤပုဒ်မအရ ပစ္စည်းတစ်ရပ်ရပ်ကို စွန့်လွှတ်ခွင့်မရှိစေရ။ ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ကို စွန့်လွှတ်သည့်ကိစ္စရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အထက်ဖော်ပြပါအတိုင်း လျှောက်ထားမှုအား ပြုလုပ်ပြီးနောက် ဖော်ပြပါကာလ သို့မဟုတ် ထပ်မံတိုးမြှင့်ပေးသည့်ကာလအတွင်း ထိုပဋိညာဉ်စာချုပ်ကို စွန့်လွှတ်ခြင်းမပြုခဲ့လျှင် ကုမ္ပဏီသည် ယင်းစာချုပ်အား လက်ခံပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(င) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ဆန့်ကျင်၍ ကုမ္ပဏီနှင့် ပြုလုပ်ထားသော ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်အရ တာဝန်ရှိသူ သို့မဟုတ် ယင်းနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်ကို ရခွင့်ရှိသူတစ်ဦးဦးက လျှောက်ထား တင်ပြလာလျှင် တရားရုံးသည် ပဋိညာဉ်စာချုပ်ကို ပယ်ဖျက်သည့်အမိန့်တစ်ရပ်ရပ် ချမှတ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိသည့်အတွက် တစ်ဖက်ဖက်ထံသို့ သို့မဟုတ် ၎င်းတို့ထံမှ ငွေပေးချေရန် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည့် သို့မဟုတ် တရားရုံးက သင့်သည် ထင်မြင်သည့်အတိုင်း အခြားအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။ အဆိုပါ အမိန့်အရဖော်ပြပါ ပုဂ္ဂိုလ်သို့ပေးချေရမည့် နစ်နာကြေး တစ်ရပ်ရပ်ကို ကုမ္ပဏီဖျက်သိမ်းသည့်အခါ ကြွေးမြီတစ်ရပ်အဖြစ် ၎င်းကတင်ပြနိုင်သည်။

(စ) စွန့်လွှတ်မည့်ပစ္စည်းတစ်ရပ်တွင် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို တင်ပြတောင်းဆိုသူတစ်ဦးဦး သို့မဟုတ် စွန့်လွှတ်မည့်ပစ္စည်းနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ကင်းလွတ်ခြင်း မပြုရသေးသည့် တာဝန်ရှိမှုတစ်ရပ်အရ သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးက တင်ပြလျှောက်ထားလာလျှင် တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း အဆိုပါပုဂ္ဂိုလ်ကို ကြားနာပြီး ပစ္စည်းများတွင် အကျိုးခံစားခွင့်ရှိသူသို့ဖြစ်စေ၊ အထက်တွင် ဖော်ပြပါရှိသည့် တာဝန်ရှိမှုအတွက် လျော်ကြေးတစ်ရပ်အဖြစ် ပစ္စည်းများအား ပေးအပ်သင့်သည်ဟု ယူဆသူသို့ဖြစ်စေ၊ ထိုသူများ၏ ယုံကြည်အပ်နှံခြင်း ခံရသူများသို့ဖြစ်စေ တရားရုံးက သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များ သတ်မှတ်၍ ပစ္စည်းများအား အပ်နှင်းရန် သို့မဟုတ် ပစ္စည်းများကို ပေးအပ်ရန်အတွက် အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။ ထိုသို့ ပစ္စည်းအပ်နှင်းသည့်အမိန့်အား ချမှတ်ပြီးသည့်အခါ ယင်းတွင် ပါဝင်သော ပစ္စည်းများကို ပစ္စည်းလွှဲပြောင်းမှုစာချုပ်တစ်ရပ် သို့မဟုတ် စည်းကမ်းချက်တစ်ရပ်မပါရှိဘဲ အမိန့်တွင် အမည်ဖော်ပြထားသည့် ပုဂ္ဂိုလ်သို့ အပ်နှင်းရမည်။

သို့ရာတွင် စွန့်လွှတ်သည့်ပစ္စည်းသည် ငှားရမ်းထားခြင်းဖြစ်ပါက တရားရုံးသည် အောက်ပါအချက်များနှင့် ညီညွတ်မှုတစ်ပါး ထပ်ဆင့်အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအဖြစ် ကုမ္ပဏီတွင် တင်ပြတောင်းဆိုသူတစ်ဦးဦး အတွက် ပစ္စည်းအပ်နှင်းသည့် အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်းမပြုရ -

(၁) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်အချိန်၌ ပစ္စည်းနှင့်စပ်လျဉ်း၍ အငှားချထားမှုအရ ကုမ္ပဏီနှင့်သက်ဆိုင်သည့်တာဝန်ရှိမှုများကဲ့သို့ အလားတူ တာဝန်ရှိမှုများနှင့်သက်ဆိုင်လျှင်၊ သို့မဟုတ်

(၂) အဆိုပါနေ့ရက်တွင် ဖော်ပြပါပုဂ္ဂိုလ်သို့ အငှားချထားမှုအား လွှဲအပ်ထားသကဲ့သို့ လည်းကောင်း၊ ငှားရမ်းသည့်ပစ္စည်းတွင် ပစ္စည်းအပ်နှံသည့် အမိန့်တွင်ပါရှိသောပစ္စည်းများသာ ပါဝင်သကဲ့သို့ လည်းကောင်း၊ ဖော်ပြပါ စည်းကမ်းချက်များဖြင့် ပစ္စည်းအပ်နှံသည့် အမိန့်ကို လက်ခံရန် ငြင်းပယ်သော အပေါင်ခံသူများ သို့မဟုတ် ထပ်ဆင့်အငှားချထားခြင်းခံရသူများသည် ပစ္စည်းများရှိ အကျိုးခံစားခွင့်နှင့် ပစ္စည်းများ အပေါ်ထားရှိသည့်အာမခံများအားလုံးမှ ဖယ်ရှားရမည်ဖြစ်ပြီး ဖော်ပြပါစည်းကမ်းချက်များဖြင့် အမိန့်တစ်ရပ်ကို လက်ခံရန်ဆန္ဒရှိပြီး ကုမ္ပဏီတွင် တင်ပြတောင်းခံမှုပြုသူမရှိခဲ့လျှင် ကုမ္ပဏီမှ ပြုလုပ်ထားသည့် ပစ္စည်းများ၊ ကြွေးမြီတာဝန်များနှင့်အကျိုးခံစားခွင့်များမှ လွတ်ကင်းသည့် ငှားရမ်းမှုအရ အငှားချထားခြင်းခံရသူ၏ သဘောတူညီချက်အား ဆောင်ရွက်ရန် တရားရုံးသည် ကုမ္ပဏီ၏ ပစ္စည်းများနှင့် ပစ္စည်းတွင်ပါရှိသော အကျိုးခံစားခွင့် များကို တာဝန်ရှိသူ တစ်ဦးဦးထံသို့ တစ်ဦးချင်းအရဖြစ်စေ၊ ကိုယ်စားလှယ်အရဖြစ်စေ၊ တစ်ဦးတည်းသော် လည်းကောင်း၊ ကုမ္ပဏီနှင့် တွဲဖက်၍လည်းကောင်း အပ်နှင်းရန် အခွင့်အာဏာရှိသည်။

(ဆ) ဤပုဒ်မအရ စွန့်လွှတ်မှုတစ်ရပ်ကို ဆောင်ရွက်ခြင်းကြောင့် ထိခိုက်သည့် ပုဂ္ဂိုလ်တစ်ဦးဦးသည် ထိခိုက်သည့်ပမာဏအတွက် ကုမ္ပဏီ၏ မြီရှင်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ကုမ္ပဏီဖျက်သိမ်းသည့်အခါတွင် ကြွေးမြီတစ်ရပ်အဖြစ် ထိုပမာဏအား တင်ပြနိုင်သည်။

၃၉၃။ **လိမ်လည်လှည့်ဖြားသော ဦးစားပေးရယူမှု**

(က) ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကဖြစ်စေ၊ တစ်ဦးတစ်ယောက်အပေါ်တွင် ဖြစ်စေ ပြုလုပ်ခဲ့ပြီး ၎င်း၏ လူမွဲခံယူမှုတွင် လိမ်လည်လှည့်ဖြားသော ဦးစားပေးရယူမှု ဖြစ်သည်ဟု မှတ်ယူရမည့် ပစ္စည်းများကို လွှဲပြောင်းခြင်း၊ ပေးပို့ခြင်း၊ ပစ္စည်းနှင့်စပ်လျဉ်း၍ ငွေပေးချေခြင်း၊ အတည်ပြုဆောင်ရွက်ခြင်း သို့မဟုတ် အခြားဆောင်ရွက်ချက်တစ်ရပ်ရပ်ကို ပြုလုပ်ခြင်းတို့ကို ကုမ္ပဏီဖျက်သိမ်းသည့် ကိစ္စရပ်၌ ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီအပေါ်တွင်ဖြစ်စေ ပြုလုပ်ခဲ့လျှင် ၎င်း၏ မြီရှင်များသို့ လိမ်လည်လှည့်ဖြားသော ဦးစားပေးရယူမှုတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ယင်းသို့ဆောင်ရွက်ချက်သည် တရားဝင်ခြင်းမရှိစေရ။

(ခ) ဤပုဒ်မပါ ကိစ္စရပ်များအတွက် တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်ထားမှုတစ်ရပ်ကို တင်ပြခြင်းနှင့် ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်တစ်ရပ်ကို တင်ပြခြင်းတို့ကိုပုဂ္ဂိုလ်တစ်ဦး တစ်ယောက်နှင့်သက်ဆိုင်သည့် လူမွဲခံယူ ဆောင်ရွက်မှုနှင့် တူညီသည်ဟု မှတ်ယူရမည်။

(ဂ) ကုမ္ပဏီ၏ ပစ္စည်းများအားလုံးကို ကုမ္ပဏီက ၎င်း၏မြီရှင်များအားလုံး၏ အကျိုးခံစားခွင့်များအတွက် ယုံကြည်အပ်နှံခြင်းခံရသူများသို့ လွှဲပြောင်းဆောင်ရွက်ခြင်းသည် ပျက်ပြယ်စေရမည်။

၃၉၄။ **ဝရမ်းကပ်ခြင်း၊ အတည်ပြုဆောင်ရွက်ခြင်းများ စသည်တို့ကို မပြုရခြင်း**

(က) တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းသည့်အခါ ကုမ္ပဏီဖျက်သိမ်းမှုစတင်ပြီးနောက် ပစ္စည်းများ သို့မဟုတ် ပိုင်ဆိုင်ပစ္စည်းများအပေါ် တရားရုံး၏ ခွင့်ပြုချက်မပါရှိဘဲ ဝရမ်းကပ်ခြင်း၊ ပစ္စည်းများကို သိမ်းဆည်းခြင်း သို့မဟုတ် အခြားတရားဝင်အစီအစဉ် တစ်ရပ်ရပ်အရ အတည်ပြုဆောင်ရွက်ခြင်းများ သို့မဟုတ် ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်ကို တရားရုံး၏ ခွင့်ပြုချက်မပါရှိဘဲ ရောင်းချခြင်းများသည် ပျက်ပြယ်စေရမည်။

(ခ) ဤပုဒ်မတွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်မဆို အစိုးရက ဆောင်ရွက်သည့် ကိစ္စရပ်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၃၉၅။ **အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge) ၏ အကျိုးသက်ရောက်မှု**

ကုမ္ပဏီတစ်ခုအား ဖျက်သိမ်းသည့်အခါ ကုမ္ပဏီဖျက်သိမ်းသည့်နေ့မှစ၍ (၃)လအတွင်း ပြုလုပ်ခဲ့သောကုမ္ပဏီ၏ တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းများနှင့် စပ်လျဉ်း၍ ပြုလုပ်သည့် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge) သည် အဆိုပါ အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်းကို ပြုလုပ်ပြီးနောက် ကုမ္ပဏီသည် ချက်ချင်းလူမွဲခံယူရခြင်း မရှိခဲ့လျှင် အဆိုပါ ပမာဏအပေါ် တစ်နှစ်လျှင် (၅) % အတိုးနှုန်းဖြင့် အဆိုပါ ကြွေးမြီတာဝန်တင်ရှိခြင်း ပြုလုပ်သည့်အချိန်တွင် သော်လည်းကောင်း၊ ထိုကြွေးမြီတာဝန်တင်ရှိခြင်း ပြုလုပ်ပြီးနောက်တွင်သော်လည်းကောင်း ကြွေးမြီတာဝန်တင်ရှိခြင်းအတွက် အဖိုးစားနားအဖြစ် ကုမ္ပဏီသို့ ပေးချေခဲ့သည့် ငွေသားပမာဏမှအပ တရားဝင်ခြင်း မရှိစေရ။

၃၉၆။ **စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် ယေဘုယျအစီအစဉ်များကို ခွင့်ပြုနိုင်ခြင်း**

(က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် တရားရုံး၏ခွင့်ပြုချက်ဖြင့် ကုမ္ပဏီကို ဖျက်သိမ်းသည့်အခါ တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ၊ ဆန္ဒအလျောက် ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်အရ ခွင့်ပြုချက်ဖြင့်ဖြစ်စေ အောက်ပါကိစ္စရပ်များ အားလုံးကိုဖြစ်စေ၊ တစ်ရပ်ရပ်ကိုဖြစ်စေဆောင်ရွက်နိုင်သည် -

(၁) မြီရှင်အမျိုးအစားတစ်ရပ်ရပ်သို့ အပြည့်အဝငွေပေးချေခြင်း၊

(၂) မြီရှင်များနှင့်ဖြစ်စေ၊ မြီရှင်များဖြစ်သည်ဟု တောင်းဆိုနေသူများနှင့်ဖြစ်စေ၊ ကုမ္ပဏီအနေဖြင့် ယခုသော်လည်းကောင်း၊ နောင်တွင်သော်လည်းကောင်း တာဝန်ရှိနိုင်သည့် တောင်းဆိုမှုတစ်ရပ်ရပ် ပြုလုပ်သူများနှင့်ဖြစ်စေ သဘောတူညီမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုတစ်ရပ်ရပ် ပြုလုပ်ခြင်း၊

(၃) ကုမ္ပဏီနှင့် ကြွေးမြီပေးဆပ်ရသူများ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများဟု သတ်မှတ်ခံရသူများ သို့မဟုတ် အခြားမြီစားများ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ သို့မဟုတ် ကုမ္ပဏီသို့တာဝန်ရှိကြသူများ အကြား ငွေကြေးထည့်ဝင်ရန် တောင်းခံမှုများနှင့် ထိုတောင်းခံမှုများအတွက် တာဝန်ရှိမှုများ၊ ကြွေးမြီများနှင့် ကြွေးမြီများကြောင့်ဖြစ်ပေါ်လာသည့် တာဝန်ရှိမှုများ၊ ယခု သော်လည်းကောင်း၊ နောင်တွင် သော်လည်းကောင်း ဖြစ်ပေါ်မည် သို့မဟုတ် ဖြစ်ပေါ်နိုင်ဖွယ်ရှိသည့် တင်ပြတောင်းဆိုမှုများနှင့် ကုမ္ပဏီနှင့် လည်းကောင်း၊ ကုမ္ပဏီ၏ ပစ္စည်းများနှင့် လည်းကောင်း၊ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် လည်းကောင်း သက်ဆိုင်သည့်ကိစ္စရပ်များကို သဘောတူညီထားသည့် စည်းကမ်းချက်များဖြင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ အဆိုပါတောင်းခံမှုများ၊ ကြွေးမြီများ၊ တာဝန်ရှိမှုများ သို့မဟုတ် တင်ပြတောင်းဆိုမှုများကို ဆောင်ရွက်ရန်အတွက် အာမခံတစ်ရပ်ရပ်ရယူခြင်းနှင့် ၎င်းတို့နှင့် စပ်လျဉ်း၍ ပြီးစီးအောင် ဆောင်ရွက်ခြင်း၊

(ခ) ဤပုဒ်မအရ အခွင့်အာဏာများကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကျင့်သုံးဆောင်ရွက်ခြင်းသည် တရားရုံး၏ ကြီးကြပ်မှုနှင့်အညီ ဖြစ်စေရမည်။ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် အဆိုပါ အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

၃၉၇။ **ပြစ်မှုကျူးလွန်သည့် ဒါရိုက်တာများ စသည်တို့အပေါ် နစ်နာကြေးရယူရန် တရားရုံး၏ အခွင့်အာဏာ**

(က) ကုမ္ပဏီကို ဖျက်သိမ်းသည့်အခါ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ကုမ္ပဏီကို ကမကထပြုလုပ်ခြင်းတို့တွင် ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦးဦး၊ သို့မဟုတ် ယခင်က ဖြစ်စေ၊ ယခုဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊ သို့မဟုတ် ကုမ္ပဏီ၏ အရာရှိတစ်ဦးဦးသည် ကုမ္ပဏီ၏ ငွေကြေးများ သို့မဟုတ် ပစ္စည်းများအတွက် အလွဲသုံးခဲ့ကြောင်း၊ ရယူခဲ့ကြောင်း၊ သို့မဟုတ် တာဝန်ရှိကြောင်း ပေါ်ပေါက်ခဲ့လျှင်၊ သို့မဟုတ် ကုမ္ပဏီနှင့် စပ်လျဉ်း၍ အရှိန်အဝါ အလွဲသုံးစားပြုမှု သို့မဟုတ် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုတို့အတွက် အပြစ်ရှိကြောင်း ပေါ်ပေါက်ခဲ့ကြောင်းတွေ့ရှိလျှင် တရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးက ကုမ္ပဏီဖျက်သိမ်းခြင်းတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ပထမဆုံး ခန့်အပ်ခဲ့သည့်နေ့ရက်မှ ဖြစ်စေ၊ အလွဲအသုံးပြုခြင်း၊ ရယူခြင်း၊ အရှိန်အဝါအလွဲသုံးစားပြုမှု သို့မဟုတ် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုတို့ကို ပြုလုပ်ခဲ့သည့်နေ့မှ (၃)နှစ်အတွင်းဖြစ်စေ၊ ယင်းတို့အနက် ပိုမိုရှည်ကြာသည့် ကာလအတွင်း ပြုလုပ်သည့် လျှောက်ထားသည့်အပေါ် ကမကထပြုသူများ၊ ဒါရိုက်တာများ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊ သို့မဟုတ် အရာရှိများ၏ ပြုမူဆောင်ရွက်ချက်များကို စစ်ဆေးနိုင်ပြီး တရားရုံးက သင့်သည် ထင်မြင်သည့် အတိုးနှုန်းဖြင့် ငွေကြေး သို့မဟုတ် ပစ္စည်းသို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သည့်ကိစ္စတစ်ရပ်ရပ်ကို ပြန်လည်ပေးချေရန် သို့မဟုတ် ပြန်လည်ထားရှိရန် အဆိုပါပုဂ္ဂိုလ်များအား အတင်းအကျပ် ဆောင်ရွက်စေနိုင်သည်၊ သို့မဟုတ် တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း အလွဲအသုံးပြုခြင်း၊ ရယူခြင်း၊ အရှိန်အဝါအလွဲသုံးစားပြုမှု သို့မဟုတ် ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုတို့နှင့် စပ်လျဉ်း၍ လျော်ကြေးအဖြစ် ကုမ္ပဏီ၏ အခြေပစ္စည်းများသို့ အဆိုပါငွေပမာဏများအား ထည့်ဝင်စေရန် အတင်းအကျပ် ဆောင်ရွက်စေနိုင်သည်။

*စာမျက်နှာ ၃ သို့*

စာမျက်နှာ ၂ မှ

(ခ) ပြစ်မှုကျူးလွန်သူမှာ ပြစ်မှုဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ တာဝန်ရှိနိုင်မည့် ပြစ်မှုဖြစ်စေကာမူ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်စေရမည်။

၃၉၈။ **စာရင်းစာအုပ်များကို လိမ်လည်အတုပြုခြင်း**

စာရင်းရှင်းလင်းဖျက်သိမ်းသည့်ကုမ္ပဏီတစ်ခုခုမှ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များကို ဖျက်ဆီးခြင်း၊ ပုံသဏ္ဌာန်ပျက်ယွင်းစေခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း၊ လိမ်လည်အတုပြုခြင်း၊ သို့မဟုတ် လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ဝှက်သိမ်းထားခြင်းတို့ကို ပြုလုပ်ခဲ့လျှင်၊ သို့မဟုတ် အခြားသူတစ်ဦးဦးအား လိမ်လည်လှည့်ဖြားရန် သို့မဟုတ် လှည့်ဖြားရန်အကြံဖြင့် မှတ်ပုံတင်စာရင်း၊ ငွေစာရင်းစာအုပ် သို့မဟုတ် ကုမ္ပဏီပိုင်သည့် စာရွက်စာတမ်းများကို မှားယွင်း၍ဖြစ်စေ၊ လိမ်လည်၍ဖြစ်စေရေးသွင်းဆောင်ရွက်ခြင်း သို့မဟုတ် ထိုသို့ပြုလုပ်သည်ကို ခွင့်ပြုခြင်းတို့ကို ပြုလုပ်ခဲ့လျှင် အဆိုပါ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူသည် (၇)နှစ်အထိ ထောင်ဒဏ်ကျခံရမည့်အပြင် ငွေဒဏ်လည်း ကျခံရမည်။

၃၉၉။ **ပြစ်မှုကျူးလွန်သည့် ဒါရိုက်တာများကို တရားစွဲဆိုခြင်း**

(က) တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီဖျက်သိမ်းသည့် ကိစ္စရပ်တွင် ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ၊ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးသည် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုတစ်ရပ်ရပ်အရ အပြစ်ရှိကြောင်း တရားရုံးကတွေ့ရှိလျှင် ကုမ္ပဏီဖျက်သိမ်းခြင်းတွင် အကျိုးသက်ဆိုင်သူတစ်ဦးဦးက လျှောက်ထားမှုဖြင့်ဖြစ်စေ၊ တရားရုံးကိုယ်တိုင် အရေးယူဆောင်ရွက်မှုဖြင့်ဖြစ်စေ တရားရုံးသည် ပြစ်မှုကျူးလွန်သူအား တရားစွဲဆိုစေရန် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ ညွှန်ကြားနိုင်သည် သို့မဟုတ် ထိုကိစ္စရပ်ကို မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည်။

(ခ) ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်အခါ ယခင်ကဖြစ်စေ၊ တာဝန်ထမ်းဆဲဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ၊ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးသည် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာပြစ်ဒဏ် ထိုက်သင့်သောပြစ်မှုတစ်ရပ်ရပ်အရ အပြစ်ရှိကြောင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက တွေ့ရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ထိုကိစ္စရပ်အား မှတ်ပုံတင်အရာရှိထံသို့ ချက်ချင်းအစီရင်ခံတင်ပြရမည်ဖြစ်ပြီး အဆိုပါ အချက်အလက်များကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။ ထို့အပြင် မှတ်ပုံတင်အရာရှိက လိုအပ်လျှင် ပေါ်ပေါက်လာသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လက် ဝယ်တွင်ရှိသော သို့မဟုတ် ၎င်း၏ ကြီးကြပ်မှုအောက်တွင်ရှိသော သတင်းအချက် အလက်များ သို့မဟုတ် စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရှုခွင့်နှင့် ထိုစာရွက် စာတမ်းများကို မိတ္တူရယူခွင့်များ ဆောင်ရွက်နိုင်ရေးအတွက် ဝင်ရောက်ခွင့်ပြုရမည်။

(ဂ) မှတ်ပုံတင်အရာရှိထံသို့ ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)အရ အစီရင်ခံစာ တင်ပြပြီးသည့်အခါ မှတ်ပုံတင်အရာရှိသည် ၎င်းအနေဖြင့် သင့်သည်ထင်မြင်သည့်အတိုင်း အဆိုပါ ကိစ္စရပ်ကို ထပ်မံစုံ စမ်းစစ်ဆေးရန်အတွက် ပြည်ထောင်စုဝန်ကြီးထံ တင်ပြနိုင်သည်။ ထိုသို့ တင်ပြချက်အရ ပြည်ထောင်စုဝန်ကြီးသည် အဆိုပါကိစ္စရပ်ကို စုံစမ်းစစ်ဆေးနိုင်ပြီး သင့်သည်ထင်မြင်ပါက သက်ဆိုင်ရာ ကုမ္ပဏီနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်ထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို တရားရုံးက ကုမ္ပဏီကို ဖျက်သိမ်းသည့်ကိစ္စရပ်တွင် ဤဥပဒေအရ အပ်နှင်းထားသည့်အတိုင်း ကုမ္ပဏီ၏ ကိစ္စရပ်များကို စုံစမ်းစစ်ဆေးနိုင်သည့် အခွင့်အာဏာအားလုံးကို ထိုသူထံသို့ အပ်နှင်းသည့် အမိန့်တစ်ရပ် ချမှတ်ပေးနိုင်ရေးအတွက် တရားရုံးသို့ တင်ပြ လျှောက်ထားနိုင်သည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)အရ မှတ်ပုံတင်အရာရှိထံသို့ တင်ပြသည့် အစီရင်ခံစာနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိက အရေးယူဆောင်ရွက်သင့်သည့် ကိစ္စရပ်မဟုတ်ကြောင်းတွေ့ရှိလျှင် မှတ်ပုံတင်အရာရှိသည် ထိုအကြောင်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပြန် လည်အကြောင်းကြားရမည်။ ထိုအခါ တရားရုံး၏ ကြိုတင်ခွင့်ပြုချက်ဖြင့် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိသည် ပြစ်မှုကျူးလွန်သူအပေါ် တရားစွဲဆိုဆောင်ရွက်နိုင်သည်။

(င) ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်အခါ ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ၊ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦးဦးသည် ကုမ္ပဏီနှင့်စပ်လျဉ်း၍ အထက်ဖော်ပြပါအတိုင်းအပြစ်ရှိကြောင်း တရားရုံးက တွေ့ရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မှတ်ပုံတင် အရာရှိထံသို့ အဆိုပါကိစ္စရပ်နှင့် စပ်လျဉ်း၍ တင်ပြအစီရင်ခံခြင်း မရှိခဲ့လျှင်၊ တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းခြင်းတွင် အကျိုးသက်ဆိုင်သူတစ်ဦးဦးက လျှောက်ထားမှုဖြင့် ဖြစ်စေ၊ မိမိကိုယ်တိုင် အရေးယူဆောင်ရွက်မှုဖြင့်ဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ထိုအစီရင်ခံစာကို တင်ပြစေရန် ညွှန်ကြားနိုင်သည်။ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ တင်ပြသည့် အစီရင်ခံစာသည် ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) ပါ ပြဋ္ဌာန်းချက်များအရ ပြုလုပ်သည့် အစီရင်ခံစာကဲ့သို့ အကျိုးသက်ရောက်စေရမည်။

(စ) ဤပုဒ်မအရ ကိစ္စရပ်တစ်ခုခုအား မှတ်ပုံတင်အရာရှိထံသို့ အစီရင်ခံတင်ပြသည့်အခါ သို့မဟုတ် လွှဲအပ်သည့်အခါ မှတ်ပုံတင်အရာရှိသည် တင်ပြလာသည့် ကိစ္စမှာ တရားစွဲဆိုသင့်ကြောင်း ဆုံးဖြတ်ပါက စာရွက်စာတမ်းများကို ရှေ့နေချုပ် သို့မဟုတ် အမှုလိုက်ဥပဒေအရာရှိများထံသို့ တင်ပြရမည်။ တရားစွဲဆိုရန် အကြံပြုလာပါက ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊ အရာရှိများနှင့် ကိုယ်စားလှယ်များအားလုံးသည် (တရားစွဲဆိုမှုတွင်ပါဝင်သည့် တရားခံမှ အပ) မှတ်ပုံတင်အရာရှိ၊ ရှေ့နေချုပ်နှင့်၊ သို့မဟုတ် အမှုလိုက်ဥပဒေအရာရှိများထံသို့ တရားစွဲဆိုမှုနှင့်သက်ဆိုင်သည့် အကူအညီများအားလုံးကို ပေးအပ်ရမည်။ သို့ရာတွင် စွပ်စွဲခံရသူအား မှတ်ပုံတင်အရာရှိထံသို့ စာဖြင့်ရေးသား၍ ရှင်းလင်းဖော်ပြချက် ပြုလုပ်စေရန်နှင့် ယင်းတို့အား ကြားနာစေရန် အခွင့်အရေး ဦးစွာပေးအပ်ခြင်းမပြုဘဲ တရားစွဲဆိုခြင်း မပြုလုပ်ရ။ ဤပုဒ်မခွဲပါ ကိစ္စရပ်များအတွက် ကုမ္ပဏီနှင့်သက်ဆိုင်သည့် "ကိုယ်စားလှယ်" ဆိုသည်မှာကုမ္ပဏီ၏ အရာရှိဖြစ်သည် ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ ကုမ္ပဏီ၏ ဘဏ်လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် ဥပဒေအကြံပေးတစ်ဦးဦး၊ စာရင်းစစ်အဖြစ် ကုမ္ပဏီက ခန့်အပ်ထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးပါဝင်သည်ဟု မှတ်ယူရမည်။

(ဆ) မည်သူမဆို ဤပုဒ်မ၏ ပုဒ်မခွဲ(စ) အရ လိုအပ်သည့် အကူအညီများကို ပေးအပ်ရန်ပျက်ကွက်လျှင် တရားရုံးသည် မှတ်ပုံတင်အရာရှိ၏ လျှောက်ထားမှုအရ အဆိုပါပုဂ္ဂိုလ်အား ဖော်ပြပါ ပုဒ်မခွဲ၏ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်စေရန် ညွှန်ကြားနိုင်သည်။ အဆိုပါ လျှောက်ထားမှုသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့်သက်ဆိုင်ပါက ထိုသို့ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပေါ့လျော့မှုသည် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ ထံတွင် ထိုသို့လိုက်နာဆောင်ရွက်ရန်အတွက် ကုမ္ပဏီ၏ အခြေပစ္စည်းများ လုံလောက်စွာမရှိခြင်း ဖြစ်ကြောင်းမှတစ်ပါး ထိုသို့လျှောက်ထားသည့် ကုန်ကျစရိတ်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မိမိစရိတ်ဖြင့်ကျခံစေရန် ညွှန်ကြားနိုင်သည်။

၄၀၀။ **မှားယွင်းတင်ပြသည့် သက်သေခံချက်များအတွက် ပြစ်ဒဏ်**

ဤဥပဒေအရ ကျမ်းကျိန်ဆောင်ရွက်သည့် စစ်ဆေးမေးမြန်းမှုတစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရ ကုမ္ပဏီဖျက်သိမ်းခြင်းတွင် သို့မဟုတ် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် ကျမ်းကျိန်လွှာ၊ သက်သေခံချက်၊ သို့မဟုတ် ကတိသစ္စာပြုခြင်းတစ်ရပ်ရပ်၊ သို့မဟုတ် ဤဥပဒေအရ ပေါ်ပေါက်လာသည့် ကိစ္စတစ်ရပ်ရပ်တွင် သို့မဟုတ် ယင်းကိစ္စနှင့် စပ်လျဉ်း၍ မည်သူမဆို တမင်ကြံရွယ်၍ မှားယွင်းသည့် သက်သေခံချက်များကို တင်ပြခဲ့လျှင် ထိုသူသည် (၇)နှစ်အထိ ထောင်ဒဏ်ကျခံရမည့်အပြင် ငွေဒဏ်လည်း ကျခံရမည်။

၄၀၁။ **ပြစ်ဒဏ်ပြဋ္ဌာန်းချက်များ**

(က) ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများသည် စွပ်စွဲခံရသည့်ပြစ်မှုအား ကျူးလွန်သည့် အချိန်၌ တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီ ဖျက်သိမ်းသည့် ကိစ္စရပ်တွင် လည်းကောင်း၊ ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းသည့်ကိစ္စရပ်တွင် လည်းကောင်း သို့မဟုတ် စွပ်စွဲခံရသည့် ပြစ်မှုအား ကျူးလွန်ပြီးနောက် ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် တရားရုံးက အမိန့်ချမှတ်သည့်အခါ သို့မဟုတ် ကုမ္ပဏီ၏ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်သည့် အခါတွင်လည်းကောင်း -

(၁) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို သာမန်နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းမှတစ်ပါး ကုမ္ပဏီ၏အမှန်တည်ရှိနေသောပစ္စည်းများ၊ တစ်ဦးချင်းနှင့်ဆိုင်သောပစ္စည်းများအားလုံးကို လည်းကောင်း၊ ယင်းတို့၏တစ်စိတ်တစ်ဒေသကို မည်သို့၊ မည်သူ့ထံသို့၊ မည်သည့်အဖိုးစားနားဖြင့်၊ မည်သည့်အချိန်တွင် စီမံဆောင်ရွက်ခဲ့သည်ကို လည်းကောင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပြည့်စုံမှန်ကန်စွာ မိမိတို့ သိရှိကြသည့်အလျောက် တင်ပြခဲ့ခြင်းမပြုလျှင်၊ သို့မဟုတ်

(၂) ဥပဒေအရ တင်ပြအပ်နှံရမည့်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦးသည် ၎င်း၏ ထိန်းသိမ်းမှု သို့မဟုတ် ကြီးကြပ်မှုအောက်ရှိ ကုမ္ပဏီ၏ အမှန်တည်ရှိနေသောပစ္စည်းများ၊ တစ်ဦးချင်းနှင့်ဆိုင်သော ပစ္စည်းများအားလုံးကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ဖြစ်စေ၊ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိက ညွှန်ကြားသည့်အတိုင်း ဖြစ်စေ တင်ပြအပ်နှံမှု မပြုလျှင်၊ သို့မဟုတ်

(၃) ဥပဒေအရ တင်ပြအပ်နှံရမည့်ဖြစ်သောပုဂ္ဂိုလ်တစ်ဦးဦးသည် ၎င်း၏ ထိန်းသိမ်းမှု သို့မဟုတ် ကြီးကြပ်မှုအောက်ရှိကုမ္ပဏီနှင့် သက်ဆိုင်သော စာရင်းစာအုပ်များနှင့် စာရွက်စာတမ်းများအားလုံးကို စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံသို့ ဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိက ညွှန်ကြားသည့်အတိုင်းဖြစ်စေ တင်ပြအပ်နှံမှုမပြုလျှင်၊ သို့မဟုတ်

(၄) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ပစ္စည်းတစ်ရပ်ရပ်ကို ဝှက်သိမ်းထားလျှင် သို့မဟုတ် ကုမ္ပဏီသို့ဖြစ်စေ၊ ကုမ္ပဏီထံမှဖြစ်စေ ပေးရန်ရှိသည့် ကြွေးမြီတစ်ရပ်ရပ်ကို ဝှက်သိမ်းထားလျှင်၊ သို့မဟုတ်

(၅) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်ကို လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ဖယ်ရှားထားလျှင်၊ သို့မဟုတ်

(၆) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ရေးသားဖော်ပြချက် တစ်ရပ်ရပ်တွင် အရေးကြီးသည့်အကြောင်းအရာများကို ချန်လှပ် ထားလျှင်၊ သို့မဟုတ်

(၇) ကုမ္ပဏီဖျက်သိမ်းသည့်အခါ တစ်ဦးတစ်ယောက်က မှားယွင်းသည့် ကြွေးမြီကို တင်ပြလာကြောင်း သိရှိ သို့မဟုတ် ယုံကြည်ပြီး ထိုအကြောင်းအရာအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ထံသို့ (၁)လအတွင်း တင်ပြရန်ပျက်ကွက်ခဲ့လျှင်၊ သို့မဟုတ်

(၈) ကုမ္ပဏီဖျက်သိမ်းမှုစတင်ပြီးနောက် ကုမ္ပဏီ၏ ပစ္စည်းများ သို့မဟုတ် ကုမ္ပဏီ၏ ကိစ္စရပ်များနှင့် သက်ဆိုင်သော စာရင်းစာအုပ် သို့မဟုတ် စာရွက်စာတမ်းများကို ပြစုတင်ပြရန် တားမြစ်ထားလျှင်၊ သို့မဟုတ်

(၉) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့ မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ပစ္စည်းများ သို့မဟုတ် ကုမ္ပဏီ၏ကိစ္စရပ်များနှင့် သက်ဆိုင်သော စာရင်းစာအုပ် သို့မဟုတ် စာရွက်စာတမ်းများကို ဝှက်သိမ်းထားခြင်း၊ ဖျက်ဆီးဖြင်း၊ ပုံသဏ္ဌာန် ပျက်ယွင်းစေခြင်း၊ လိမ်လည်အတုပြုခြင်းများ ပြုလုပ်လျှင် သို့မဟုတ် ထိုသို့ပြုလုပ်သည်ကို ခွင့်ပြုလျှင်၊ သို့မဟုတ်

(၁၀) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ပစ္စည်းများ သို့မဟုတ် ကုမ္ပဏီ၏ကိစ္စရပ်များနှင့် သက်ဆိုင်သော စာရင်းစာအုပ် သို့မဟုတ် စာရွက်စာတမ်းများတွင် မှားယွင်းရေးသွင်းမှုများကို ပြုလုပ်လျှင်၊ သို့မဟုတ် ထိုသို့ပြုလုပ်သည်ကို ခွင့်ပြုလျှင်၊ သို့မဟုတ်

(၁၁) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ပစ္စည်းများ သို့မဟုတ် ကုမ္ပဏီ၏ကိစ္စရပ်များနှင့် သက်ဆိုင်သော စာရွက်စာတမ်းများတွင် လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် တစ်စိတ်တစ်ဒေသအား ပြောင်းလဲပြင်ဆင်လျှင် သို့မဟုတ် ချန်လှပ်ထားခဲ့လျှင် သို့မဟုတ် ထိုသို့ပြုလုပ်ရန် ခွင့်ပြုခဲ့လျှင်၊ သို့မဟုတ်

(၁၂) ကုမ္ပဏီဖျက်သိမ်းမှုစတင်ပြီးနောက် သို့မဟုတ် ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း ကုမ္ပဏီ၏ မြီရှင်များအစည်းအဝေး၌ ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်ကို အစစ်အမှန်မဟုတ်သော ဆုံးရှုံးမှုများ သို့မဟုတ် အသုံးစရိတ်များဖြင့် စာရင်းပြုစုရန် ကြိုးစားလျှင်၊ သို့မဟုတ်

(၁၃) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆို မှားယွင်းတင်ပြ၍ ဖြစ်စေ၊ အခြားနည်း လိမ်လည်၍ဖြစ်စေ ကုမ္ပဏီအတွက် သော်လည်းကောင်း၊ ကုမ္ပဏီ၏ ကိုယ်စားသော်လည်းကောင်း ကုမ္ပဏီက နောင်တွင် ပေးချေမည်မဟုတ်သည့် အကြွေးဖြင့် ပစ္စည်းတစ်ရပ်ရပ်ကို ရယူခဲ့လျှင်၊ သို့မဟုတ်

(၁၄) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက်မည်သည့်အချိန်တွင်မဆို ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း မှားယွင်းဖော်ပြ၍ ကုမ္ပဏီအတွက် သော်လည်းကောင်း၊ ကုမ္ပဏီ၏ကိုယ်စား သော်လည်းကောင်း ကြွေးမြီဖြင့် ကုမ္ပဏီက နောင်တွင်ပေးချေမည်မဟုတ်သည့် ပစ္စည်း တစ်ရပ်ရပ်ကိုရယူလျှင်၊ သို့မဟုတ်

(၁၅) ထိုသို့ပြုလုပ် ဆောင်ရွက်ခြင်းသည် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းကို သာမန်နည်းလမ်းဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုလျှင်မှတစ်ပါး၊ ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ (၁၂)လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆို ကြွေးမြီဖြင့်ရယူထားပြီး ငွေပေး ချေခြင်း မပြုရသေးသည့် ကုမ္ပဏီ၏ပစ္စည်းတစ်ရပ်ရပ်ကို ငွေကြေးဖြင့် အလဲအလှယ်ပြုလုပ်လျှင်၊ ပေါင်နှံလျှင်၊ သို့မဟုတ် စီမံဆောင်ရွက်လျှင်၊ သို့မဟုတ်

(၁၆) ကုမ္ပဏီ၏ ကိစ္စရပ်များအတွက် လည်းကောင်း၊ ကုမ္ပဏီကို ဖျက်သိမ်းရန် အတွက် လည်းကောင်း ကုမ္ပဏီ၏ မြီရှင်များ၊ သို့မဟုတ် ၎င်းတို့ တစ်ဦးဦးထံမှ သဘောတူညီချက်ရယူရန်အတွက် မှားယွင်းတင်ပြမှု သို့မဟုတ် အခြားလိမ်လည်မှုတစ်ရပ်ရပ်အရ အပြစ်ရှိလျှင်-

ဤပုဒ်မ၏ ပုဒ်မခွဲ(က) အပိုဒ် (၁၃)၊ (၁၄)နှင့် (၁၅) တို့တွင် အသီးသီးဖော်ပြထားသော ပြစ်မှုများအား ကျူးလွန်သူသည် (၅) နှစ်ထက်မပိုသော ထောင်ဒဏ်တစ်ရပ်ရပ်ကို ကျခံရမည်ဖြစ်ပြီး အခြားပြစ်မှုများကို ကျူးလွန်သူသည် (၂)နှစ်ထက်မပိုသော ထောင်ဒဏ်တစ်ရပ်ရပ်ကို ကျခံရမည်။

သို့ရာတွင် ဤပုဒ်မ၏ ပုဒ်မခွဲ(က) အပိုဒ်(၂)၊ (၃)၊ (၄)၊ (၆)၊ (၁၄)နှင့် (၁၅) တို့အရ စွဲချက်တင်ခံရသော တရားခံသည် ၎င်းအနေဖြင့် လိမ်လည်ရန်ကြံရွယ်ခဲ့ခြင်း မရှိကြောင်း ကောင်းစွာသက်သေထင်ရှား ပြသ၍ခုခံကာကွယ်နိုင်သည့်အပြင် ဤပုဒ်မ၏ ပုဒ်မခွဲ(က) အပိုဒ်(၁)၊ (၈)၊ (၉) နှင့် (၁၀) တို့အရ စွဲချက်တင်ခံရသော တရားခံသည် ကုမ္ပဏီ၏ကိစ္စရပ်များကို ကွယ်ဝှက်ရန် သို့မဟုတ် ဥပဒေအား ချိုးဖောက်ရန် ကြံရွယ်ခဲ့ခြင်းမရှိကြောင်း ကောင်းစွာသက်သေထင်ရှား ပြသ၍ ခုခံကာကွယ် နိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) အပိုဒ်(၁၅)အရ ပြစ်မှုတစ်ရပ် ဖြစ်ပေါ်စေနိုင်သည့် အခြေအနေတွင် တစ်ဦးတစ်ယောက်သည် ပစ္စည်းတစ်ရပ်ရပ်ကို ငွေကြေးဖြင့် အလဲအလှယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ သို့မဟုတ် စီမံဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါက ထိုသို့သောအခြေအနေတွင် ငွေကြေးဖြင့်အလဲအလှယ်ပြုလုပ်သည့်၊ ပေါင်နှံသည့် သို့မဟုတ် စီမံဆောင်ရွက်သည့်ပစ္စည်းကို သိလျက်ဖြင့် ပြုလုပ်ခဲ့လျှင် သို့မဟုတ် လက်ခံခဲ့လျှင် ထိုသူသည် (၃) နှစ်ထက်မပိုသော ထောင်ဒဏ်ကိုကျခံရမည်။

၄၀၂။ **မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကို စိစစ်ရန် အစည်းအဝေးများ ကျင်းပရခြင်း**

(က) ဤဥပဒေအရ တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ သက်သေထင်ရှားပြသနိုင်သော မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကို ထည့်သွင်းသုံးသပ်ရန် အခွင့်အာဏာအပ်နှင်းထားရာ ၎င်းတို့၏ သဘောဆန္ဒများကို စိစစ်ရန်အတွက် တရားရုံးသည် သင့်သည် ထင်မြင်သည့်အတိုင်း မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေးများကို တရားရုံးက ညွှန်ကြားသည့် နည်းလမ်းများဖြင့် ခေါ်ယူကျင်းပဆောင်ရွက်ရန် ညွှန်ကြားနိုင်သည့်အပြင် အဆိုပါအစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ရန်နှင့် ထိုအစည်းအဝေးမှ ရလဒ်များကို တရားရုံးသို့ တင်ပြစေရန် ပုဂ္ဂိုလ်တစ်ဦးဦးကို ခန့်အပ်နိုင်သည်။

(ခ) မြီရှင်များနှင့် သက်ဆိုင်သည့်ကိစ္စရပ်တွင် မြီရှင်တစ်ဦးချင်းစီ၏ ကြွေးမြီတန်ဖိုးကို ထည့်သွင်း သုံးသပ်ရမည်။

(ဂ) ကြွေးမြီပေးဆပ်ရသူများနှင့် သက်ဆိုင်သည့်ကိစ္စရပ်တွင် ဤဥပဒေ၊ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း သို့မဟုတ် ယင်းတို့၏အစုရှယ်ယာဆိုင်ရာ စည်းကမ်းချက်များအရ ကြွေးမြီပေးဆပ်ရသူ တစ်ဦးချင်းစီအပေါ် ခွင့်ပြုထားသည့် မဲပေးနိုင်သည့် အရေအတွက်ကို ထည့်သွင်းသုံးသပ်ရမည်။

၄၀၃။ **ကုမ္ပဏီ၏ စာရွက်စာတမ်းများကို သက်သေခံအဖြစ် လက်ခံရခြင်း**

ကုမ္ပဏီတစ်ခုခုကို ဖျက်သိမ်းသည့်အခါ ကုမ္ပဏီနှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတို့၏ စာရွက်စာတမ်းများကို ကုမ္ပဏီကြွေးမြီပေးဆပ်ရသူများအကြားနှင့် သက်ဆိုင်သည့်ကိစ္စရပ်၌ အဆိုပါစာရွက်စာတမ်းများတွင် မှတ်တမ်းတင်ထားသည့် ကိစ္စရပ်များအားလုံးသည် မှန်ကန်၍ ခိုင်လုံသည့်သက်သေခံချက်များ ဖြစ်စေရမည်။

စာမျက်နှာ ၄ သို့

*စာမျက်နှာ ၃ မှ*

၄၀၄။ **စာရွက်စာတမ်းများကို စစ်ဆေးခြင်း**

တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်ပြီးသည့်အခါ တရားရုံးသည် ၎င်းသင့်သည် ထင်မြင်သည့်အတိုင်း ကုမ္ပဏီ၏ စာရွက်စာတမ်းများကို ကုမ္ပဏီ၏ မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများက စစ်ဆေးနိုင်ရန်အတွက် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။ ကုမ္ပဏီ၏ လက်ဝယ်တွင်ရှိသော မည်သည့် စာရွက်စာတမ်းကိုမဆို မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများက အဆိုပါအမိန့်အရ စစ်ဆေးနိုင်သည်။သို့သော်ထပ်မံ၍သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း စစ်ဆေးခြင်းမပြုရ။

၄၀၅။ **ကုမ္ပဏီ၏ စာရွက်စာတမ်းများကို ရှင်းလင်းဆောင်ရွက်ခြင်း**

(က) ကုမ္ပဏီတစ်ခုကို စာရင်းရှင်းလင်းပြီး ဖျက်သိမ်းမည့်အခါ ကုမ္ပဏီနှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတို့၏ စာရွက်စာတမ်းများကို အောက်ပါအတိုင်း စီမံခန့်ခွဲဆောင်ရွက်နိုင်သည် -

(၁) တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီဖျက်သိမ်းသည့် ကိစ္စရပ်တွင် တရားရုံးက ညွှန်ကြားသည့်နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်၊ သို့မဟုတ်

(၂) ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်ကိစ္စရပ်တွင် အထူးဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီက ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရမည်။

(ခ) ကုမ္ပဏီဖျက်သိမ်းသည်မှ (၃) နှစ်ကြာပြီးနောက်တွင် စာရွက်စာတမ်းများနှင့် သက်ဆိုင်သူက အဆိုပါစာရွက်စာတမ်းများမရရှိသည်ဆိုသော အကြောင်းကြောင့် မည်သည့်တာဝန်ရှိမှုမျှ ကုမ္ပဏီအပေါ်တွင်လည်းကောင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအပေါ်တွင် လည်းကောင်း၊ သို့မဟုတ် စာရွက်စာတမ်းများအား ထိန်းသိမ်းထားရသူတစ်ဦးဦးအပေါ်တွင် လည်းကောင်း မရှိစေရ။

၄၀၆။ **ကုမ္ပဏီဖျက်သိမ်းမှု ပျက်ပြယ်ကြောင်း ကြေညာနိုင်သည့် တရားရုံး၏အခွင့်အာဏာ**

ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းပြီးသည့်အခါ ထိုသို့ဖျက်သိမ်းသည့်နေ့မှ (၂) နှစ်အတွင်း မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိက ဖြစ်စေ၊ တရားရုံးက အကျိုးသက်ဆိုင်သူဖြစ်သည်ဟုယူဆသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်စေ လျှောက်ထားလာလျှင် တရားရုံးသည် သင့်သည်ထင်မြင်သည့်စည်းကမ်းချက်များ သတ်မှတ်၍ ကုမ္ပဏီဖျက်သိမ်းမှု ပျက်ပြယ်ကြောင်း ကြေညာသည့် အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။ ယင်းနောက် ကုမ္ပဏီကို ဖျက်သိမ်းခြင်း မပြုသကဲ့သို့ အမှုဆိုင်ရာ ဆောင်ရွက်ချက်များ ပြုလုပ်ရမည်။

၄၀၇။ ပုဒ်မ ၄၀၆ ပါ အမိန့်ချမှတ်သည့် လျှောက်လွှာကို တင်ပြသူသည် ထိုအမိန့်အား ချမှတ်ပြီးနောက် (၂၁) ရက်အတွင်း အဆိုပါအမိန့်၏ မူရင်း မိတ္တူမှန်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ပါက ပြစ်ဒဏ်ပမာဏ (၅)ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၄၀၈။ **ဆိုင်းငံ့ထားသော စာရင်းရှင်းလင်းဖျက်သိမ်းခြင်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ**

(က) ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းပြီးသည့်အခါ စာရင်းရှင်းလင်းဖျက်သိမ်းမှုသည် ယင်းအား စတင်ဆောင်ရွက်သည့်နေ့မှ (၁)နှစ်အတွင်း ပြီးစီးခြင်းမရှိခဲ့လျှင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် တစ်နှစ်လျှင်တစ်ကြိမ်နှင့် (၁၂) လထက်မပိုသောကာလအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းမှု ပြီးစီးသည်အထိ တရားရုံး သို့မဟုတ် မှတ်ပုံတင်အရာရှိထံသို့ စာရင်းရှင်းလင်းဖျက်သိမ်းရေး အတွက် ၎င်း၏ပြုလုပ်ဆောင်ရွက်မှုများနှင့် စာရင်းရှင်းလင်းဖျက်သိမ်းမှု အခြေအနေနှင့်စပ်လျဉ်း၍ သီးခြားကိစ္စရပ်များပါဝင်သော သတ်မှတ် ဖော်ပြထားသည့်ပုံစံဖြင့် ပြုစုထားသည့် ရေးသားဖော်ပြချက်တစ်ရပ်ကို ရှင်းလင်းတင်ပြရမည်။

(ခ) ကုမ္ပဏီ၏မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဖြစ်ကြောင်း စာဖြင့် ရေးသား၍ ဖော်ပြသူတစ်ဦးသည် ၎င်းကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ်ဖြင့်ဖြစ်စေ မည်သည့်အချိန်တွင်မဆို သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို ပေးသွင်းလျက် ရေးသားဖော်ပြချက်များကို စစ်ဆေးကြည့်ရှုခြင်း၊ ယင်းတို့၏မိတ္တူကိုဖြစ်စေ၊ ကောက်နုတ်ချက်ကိုဖြစ်စေ ရယူနိုင်သည်။ သို့သော် မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဖြစ်သည်ဟု မမှန်မကန် ထုတ်ဖော်ခဲ့လျှင် ထိုသူသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၂ အရ ပြစ်မှုအတွက် အပြစ်ရှိပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လျှောက်ထားလာလျှင် ထိုပြစ်မှုအရ ပြစ်ဒဏ်ကျခံစေရမည်။

(ဂ) တရားရုံးသို့ ရေးသားဖော်ပြချက်အား တင်ပြသည့်အခါ ယင်း၏မိတ္တူ တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့တစ်ချိန်တည်းတွင် တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ယင်းအားကုမ္ပဏီ၏ အခြားမှတ်တမ်းများနှင့်အတူ သိမ်းဆည်းထားရမည်။

၄၀၉။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၄၀၈ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင် ပြစ်ဒဏ်ပမာဏ (၅) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၄၁၀။ **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဘဏ်သို့ ငွေပေးချေမှုများ**

(က) တရားရုံးက ဖျက်သိမ်းသည့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ အားလုံးသည် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းများနှင့်အညီ သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလ၌ ၎င်းမှလက်ခံရရှိထားသည့် ငွေကြေးများကို သတ်မှတ်စီစဉ်ထားသည့်ဘဏ်သို့ ပေးသွင်းရမည်။ သို့ရာတွင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန် သို့မဟုတ် ကြိုတင်ပေးငွေများကို လက်ခံရယူရန် သို့မဟုတ် မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ အကျိုးပါရှိသောအခြားအကြောင်းများကြောင့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် အခြားဘဏ်တစ်ခုခုတွင် ငွေစာရင်းဖွင့်လှစ်သင့်ကြောင်း တရားရုံးက ကျေနပ်လက်ခံလျှင် တရားရုံးသည် ယင်းကရွေးချယ်သည့် အခြား ဘဏ်တစ်ခုခုတွင် ငွေပေးချေမှုများပြုလုပ်ရန် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသို့ခွင့်ပြုနိုင်ပြီး အဆိုပါငွေပေးချေမှုများကို သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မည်သည့်အချိန်တွင်မဆို ပြစ်ဒဏ် ပမာဏ(၅) ခုနှင့်ညီမျှသည့် ငွေပမာဏထက် ပိုမိုသည့် ငွေတစ်ရပ် သို့မဟုတ် သီးခြားကိစ္စရပ်များတွင် တရားရုံးက ထိန်းသိမ်းရန် သတ်မှတ်ပေးထားသည့် ငွေပမာဏကို (၁၀) ရက်ထက်ကျော်လွန်၍ ထိန်းသိမ်းထားပြီး ထိုသို့ထိန်းသိမ်း ထားရခြင်းအတွက် တရားရုံးက ကျေနပ်လက်ခံနိုင်သည့်အထိ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိက တင်ပြနိုင်ခြင်းမရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် တစ်နှစ်လျှင် ၂၀% အတိုးနှုန်းဖြင့် ထိန်းသိမ်းထားသည့် ငွေပမာဏ အပေါ် အတိုးပေးရမည်။ တရားရုံးက သင့်သည် ထင်မြင်သည့်အတိုင်း အဆိုပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အခကြေးငွေအားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ခံစားခွင့်မပြုဘဲထားနိုင်သည့်အပြင် ၎င်း၏ တာဝန်မှ ထုတ်ပယ်နိုင်သည်။ ထို့အပြင် ၎င်း၏ ပျက်ကွက်မှုကြောင့် ဖြစ်ပေါ် လာသည့် ကုန်ကျစရိတ်များကို ပေးချေရမည်။

(ဂ) ဖျက်သိမ်းသည့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးသည် သီးခြားဘဏ် ငွေစာရင်းတစ်ရပ်ကို ဖွင့်လှစ်ထားရမည်ဖြစ်ပြီး အဆိုပါ ငွေစာရင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ၎င်းကလက်ခံရရှိ သည့်ငွေပမာဏအားလုံးကို ပေးသွင်းရမည်။

၄၁၁။ **ကျမ်းကျိန်လွှာ ပြုလုပ်နိုင်သည့် တရားရုံး သို့မဟုတ် ပုဂ္ဂိုလ်**

(က) ဤအပိုင်းတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များ သို့မဟုတ် ကိစ္စရပ်များအတွက် လိုအပ်သော ကျမ်းကျိန်လွှာတစ်ရပ်ရပ်ကို နိုင်ငံတော်အတွင်း မည်သည့် နေရာတွင်မဆို တရားရုံးတစ်ခုခု၊ တရားသူကြီး သို့မဟုတ် ကျမ်းကျိန်လွှာများကို လက်ခံပြုလုပ်ပေးရန် တရားဝင် အခွင့်အာဏာအပ်နှင်းထားခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးဦး၏ရှေ့မှောက်တွင် လည်းကောင်း၊ နိုင်ငံတော် ပြင်ပတွင် နိုင်ငံတော်၏ ကောင်စစ်ဝန်၊ ဒုတိယကောင်စစ်ဝန် သို့မဟုတ် သံအမတ်ကြီးတို့၏ ရှေ့မှောက်တွင် ကျမ်းကျိန်ဆိုနိုင်သည်။

(ခ) နိုင်ငံတော်အတွင်းရှိ တရားရုံးများ၊ တရားသူကြီးများ၊ တရားသူကြီးချုပ်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ တရားစီရင်ရေးတာဝန်များကို ဆောင်ရွက်နေရသူများ သည် ဤအပိုင်းတွင်ပါရှိသောကိစ္စရပ်များအတွက် အသုံးပြုမည့် ကျမ်းကျိန် လွှာများ၊ သို့မဟုတ် အခြားစာရွက်စာတမ်းများတွင် ပူးတွဲဖော်ပြထားသော အဆိုပါ တရားရုံး၊ တရားသူကြီး၊ ပုဂ္ဂိုလ်၊ ကောင်စစ်ဝန်၊ သို့မဟုတ် ဒုတိယ ကောင်စစ်ဝန်၊ သို့မဟုတ် သံအမတ်ကြီးတို့၏ တံဆိပ်၊ လက်မှတ်များတို့ ပါရှိသော တရားစီရင်ရေးဆိုင်ရာ အကြောင်းကြားမှုကို လက်ခံရယူရမည်။

၄၁၂။ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်က နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည့် အခွင့်အာဏာ**

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ယင်းနှင့် လက်အောက်ခံ တရားရုံး များတွင် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက်ဖြစ်စေ၊ ကုမ္ပဏီကို ဆန္ဒ အလျောက် ဖျက်သိမ်းရန်အတွက်ဖြစ်စေ (ကုမ္ပဏီတွင်ပါဝင်သူများနှင့် မြီရှင် များက ဖျက်သိမ်းခြင်းနှစ်ရပ်လုံး)၊ ဤဥပဒေ၏ ပုဒ်မ ၂၈၇ အရ ဆောင်ရွက် သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြီရှင်များနှင့် ကုမ္ပဏီတွင်ပါဝင်သူများ၏ အစည်းအဝေးများကို ကျင်းပရန်အတွက်ဖြစ်စေ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အရ တရားရုံးသို့တင်ပြသည့် လျှောက်ထားမှုများအတွက်ဖြစ်စေ ဆောင်ရွက် မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့် လည်းကောင်း၊ တရားမ ကျင့်ထုံးဥပဒေနှင့် လည်းကောင်း လိုက်လျောညီထွေရှိသည့် နည်းဥပဒေများကို အခါအားလျော်စွာ ပြုလုပ်နိုင်သည့်အပြင် ဤဥပဒေအရ သတ်မှတ်ဖော်ပြ ထားသည့် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအားလုံး အတွက် နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

(ခ) အထက်တွင်ဖော်ပြပါရှိသော အခွင့်အာဏာများကို ထိခိုက်ခြင်းမရှိစေဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အဆိုပါ နည်းဥပဒေများအရ အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ တရားရုံး၏ အခွင့်အာဏာနှင့် တာဝန် များဖြစ်သော တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကျင့်သုံးဆောင်ရွက် နိုင်သည့် ဤဥပဒေအရ တရားရုံးသို့အပ်နှင်းထားသော အခွင့်အာဏာများနှင့် တာဝန်များအားလုံးကို လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို လည်းကောင်း ရယူဆောင်ရွက်နိုင်သည် -

(၁) မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကို ရရှိရန်အတွက် အစည်းအဝေးများ ခေါ်ယူကျင်းပခြင်း၊

(၂) ကြွေးမြီပေးဆပ်ရသူများ၏စာရင်းကို ရှင်းလင်းဆောင်ရွက်ခြင်း၊ ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းကို လိုအပ်ပါက အတည် ပြုရခြင်း၊ အခြေပစ္စည်းများကို စုဆောင်းခြင်းနှင့် အသုံးပြုခြင်း၊

(၃) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပစ္စည်း သို့မဟုတ် စာရွက် စာတမ်းများကို ပေးပို့ရန်လိုအပ်ခြင်း၊

(၄) ငွေကြေးထည့်ဝင်ရန်အတွက် တောင်းခေါ်မှုများပြုလုပ်ခြင်း၊

(၅) ကြွေးမြီများနှင့်တင်ပြတောင်းဆိုမှုများကို သက်သေထင်ရှားပြသစေရန် အချိန်ကာလသတ်မှတ်ပေးခြင်း။

သို့ရာတွင် တရားရုံး၏ အထူးခွင့်ပြုချက်မပါရှိဘဲ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်း လင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းကို အတည်ပြုခြင်းမပြုရ။ ထို့အပြင် တရားရုံး၏ အထူးခွင့်ပြုချက်မပါရှိဘဲ ငွေကြေးထည့်ဝင် ရန်အတွက် တောင်းခေါ်မှုများကို မပြုလုပ်ရ။

**အခန်း(၂၇) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီများကို ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ**

၄၁၃။ **မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီများကို ဖျက်သိမ်းခြင်း**

(က) ဤအခန်း(၂၇)တွင် ဖော်ပြပါရှိသော ကိစ္စရပ်များအတွက် **"မှတ်ပုံတင်ထားခြင်း မရှိသည့် ကုမ္ပဏီ"** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသော ကုမ္ပဏီ မဟုတ်ဘဲအခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင် ထားသည့်ကော်ပိုရေးရှင်း၊ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့ သို့မဟုတ် ကုမ္ပဏီ အဖွဲ့အစည်းတစ်ရပ်ရပ်လည်း ပါဝင်သည်။

(ခ) ဤအပိုင်းတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များ၊ အခြားသက်ဆိုင်သည့် ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုကို ဤဥပဒေအရ ဖျက်သိမ်းနိုင်သည်။ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအားလုံးသည် အောက်ပါခြွင်းချက် များ၊ ဖြည့်စွက်ချက်များနှင့်အတူ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ တစ်ခုခုနှင့် သက်ဆိုင်စေရမည် -

(၁) နိုင်ငံတော်အတွင်း ကုမ္ပဏီ၏ အဓိက စီးပွားရေးလုပ်ငန်း လုပ်ကိုင်သည့် နေရာသည် ကုမ္ပဏီ၏မှတ်ပုံတင်ထားသောရုံးခန်းဖြစ်သည်ဟု မှတ်ယူ ရမည်၊

(၂) မှတ်ပုံတင်ထားခြင်းမရှိသည့် မည်သည့် ကုမ္ပဏီကိုမျှ ဤဥပဒေအရ ဆန္ဒအလျောက်ဖြစ်စေ၊ ကြီးကြပ်မှုဖြင့် ဖြစ်စေ ဖျက်သိမ်းခြင်း မပြုရ။

(၃) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုကို ဖျက်သိမ်းနိုင်သည့် အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည် -

(ကက) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုကို စီးပွားရေး လုပ်ငန်းများလုပ်ကိုင်ခြင်းမှ ဖျက်သိမ်းလျှင် သို့မဟုတ် ရပ်စဲခဲ့ လျှင်၊ သို့မဟုတ် ကုမ္ပဏီ၏ကိစ္စရပ်များကို စာရင်းရှင်းလင်း ဖျက်သိမ်းရန်အတွက်သာလျှင် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျှင်၊ သို့မဟုတ်

( ခခ ) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီသည် ယင်း၏ကြွေးမြီ များကို ပေးဆပ်နိုင်ခြင်းမရှိလျှင်၊ သို့မဟုတ်

( ဂဂ ) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီကို ဖျက်သိမ်းခြင်းသည် သင့်လျော်မှန်ကန်သည်ဟု တရားရုံးကထင်မြင်လျှင်၊ ၎င်းပြင်

(၄) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီသည် ဤဥပဒေပါ ကိစ္စရပ်များ အတွက် အောက်ပါကိစ္စရပ်တစ်ရပ်ရပ် ပေါ်ပေါက်ပါက ယင်း၏ ကြွေးမြီ များကို ပေးချေနိုင်ခြင်းမရှိဟု မှတ်ယူရမည်-

(ကက) လွှဲအပ်ခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ကုမ္ပဏီက ပြစ်ဒဏ်ပမာဏ (၅)ခုနှင့်ညီမျှသည့် ငွေပမာဏ ထက်ပိုမိုသော ငွေတစ်ရပ်ကို ပေးချေရန်ရှိသည့် မြီရှင် တစ်ဦးက မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီအပေါ်တွင် ထိုကုမ္ပဏီထံမှ ၎င်းက ရရှိမည့်ငွေများကို ပေးချေစေရန် အတွက် တောင်းဆိုချက်တစ်ရပ်ကို ထိုကုမ္ပဏီ၏ အဓိက စီးပွားရေးလုပ်ငန်းနေရာသို့ ပေးပို့ခြင်းဖြင့် ဖြစ်စေ၊ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိများထံသို့ ပေးပို့၍ဖြစ်စေ၊ တရားရုံးက လက်ခံသော သို့မဟုတ် ညွှန်ကြားသော နည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ပေးပို့ခဲ့လျှင်၊ မှတ်ပုံတင် ထားခြင်းမရှိသည့် ကုမ္ပဏီသည် တောင်းဆိုချက်ကို လက်ခံ ရရှိပြီးနောက် (၂၁)ရက်အတွင်း ထိုငွေကိုပေးချေရန် ပျက်ကွက်ခဲ့လျှင်၊ သို့မဟုတ် မြီရှင်က ကျေနပ်လက်ခံစေမည့် အာမခံထားရှိခြင်း သို့မဟုတ် အတိုးပေးခြင်းများ ပြုလုပ်ရန် ပျက်ကွက်ခဲ့လျှင်၊

( ခခ ) မှတ်ပုံတင်ထားခြင်း မရှိသည့် ကုမ္ပဏီ သို့မဟုတ် ထိုကုမ္ပဏီတွင် ပါဝင်သူအဖြစ် ရှိသူထံမှ ကြွေးမြီ သို့မဟုတ် တောင်းဆိုထား သည့် ငွေများအတွက် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးအပေါ် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခဲ့လျှင်၊ အဆိုပါ တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေး ဆောင်ရွက်မှု တစ်ရပ်ရပ်အတွက် စာဖြင့်ရေးသားထားသည့် အကြောင်းကြားစာကို မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ ထံသို့ ထိုကုမ္ပဏီ၏ အဓိကစီးပွားရေးလုပ်ငန်းနေရာသို့ ပေးပို့ ခြင်းဖြင့် ဖြစ်စေ၊ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိများ ထံသို့ပေးပို့၍ဖြစ်စေ၊ တရားရုံးက လက်ခံသော သို့မဟုတ် ညွှန်ကြားသော နည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ပေးပို့ခဲ့လျှင်၊ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီသည် အကြောင်းကြား စာအား လက်ခံရရှိပြီးနောက်(၁၀)ရက်အတွင်း အဆိုပါ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကိုပေးချေခြင်း၊ အာမခံ ထားရှိခြင်း သို့မဟုတ် အတိုးပေးခြင်းများ ပြုလုပ်ရန် ပျက်ကွက်လျှင်၊ သို့မဟုတ် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေး ဆောင်ရွက်မှုကို ဆိုင်းငံ့ထားစေရန် မပြုလုပ်ခဲ့လျှင်၊ သို့မဟုတ် ထိုသို့ တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုအပေါ် တရားပြိုင်က ကျေနပ်လက်ခံနိုင်သည့် လျော်ကြေးကို ပေးချေမှုမပြုခဲ့လျှင်၊ အထက်ပါအတိုင်း ၎င်းကကျခံရမည့် ကုန်ကျစရိတ်များ၊ နစ်နာကြေးများနှင့် အသုံးစရိတ်များကို ပေးချေမှု မပြုခဲ့လျှင်၊

( ဂဂ ) မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီ သို့မဟုတ် ထိုကုမ္ပဏီတွင် ပါဝင်သူများ၊ သို့မဟုတ် ထိုကုမ္ပဏီ၏ကိုယ်စား အမည်ခံတရား ပြိုင်အဖြစ် တရားစွဲဆိုခံရန် သတ်မှတ်ခံရသူ တစ်ဦးဦးအား ဆန့်ကျင်၍ တရားရုံးတစ်ခုခုတွင် မြီရှင်အား အနိုင်ပေးသည့် ဒီကရီ သို့မဟုတ် အမိန့်အပေါ် အတည်ပြုခြင်း သို့မဟုတ် အခြားကိစ္စများကို ဆောင်ရွက်ခြင်းသည် ကျေနပ်ဖွယ်ရာ မရှိခဲ့လျှင်၊

(ဃဃ) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီသည် ယင်း၏ကြွေးမြီ များကို ပေးဆပ်နိုင်ခြင်းမရှိကြောင်း တရားရုံးက လက်ခံနိုင် မည့် အခြားသော သက်သေခံတင်ပြချက်များရှိခဲ့လျှင်။

(ဂ) ဤအပိုင်းတွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ အခြားသက်ဆိုင်ရာဥပဒေ သို့မဟုတ် ဤဥပဒေအရ ဖျက်သိမ်းထားသည့် ဥပဒေတစ်ရပ်ရပ်အရ ကုမ္ပဏီ တစ်ခုအဖြစ်လည်းကောင်း၊ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုအဖြစ် လည်းကောင်း ဖျက်သိမ်းမည့်ကော်ပိုရေးရှင်း၊ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့ သို့မဟုတ် မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုအတွက် ဖော်ပြထား သည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထိခိုက်ခြင်းမရှိစေရ။ သို့သော် ဖျက်သိမ်း ထားသည့် ပြဋ္ဌာန်းချက်များကို ရည်ညွှန်းထားသည့်ကိစ္စရပ်များကို ဤဥပဒေ၏ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ (ရှိခဲ့လျှင်)ကို ရည်ညွှန်းသည်ဟု မှတ်ယူ ရမည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

၄၁၄။ **မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီများကို ဖျက်သိမ်းရာတွင် ကြွေးမြီပေးဆပ်ရသူများ**

(က) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီကို ဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏ ကြွေးမြီ သို့မဟုတ် တာဝန်ရှိမှုတစ်ရပ်ရပ်ကို ပေးချေရန် သို့မဟုတ် ထည့်ဝင်ရန်အတွက် လည်းကောင်း၊ ကုမ္ပဏီတွင်ပါဝင်သူများအကြား အခွင့်အရေးများကို ညှိနှိုင်းဆောင်ရွက်ရန်အတွက် ငွေကြေးတစ်ရပ်ရပ်ပေးချေရန် သို့မဟုတ် ထည့်ဝင်ရန်အတွက် လည်းကောင်း၊ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီကို ဖျက်သိမ်းရာ တွက်ကျသင့်သည့်ကုန်ကျစရိတ်များနှင့် အသုံးစရိတ်များကို ပေးချေရန် သို့မဟုတ် ထည့်ဝင်ရန်အတွက် လည်းကောင်း တာဝန်ရှိသူများအားလုံးကို ကြွေးမြီပေးဆပ်ရသူများအဖြစ် မှတ်ယူရမည်ဖြစ်သည်။ ကြွေးမြီပေးဆပ်ရသူများအားလုံးသည် ဖော်ပြပါတာဝန်ရှိမှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ၎င်းတို့ထံမှ ပေးချေရမည့် ငွေပမာဏအားလုံးကို မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ၏ အခြေပစ္စည်းများသို့ထည့်ဝင်ရန် တာဝန်ရှိသည်။

(ခ) ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် သေဆုံးခြင်း သို့မဟုတ် လူမွဲအဖြစ် သတ်မှတ်ခံရခြင်းများ ဖြစ်ပေါ်ခဲ့လျှင် သေဆုံးသွားသော ကြွေးမြီပေးဆပ်ရသူများ၏ တရားဝင်ကိုယ်စားလှယ်များနှင့် အမွေဆက်ခံသူများ၊ လူမွဲအဖြစ် ခံယူရသော ကြွေးမြီပေးဆပ်ရသူများ၏ လွှဲအပ်ခြင်းခံရသူများနှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

၄၁၅။ **တရားစွဲဆိုစစ်ဆေးမှုများကို ဆိုင်းငံ့ရန် သို့မဟုတ် ရပ်နားထားရန် ဆောင်ရွက်နိုင်သည့် အခွင့်အာဏာ**

ကုမ္ပဏီဖျက်သိမ်းရန် လျှောက်ထားတင်ပြပြီးနောက် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့် ချမှတ်ခြင်းမပြုမီကာလအတွင်း မည်သည့်အချိန်တွင်မဆို ကုမ္ပဏီအပေါ် တရားစွဲဆိုမှုနှင့် စစ်ဆေးဆောင်ရွက်မှုများကို ဆိုင်းငံ့ထားခြင်း၊ ရပ်နားထားခြင်းတို့နှင့် သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတွင် မြီရှင်က ထိုသို့ဆိုင်းငံ့ထားရန် သို့မဟုတ် ရပ်နားထားရန် လျှောက်ထားတင်ပြခဲ့လျှင် မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ၏ ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးအပေါ် စွဲဆိုသည့် မှုခင်းများနှင့် စစ်ဆေးဆောင်ရွက်မှုများကို ဆိုင်းငံ့ထားရမည်။

၄၁၆။ **ကုမ္ပဏီဖျက်သိမ်းရန်အမိန့်အား ဆိုင်းငံ့ထားစေရန်စွဲဆိုမှု**

မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ် ချမှတ်သည့်အခါ တရားရုံး၏ ခွင့်ပြုချက်နှင့် တရားရုံးက သတ်မှတ်သည့် စည်းကမ်းချက်များဖြင့် ဆောင်ရွက်သည်မှအပ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ၏ ကြွေးမြီတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ထိုကုမ္ပဏီ၏ ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးအပေါ် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှု တစ်ရပ်ရပ်ကိုပြုလုပ်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

၄၁၇။ **အချို့သောကိစ္စများတွင် ပစ္စည်းများနှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်များ**

မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတွင် ယင်း၏အမည်ဖြင့် တရားစွဲဆိုခြင်း သို့မဟုတ် တရားစွဲဆိုခံနိုင်ခြင်းအတွက် အခွင့်အာဏာမရှိခဲ့လျှင်၊ သို့မဟုတ် အကြောင်းတစ်ရပ်ရပ်ကြောင့် ဖြစ်ပေါ်လာလျှင်၊ တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်ဖြင့်ဖြစ်စေ၊ နောက်ထပ်အမိန့် တစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ သို့မဟုတ် ယင်းကုမ္ပဏီကိုယ်စား ယုံကြည်အပ်နှံခြင်းခံရသူများနှင့် သက်ဆိုင်သော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်နှင့် အခွင့်အရေးများ၊ တာဝန်များ၊ တရားစွဲဆိုတောင်းဆိုမှုများ အပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံသို့ ၎င်း၏အမည်ဖြင့် အပ်နှံရမည်။ ယင်းနောက် အမိန့်တွင် သတ်မှတ်ဖော်ပြထားသော အဆိုပါပစ္စည်း သို့မဟုတ် ယင်း၏တစ်စိတ်တစ်ဒေသကို ဖော်ပြပါအတိုင်း အပ်နှံရမည်။ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် တရားရုံးကညွှန်ကြားသည့်အတိုင်း လျော်ကြေးငွေများ (ရှိခဲ့လျှင်) ကို ပေးပြီးနောက် အဆိုပါပစ္စည်းများနှင့် စပ်လျဉ်း၍ ၎င်း၏အမည်ဖြင့် အမှုများကို စွဲဆိုဆောင်ရွက်ခြင်း သို့မဟုတ် စွဲဆိုသည့်မှုခင်းများနှင့် စစ်ဆေးဆောင်ရွက်မှုများတွင် ခုခံချေပခြင်းတို့ကိုဖြစ်စေ၊ မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီကို ဖျက်သိမ်းခြင်းနှင့် ထိုကုမ္ပဏီ၏ပစ္စည်းများကို ပြန်လည်ရယူခြင်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက် လိုအပ်သလိုတရားစွဲဆိုခြင်း သို့မဟုတ် ခုခံချေပခြင်းများကို ပြုလုပ်ရမည်။

၄၁၈။ **ဤအပိုင်းတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များကို ဆက်စပ်အသုံးပြုရခြင်း**

မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီနှင့် စပ်လျဉ်း၍ ဤအပိုင်းတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များသည် တရားရုံးဖြင့် ကုမ္ပဏီကိုဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သော ဤဥပဒေ၏ ရှေ့ပိုင်းတွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များအား ကန့်သတ်ထားခြင်းမရှိဘဲ ယင်းတို့နှင့် ဆက်စပ်အသုံးပြုရမည်။ တရားရုံးနှင့် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတို့သည် မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီနှင့် စပ်လျဉ်းသည့်ကိစ္စရပ်တွင် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ သို့မဟုတ် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများကို ဖျက်သိမ်းရာတွင် ၎င်းတို့အနေဖြင့် ကျင့်သုံးဆောင်ရွက်နိုင်သည့် အခွင့်အာဏာများကို ကျင့်သုံးနိုင်သည်။ သို့သော် မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုသည် ယင်းအားဖျက်သိမ်းသည့် ကိစ္စရပ်မှတစ်ပါး ဤဥပဒေအရကုမ္ပဏီတစ်ခုဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရ။ ဤအပိုင်းတွင် ဖော်ပြပါရှိသည့်ကိစ္စရပ်များ အတွက်သာလျှင် ကုမ္ပဏီဖြစ်သည်ဟု မှတ်ယူရမည်။

**အပိုင်း (၆)**

**မှတ်ပုံတင်အရာရှိနှင့် မှတ်ပုံတင်ရုံး၏ အခွင့်အာဏာများ**

**အခန်း(၂၈) မှတ်ပုံတင်အရာရှိ၊ မှတ်ပုံတင်ရုံး၊ စာရွက်စာတမ်းများကို မှတ်ပုံတင်ခြင်း၊ စစ်ဆေးကြည့်ရှုနိုင်သည့် အခွင့်အာဏာများနှင့် အခကြေးငွေများ**

၄၁၉။ **မှတ်ပုံတင်အရာရှိ**

(က) ဤဥပဒေ စတင်အာဏာတည်သည့်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်း၏လုပ်ငန်းကို ဆက်ခံမည့်ဌာန အဖွဲ့အစည်းတစ်ရပ်ရပ်သည် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများကိုရရှိပြီး ၎င်း၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ဤဥပဒေနှင့် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် သို့မဟုတ် ထိုဥပဒေများအရ အခါအားလျော်စွာ သတ်မှတ်ဖော်ပြထားသည့် အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို ကျင့်သုံးဆောင်ရွက်ရမည့်အပြင် အဆိုပါ အခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များကို ကျင့်သုံးဆောင်ရွက်ရာတွင် သို့မဟုတ် ထိုသို့ကျင့်သုံးဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆောင်ရွက်နိုင်သည့် အခွင့်အာဏာရှိသည်။

(ဂ) ပြည်ထောင်စုဝန်ကြီးသည် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို ကျင့်သုံးဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိအား ညွှန်ကြားနိုင်သည်

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) မှ (ဂ)အထိ ပါရှိသော ပြဋ္ဌာန်းချက်များကို ကန့်သတ်ထားခြင်းမရှိစေဘဲ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ယေဘုယျ အခြေအနေတွင်သော်လည်းကောင်း၊ အထူးအခြေအနေတစ်ရပ်ရပ်တွင်သော်လည်းကောင်း လမ်းညွှန်ချက်များ ထုတ်ပြန်နိုင်သည့် အခွင့်အာဏာရှိသည်။

(င) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်း၏လုပ်ငန်းကို ဆက်ခံမည့်ဌာနအဖွဲ့အစည်းတစ်ရပ်ရပ်သို့ မှတ်ပုံတင်အရာရှိ၏ တာဝန်များကို လွှဲအပ်ထားသည့် ကာလတစ်လျှောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ရာထူးနေရာ သို့မဟုတ် အလားတူ ရာထူးနေရာအမည်ကို ရယူထားသောသူသည် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများကို ကျင့်သုံးနိုင်ပြီး ၎င်း၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ညွှန်ကြားရေးမှူးချုပ်၏ ကြီးကြပ်မှုဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်း၏ လုပ်ငန်းကို ဆက်ခံမည့်ဌာနအဖွဲ့အစည်းတစ်ရပ်ရပ်၏ အခြားအရာရှိ သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးသို့ ၎င်း၏အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို တာဝန်ခွဲဝေအပ်နှင်းနိုင်သည့် အခွင့်အာဏာလည်း ပါဝင်သည်။

(စ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်အရာရှိအား ခန့်အပ်နိုင်သည့် သို့မဟုတ် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများကို အပ်နှင်းနိုင်သည့် အခြားနည်းလမ်းတစ်ရပ်ရပ်ကို ကန့်သတ်ထားခြင်း မရှိစေရ။

၄၂၀။ **မှတ်ပုံတင်ရုံးများ**

(က) ဤဥပဒေအရ ကုမ္ပဏီများကို မှတ်ပုံတင်ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုဝန်ကြီးက သင့်သည်ထင်မြင်သည့်နေရာများတွင် ရုံးများ ဖွင့်လှစ်ရမည်ဖြစ်ပြီး မည်သည့်ကုမ္ပဏီမျှ အဆိုပါဖွင့်လှစ်ထားသည့် ရုံးများအနက် ရုံးတစ်ရုံးတွင်မှတစ်ပါး မှတ်ပုံတင်ခြင်း မပြုလုပ်ရ။

(ခ) ပြည်ထောင်စုဝန်ကြီးသည် ကုမ္ပဏီများအား မှတ်ပုံတင်ခြင်းအတွက် သို့မဟုတ် မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့် လိုအပ်သောစာရွက်စာတမ်းများသည် အစစ်အမှန်ဖြစ်ကြောင်း ဖော်ပြနိုင်ရေးအတွက် ရုံးတံဆိပ် သို့မဟုတ် ရုံးတံဆိပ်များကို ပြုလုပ်ဆောင်ရွက်ထားရန် ညွှန်ကြားနိုင်သည်။

၄၂၁။ **မှတ်ပုံတင်စာရင်းများနှင့် မှတ်တမ်းများကို ထိန်းသိမ်းထားရှိခြင်းနှင့် စစ်ဆေးကြည့်ရှုခြင်း**

(က) မှတ်ပုံတင်အရာရှိသည် ၎င်းအနေဖြင့် ဤဥပဒေအရ ထိန်းသိမ်းထားရှိရန် လိုအပ်သော မှတ်ပုံတင်စာရင်းများအားလုံးနှင့် ဤဥပဒေအရ ၎င်းထံတင်ပြရသည့် မှတ်တမ်းများအားလုံးကို ပြုစုထားရှိ ထိန်းသိမ်းရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် မှတ်တမ်းများနှင့် မှတ်ပုံတင်စာရင်းများကို အီလက်ထရွန်နစ်နည်းဖြင့် ဆန်းသစ်ခြင်း၊ တင်ပြခြင်း၊ စုစည်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် ဤဥပဒေအရမှတ်ပုံတင်ရမည့် အဖွဲ့အစည်းများအားလုံးနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများအတွက် ထိုစနစ်များနှင့် လုပ်ငန်းစဉ်များကို ထူထောင်ခြင်းများ အပါအဝင်မှတ်ပုံတင်အရာရှိသို့ အပ်နှင်းထားသည့် တာဝန်များနှင့် ၎င်းက သင့်သည်ထင်မြင်သည့် နည်းလမ်းအတိုင်း ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင် ဖော်ပြပါရှိသည့်တာဝန်များကို ထမ်းဆောင်ရမည်။ ဤပုဒ်မခွဲသည် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ အဆိုပါ ကိစ္စရပ်များအတွက် ကြီးကြပ်နိုင်သည့် အခွင့်အာဏာများကို ကန့်သတ်ထားခြင်းမရှိစေဘဲ သက်ဆိုင်စေရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ (ဆ)ကို မဆန့်ကျင်စေဘဲ မှတ်ပုံတင်အရာရှိမှ စာရွက်စာတမ်းအားမှတ်ပုံတင်ခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်းကို ခွင့်မပြုခြင်းသည် အဆိုပါ စာရွက်စာတမ်း ၏တရားဝင်မှု သို့မဟုတ် တရားမဝင်မှုကိုလည်းကောင်း၊ အဆိုပါစာရွက်စာတမ်းတွင် ပါရှိသည့် သတင်းအချက်အလက်၏ မှန်ကန်မှုကို ဖြစ်စေ၊ အခြားတစ်စုံတစ်ရာကိုဖြစ်စေ သက်ရောက်စေခြင်း သို့မဟုတ် ဖြစ်ပေါ်စေခြင်း မရှိစေရ။

(ဃ) အခြားသက်ဆိုင်သော အခွင့်အာဏာများကို ထိခိုက်စေခြင်းမရှိစေဘဲ ပြည်ထောင်စုဝန်ကြီးသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)တို့နှင့် သက်ဆိုင်သည့်ကိစ္စရပ်များအား အကျိုးသက်ရောက်စေရန် လိုအပ်သည့် စည်းမျဉ်းများ၊ နည်းဥပဒေ၊ အမိန့် သို့မဟုတ် အမိန့်ကြော်ငြာစာများကို ထုတ်ပြန်သတ်မှတ်ဖော်ပြနိုင်သည်။ အထူးသဖြင့် ဤဥပဒေအရ မှတ်ပုံတင်ထားသော အဖွဲ့အစည်းများနှင့် မှတ်ပုံတင်အရာရှိတို့အကြား အီလက်ထရွန်နစ်နည်းဖြင့် စာရွက်စာတမ်းများအား မှတ်ပုံတင်ခြင်း၊ အီလက်ထရွန်နစ်နည်းဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်းများအတွက် လုပ်ငန်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်နိုင်သည်။ ဤကိစ္စရပ်များတွင် ဤဥပဒေအရ မှတ်ပုံတင်ထားသော အဖွဲ့အစည်းတစ်ခုခု၏ ပြန်လည်မှတ်ပုံတင်ခြင်းအတွက်လည်းကောင်း၊ ပေးချေရမည့် ငွေကြေးများအတွက်လည်းကောင်း အီလက်ထရွန်နစ်နည်းပညာဖြင့် မှတ်ပုံတင်ခြင်း လုပ်ငန်းနှင့် စပ်လျဉ်း၍လိုအပ်သည့် သတ်မှတ်ချက်များကို ထည့်သွင်းဖော်ပြနိုင်သည်။ ထိုအခကြေးငွေသည် အီလက်ထရွန်နစ်နည်းပညာ မပါရှိသောနည်းဖြင့် မှတ်ပုံတင်ဆောင်ရွက်ခြင်းနှင့် မှတ်ပုံတင်ခြင်းအတွက် သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေနှင့် ခြားနားနိုင်မည်ဖြစ်သည်။

(င) မည်သူမဆို မှတ်ပုံတင်အရာရှိက ထိန်းသိမ်းထားသည့် မှတ်ပုံတင်စာရင်းများနှင့် မှတ်တမ်းများကို ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို ပေးသွင်းစေလျက်စစ်ဆေးကြည့်ရှုနိုင်သည်။

(စ) မည်သူမဆို ကုမ္ပဏီတစ်ခု ဖွဲ့စည်းတည်ထောင်သည့် သက်သေခံလက်မှတ် သို့မဟုတ် မိတ္တူ သို့မဟုတ် ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ တင်ပြရသည့် ကုမ္ပဏီ၏ မှတ်တမ်းများနှင့်အတူ ထိန်းသိမ်းထားရှိရမည့် အခြား စာရွက်စာတမ်း၏ ကောက်နုတ်ချက် သို့မဟုတ် အခြား စာရွက်စာတမ်း၏ မည်သည့် အစိတ်အပိုင်းကိုမဆို ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို ပေးသွင်း၍ မှတ်ပုံတင်အရာရှိက မိတ္တူမှန်ကန်ကြောင်း အထောက်အထားပြုသည့် စာရွက်စာတမ်းမိတ္တူ သို့မဟုတ် ကောက်နုတ်ရယူလိုသည့် အချက်အလက်မိတ္တူကို ရယူနိုင်သည်။

(ဆ) သိသာထင်ရှားသော မှားယွင်းချက်မှလွဲ၍ ပုဒ်မ ၄၂၂နှင့် ၄၂၃ တို့တွင် မှားယွင်းမှုအား ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ မှားယွင်းသည့် အချက်ကို ဖော်ပြ၍ ဤပုဒ်မ၏ ပုဒ်မခွဲ(စ)အရ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထုတ်ပေးသည့် စာရွက်စာတမ်းတစ်ရပ်ကို တရားစစ်ဆေးစီရင်ဆောင်ရွက်မှုတစ်ရပ်ရပ်တွင် မူလစာရွက်စာတမ်းကဲ့သို့ တရားဝင်သည့် သက်သေခံချက်အဖြစ် လက်ခံဆောင်ရွက်ရမည်။

၄၂၂။ **မှတ်ပုံတင်စာရင်း၏ မှားယွင်းမှုများကို ပြင်ဆင်ခြင်း**

(က) မှတ်ပုံတင်အရာရှိသည် -

(၁) တစ်ဦးတစ်ယောက်၏ လျှောက်ထားချက်အရ မှတ်ပုံတင်စာရင်းတွင် အချက်အလက်တစ်ရပ်ရပ်ကို မှားယွင်း၍ ရေးသွင်းထားကြောင်း သို့မဟုတ် ချန်လှပ်ထားကြောင်းသိရှိလျှင် ဤဥပဒေအရ ၎င်းက ထိန်းသိမ်းထားသည့် မှတ်ပုံတင်စာရင်းတစ်ခုကို ပြင်ဆင်နိုင်သည်၊ သို့မဟုတ်

(၂) ရုံးလုပ်ငန်း ဆောင်ရွက်ရာတွင် မှားယွင်းမှုကြောင့် မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်းတွင် အချက်အလက်တစ်ရပ်ရပ်ကို မမှန်မကန် ရေးသွင်းမိကြောင်း ၎င်းက သိရှိလျှင် ထိုအချက်အလက်များကို ပြင်ဆင်နိုင်သည်၊ သို့မဟုတ်

(၃) တစ်ဦးတစ်ယောက်၏ လျှောက်ထားချက်အရ မှတ်ပုံတင်အရာရှိက ကုမ္ပဏီနှင့် ဆွေးနွေးပြီးနောက် ကုမ္ပဏီ၏ ရုံးလုပ်ငန်းဆိုင်ရာ မှားယွင်းမှုကြောင့် ကုမ္ပဏီတွင် ထိန်းသိမ်းထားရှိသော မှတ်ပုံတင်စာရင်းတွင် ရေးသွင်းထားသည့် အချက်များသည် မှန်ကန်မှုမရှိကြောင်းနှင့် ထိုမှားယွင်းမှုကို ပြင်ဆင်ခြင်းသည် အခြားသူတစ်ဦးဦးကို ထိခိုက်စေနိုင်မည် မဟုတ်ကြောင်း တွေ့ရှိရလျှင်၊ ကုမ္ပဏီက ထိန်းသိမ်းထားသည့် မှတ်ပုံတင်စာရင်းပါ ဖော်ပြချက်များကို မှန်ကန်စွာ ပြင်ဆင်စေရန် ကုမ္ပဏီသို့ ညွှန်ကြားနိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) အပိုဒ်(၁) အရ မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်းတစ်ရပ်ကို ပြင်ဆင်ခြင်းမပြုမီ မှတ်ပုံတင်အရာရှိသည် -

(၁) လျှောက်ထားချက်ကို အဆိုပါကုမ္ပဏီနှင့် စပ်လျဉ်းသည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန်တင်ပြခြင်းဖြစ်ကြောင်း အဆိုပါလျှောက်ထားချက်၏ အသေးစိတ်အချက်အလက်များကို ဖော်ပြ၍ ကုမ္ပဏီသို့ စာဖြင့်ရေးသားအကြောင်းကြားရမည်၊

(၂) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီ တာဝန်တင်ရှိခြင်းများကို မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားချက်အား ပြုလုပ်ခြင်းဖြစ်လျှင် ၎င်းတို့နှင့် စပ်လျဉ်းသည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန် တင်ပြခြင်းဖြစ်ကြောင်း အဆိုပါ လျှောက်ထားချက်၏ အသေးစိတ် အချက်အလက်များကို ဖော်ပြ၍ ပေါင်နှံခံသူ သို့မဟုတ် ကြွေးမြီ တာဝန်တင်ရှိခြင်းအား လက်ခံသူသို့ စာဖြင့်ရေးသား အကြောင်းကြားရမည်၊ ၎င်းပြင်

(၃) အောက်ပါအချက်အလက်များပါရှိသော အများပြည်သူသိရှိရန် အကြောင်းကြားစာကို ထုတ်ပြန်ရမည် -

(ကက) လျှောက်ထားသူ၏အမည်၊

(ခခ) ကုမ္ပဏီ၏အမည်၊

(ဂဂ) မှတ်ပုံတင်စာရင်းတွင် ပြုလုပ်ဆောင်ရွက်ရမည့် အသေးစိတ် အချက်အလက်များနှင့် ပြင်ဆင်ချက်များအတွက် အကြောင်းပြချက်များနှင့်

(ဃဃ) အဆိုပြုထားသည့် ပြင်ဆင်ချက်ကို စာဖြင့်ရေးသား ကန့်ကွက်နိုင်ကြောင်း သတ်မှတ်သည့် နေ့ရက်တစ်ရက်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်ဖြစ်ပြီး ထိုနေ့ရက်သည် အကြောင်းကြားစာ ပေးပို့သည့် နေ့မှ (၂၈)ရက်ထက် နောက်မကျသည့် နေ့ရက်တစ်ရက်ရက် ဖြစ်စေရမည်။

(ဂ) မည်သူမဆို အဆိုပြုထားသည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ချက်အပေါ် စာဖြင့်ရေးသား ကန့်ကွက်ချက်တစ်ရပ်ကို မှတ်ပုံတင်အရာရှိထံသို့ ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) အပိုဒ်(၃) အပိုဒ်ခွဲငယ်(ဃဃ)နှင့်အညီ သတ်မှတ်ထားသည့် နေ့ရက်ထက် နောက်မကျစေဘဲ ပေးပို့နိုင်ပြီး မှတ်ပုံတင်အရာရှိသည် အဆိုပါ ကန့်ကွက်ချက်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန် လျှောက်ထားသူထံသို့ ပေးပို့ရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် သတ်မှတ်ထားသည့် နေ့ရက်တွင် အဆိုပြုထားသည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ချက်အပေါ် စာဖြင့်ရေးသား ကန့်ကွက်ချက် တစ်ရပ်ကို လက်ခံရရှိခဲ့ပြီး ထိုကန့်ကွက်ချက်ကို ပြန်လည် ရုပ်သိမ်းထားခြင်း မရှိကြောင်း တွေ့ရှိရလျှင် ဤပုဒ်မ၏ပုဒ်မခွဲ(က)အပိုဒ်(၁)အရ မှတ်ပုံတင်စာရင်းအား ပြင်ဆင်ခြင်း မပြုရ။

၄၂၃။ **တရားရုံး၏ အခွင့်အာဏာများ**

(က) မှတ်ပုံတင်အရာရှိသည် အဆိုပြုထားသည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ချက်အပေါ် စာဖြင့်ရေးသား ကန့်ကွက်ချက်တစ်ရပ်ကို ပုဒ်မ ၄၂၂ ပုဒ်မခွဲ(ဂ) အရ လက်ခံရရှိခဲ့ပါက မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန်အတွက် လျှောက်ထားသူသည် အဆိုပါ ပြင်ဆင်လိုမှုအတွက် အမိန့်တစ်ရပ်ချမှတ်ပေးနိုင်ရန် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အမိန့်တစ်ရပ်အတွက် လျှောက်ထားမှုအား ပြုလုပ်ရာတွင် -

(၁) လျှောက်ထားသူသည် အဆိုပါ လျှောက်ထားမှုအား မှတ်ပုံတင်အရာရှိထံသို့ ဆောလျင်စွာ အသိပေးအကြောင်းကြားရမည်၊ ၎င်းပြင်

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

(၂) မှတ်ပုံတင်အရာရှိသည် ထိုလျှောက်ထားမှုနှင့်စပ်လျဉ်း၍ တရားရုံးသို့ တက်ရောက်ကြားနာနိုင်သည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အမိန့်တစ်ရပ်အတွက် လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် အချက်အလက်တစ်ရပ်ရပ်ကို မှတ်ပုံတင်စာရင်းတွင် မှားယွင်း၍ ရေးသွင်းထားကြောင်း သို့မဟုတ် မှားယွင်း၍ ချန်လှပ်ထားကြောင်း တွေ့ရှိခဲ့လျှင် အဆိုပါ မှတ်ပုံတင်စာရင်းအား ပြင်ဆင်ဆောင်ရွက်ရန်အတွက် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

၄၂၄။ **မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည့် စာရွက်စာတမ်းများအတွက် လျှောက်လွှာပုံစံ**

(က) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံဖြင့် တင်ပြရန်လိုအပ်သည့် စာရွက်စာတမ်း တစ်ရပ်ရပ်သည်-

(၁) စာရွက်စာတမ်းအတွက် လျှောက်လွှာပုံစံကို ဤဥပဒေအရ ပြုလုပ်သည့် စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ သို့မဟုတ် အမိန့်ကြော်ငြာစာ တစ်ရပ်ရပ်ဖြင့် သတ်မှတ်ဖော်ပြထားခဲ့လျှင်-

(ကက) အဆိုပါ သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံအတိုင်း ဖြစ်စေရမည်၊

(ခခ) လျှောက်လွှာပုံစံတွင် လိုအပ်သော သတင်းအချက်အလက်များ၊ ရေးသားဖော်ပြချက်များ၊ ရှင်းလင်းဖော်ပြချက်များ သို့မဟုတ် အခြားလိုအပ်သောကိစ္စရပ်များ ပါဝင်စေရမည်၊ ၎င်းပြင်

(ဂဂ) လျှောက်လွှာပုံစံတွင် လိုအပ်သောအခြားအချက်အလက်များကို ပူးတွဲပါရှိစေရမည်၊ သို့မဟုတ်

(၂) စာရွက်စာတမ်းအတွက် လျှောက်လွှာပုံစံကို စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ သို့မဟုတ် အမိန့်ကြော်ငြာစာ တစ်ရပ်ရပ်ဖြင့် သတ်မှတ်ဖော်ပြထားခြင်းမရှိခဲ့လျှင်၊ မှတ်ပုံတင်အရာရှိက စာရွက်စာတမ်းအတွက် လျှောက်လွှာ ပုံစံတစ်ရပ်ကို အတည်ပြု သတ်မှတ်ထားပါက-

(ကက) အဆိုပါ အတည်ပြုထားသည့် လျှောက်လွှာပုံစံအတိုင်း ဖြစ်စေရမည်၊

(ခခ) လျှောက်လွှာပုံစံတွင် လိုအပ်သော သတင်းအချက်အလက်များ၊ ရေးသားဖော်ပြချက်များ၊ ရှင်းလင်းဖော်ပြချက်များ သို့မဟုတ် အခြားလိုအပ်သောကိစ္စရပ်များ ပါဝင်စေရမည်၊ ၎င်းပြင်

(ဂဂ) လျှောက်လွှာပုံစံတွင် လိုအပ်သော အခြားအချက်အလက်များကို ပူးတွဲပါရှိစေရမည်။

(ခ) ဤဥပဒေအရ တင်ပြလာသည့် စာရွက်စာတမ်းတစ်ရပ်ရပ်သည် ဤပုဒ်မ၏ ပုဒ်မခွဲ(က) နှင့် သက်ဆိုင်ရမည်ဖြစ်ပြီး ယင်းကို ဆန့်ကျင်ကွဲလွဲမှုတစ်စုံတစ်ရာ မရှိပါက သက်ဆိုင်သည့် လျှောက်လွှာပုံစံနှင့်အတူ တင်ပြလာသည့် စာရွက်စာတမ်းနှင့် အခြားအချက်အလက်များသည်လည်း ဤဥပဒေအရ တင်ပြသော စာရွက်စာတမ်းတစ်ရပ်ရပ်တွင် ပါဝင်သည်။

(ဂ) အကယ်၍ -

(၁) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည့်စာရွက်စာတမ်း တစ်ရပ်ကို သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံဖြင့် တင်ပြရန် လိုအပ်ခဲ့လျှင်၊ ၎င်းပြင်

(၂) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်က စာရွက်စာတမ်းတွင် ပါဝင်ရမည့် သို့မဟုတ် ထိုစာရွက်စာတမ်းနှင့်အတူ ပူးတွဲတင်ပြရမည့် အခြားအချက်အလက်များတွင် ပါဝင်ရမည့် သတင်းအချက်အလက်များ၊ ရေးသားဖော်ပြချက်များ၊ ရှင်းလင်းဖော်ပြချက်များ သို့မဟုတ် အခြားကိစ္စရပ်များကို သတ်မှတ်ဖော်ပြနိုင်ရန်အတွက် စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ သို့မဟုတ် အမိန့်ကြော်ငြာစာများကို သတ်မှတ်ထားလျှင် သို့မဟုတ် ပြုလုပ်ထားလျှင်၊

အခြားပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံနှင့်စပ်လျဉ်း၍ ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ဆောင်ရွက်မှုများကို ထုတ်ပယ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း မရှိစေရ၊ ၎င်းအပြင် ထိုသို့ သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံသည် ယင်းတွင်ပါဝင်ရမည့် အချက်အလက်များနှင့် ယင်းနှင့်အတူ ပူးတွဲဖော်ပြရမည့် အချက်အလက်များကိုလည်း ပါရှိစေနိုင်သည်။

၄၂၅။ **စာရွက်စာတမ်းများကို မှတ်ပုံတင်ခြင်း**

(က) ဤဥပဒေအရ ထိန်းသိမ်းထားရှိသည့် မှတ်ပုံတင်စာရင်းတစ်ခုတွင် ထည့်သွင်းဖော်ပြရန်အတွက် စာရွက်စာတမ်းတစ်ခုအား လက်ခံရရှိပါက မှတ်ပုံတင်အရာရှိသည် -

(၁) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)နှင့်အညီ သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် အဆိုပါ စာရွက်စာတမ်းကို မှတ်ပုံတင်စာရင်းရေးသွင်းရမည်၊ ၎င်းပြင်

(၂) စာရွက်စာတမ်းသည် နှစ်စဉ်အစီရင်ခံစာ မဟုတ်ပါက စာရွက်စာတမ်းကို ပေးအပ်သူထံသို့ မှတ်ပုံတင်ခြင်းပြုလုပ်ရန် စာဖြင့်ရေးသား အကြောင်းကြားရမည်။

(ခ) ဤဥပဒေအရ မှတ်ပုံတင်ရန်အတွက် မှတ်ပုံတင်အရာရှိက လက်ခံရရှိခဲ့သည့် စာရွက်စာတမ်းတစ်ရပ်ရပ်သည်-

(၁) သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံရှိခဲ့ပါက ၎င်းပုံစံဖြင့် တင်ပြခဲ့ခြင်း မရှိလျှင်၊ သို့မဟုတ်

(၂) ဤဥပဒေကိုလည်းကောင်း၊ ဤဥပဒေအရ ပြုလုပ်ထားသည့် စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ သို့မဟုတ် အမိန့်ကြော်ငြာစာများကို လည်းကောင်း လိုက်နာဆောင်ရွက်ထားခြင်းမရှိလျှင်၊ သို့မဟုတ်

(၃) ပုံနှိပ်ထားခြင်း သို့မဟုတ် စက်ဖြင့်ရိုက်နှိပ်ရေးသားထားခြင်း မဟုတ်လျှင်၊ သို့မဟုတ်

(၄) မှတ်ပုံတင်စာရင်းအား အီလက်ထရွန်နစ်နည်းဖြင့် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ထိန်းသိမ်းထားခြင်းဖြစ်ပါက အီလက်ထရွန်နစ်နည်းဖြင့် တိုက်ရိုက်ဖြည့်သွင်းရေးသားနိုင်သည့် အချက်အလက်ပုံစံဖြင့် ဆောင်ရွက်ထားခြင်း မဟုတ်လျှင်၊ သို့မဟုတ်

(၅) ပြီးပြည့်စုံစွာ ဆောင်ရွက်ထားခြင်း မရှိလျှင်၊ သို့မဟုတ်

(၆) ဖတ်ရှုနိုင်ရန်အတွက်ရှင်းလင်းမှုမရှိသည့် အချက်အလက်များ ပါဝင်နေလျှင်၊

မှတ်ပုံတင်အရာရှိသည် စာရွက်စာတမ်းကို မှတ်ပုံတင်ခြင်းအား ငြင်းဆိုနိုင်ပြီး အောက်ပါအတိုင်း တောင်းဆိုနိုင်သည်-

(ကက) အဆိုပါ စာရွက်စာတမ်းကို လိုအပ်သလို ပြင်ဆင်ရန် သို့မဟုတ် ပြီးပြည့်စုံစွာ ဆောင်ရွက်ရန်နှင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် ထပ်မံတင်ပြနိုင်ရန်၊ သို့မဟုတ်

(ခခ) ယင်းစာရွက်စာတမ်းအစား အခြားစာရွက်စာတမ်းအသစ်ကို ပြုစုတင်ပြစေရန်။

၄၂၆။ **စစ်ဆေးကြည့်ရှုရန်အတွက် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများ**

(က) သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ ပြည်ထောင်စုဝန်ကြီး၊ အဖွဲ့အစည်း သို့မဟုတ် အာဏာပိုင် အဖွဲ့တစ်ရပ်ရပ် သို့မဟုတ် အလားတူ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်သို့ ခွင့်ပြုထားသည့် အခွင့်အာဏာများကို တားမြစ် ကန့်သတ်ခြင်း မရှိစေဘဲ မှတ်ပုံတင်အရာရှိသည် -

(၁) အောက်ပါကိစ္စရပ်များအတွက် -

(ကက) ကုမ္ပဏီတစ်ခု သို့မဟုတ် ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ တစ်ဦးဦးသည် ဤဥပဒေကို လိုက်နာဆောင်ရွက်ခြင်းရှိ မရှိ စိစစ်ရန်၊ သို့မဟုတ်

(ခခ) မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ အပ်နှင်းထားသော ယင်း၏ အခွင့်အရေးများ သို့မဟုတ် အခွင့်အာဏာတစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရန်၊ သို့မဟုတ်

(ဂဂ) ဤဥပဒေအား ချိုးဖောက်သည့် ပြစ်မှုများကို ရှာဖွေဖော်ထုတ်ရန်နှင့်

(၂) အများပြည်သူအကျိုးငှာ ထိုသို့ဆောင်ရွက်ရန် လိုအပ်သည်ဟု မှတ်ပုံတင်အရာရှိက ထင်မြင်လျှင် အောက်ပါတစ်ရပ်ရပ်ကို ဆောင်ရွက်နိုင်သည်-

(ကက) ပုဂ္ဂိုလ်တစ်ဦးဦး၏ လက်ဝယ်တွင်ရှိသော သို့မဟုတ် ကြီးကြပ်မှုအောက်တွင်ရှိသော သက်ဆိုင်သည့် စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရှုနိုင်ရန်အတွက် အဆိုပါ စာရွက်စာတမ်းများကို တင်ပြစေခြင်း၊

(ခခ) သက်ဆိုင်သည့် စာရွက်စာတမ်းများ၏ မိတ္တူများကို စစ်ဆေးကြည့်ရှုခြင်းနှင့် ရယူခြင်း၊

(ဂဂ) မိတ္တူများ ရယူရန်အတွက် သက်ဆိုင်သည့်စာရွက်စာတမ်းများကို လက်ဝယ်ရယူခြင်းနှင့် ထိန်းသိမ်းထားသည့်နေရာမှ ၎င်းတို့အား ရွှေ့ပြောင်းခြင်း၊ သင့်တော်သည့် အချိန်ကာလအတွင်း သိမ်းဆည်းထားခြင်း၊

(ဃဃ) ပြစ်မှုတစ်ရပ်ကို ကျူးလွန်ကြောင်း သက်သေခံအထောက်အထားများရှိသည်ဟု ယုံကြည်ရသည့် သင့်လျော်သော အကြောင်းအချက်များရှိခဲ့လျှင် သင့်လျော်သည့် အခြေအနေအားလုံးတွင် ကာလတစ်ရပ်အထိ သက်ဆိုင်သည့် စာရွက်စာတမ်းများကို သိမ်းဆည်းထားခြင်း၊

(ခ) အခွင့်အာဏာကိုကျင့်သုံး ဆောင်ရွက်ခြင်းသည် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်မှုအောက်တွင်ရှိသည့် သတ်မှတ်စီစဉ်ထားသည့်ဘဏ် သို့မဟုတ် အခြားဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ရပ်ရပ်ဖြစ်သည့် ကုမ္ပဏီတစ်ခုနှင့်စပ်လျဉ်း၍ ကျင့်သုံးရခြင်းဖြစ်လျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသည့် အခွင့်အာဏာတစ်ရပ်ရပ်ကို ကျင့်သုံးခြင်းမပြုမီ မှတ်ပုံတင်အရာရှိသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသည့် အခွင့်အာဏာတစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် မည်သူမျှ မှတ်ပုံတင်အရာရှိကို သို့မဟုတ် မှတ်ပုံတင်အရာရှိက အခွင့်အာဏာ အပ်နှင်းထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို နှောင့်ယှက်ခြင်း သို့မဟုတ် နှောင့်နှေးစေခြင်းမပြုရ။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ဆောင်ရွက်မှုတစ်ရပ်ရပ်ကို ပြုလုပ်ပြီးနောက် မှတ်ပုံတင်အရာရှိက တရားစွဲဆိုဆောင်ရွက်သင့်သည်ဟု ဆုံးဖြတ်လျှင်၊ မှတ်ပုံတင်အရာရှိသည် ၎င်းရရှိထားသည့် စာရွက်စာတမ်းများကို ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် အမှုလိုက်ဥပဒေအရာရှိထံသို့ ပေးပို့တင်ပြရမည်ဖြစ်ပြီး တရားစွဲဆိုဆောင်ရွက်သင့်ကြောင်း ထင်မြင်ပါက ၎င်းတို့မှ တရားစွဲဆို ဆောင်ရွက်ရမည်။ ဤပုဒ်မခွဲသည် အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ဤဥပဒေအရ မှတ်ပုံတင်အရာရှိအား အပ်နှင်းထားသည့် အခြားသော အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခြင်းအား တားမြစ်ကန့်သတ်ထားခြင်း မရှိစေဘဲကျင့်သုံးရမည်။

၄၂၇။ မည်သူမဆို သိလျက်ဖြင့် တမင် -

(က) ပုဒ်မ ၄၂၆ ပုဒ်မခွဲ (က) အပိုဒ်(၂) အပိုဒ်ခွဲငယ်(ကက) အရ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင်၊ သို့မဟုတ်

(ခ) ပုဒ်မ ၄၂၆ ပုဒ်မခွဲ(ဂ) အားဆန့်ကျင်သည့် ဆောင်ရွက်မှုများကို ပြုလုပ်ခဲ့လျှင်၊ ပြစ်ဒဏ်ပမာဏ (၂၀၀) ခုထက်မပိုသော ဒဏ်ငွေကို ပြစ်မှုတစ်ရပ်စီအတွက် ပေးဆောင်ရမည်။

၄၂၈။ **မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံဝင်ရောက်ခြင်း**

(က) ဤဥပဒေအရ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်တစ်ရပ်ကြောင့် နစ်နာသူတစ်ဦးဦးသည် ဆုံးဖြတ်ချက်အား အကြောင်းကြားသည့်နေ့ရက်မှ (၂၈) ရက်အတွင်း ပြည်ထောင်စုဝန်ကြီးထံသို့ အယူခံဝင်ရောက်နိုင်သည်။

(ခ) ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်အား လက်ခံနိုင်ခြင်းမရှိပါက ဆုံးဖြတ်ချက်အား အကြောင်းကြားသည့်နေ့ရက်မှ (၂၈)ရက်အတွင်း သို့မဟုတ် တရားရုံးက ခွင့်ပြုနိုင်သည့် အချိန်ကာလအတွင်း တရားရုံးသို့ ဆက်လက်အယူခံဝင်ရောက်နိုင်သည်။

(ဂ) အယူခံအား ကြားနာသည့်အခါ တရားရုံးသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုနိုင်သည်၊ သို့မဟုတ် အမှုဖြစ်အကြောင်းကိစ္စနှင့် စပ်လျဉ်း၍ တရားရုံးက သင့်သည် ထင်မြင်သည့်အတိုင်း ညွှန်ကြားချက်များ ပေးနိုင်သည် သို့မဟုတ် ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည်။

၄၂၉။ **အခကြေးငွေများ**

(က) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ အခကြေးငွေ ပေးချေရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် အခြားသော အခကြေးငွေများကို မှတ်ပုံတင်အရာရှိထံသို့ ပေးသွင်းရမည်။

(ခ) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ ပေးသွင်းရသည့် အခကြေးငွေများ အားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ထည့်သွင်းရမည်။

၄၃၀။ **မှတ်ပုံတင်အရာရှိထံသို့ စာရင်းများ နှင့် စာရွက်စာတမ်းများကို တင်ပြခြင်း**

(က) ကုမ္ပဏီတစ်ခုသည် စာရင်းများ၊ ငွေစာရင်းများ သို့မဟုတ် အခြားစာရွက်စာတမ်းများကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရန် သို့မဟုတ် အခြားကိစ္စတစ်ရပ်ရပ်ကို မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြား တင်ပြရန်တို့နှင့် စပ်လျဉ်းသည့် ဤဥပဒေအရ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ပြီးနောက် အဆိုပါ ပျက်ကွက်မှုကို ပြင်ဆင်ဆောင်ရွက်ရန် အကြောင်းကြား သည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း အဆိုပါ ပျက်ကွက်မှုကို ကောင်းမွန်သည်အထိ ပြင်ဆင်ခြင်းမပြုလျှင် ကုမ္ပဏီတွင် ပါဝင်သူ သို့မဟုတ် ကုမ္ပဏီ၏မြီရှင် တစ်ဦးဦးက ဖြစ်စေ၊ မှတ်ပုံတင်အရာရှိကဖြစ်စေ တရားရုံးသို့တင်ပြလျှောက်ထားလာလျှင် တရားရုံးသည် ကုမ္ပဏီနှင့် ကုမ္ပဏီ၏ အရာရှိများကို တရားရုံးက သတ်မှတ်ပေးသည့် အချိန်ကာလအတွင်း ပျက်ကွက်မှုအား ပြင်ဆင်ရန် ညွှန်ကြားသည့် အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

(ခ) အဆိုပါအမိန့်တစ်ရပ်ရပ်တွင် ပျက်ကွက်မှုအတွက် တာဝန်ရှိသော ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ၏အရာရှိများမှ လျှောက်ထားမှုနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ကျခံစေရန်အတွက် သတ်မှတ်ဖော်ပြနိုင်သည်။

(ဂ) ဤပုဒ်မတွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ အထက်တွင်ဖော်ပြထားသော ပျက်ကွက်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် ကုမ္ပဏီကိုဖြစ်စေ၊ ယင်းကုမ္ပဏီ၏ အရာရှိများကိုဖြစ်စေ ပြစ်ဒဏ်သတ်မှတ်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ် သို့မဟုတ် အခြားပြဋ္ဌာန်းချက်တစ်ရပ်ရပ်အား ဆောင်ရွက်မှုကို ထိခိုက်ခြင်းမရှိစေရ၊ သို့မဟုတ် ဤဥပဒေကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် ကုမ္ပဏီတစ်ခုခု သို့မဟုတ် ကုမ္ပဏီမှ အခြားသူတစ်ဦးဦးနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိမှ အရေးယူဆောင်ရွက်မှု တစ်ရပ်ရပ်ကို တားမြစ်ကန့်သတ်ထားခြင်း မရှိစေရ။

(ဃ) ကုမ္ပဏီသည် ပုဒ်မ ၉၇ အရ လိုအပ်သော နှစ်စဉ်အစီရင်ခံစာ တင်ပြရန် ပျက်ကွက်လျှင်၊ သို့မဟုတ် မှတ်ပုံတင်အရာရှိထံ တင်ပြသော စာရွက်စာတမ်းများတွင် လိမ်လည်ထားခြင်းများ ပြုလုပ်ထားလျှင် မှတ်ပုံတင်အရာရှိမှ ထိုကိစ္စနှင့် သက်ဆိုင်သည့် အချက်အလက်များသည် ကုမ္ပဏီ၊ ယင်း၏ မြီရှင် သို့မဟုတ် အများပြည်သူ၏ အကျိုးစီးပွားကို ကြီးမားစွာထိခိုက်စေကြောင်း တွေ့ရှိရလျှင် မှတ်ပုံတင်အရာရှိသည် ထိုကုမ္ပဏီသို့ ကုမ္ပဏီ၏ မှတ်ပုံတင်ထားရှိမှုကို ဆိုင်းငံ့မည်ဖြစ်ကြောင်း ကုမ္ပဏီကပေးချေရမည့် အခကြေးငွေများကို ပေးသွင်းခြင်းနှင့် သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ်ပေးဆောင်ခြင်း အပါအဝင် အကြောင်းကြားစာပေးပို့၍ ထိုပျက်ကွက်မှုကို (၂၈) ရက်အတွင်း ကောင်းမွန်သည်အထိ ပြင်ဆင်နိုင်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိသည် ဆိုင်းငံ့မှုကို ပြုလုပ်နိုင်သည်။

(င) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ)အရ ပြုလုပ်သည့် ဆိုင်းငံ့မှုနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ လျှောက်ထားမှုအပေါ် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) ကုမ္ပဏီသည် တင်ပြလျှောက်ထားချက်တွင် တင်ပြရန်လိုအပ်သည့် နှစ်စဉ်အစီရင်ခံစာ၊ ယင်းအတွက် ပေးသွင်းရမည့် အခကြေးငွေနှင့် သတ်မှတ်ဖော်ပြထားသည့် နောက်ကျကြေး သို့မဟုတ် ဒဏ်ကြေး တို့နှင့်အတူ ပူးတွဲတင်ပြလျှင် နှစ်စဉ်အစီရင်ခံစာကို တင်ပြရန် ပျက်ကွက်ခြင်းအတွက် ဆိုင်းငံ့မှုကို ပြန်လည်ရုပ်သိမ်းခြင်းနှင့် မှတ်ပုံတင်အရာရှိ၏ စာရင်းတွင် ကုမ္ပဏီအား ပြန်လည်ထိန်းသိမ်းခြင်း၊ သို့မဟုတ်

(၂) ကုမ္ပဏီသည် တင်ပြလျှောက်ထားချက်တွင် စာရွက်စာတမ်း အမှားပြင်ဆင်ထားခြင်းနှင့် မှတ်ပုံတင်အရာရှိမှ အကျိုးအကြောင်းခိုင်လုံစွာ လက်ခံနိုင်သည့် တိကျမှန်ကန်သော သတင်းအချက်အလက်နှင့်အတူ ယင်းအတွက် ပေးသွင်းရမည့်အခကြေးငွေနှင့် သတ်မှတ်ဖော်ပြထားသည့် နောက်ကျကြေး သို့မဟုတ် ဒဏ်ကြေးတို့နှင့်အတူ ပူးတွဲတင်ပြလျှင် လိမ်လည်လှည့်ဖြားခြင်း သို့မဟုတ် မှားယွင်းကြေညာချက်ပါရှိခြင်းကြောင့် ကုမ္ပဏီ၏ အကျိုးစီးပွားကို အဓိကထိခိုက်ပျက်စီးစေနိုင်သော သတင်းအချက်အလက်ပါရှိသော စာရွက်စာတမ်း တင်ပြမှုအတွက် ဆိုင်းငံ့မှုကို ဆိုင်းငံ့မှုကို ပြန်လည်ရုပ်သိမ်းခြင်းနှင့် မှတ်ပုံတင်အရာရှိ၏စာရင်းတွင် ကုမ္ပဏီအား ပြန်လည်ထိန်းသိမ်းခြင်း၊

(စ) ဤပုဒ်မ၏ပုဒ်မခွဲ (ဃ) အရ မှတ်ပုံတင်ထားခြင်းအား ဆိုင်းငံ့ထားသည့်နေ့မှ နောက်ထပ် (၆)လပြည့်ပြီးနောက် မှတ်ပုံတင်အရာရှိသည် ထိုကုမ္ပဏီ၏ အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်ပြီး အဆိုပါအကြောင်းကိစ္စကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။ အဆိုပါအကြောင်းကြားစာအား နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြပြီးသည့်အခါ ကုမ္ပဏီကို ဖျက်သိမ်းရမည်။ သို့ရာတွင် ကုမ္ပဏီ၏ ဒါရိုက်တာနှင့် ကုမ္ပဏီတွင် ပါဝင်သူများ အားလုံး၏ တာဝန်ရှိမှုများရှိခဲ့လျှင် ကုမ္ပဏီကို ဖျက်သိမ်းခြင်းမပြုသကဲ့သို့ ဆက်လက်အကျိုးသက်ရောက်စေရမည်။

(ဆ) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် မြီရှင်တစ်ဦးဦးက ကုမ္ပဏီကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းကြောင့် နစ်နာသည်ဟုယူဆလျှင် ၎င်းတို့၏ လျှောက်ထားမှုဖြင့် တရားရုံးက ကုမ္ပဏီသည် ထိုသို့ပယ်ဖျက်ခြင်း ခံရသည့်အချိန်က စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေခဲ့ကြောင်း၊ သို့မဟုတ် ကုမ္ပဏီကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန် သင့်လျော်သည့် အခြား အကြောင်းများရှိကြောင်းတွေ့ရှိရလျှင် တရားရုံးသည် ကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။ ၎င်းနောက် ကုမ္ပဏီသည် ယင်း၏အမည်အား ပယ်ဖျက်ခြင်းမရှိသကဲ့သို့ ဆက်လက်ရပ်တည်လျက်ရှိသည်ဟု မှတ်ယူရမည်။ တရားရုံးသည် ကုမ္ပဏီ၏ အမည်ကို ပယ်ဖျက်ခြင်းမရှိသကဲ့သို့ ကုမ္ပဏီနှင့်မူလနေရာတွင် တာဝန်ရှိကြသော အခြားသူများအားလုံးအတွက် သင့်သည်ထင်မြင်သည့် ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များကို အမိန့်ချမှတ်၍ ပေးအပ်နိုင်သည်။

*စာမျက်နှာ ၇ သို့*

စာမျက်နှာ ၆ မှ

(ဇ) ဤဥပဒေပါ အခြားသော ပြဋ္ဌာန်းချက်များကို ထိခိုက်စေခြင်းမရှိစေဘဲ မှတ်ပုံတင်အရာရှိမှ စာရွက်စာတမ်းများကို စစ်ဆေးနိုင်သည့် အခွင့်အာဏာများ၊ စုံစမ်းစစ်ဆေးမှုကို ပြုလုပ်နိုင်သည့် အခွင့်အာဏာ၊ ဖျက်သိမ်းပြီး ကုမ္ပဏီများကို စာရင်းမှပယ်ဖျက်ရန် ဆောင်ရွက်ခြင်း၊ ပြစ်မှုနှင့်စပ်လျဉ်းသည့် အကြောင်းကြားစာပေးပို့ခြင်း သို့မဟုတ် တရားစွဲဆိုမှုများကို ဆောင်ရွက်ရန် ပြုလုပ်ခြင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် မှတ်ပုံတင်ခြင်းမှ ပြန်လည်ပယ်ဖျက်ခြင်းအပါအဝင် ကုမ္ပဏီအပေါ်ချမှတ်သည့် အမိန့်များကို ဆောင်ရွက်ခြင်း သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ထားသည့် သက်ဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ချမှတ်သည့်အမိန့်များကို ဆောင်ရွက်ခြင်းတို့အတွက် အခွင့်အာဏာများအပါအဝင် ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ)နှင့် သက်ဆိုင်စေရမည်။

## ၄၃၁။ မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်းမှအကျိုးသက်ဝင်မှုမရှိသော ကုမ္ပဏီများကို ပယ်ဖျက်ခြင်း

(က) ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိကြောင်း မှတ်ပုံတင်အရာရှိက ယုံကြည်ဖွယ်အကြောင်းရှိလျှင် မှတ်ပုံတင်အရာရှိက ထိုကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိမရှိ မေးမြန်းရန်နှင့် ပြန်လည်တင်ပြရန် အကြောင်းကြားစာတစ်စောင်ကို စာတိုက်မှဖြစ်စေ၊ အီလက်ထရွန်နစ် နည်းတစ်ခုခုဖြင့် ဖြစ်စေ၊ ကုမ္ပဏီသို့ အသိပေးနိုင်သည့် အခြားနည်းလမ်းတစ်ခုခုဖြင့်ဖြစ်စေ အဆိုပါ ကုမ္ပဏီသို့ ပေးပို့အကြောင်းကြားရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် အဆိုပါ အကြောင်းကြားစာကို ပေးပို့ပြီးနောက် (၂၈) ရက်အတွင်း ဖြေကြားမှုတစ်စုံတစ်ရာကို မရရှိခဲ့လျှင် အဆိုပါကာလ ကုန်ဆုံးပြီးနောက် (၆၀) ရက်အတွင်း ပထမအကြောင်းကြားစာကို ရည်ညွှန်းလျက် ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ နည်းလမ်းများအနက် နည်းလမ်းတစ်ခုခုဖြင့် ကုမ္ပဏီသို့ပေးပို့ရမည်ဖြစ်ပြီး ထိုအကြောင်းကြားစာတွင် ဖြေကြားမှုတစ်စုံတစ်ရာ မရရှိခဲ့ကြောင်းဖော်ပြပါရှိစေရမည်။ ဒုတိယ အကြောင်းကြားစာ ပေးပို့သည့်နေ့မှ (၂၈)ရက်အတွင်း ဒုတိယအကြောင်းကြားစာအပေါ် ဖြေကြားမှုမရရှိခဲ့လျှင် ကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့် အကြောင်းကြားစာကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိကြောင်း ကုမ္ပဏီထံမှ ဖြေကြားချက်ကို လက်ခံရရှိခဲ့လျှင် သို့မဟုတ် ဒုတိယအကြောင်းကြားစာကို ပေးပို့ပြီးနောက် (၂၈) ရက်အတွင်း ဖြေကြားမှုကို လက်ခံရရှိခြင်း မရှိခဲ့လျှင် မှတ်ပုံတင်အရာရှိသည် အကြောင်းကြားစာပေးပို့သည့်နေ့မှ (၃) လကုန်ဆုံးသည့်ကာလတွင် ကွဲလွဲသည့်အကြောင်း တစ်စုံတစ်ရာမရှိလျှင် ကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်မည်ဖြစ်ကြောင်းနှင့် ကုမ္ပဏီကို ဖျက်သိမ်းမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့် အကြောင်းကြားစာတစ်စောင်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာပြီး ကုမ္ပဏီထံသို့လည်း ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ နည်းလမ်းများအနက် နည်းလမ်းတစ်ခုခုဖြင့် ပေးပို့ရမည်။

(ဃ) ကုမ္ပဏီကို ဖျက်သိမ်းသည့်အခါ မှတ်ပုံတင်အရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဆောင်ရွက်နေခြင်းမရှိကြောင်း မှတ်ပုံတင်အရာရှိက ယုံကြည်ရန်အကြောင်းရှိခဲ့လျှင် သို့မဟုတ် ကုမ္ပဏီ၏ကိစ္စရပ်များကို အပြည့်အဝ စာရင်းရှင်းလင်းဖျက်သိမ်းပြီးနောက် တစ်ဆက်တည်းဖြစ်သော (၆)လကာလအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ပြုလုပ်ရန် လိုအပ်သည့် ပြန်ကြားချက်များကို မှတ်ပုံတင်အရာရှိက ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ နည်းလမ်းများအနက် နည်းလမ်းတစ်ခုခုဖြင့် ကုမ္ပဏီသို့ဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ နောက်ဆုံးလုပ်ငန်းတည်ရှိသည့် နေရာထံသို့ဖြစ်စေ ပေးပို့ပေးရန်တောင်းဆိုသည့် အကြောင်းကြားစာ ပေးပို့ပြီးနောက် ထိုပြန်ကြားချက်များကို မပေးပို့ခဲ့လျှင်၊ မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြခဲ့သည့်အတိုင်း အကြောင်းကြားစာတစ်စောင်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာပြီး ကုမ္ပဏီထံသို့လည်း ပေးပို့ရမည်။

(င) အကြောင်းကြားစာတွင် ဖော်ပြပါရှိသည့်အချိန်ကာလ ကျော်လွန်ပြီးနောက် ကုမ္ပဏီက ကွဲလွဲမှုတစ်စုံတစ်ရာ တင်ပြလာခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိသည် ထိုကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်ပြီး အဆိုပါအကြောင်းကိစ္စကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။ အဆိုပါ အကြောင်းကြားစာအား နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြပြီးသည့်အခါ ကုမ္ပဏီကို ဖျက်သိမ်းရမည်။ သို့ရာတွင် ကုမ္ပဏီ၏ဒါရိုက်တာနှင့် ကုမ္ပဏီတွင် ပါဝင်သူများအားလုံး၏ တာဝန်ရှိမှုများရှိခဲ့လျှင် ကုမ္ပဏီကို ဖျက်သိမ်းခြင်း မပြုသကဲ့သို့ ဆက်လက်အကျိုးသက်ရောက်စေရမည်။

(စ) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် မြီရှင်တစ်ဦးဦးက ကုမ္ပဏီကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းကြောင်း နစ်နာသည်ဟု ယူဆလျှင် ၎င်းတို့၏လျှောက်ထားမှုဖြင့် တရားရုံးက ကုမ္ပဏီသည် ထိုသို့ပယ်ဖျက်ခြင်းခံရသည့်အချိန်က စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေခဲ့ကြောင်း၊ သို့မဟုတ် ကုမ္ပဏီကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန် သင့်လျော်သည့် အခြားအကြောင်းများရှိကြောင်း တွေ့ရှိရလျှင် တရားရုံးသည် ကုမ္ပဏီ၏ အမည်ကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။ ၎င်းနောက်ကုမ္ပဏီသည် ယင်း၏အမည်အား ပယ်ဖျက်ခြင်းမရှိသကဲ့သို့ ဆက်လက်ရပ်တည်လျက်ရှိသည်ဟု မှတ်ယူရမည်။ တရားရုံးသည် ကုမ္ပဏီ၏ အမည်ကို ပယ်ဖျက်ခြင်းမရှိသကဲ့သို့ ကုမ္ပဏီနှင့် မူလနေရာတွင် တာဝန်ရှိကြသော အခြားသူများအားလုံးအတွက် သင့်သည်ထင်မြင်သည့် ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များကို အမိန့်ချမှတ်၍ ပေးအပ်နိုင်သည်။

(ဆ) ဤပုဒ်မအရ ပြုလုပ်သည့် အကြောင်းကြားစာတစ်စောင်ကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းနေရာ သို့မဟုတ် ကုမ္ပဏီမှ မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားသည့် အီလက်ထရွန်နည်းအရ လိပ်မူပေးပို့ရမည် သို့မဟုတ် နိုင်ငံတော်တစ်ဝန်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတွင် အသိပေးကြေညာရမည် သို့မဟုတ် ကုမ္ပဏီ၏ဒါရိုက်တာ၊ သို့မဟုတ် အရာရှိများထံသို့ ပေးပို့ရမည်။ ဒါရိုက်တာ သို့မဟုတ် အရာရှိများ၏ အမည်နှင့် လိပ်စာကို မှတ်ပုံတင်အရာရှိက သိရှိထားခြင်းမရှိပါက ကုမ္ပဏီဖွဲ့စည်းတည်ထောင်ရန်အတွက် တင်သွင်းသည့် လျှောက်လွှာတွင် ကုမ္ပဏီတွင် ပါဝင်သူများအဖြစ် အမည်စာရင်းပါရှိသော ပုဂ္ဂိုလ်တစ်ဦးစီထံသို့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိသည့် လိပ်စာများအား အဆိုပါ အကြောင်းကြားစာကို လိပ်မူလျက်ပေးပို့နိုင်သည်။

(ဇ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မ ၄၃၀ ပုဒ်မခွဲ (ဃ)အရ မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများ သို့မဟုတ် ဤဥပဒေအရအပ်နှင်းထားသည့် အခြားသက်ဆိုင်သည့် အခွင့်အာဏာများကို ထိခိုက်စေခြင်းမရှိစေဘဲကျင့်သုံးဆောင်ရွက်ရမည်။

# အပိုင်း (၇)

# တရားစွဲဆိုစစ်ဆေးဆောင်ရွက်ခြင်းနှင့် ပြစ်မှုများ

## အခန်း(၂၉) တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် တရားစွဲဆို စစ်ဆေးဆောင်ရွက်ခြင်းများ

### ၄၃၂။ တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာ

(က) အခြားသက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဤဥပဒေအရ စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဖြစ်သည်။ သို့ရာတွင် သက်ဆိုင်ရာဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံး သို့မဟုတ် မြို့နယ်တရားရုံး သို့မဟုတ် အခြားတရားရုံးတစ်ခုခုသည် သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ဤဥပဒေတွင် တရားရုံးသို့ အပ်နှင်းထားသည့် စီရင်ပိုင်ခွင့်အားလုံး သို့မဟုတ် စီရင်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) ဤပုဒ်မတွင် ဖော်ပြပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ တရားစွဲဆိုဆောင်ရွက်ရမည့် တရားရုံးကို မှားယွင်း၍ အခြားတရားရုံးတွင် တရားစွဲဆိုဆောင်ရွက်ခဲ့သည့် အကြောင်းကြောင့် တရားစွဲဆိုဆောင်ရွက်မှုတစ်ရပ်အား တရားဝင်ခြင်းမရှိဟု မသတ်မှတ်ရ။

## တရားစွဲဆိုစစ်ဆေးဆောင်ရွက်ခြင်းများ

### ၄၃၃။ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်မရှိခြင်း

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၌ ပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်တွင် မည်သို့ပင် ဖော်ပြထားစေကာမူ ဤဥပဒေပါ ပြစ်မှုအားလုံးသည် အဆိုပါကျင့်ထုံးဥပဒေ၏ ကိစ္စရပ်များအတွက် ရဲအရေးယူပိုင်ခွင့်မရှိသော ပြစ်မှုများဖြစ်သည်ဟု မှတ်ယူရမည်။

### ၄၃၄။ ဒဏ်ငွေများကို အသုံးပြုခြင်း

ဤဥပဒေအရ ဒဏ်ငွေချမှတ်သည့် တရားရုံးသည် ဒဏ်ငွေတစ်ရပ်လုံးကိုဖြစ်စေ၊ ယင်း၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တရားစွဲဆိုဆောင်ရွက်သည့် ကုန်ကျစရိတ်များအတွက် ပေးချေရန် သို့မဟုတ် ဒဏ်ငွေများ ရရှိရန် သတင်းအချက်အလက်ပေးသော ပုဂ္ဂိုလ်သို့ ဆုကြေးငွေပေးရန်အတွက် အသုံးပြုနိုင်ကြောင်း ညွှန်ကြားနိုင်သည်။

### ၄၃၅။ ကုန်ကျစရိတ်အတွက် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီသို့ အာမခံတင်သွင်းစေရန် ညွှန်ကြားနိုင်သည့် အခွင့်အာဏာ

တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်တွင် တာဝန် ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုသည် တရားလိုသော်လည်းကောင်း၊ လျှောက်ထားသူသော်လည်းကောင်း ဖြစ်ခဲ့လျှင် အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ တရားရုံးသည် တရားပြိုင်က ခုခံချေပမှုများအောင်မြင်ခဲ့လျှင် ကုမ္ပဏီ၏ တရားရုံးကုန်ကျစရိတ်များကို ကုမ္ပဏီအနေဖြင့် ပေးချေနိုင်မည်မဟုတ်ကြောင်း ယုံကြည်ပါက အဆိုပါ ကုန်ကျစရိတ်များအတွက် ကုမ္ပဏီကို လုံလောက်သည့် အာမခံတစ်ရပ်ထားရှိစေနိုင်ပြီး ထိုအာမခံကို တင်သွင်းပြီးသည့် အချိန်ကာလအထိ တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုအားလုံးကို ဆိုင်းငံ့ထားနိုင်သည်။

### ၄၃၆။ အချို့သောမှုခင်းကိစ္စများတွင် တရားရုံးက သက်သာခွင့်ပေးအပ်နိုင်သည့် အခွင့်အာဏာ

(က) ဤဥပဒေအရ တာဝန်ရှိမှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်အပါအဝင် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆန့်ကျင်ဆောင်ရွက်မှုများ၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ဆောင်ရွက်ပေးရမည့် တာဝန်အားချိုးဖောက်ခြင်း၊ သို့မဟုတ် ယုံကြည်အပ်နှံမှုကို ချိုးဖောက်ခြင်းများအတွက် စွဲဆိုဆောင်ရွက်သည့် မှုခင်းကိစ္စရပ်များတွင် အဆိုပါကိစ္စရပ်များကို ကြားနာသည့် တရားရုံး၌ ထိုပုဂ္ဂိုလ်သည် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆောင်ရွက်ပေးရမည့် တာဝန်အားချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံခြင်းကို ချိုးဖောက်မှုများအတွက် တာဝန်ရှိကြောင်း သို့မဟုတ် တာဝန်ရှိနိုင်ကြောင်း၊ သို့သော်၎င်းအားခန့်အပ်ခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်အပါအဝင် မှုခင်းကိစ္စရပ်အားလုံးတွင် သဘောရိုးဖြင့် လျော်ကန်သည့်အတိုင်း ဆောင်ရွက်ခဲ့ကြောင်း၊ ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆောင်ရွက်ပေးရမည့်တာဝန်အား ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံခြင်းကို ချိုးဖောက်မှုများအတွက် ၎င်းအပေါ် မျှတစွာ စီရင်ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရလျှင် တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ထိုသူအား၎င်း၏ တာဝန်ရှိမှုမှ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ သက်သာခွင့်ပြုနိုင်သည်။

(ခ) ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့်ပုဂ္ဂိုလ်တစ်ဦးဦးသည် ဤဥပဒေအရ တာဝန်ရှိမှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့်ကိစ္စရပ်အပါအဝင် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆန့်ကျင်ဆောင်ရွက်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ၎င်းအပေါ်တွင် စွဲဆိုဆောင်ရွက်လျက်ရှိသည့် မှုခင်းတစ်ရပ်ရပ်ကို ပြုလုပ်မည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင်၊ ထိုသူသည်သက်သာခွင့်အတွက် တရားရုံးသို့ တင်ပြတောင်းခံနိုင်သည်။ အဆိုပါလျှောက်ထားမှုအား လက်ခံရရှိသည့်အခါ တရားရုံးသည် ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ ဆောင်ရွက်ပေးရမည့် တာဝန်အား ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံခြင်းကို ချိုးဖောက်မှုများအတွက် ထိုသူအပေါ် စွဲဆို ဆောင်ရွက်လျက်ရှိသည့် မှုခင်းကိစ္စရပ်များတွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ထိုသူအပေါ် သက်သာခွင့်ပြုနိုင်သည့်အတိုင်း အလားတူ ဆောင်ရွက်နိုင်သည့် အခွင့်အာဏာများရှိသည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) ကုမ္ပဏီ၏ ဒါရိုက်တာများ၊

(၂) ကုမ္ပဏီ၏ အတွင်းရေးမှူးများရှိခဲ့လျှင် ၎င်းပုဂ္ဂိုလ်များ၊

(၃) ကုမ္ပဏီ၏ အခြားအရာရှိများနှင့်

(၄) ကုမ္ပဏီ၏ အရာရှိများဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ စာရင်းစစ်များအဖြစ် ကုမ္ပဏီက ခန့်အပ်ထားသည့် ပုဂ္ဂိုလ်များ။

### ၄၃၇။ တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုများကို မည်သို့ ပြုလုပ်ရခြင်း

ဤဥပဒေနှင့်အညီ ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ကို တရားစွဲဆို စစ်ဆေးဆောင်ရွက်သည့် ကိစ္စတစ်ရပ်ရပ်တွင် သတင်းအချက်အလက်များ၊ စွဲချက်များ၊ တိုင်တန်းချက်များ သို့မဟုတ် လျှောက်ထားမှုများကို အောက်ပါပုဂ္ဂိုလ်များက ပြုလုပ်နိုင်သည် -

(က) ကိုယ်တိုင်တွေ့ရှိ ဆောင်ရွက်ခြင်း ဖြစ်စေ၊ လျှောက်ထားချက် သို့မဟုတ် တောင်းဆိုချက်တစ်ရပ်ရပ်အပေါ် ပြန်ကြားခြင်းဖြစ်စေ ဆောင်ရွက်မည့် မှတ်ပုံတင်အရာရှိ၊ သို့မဟုတ်

(ခ) ပုဒ်မ ၄၃၆ တွင် ဖော်ပြပါရှိသော ဤဥပဒေကို ချိုးဖောက်မှုအတွက် ၎င်းအပေါ် တရားစွဲဆိုမှု ပြုလုပ်နိုင်မည့် ဖမ်းဆီးရန် အကြောင်းပြချက်ရှိသူဖြစ်သည့် ဤဥပဒေအရ သက်သာခွင့်အတွက် လျှောက်ထားခွင့်ရှိသော ပုဂ္ဂိုလ်တစ်ဦးဦး၊ သို့မဟုတ်

(ဂ) တရားစွဲဆိုဆောင်ရွက်မှု ပြုလုပ်ရန်အတွက် ပြည်ထောင်စုဝန်ကြီးက စာဖြင့် ရေးသား၍ အခွင့်အာဏာအပ်နှင်းခြင်းခံရသူတစ်ဦးဦး။

### ၄၃၈။ တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုများတွင် ကြားဝင်ဆောင်ရွက်နိုင်သည့် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာ

(က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ ပေါ်ပေါက်လာသည့် ကိစ္စရပ်တစ်ခုခုနှင့် စပ်လျဉ်း၍ တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်တွင် ကြားဝင် ဆောင်ရွက်နိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိက ဤပုဒ်မ၏ပုဒ်မခွဲ(က) တွင် ဖော်ပြပါရှိသည့် တရားစွဲဆို စစ်ဆေးဆောင်ရွက်မှု တစ်ရပ်ရပ်တွင် ကြားဝင်ဆောင်ရွက်ခဲ့ပါက မှတ်ပုံတင် အရာရှိသည် အဆိုပါ တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုတွင် အမှုသည် တစ်ဦးအဖြစ်ပါဝင်နိုင်ပြီး ဤဥပဒေနှင့်အညီ အမှုသည်တစ်ဦး၏ အခွင့် အရေးများ၊ တာဝန်များနှင့် တာဝန်ရှိမှုများအားလုံးကို ရရှိသည်။

### ၄၃၉။ ပြစ်မှုကြောင်းအရ တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုများကို ပြုလုပ်ရမည့်အချိန်ကာလ

အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေပါ ပြစ်မှု တစ်ရပ်ရပ်အတွက် တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုများကို ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသောပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုစတင်သည့်နေ့မှ (၆)နှစ်အတွင်း တရားစွဲဆိုဆောင်ရွက်နိုင်သည်။

### ၄၄၀။ ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ အကြောင်းကြားခြင်း

(က) ပုဂ္ဂိုလ်တစ်ဦးဦးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ကို ကျူးလွန်သည်ဟု မှတ်ပုံတင် အရာရှိက ယုံကြည်ရန်အကြောင်းရှိလျှင် ပြစ်ဒဏ် သို့မဟုတ် အမြင့်ဆုံးပြစ်ဒဏ် ကို အတိအလင်းသတ်မှတ်ဖော်ပြထားပါက ဤပုဒ်မတွင် သတ်မှတ်ဖော်ပြ ထားသောပြစ်မှုဟု ခေါ်တွင်မည်။ မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) နှင့်အညီ အဆိုပါပုဂ္ဂိုလ်ထံသို့ သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အကြောင်း ကြားစာတစ်စောင်အား ပေးပို့နိုင်သည် -

(၁) သတ်မှတ်ဖော်ပြထားသောပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း စွပ်စွဲခြင်းနှင့် ထိုပြစ်မှုနှင့်စပ်လျဉ်းသည့် သတ်မှတ်ဖော်ပြထားသည့် အချက်အလက် များကို ဖော်ပြခြင်း၊

(၂) သတ်မှတ်ဖော်ပြထားသောပြစ်မှုနှင့် ပတ်သက်၍ သတ်မှတ်ဖော်ပြ ထားသည့် ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံး ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်ကို ဖော်ပြခြင်းနှင့်

(၃) အောက်ပါတို့ကို ဖော်ပြပါရှိစေခြင်း -

(ကက) ဆောင်ရွက်ရမည့် ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာ တစ်ရပ်ကို ပျက်ကွက်ခြင်းကြောင့် စွဲဆိုခံရသည့် သတ်မှတ် ဖော်ပြထားသော ပြစ်မှုနှင့် သက်ဆိုင်သည့်ကိစ္စရပ်တွင်-

(၁) ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကို ဆောင်ရွက် ရန် တာဝန်ရှိမှုသည် အကြောင်းကြားစာပေးပို့ခြင်း သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြ ထားသည့် အမြင့်ဆုံး ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ် မှတ်ထားသော ပြစ်ဒဏ်အတွက် ငွေပေးချေခြင်းပြုပြီးသော်လည်း တာဝန်ရှိမှုသည် ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း၊

(၂) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အနည်းဆုံး (၂၁) ရက်ထက်ပိုသော ကာလတစ်ရပ်အတွင်း ထိုသူသည် သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြ ထားသည့် အမြင့်ဆုံး ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေး ချေပြီး အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာ ဆောင်ရွက်ခဲ့လျှင်၊ ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသော ပြစ်မှုနှင့်စပ်လျဉ်း၍ ထပ်မံအရေးယူဆောင်ရွက်ခြင်း မပြု ကြောင်းနှင့်

(၃) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် ကာလကုန်ဆုံး သည့်အထိ ထိုသူသည် သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံး ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင် အဖွဲ့ထံသို့ ငွေပေးချေခြင်းမပြုခဲ့လျှင် သို့မဟုတ် အဆိုပါပြု လုပ်မှုသို့မဟုတ် အကြောင်းအရာကို လိုက်နာဆောင်ရွက် ခြင်းမပြုခဲ့လျှင်၊ ၎င်းအပေါ် တရားစွဲဆို ဆောင်ရွက်မှုကို ပြုလုပ် နိုင်ကြောင်း၊ သို့မဟုတ်

စာမျက်နှာ ၈ သို့

*စာမျက်နှာ ၇ မှ*

(ခခ) ဆောင်ရွက်ရမည့် ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာ တစ်ရပ်ကို ပျက်ကွက်ခြင်းကြောင့် စွဲဆိုခံရသည့် ပြစ်မှုတစ်ရပ် မဟုတ်သော သတ်မှတ်ဖော်ပြထားသည့် ပြစ်မှုတစ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်တွင် -

(၁) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အနည်းဆုံး (၂၁)ရက်ထက် ပိုသောကာလတစ်ရပ်အတွင်း ထိုသူသည် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ် ဖော်ပြထားသည့် အမြင့်ဆုံး ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေခဲ့လျှင်၊ ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသော ပြစ်မှုနှင့်စပ်လျဉ်း၍ ထပ်မံ အရေးယူဆောင်ရွက်ခြင်းမပြုကြောင်းနှင့်

(၂) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် ကာလ ကုန်ဆုံးသည်အထိ ထိုသူသည် သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ် သို့မဟုတ် အမြင့်ဆုံးသတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေခြင်းမပြုခဲ့လျှင် ၎င်းအပေါ်တရားစွဲဆို ဆောင်ရွက်မှုကို ပြုလုပ်နိုင်ကြောင်း။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)သည် မှတ်ပုံတင်အရာရှိအား အောက်ပါတို့ကို ဆောင်ရွက်ရန် အခွင့်အာဏာ အပ်နှင်းခြင်းမရှိစေ-

(၁) သတ်မှတ်ဖော်ပြထားသော ပြစ်မှုတစ်ရပ်အား ပုဂ္ဂိုလ်တစ်ဦးက ကျူးလွန်ခဲ့ကြောင်း စွပ်စွဲသည့်ကိစ္စအတွက် ဤပုဒ်မ၏ ပုဒ်မခွဲ(က) အရ အကြောင်းကြားစာတစ်စောင်ထက် ပိုမို၍ ထိုသူထံသို့ ပေးပို့ခြင်း၊ သို့မဟုတ်

(၂) ပုဒ်မ ၄၃၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဆိုပါပြစ်မှုအတွက် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားစွဲဆို ဆောင်ရွက်နိုင်ခြင်းမရှိလျှင် သတ်မှတ်ဖော်ပြထားသော ပြစ်မှုကို ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ၎င်းထံ အကြောင်းကြားစာ တစ်စောင်ပေးပို့ခြင်း။

(ဂ) ဤပုဒ်မ၏ပုဒ်မခွဲ(က)အရ ဆောင်ရွက်သည့် အကြောင်းကြားစာကို လူကိုယ်တိုင် ဖြစ်စေ၊ စာတိုက်မှ ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့် ဖြစ်စေ လူပုဂ္ဂိုလ် တစ်ဦးဦးထံသို့ ပေးပို့နိုင်သည်။

(ဃ) သီးခြား ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် စွဲဆိုခံရသည့် သတ်မှတ်ဖော်ပြထားသောပြစ်မှု တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးထံသို့ ဤပုဒ်မ၏ ပုဒ်မခွဲ (က) အရ အကြောင်းကြားစာတစ်စောင်ပေးပို့သည့်အခါ -

(၁) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလအတွင်း ထိုသူသည် သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ် သို့မဟုတ် အမြင့်ဆုံး သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင် အဖွဲ့ထံသို့ ငွေပေးချေပြီး အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာဆောင်ရွက်ခဲ့လျှင်၊ ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသောပြစ်မှုနှင့်စပ်လျဉ်း၍ အရေးယူ ဆောင်ရွက်ခြင်းမပြုနိုင်၊

(၂) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလအတွင်း ထိုသူသည် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် အမြင့်ဆုံး သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ် ထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေသော်လည်း အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာဆောင်ရွက်ခဲ့ခြင်း မရှိလျှင်၊ ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်ခြင်းမပြုနိုင်။ သို့သော် အဆိုပါ ပြုလုပ်မှု သို့မဟုတ်အကြောင်းအရာကို ဆောင်ရွက်ရန် ဆက်လက် တာဝန်ရှိပြီး ထိုသို့ဆောင်ရွက်ရန် ဆက်လက်ပျက်ကွက်နေခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၄၅၀ ပါ ပြဋ္ဌာန်းချက်များကို သတ်မှတ်ဖော်ပြထား သည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံး ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် ပေးချေခဲ့သည့်နေ့ရက်တွင် အကျိုးသက်ရောက်၍ ထိုသူသည် အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာ တစ်ရပ်ကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် စွဲဆိုခံရသည့် ပြစ်မှုတစ်ရပ် ကို ကျူးလွန်ရာ ရောက်သည်။

(၃) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် ကာလကုန်ဆုံးသည့်အထိ ထိုသူသည် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ် ဖော်ပြထားသည့် အမြင့်ဆုံး ပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ် ထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေခြင်းမပြုဘဲ အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာဆောင်ရွက်ခဲ့လျှင်၊ ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသောပြစ်မှုနှင့်စပ်လျဉ်း၍ အရေး ယူ ဆောင်ရွက်နိုင်သည်၊ သို့မဟုတ်

(၄) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးသည့် အထိ ထိုသူသည် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံး ပြစ်ဒဏ်အထိ မှတ်ပုံတင် အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေမှုမပြုခြင်း၊ အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာဆောင်ရွက်မှု မပြုခြင်း၊ အဆိုပါ ပြုလုပ်မှု သို့မဟုတ် အကြောင်းအရာကို လိုက်နာ ဆောင်ရွက်ရန် တာဝန်ဆက်လက်ဖြစ်ပေါ်လျက်ရှိခြင်းများ ပေါ်ပေါက်ခဲ့ လျှင် ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသောပြစ်မှုနှင့်စပ်လျဉ်း၍ အရေးယူ ဆောင်ရွက်နိုင်သည်။

(င) သီးခြားပြုလုပ်မှု သို့မဟုတ် အကြောင်းအရာတစ်ရပ်ကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် စွဲဆိုခံရသည့် ပြစ်မှုတစ်ရပ် မဟုတ်သော သတ်မှတ် ဖော်ပြထားသော ပြစ်မှုတစ်ရပ်နှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ဤပုဒ်မ ၏ပုဒ်မခွဲ(က)အရ အကြောင်းကြားစာ တစ်စောင်ကို ပေးပို့သည့်အခါ -

(၁) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလအတွင်း ထိုသူ သည် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ် ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ်အထိ မှတ်ပုံတင်အရာရှိက သတ်မှတ်သောပြစ်ဒဏ်ကို အကြောင်းကြားစာတွင် သတ်မှတ်ထား သည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေခဲ့လျှင်၊ ထိုသူအပေါ် သတ် မှတ် ဖော်ပြထားသော ပြစ်မှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက် ခြင်းမပြုနိုင်၊

(၂) အကြောင်းကြားစာတွင် သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးသည့် အထိ ထိုသူသည် သတ်မှတ်ဖော်ပြထားသည့်ပြစ်ဒဏ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အမြင့်ဆုံးပြစ်ဒဏ်အထိ မှတ်ပုံတင် အရာရှိက သတ်မှတ်သော ပြစ်ဒဏ်အတွက် အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အာဏာပိုင်အဖွဲ့ထံသို့ ငွေပေးချေမှု မပြုလျှင်၊ ထိုသူအပေါ် သတ်မှတ်ဖော်ပြထားသော ပြစ်မှုနှင့်စပ်လျဉ်း၍ အရေး ယူ ဆောင်ရွက်နိုင်သည်။

(စ) သတ်မှတ်ဖော်ပြထားသောပြစ်မှုတစ်ရပ်နှင့်စပ်လျဉ်း၍ ဤပုဒ်မအရ ပုဂ္ဂိုလ် တစ်ဦးဦးထံသို့ ပေးပို့သည့် အကြောင်းကြားစာပါ ငွေပမာဏကို ထိုသူက ပေးချေခြင်းသည် သတ်မှတ်ဖော်ပြထားသောပြစ်မှုအား ကျူးလွန်ခြင်းနှင့် စပ်လျဉ်း၍ ထိုသူသည် တာဝန်ရှိမှု တစ်ရပ်ရပ်ကို ကင်းလွတ်ခွင့်ပြုရာရောက် သည့်အနေဖြင့် ဆောင်ရွက်ခြင်းမပြုရ။

(ဆ) ဤပုဒ်မ၏ ပုဒ်မခွဲ (ဃ)အပိုဒ်(၁)၊ အပိုဒ်(၂) နှင့် ပုဒ်မခွဲ(င)အပိုဒ်(၁) တို့တွင် ဖော်ပြပါရှိသည့် ကိစ္စရပ်များမှအပ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ဤပုဒ်မ ပါ ကိစ္စရပ်များအတွက် သတ်မှတ်ဖော်ပြထားသော ပြစ်မှုများနှင့်ပတ်သက်၍ တရားစွဲဆိုဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် ဤဥပဒေ သို့မဟုတ် အခြား သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက် ခြင်းအား ထိခိုက်စေခြင်း မရှိစေရ။

၄၄၁။ **တရားစွဲဆိုဆောင်ရွက်ခြင်းတွင် ကူညီဆောင်ရွက်မည့်သူများ**

(က) ဤပုဒ်မတွင် **တရားပြိုင်**ဟု ရည်ညွှန်းမည့် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ဤဥပဒေ အရ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တရားစွဲဆို ဆောင်ရွက်သည့်အခါ သို့မဟုတ် မှတ်ပုံတင်အရာရှိက ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း ၍ တရားစွဲဆို ဆောင်ရွက်သင့်ကြောင်း ထင်မြင်ယူဆသည့်အခါ မှတ်ပုံတင် အရာရှိသည် အောက်ပါပုဂ္ဂိုလ်များကို တရားစွဲဆိုဆောင်ရွက်မှုတွင် ကူညီ ဆောင်ရွက်စေနိုင်သည်-

(၁) တရားပြိုင်သည် လူပုဂ္ဂိုလ်တစ်ဦးဦးဖြစ်လျှင်၊ တရားပြိုင်၏ အစုစပ်ဝင်၊ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦး၊ သို့မဟုတ်

(၂) တရားပြိုင်သည် ကော်ပိုရေးရှင်းတစ်ခုဖြစ်လျှင်၊ တရားပြိုင်၏ အရာရှိ၊ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးဖြစ်ခဲ့သော သို့မဟုတ် တစ်ဦးဦးဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦး။

ထိုသို့ ဆောင်ရွက်မည့်သူသည် တရားစွဲဆို ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ၎င်းက သင့်လျော်သည့် အကူအညီများ အားလုံးကို ဆောင်ရွက်ပေး ရမည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးဦးသည် တရားစွဲဆိုစစ်ဆေးဆောင်ရွက်မှုများတွင် တရား ပြိုင်တစ်ဦးအဖြစ်ဖြင့်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦး၏ ရှေ့နေတစ်ဦးအဖြစ်ဖြင့်ဖြစ်စေ ဆောင်ရွက်ရန်အကြောင်းရှိသည်ဟု မှတ်ပုံတင်အရာရှိက ထင်မြင်ယူဆလျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(က) တွင် ဖော်ပြပါရှိသည့် လိုက်နာဆောင်ရွက်ရမည့် အချက်ကို ပြုလုပ်ခြင်းမပြုရ။

(ဂ) ဤပုဒ်မ၏ပုဒ်မခွဲ (က) အပိုဒ် (၁) သို့မဟုတ် အပိုဒ် (၂) တို့ပါ ပြဋ္ဌာန်းချက် များနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဤပုဒ်မ၏ပုဒ်မခွဲ(က)အရ လိုအပ်သည့် အကူအညီများကို ပံ့ပိုးပေးရန်ပျက်ကွက်လျှင်၊ ထိုသူသည် ဤ ပုဒ်မပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်ဆောင်ရွက်သည်ဖြစ်၍ ထိုသို့ ဆန့်ကျင် ဆောင်ရွက်မှုအတွက် ထိုသူအပေါ် ထိုက်သင့်သည့် ပြစ်ဒဏ်ကို ထိခိုက် စေခြင်းမရှိစေဘဲ တရားရုံးသည် မှတ်ပုံတင်အရာရှိ၏ လျှောက်ထားမှုအရ အဆိုပါ သတ်မှတ်ချက်များကို လိုက်နာစေရန် အမိန့်ချမှတ်နိုင်ပြီး ထိုအမိန့်တွင် သတ်မှတ်ထားသည့်အချိန်ကာလအတွင်း သတ်မှတ်ထားသည့် နည်းလမ်း များဖြင့် ဆောင်ရွက်စေနိုင်သည်။

(ဃ) ဤပုဒ်မတွင် တရားပြိုင်နှင့်သက်ဆိုင်သည့် **ကိုယ်စားလှယ်**ဆိုသည့် စကားရပ် တွင် တရားပြိုင်၏ ဝန်ထမ်း သို့မဟုတ် အရာရှိတစ်ဦး ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ တရားပြိုင်၏ ဘဏ်လုပ်ငန်းလုပ်ကိုင်သူ၊ တရားပြိုင်က စာရင်းစစ်အဖြစ် တာဝန်ပေးအပ်ထားသူတစ်ဦးဦးလည်း ပါဝင်သည်။

## မြွက်ဟကြေညာခြင်းများ၊ အမိန့်များနှင့် တားမြစ်မိန့်များ

၄၄၂။ **တာဝန်များနှင့် စပ်လျဉ်း၍ ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်း**

(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ဤဥပဒေ၏ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်ဆောင်ရွက်ကြောင်း ယုံကြည် လက်ခံနိုင်သော အကြောင်းရင်းများရှိသည်ဟု တရားရုံးက တွေ့ရှိလျှင် တရားရုံးသည် ပုဒ်မ ၁၉၀ အရ ချမှတ်နိုင်သော ပြစ်ဒဏ်တစ်ရပ်ရပ်အစား အောက်ပါအမိန့်ကိုချမှတ်နိုင်သည် -

(၁) ဤပုဒ်မအရ ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာချက် တစ်ရပ်ကို ချမှတ်ခြင်းနှင့်

(၂) ပုဒ်မ ၄၄၃ အရ ပြစ်ဒဏ်အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်း၊ သို့မဟုတ်

(၃) ပုဒ်မ ၄၄၄ အရ လျော်ကြေးပေးရန် အမိန့်တစ်ရပ်ကို ချမှတ်ခြင်း။

(ခ) မှတ်ပုံတင်အရာရှိသည် ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်း၊ ပြစ်ဒဏ်အမိန့် သို့မဟုတ် လျော်ကြေးပေးရန်အမိန့်တစ်ရပ်ရပ်ကို ချမှတ်ပေး နိုင်ရေးအတွက် တင်ပြလျှောက်ထားနိုင်သည်။

(ဂ) ဤပုဒ်မ၏ပုဒ်မခွဲ(က)အရ ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာသည့် အမိန့်တစ်ရပ်ကို ချမှတ်ခဲ့လျှင် မှတ်ပုံတင်အရာရှိက ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) အရ လျော်ကြေးပေးရန် အမိန့်တစ်ရပ်ကို ချမှတ်ပေးနိုင်ရေးအတွက် တင်ပြ လျှောက်ထားခြင်း မပြုလုပ်ပါက ကုမ္ပဏီသည် အဆိုပါ လျော်ကြေးပေးရန် အမိန့်တစ်ရပ်အတွက် တင်ပြလျှောက်ထားနိုင်သည်။

(ဃ) ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်း၊ ပြစ်ဒဏ်အမိန့် သို့မဟုတ် လျော်ကြေးပေးရန် အမိန့်တစ်ရပ်ရပ်ကို ချမှတ်ပေးနိုင်ရေးအတွက် တရားစွဲဆို စစ်ဆေးဆောင်ရွက်မှုများကို ထိုသို့ ဆန့်ကျင်ဆောင်ရွက်သည့်အချိန် ကာလမှ (၆) နှစ်ထက်မပိုသော ကာလအတွင်း စတင်တရားစွဲဆိုဆောင် ရွက်နိုင်သည်။

(င) တရားရုံးသည် သက်ဆိုင်ရာဥပဒေတွင် ဖော်ပြပါရှိသည့်အတိုင်း ဆန့်ကျင် ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်း၊ ပြစ်ဒဏ်အမိန့် သို့မဟုတ် လျော် ကြေးပေးရန် အမိန့်တစ်ရပ်ရပ်ကို ချမှတ်ပေးနိုင်ရေးအတွက် တရားစွဲဆို စစ်ဆေးဆောင်ရွက်မှုများကို ကြားနာသည့်အခါ တရားမမှုခင်းများအတွက် သက်သေခံနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာစည်းမျဉ်းများကို လိုက်နာဆောင်ရွက် ရမည်။

(စ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ပြုလုပ်မှုတစ်ရပ်ကြောင့် ပြစ်မှုထင်ရှားစီရင် ခြင်းခံရပြီး ထိုပြုလုပ်မှုသည် ဆန့်ကျင်ဆောင်ရွက်သည့် ပြုလုပ်မှုနှင့် တစ်ထပ် တည်းတူညီနေလျှင် တရားရုံးသည် ထိုသူအပေါ်တွင် ဆန့်ကျင်ဆောင်ရွက်မှု အား မြွက်ဟကြေညာခြင်း၊ ပြစ်ဒဏ်အမိန့် သို့မဟုတ် လျော်ကြေးပေးရန် အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်းမပြုရ။

၄၄၃။ **ပြစ်ဒဏ်အမိန့်များ**

(က) တရားရုံးသည် အောက်ပါအချက်များကို တွေ့ရှိရလျှင် ထိုသို့ပြုလုပ်ဆောင် ရွက်သူကို ပြစ်ဒဏ်ပမာဏ (၂၀၀) ခုအထိ ငွေဒဏ်တစ်ရပ်ရပ်အား ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းစေရန် အမိန့်ချမှတ်နိုင်သည် -

(၁) ပုဂ္ဂိုလ်တစ်ဦး၏ ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်းကို ပုဒ်မ ၄၄၂ အရ ပြုလုပ်ခဲ့လျှင်၊နှင့်

(၂) ဆန့်ကျင်ဆောင်ရွက်ခြင်းသည် -

(ကက) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ၏ အကျိုးစီးပွား ကို များစွာ ထိခိုက်စေလျှင်၊ သို့မဟုတ်

(ခခ) ကုမ္ပဏီ၏ မြီရှင်များသို့ ကုမ္ပဏီက ပေးချေရမည့် လုပ်ကိုင် ဆောင်ရွက်နိုင်မှုကို များစွာ ထိခိုက်စေလျှင်။

(ခ) တရားရုံးမှ ချမှတ်သော ပြစ်ဒဏ်သည် နိုင်ငံတော်၏ကိုယ်စား မှတ်ပုံတင် အရာရှိထံသို့ ပေးချေရမည့် တရားမကြွေးမြီတစ်ရပ်ဖြစ်သည်။ ထိုသူ အပေါ် တင်ရှိနေသည့် ကြွေးမြီအား ရရှိနိုင်ရေးအတွက် ထိုသူအပေါ်တွင် တရားမ မှုစွဲဆိုဆောင်ရွက်ပြီး အမိန့်တစ်ရပ် ချမှတ်ထားသကဲ့သို့ မှတ်ပုံတင်အရာရှိ သည် ထိုအမိန့်ကို အတည်ပြုဆောင်ရွက်နိုင်သည်။

၄၄၄။ **လျော်ကြေးပေးရန်အမိန့်များ**

(က) ပြစ်ဒဏ်အမိန့်တစ်ရပ်ကို ပုဒ်မ ၄၄၃ အရ လျှောက်ထားခဲ့ခြင်း သို့မဟုတ် ချမှတ်ခဲ့ခြင်းမရှိခဲ့လျှင်၊ တရားရုံးသည် အောက်ပါအချက်များကို တွေ့ရှိရပါက ကုမ္ပဏီအနေဖြင့် ထိခိုက်နစ်နာခဲ့သည်များအတွက် ပုဂ္ဂိုလ်တစ်ဦးက ကုမ္ပဏီသို့ လျော်ကြေးပေးစေရန် အမိန့်ချမှတ်နိုင်သည်-

(၁) ထိုသူ၏ ဆန့်ကျင်ဆောင်ရွက်မှုအား မြွက်ဟကြေညာခြင်းကို ပုဒ်မ ၄၄၂ အရ ပြုလုပ်ခဲ့လျှင်၊ နှင့်

(၂) ထိခိုက်နစ်နာမှုသည် ဆန့်ကျင်ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်ခဲ့လျှင်။

(ခ) အမိန့်တွင် လျော်ကြေးပေးရမည့် ပမာဏကို သတ်မှတ်ဖော်ပြရမည်။

(ဂ) လျော်ကြေးပေးရန်အမိန့်တစ်ရပ် ချမှတ်နိုင်ရေးအတွက် ကုမ္ပဏီမှ ထိခိုက် နစ်နာခဲ့သည်များကို ဆုံးဖြတ်ရာတွင် တရားရုံးသည် ဆန့်ကျင်ဆောင်ရွက်မှု သို့မဟုတ် ပြစ်မှုကြောင့် ပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်သည့် အကျိုးအမြတ် များကိုလည်း ထည့်သွင်းစဉ်းစားသုံးသပ်နိုင်သည်။

(ဃ) လျော်ကြေးပေးရန် အမိန့်တစ်ရပ်ကို တရားရုံး၏ စီရင်ဆုံးဖြတ်ချက်တစ်ရပ် ကဲ့သို့ အတည်ပြုဆောင်ရွက်နိုင်သည်။

၄၄၅။ **တားမြစ်အမိန့်များ**

(က) အောက်ပါကိစ္စရပ်များ ပေါ်ပေါက်လျှင်-

(၁) ဤဥပဒေအား ဆန့်ကျင်ဆောင်ရွက်မှု တစ်ရပ်ဖြစ်သည့် သို့မဟုတ် ဖြစ်နိုင်သည့် တစ်ဦးတစ်ယောက်၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ဤဥပဒေအရ ဆောင်ရွက်သည့်အခါ၊

(၂) ဤဥပဒေအား ဆန့်ကျင်ဆောင်ရွက်မှုတစ်ရပ်အတွက် တစ်ဦး တစ်ယောက်ကို တရားစွဲဆိုဆောင်ရွက်သည့်အခါ၊ သို့မဟုတ်

(၃) ဤဥပဒေအရ တစ်ဦးတစ်ယောက်ကို တရားမမှုခင်းတစ်ရပ် စစ်ဆေး ဆောင်ရွက်သည့်အခါ၊

ဤပုဒ်မတွင် **သက်ဆိုင်သည့်ပုဂ္ဂိုလ်**ဟုခေါ်တွင်မည့် ဤပုဒ်မ၏ အပိုဒ် (၁)၊အပိုဒ်(၂)၊ အပိုဒ်(၃)တို့တွင်ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦး က ကြွေးမြီနှင့် စပ်လျဉ်း၍ဖြစ်စေ၊ လျော်ကြေး သို့မဟုတ် အခြား ကိစ္စရပ်အတွက် ဖြစ်စေ ငွေပေးချေရန်သော်လည်းကောင်း၊ သို့မဟုတ် ပစ္စည်းအတွက် ပေးသွင်းရန်သော်လည်းကောင်း တာဝန်ရှိသော သို့မဟုတ် တာဝန်ရှိမည်ဖြစ်သော ဤပုဒ်မတွင် **နစ်နာသောပုဂ္ဂိုလ်** ဟု ခေါ်တွင်မည့် အခြားပုဂ္ဂိုလ်တစ်ဦး၏ အကျိုးခံစားခွင့်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် ထိုသို့ ဆောင်ရွက်ရန် လိုအပ် ကြောင်း သို့မဟုတ် ထိုသို့ ဆောင်ရွက်စေလိုကြောင်း တရားရုံးက ဆုံးဖြတ်လျှင်၊ တရားရုံးသည် မှတ်ပုံတင်အရာရှိကဖြစ်စေ၊ နစ်နာသူ တစ်ဦးဦးကဖြစ်စေ တင်ပြလျှောက်ထားလာလျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) ပါ အမိန့်တစ်ရပ် သို့မဟုတ် အမိန့်များကို ချမှတ်နိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*